www.burmeseclassic.com

မဟာကမ္မဋ္ဌာနာစရိယ

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

## ရွှေမင်းဝံဆရာတော်

၏

# အမေရိကန်

# ဓမ္မဒူတခရီးသွားမှတ်တမ်း



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

မဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

# ရွှေမင်းဝံဆရာတော်


၏

# အမေရိကန် ဓမ္မဒူတခရီးသွားမှတ်တမ်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




မဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

**ရွှေမင်းဝံဆရာတော်**

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| အမှတ်စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ● | | ညောင်ကန်အေးဆရာတော်၏ အဖွင့်လွှာ စာမွန်ဦး | က |
| ● | | ကျေးဇူးမှတ်တမ်း | ည |
| ၁။ | ■ | နယူးယောက်မြို့ကြီးသို့ | ၁ |
| ၂။ | ■ | ကမ္ဘာ့လူအစည်ကားဆုံးနေရာ | ၅ |
| ၃။ | ■ | အချိန်ဟာ ငွေတဲ့လေ | ၈ |
| ၄။ | ■ | နယူးဂျာစီမဟာစည်သတိပဋ္ဌာန်ရိပ်သာ | ၁၂ |
| ၅။ | ■ | ကြံ့တောင့်ကြံ့ခံ ရွှေထီးတော်တင်လှူပွဲ | ၁၃ |
| ၆။ | ■ | လောကသားတွေ ချမ်းသာစေဘို့ | ၁၆ |
| ၇။ | ■ | နယူးဂျာစီမှ မေရီလင်းဆီသို့ | ၁၈ |
| ၈။ | ■ | အင်္ဂလိပ်တို့ စတင် အခြေနေရာ | ၂၃ |
| ၉။ | ■ | မြို့တော် ဝါရှင်တန်ဒီစီ | ၂၄ |
| ၁၀။ | ■ | နိဗ္ဗာန်ဝင်လမ်း (၁၀)ရက် တရားစခန်း | ၂၈ |
| ၁၁။ | ■ | နေ့စဉ်တရားစခန်းကိစ္စများကို ဆောင်ရွက်ဖြစ်ပါတယ် | ၃၃ |
| ၁၂။ | ■ | တစ်သက်တာ အမှတ်ရစရာ ခရီးတစ်ခု | ၃၉ |
| ၁၃။ | ■ | ကာလီဖိုးနီးယားဝယ် ရက်နှစ်ဆယ် | ၄၁ |


www.burmeseclassic.com

www.burmeseclassic.com


၁၄။ ■ ရွှေတံခါးသို့အဝင် ၄၁

၁၅။ ■ ရွှေနိုင်ငံရဲ့ ထုတ်ကုန်တွေ ၄၂

၁၆။ ■ ဒီနည်းလေးဟာ အသုံးဝင်တယ် ၄၃

၁၇။ ■ ကျော်မယ်ဆိုက ကျော်လောက်စရာ ၄၅

၁၈။ ■ ဖရီးမောင့်မှသည်
လော့စ်အင်ဂျလိစ်ဆီသို့ ၄၈

၁၉။ ■ ဘာများမှားနေပါလိမ့် ၅၀

၂၀။ ■ အမေရိကရဲ့ နိဗ္ဗာန်ဘုံဆီ ၅၂

၂၁။ ■ စိတ်လွတ်ကိုယ်လွတ်ပါလား ၅၅

၂၂။ ■ သောကြာသားတို့ရဲ့ စီးပွားရေးလမ်းစဉ် ၅၈

၂၃။ ■ ထင်ပေါ်ကျော်ကြားရေး
အလေးထားလွှန်း ၆၁

၂၄။ ■ ရိုးရာဓလေ့ကို ပြောင်းဘို့အချိန်ရောက် ၆၄

၂၅။ ■ ကိုယ်က လမ်းမှန်ပါလျက် ၆၇

၂၆။ ■ ရောင်စုံထီးလေးတွေကလည်း ၆၈

၂၇။ ■ ပန်းချီ ပန်းပု အနုလက်ရာ ပုံပမာ ၇၀

၂၈။ ■ မေတ္တာအရိပ် ချွေးသိပ်ပန်းဖြေ
အေးမြစေ ၇၃

၂၉။ ■ ကျော်ကြားသူတို့ ရပ်ဝန်း ၇၄

၃၀။ ■ ဒါက တကယ့် ဟောလိဝုဒ် ၇၈

၃၁။ ■ မေတ္တာခရီးစဉ် ၈၀

၃၂။ ■ လော့စ်အင်ဂျလိစ်မှသည်
ဖရီးမောင့်ဆီသို့ ၈၂

၃၃။ ■ အဝတ်တောင်ချွတ်နိုင်း ၈၄

၃၄။ ■ လေယာဉ်ကြီးက ရေပြင်ထဲထိုးဆင်း ၈၅

၃၅။ ■ ထူးကဲပါတဲ့တရားပွဲ ၈၈

၃၆။ ■ ရေခြားမြေခြား မြန်မာများ ၉၁

၃၇။ ■ စည်ပင်ကြည်လင်လိုက်ပုံက ၉၄

၃၈။ ■ အသိအကျွင့် စွယ်စုံတင့်မှ ၉၆

၃၉။ ■ နခသိခ ဘဝသံသရာ ဥပမာ ၉၇

၄၀။ ■ ကျေးဇူးဂုဏ်ကို အာရုံပြုလို့ ၁၀၀

၄၁။ ■ စုပေါင်းဒါန၊ ပြည့်ဝစေတနာ၊
စုံညီညာ နတ်ရွာနိဗ္ဗာန်လမ်း ၁၀၂

၄၂။ ■ လစ်တဲလ် ရန်ကုန် မြို့သိုင်းခြံ ၁၀၅

၄၃။ ■ မျှော်ရည်တမ်းတ ရှမဝ ၁၀၇

၄၄။ ■ မေတ္တာရပ်ဝန်း ထွန်းလင်းသာသနာ ၁၁၀

၄၅။ ■ တရားရိပ်မှာ ချွေးသိပ်အပန်းဖြေ ၁၁၃

၄၆။ ■ အချိန်တိုင်း အကျိုးရှိပါစေ ၁၁၅

၄၇။ ■ တရားရကြောင်း အခွင့်ကောင်း ၁၁၆

၄၈။ ■ ဘယ်လိုပီတိမျိုးနဲ့မှ ၁၁၉

၄၉။ ■ ရွှေပြည်တံခါး ဖွင့်ထားခဲ့တယ် ၁၂၀

၅၀။ ■ ကျေးဇူးစကား ပါးပါရစေ ၁၂၂


www.burmeseclassic.com

www.burmeseclassic.com


၅၁။ ■ ဖရီးမောင့်မှသည် ဘတ်ဖဲလိုးဆီသို့ ၁၂၄

၅၂။ ■ များများပေါ်ထွန်းစေချင် ၁၂၆

၅၃။ ■ မျိုးချစ်စိတ်ထက်သန် ၁၂၇

၅၄။ ■ ကမ္ဘာ့အံ့ဖွယ်ရာ ရေတံခွန်ကြီး ၁၃၀

၅၅။ ■ သာသနာကျောက်တိုက်ကြီးစိုက်ထူ ၁၃၅

၅၆။ ■ မြန်မာ့ရိုးရာဓလေ့ ၁၃၈

၅၇။ ■ စုပေါင်းရှင်ပြုရဟန်းခံပွဲကြီး ၁၄၀

၅၈။ ■ သံသရာတစ်ကွေ့မှာ ၁၄၂

၅၉။ ■ သမာဓိတူထောင်ရန် အလွန်ကောင်း ၁၄၅

၆၀။ ■ မေတ္တာဓာတ်ဖြင့် ၁၄၇

၆၁။ ■ ပြန်ပြောင်းသတိရ ၁၄၈

၆၂။ ■ မှတ်တမ်းဓာတ်ပုံလည်း ရိုက်ကြ ၁၅၁

၆၃။ ■ နယူးယောက်မြို့ရဲ့ အံ့မခန်းစရာ ၁၅၄

၆၄။ ■ ကျေးဇူးတင်မဆုံး ၁၅၅

၆၅။ ■ ဦးသန့်နှင့်အတူ ၁၅၇


၆၆။ ■ ချမ်းသာစွာပြန်နိုင်ပြီ ၁၅၉

၆၇။ ■ အင်ပါယာစတိတ်ပေါ်က ၁၆၀

၆၈။ ■ သံအမတ်ကြီးနေအိမ် ၁၆၄

၆၉။ ■ မှတ်တမ်းပြုပါသည် ၁၆၆

၇၀။ ■ အမိမြန်မာနိုင်ငံသို့ အပြန်ခရီး ၁၆၇

www.burmeseclassic.com

www.burmeseclassic.com



## ညောင်ကန်အေးဆရာတော်၏အဖွင့်လွှာ
## စာမွန်ဦး

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာကမ္မဋ္ဌာနာစရိယ ရွှေမင်းဝံဆရာတော်၏ အမေရိက 'ဓမ္မဒူတ ခရီးသွားမှတ်တမ်း' စာမူကို ဖတ်ရှုရသောအခါ စိတ်ဝင်စားဖွယ် ဗဟုသုတ စုံစွာ မှတ်သားလိုက်နာဖွယ်ရာများကို တွေ့ရပါ၏။

ခရီးမှာ အမေရိကန်နိုင်ငံ နယူးယောက်မြို့ လောက ချမ်းသာကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဘန္ဒန္တဥက္ကဋ္ဌကအမှူးရှိသော အမေရိကန်မြန်မာ ဗုဒ္ဓဘာသာ အသင်းက နယူးဂျာစီ မဟာစည်ရိပ်သာ၌ တည်ထားကိုးကွယ် သော လောကချမ်းသာခေတ်ပေါင်းစု ဆုတောင်းပြည့် ဘုရားစေတီတော် ရွှေထီးတော်တင်လှူပွဲကို ပင့်လျှောက်၍ ကြွရောက်ရသော အမေရိက ဓမ္မဒူတ ခရီးသွားမှတ်တမ်းဖြစ်၏။

ခရီးသွားမှတ်တမ်းမှာ ၂၀၀၇–ခုနှစ် မေလ၂၃ရက်မှ ဇူလိုင်လ ၂၃–ရက်အထိ ရက်ပေါင်း ၆၃–ရက် ပြည်ပသာသနာပြု ခရီးမှတ်တမ်းဖြစ်၏။ထိုခရီးတွင် မဟာစည်ရိပ်သာကြီး နာယက အဂ္ဂမဟာပဏ္ဍိတ၊ ဓမ္မကထိကဗဟုဇနဟိတဓရ၊ မြစ်သား ဆရာတော်၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ ညောင်ကန်အေးဆရာတော်နှင့် မဇ္ဈိမဂုဏ်ရည် ဆရာတော်ဒေါက်ကောဝိဒနှင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ရွှေမင်းဝံဆရာတော်တို့လည်းပါကြ၏။ ထိုခရီးသွားမှတ်တမ်းတွင်

www.burmeseclassic.com

www.burmeseclassic.com



မည်မျှစိတ်ဝင်စားဖွယ် မှတ်သားဖွယ်များပါဝင်ကြောင်းကို ထိုစာမူ၏ မာတိကာစာခေါင်းစီးများကို ဖတ်ရှုလိုက်ရုံဖြင့်ပင် ဗဟုသုတ ဟင်းလေးအိုးကြီးဖြစ်ကြောင်း သိနိုင်ပါ၏။

၁။ မြန်မာနိုင်ငံမှ ထိုင်းနှင့်အမေရိကသို့ ၂။ နယူးယောက် လောကချမ်းသာမှာ ၃။ကမ္ဘာ့လူအစည်ကားဆုံးနေရာ ၄။ တိုင်းစကွဲယား ၅။ စည်းကမ်းကောင်း အဆင့်မြင့်မအိပ်တဲ့မြို့ ၆။ နယူးဂျာစီမဟာစည် သတိပဋ္ဌာန် ရိပ်သာ ၇။ ကြုံတောင့်ကြုံခဲ ထီးတင်ပွဲ ၈။ နယူးဂျာစီမှ မေရီလင်းသို့ ၉။ လမ်းစည်းကမ်းနှင့် ကားစည်းကမ်း ၁၀။ တပြေးညီဥပဒေ ၁၁။ အင်္ဂလိပ် တို့စတင် ခြေချနေရာ ၁၂။ မြို့တော်ဝါရှင်တန်ဒီစီ ၁၃။ ၁၀–ရက်တရားစခန်း ၁၄။ ဗာဂျီးနီးယားက သဘာဝလိုဏ်ဂူကြီး ၁၅။ တသက်တာ အမှတ်ရစရာ ခရီးတစ်ခု ၁၆။ ရွှေတံခါးသို့အဝင် ၁၇။ ရွှေနိုင်ငံရဲ့ထုတ်ကုန်တွေ ၁၈။ ဖရီးမောင့်မှသည် လော့အင်ဂျလိ(စ်)သို့ ၁၉။ ပန်းချီပန်းပု အနုလက်ရာပုံပမာ ၂၀။ မေတ္တာအရိပ် ချွေးသိပ်ပန်းဖြေ အေးမြစေ ၂၁။ ကျော်ကြားသူတို့ရပ်ဝန်း ၂၂။ လော့အင်ဂျလိ(စ်)မှသည် ဖရီးမောင့်ဆီသို့ ၂၃။ ထူးကဲပါတဲ့ တရားပွဲ ၂၄။ စည်ပင်ကြည်လင်လိုက်ပုံက ၂၅။ အသိ အကျင့် စွယ်စုံကျင့်မှ ၂၆။ စုပေါင်းဒါန ပြည့်ဝစေတနာ စုံညီညာ နတ်ရွာနိဗ္ဗာန်လမ်း ၂၇။ လစ်တယ်လ်ရန်ကုန် မြူသိုင်းခြုံ ၂၈။ မျှော်ရည်တမ်းတရှုမဝ ၂၉။ မေတ္တာရပ်ဝန်းထွန်းလင်းသာသနာ ၃၀။ တရားရိပ်သာချွေးသိပ်အပန်းဖြေ ၃၁။ ရွှေပြည်တံခါးဖွင့်ထားခဲ့တယ် ၃၂။ ဘတ်ဖဲလိုးမြို့ မေတ္တာနန္ဒမွေ့ရိပ်သာ ၃၃။ နာဂရာဖော ရေတံခွန်ကြီး ၃၄။ သိမ်သမုတ်ပွဲ ၃၅။ စုပေါင်းရှင်ပြုရဟန်းခံပွဲကြီး ဟူ၍ဖြစ်ပါ၏။



**စည်းကမ်းကောင်း အဆင့်မြင့် မအိပ်တဲ့မြို့**

ပြည်ပသာသနာပြုခရီးသွားမှတ်တမ်း မာတိကာတွင် ဗဟုသုတယူစရာ မှတ်သားဖွယ်ရာကောင်းသော "စည်းကမ်းကောင်း အဆင့်မြင့်မအိပ်တဲ့မြို့" ဟု ရေးမှတ်ထားသော စာမြည်းအချို့ကို တင်ပြပါဦးမည်။

အမေရိကမှအောက်ခြေလူတန်းစားဖြစ်တဲ့ အလုပ်ကြမ်းသမားတစ်ယောက်က ကားဝယ်စီးနိုင်ပါတယ်။ လူ့ရဲ့ အခြေခံလိုအပ်ချက်ဖြစ်တဲ့ (Cell) ဖုန်း၊ ရေခဲသေတ္တာ၊ တီဗီ (TV) စတာတွေကိုလည်း ဝယ်ယူအသုံးပြုနိုင်ပါတယ်။

နယူးယောက်မှာ ပြေးဆွဲနေတဲ့ ရထားအရေ အတွက်ဟာ (၅၀၀) ကျော်တယ်လို့သိရပါတယ်။ ရထားတွေဟာလည်း အမြဲတမ်းအလိုလိုပြည့်နေပါတယ်။ ဒီမြို့ကြီးကို အမြဲတမ်း မအိပ်တဲ့မြို့ (Never Sleeping) လို့ပြောကြတယ်။ အဲဒီလို မအိပ်ကြဘဲ အချိန်တိုင်းမှာ အပြောမဟုတ် တကယ် အလုပ်လုပ်နေကြလို့ နိုင်ငံကြီးဟာ တိုးတက်တာပါ။ သူတို့အသုံးစကားက (Time is Money) အချိန်ဟာ ငွေပဲတဲ့လေ။

မြို့ထဲလမ်းဘေးဆိုင်တွေမှာ လက်ဖက်ရည်ဆိုင်၊ ကော်ဖီသောက်ပြီး စကားပြောနေကာ အချိန်ဖြုန်းနေသူ ကွမ်းတွေစားပြီး တွေ့သမျှနေရာမှာ တွေးတတ်သူ အမှိုက်တွေစည်းမဲ့ကမ်းမဲ့ ပစ်ချသူတွေကို လုံးဝမတွေ့ရပါ။ အမှိုက်တွေစနစ်တကျပစ်ဖို့ အမှိုက်ပုံးတွေထားသဖြင့် အားလုံးဟာကိုယ့်အသိစိတ်ဓာတ်နဲ့ လမ်းဘေး မပစ်ဘဲ အမှိုက်ပုံးတွေပစ်ကြတာတွေ့ရလို့ ဘုန်းကြီး ရိပ်သာမှာလည်း အဲဒီလို စနစ်ရှိစေချင်လိုက်တာလို့ တွေးမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



မြို့ထဲမှာဘယ်နေရာသွားသွား သန့်စင်ခန်းတွေ စီမံထားပုံက တော်တော့်ကိုအဆင်ပြေတယ်။ အိမ်တွေမှာဆိုရင် သန့်စင်ခန်းဟာ အိပ်ခန်းနဲ့တွဲဖွင့်ထားကြတာကြီးပဲ။ ဘာအနံ့အသက်မှမရှိဘူး သန့်ရှင်းနေတာ။ သူတို့ဆီမှာလျှပ်စစ်နဲ့ဂက်စ်တွေကို ချက်ပြုတ်ရာမှာ လိုသလောက်အသုံးပြုနိုင်သဖြင့် မီးဖိုခန်းဟာလည်း သန့်ပြန့်နေတာ။

## ကြုံတောင့်ကြုံခဲ ထီးတင်ပွဲ

ထို့နောက် ပြည်ပသာသနာပြုခရီးသွားမှတ်တမ်းတွင် "ကြုံတောင့်ကြုံခဲ ထီးတင်ပွဲ" ဟူသော နယူးဂျာစီ လောကချမ်းသာဆုတောင်းပြည့်စေတီဘုရားထီးတင်ပွဲ အကြောင်းကို ကောက်နုတ်ရန်တင်ပြပါဦးမယ်။

သံဃာတော်တွေကို ကြည့်လိုက်ပြန်တော့ အမေရိကနိုင်ငံအတွင်း ပြည်နယ်အသီးသီးက ကြွရောက်တော်မူလာကြရာ မြန်မာ၊ အမေရိကန်၊ သီရိလင်္ကာ၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်စတဲ့ သံဃာတော်တွေ၊ ကနေဒါ၊ အင်္ဂလန်၊ ဂျမေကာကျွန်း၊ မြန်မာနိုင်ငံမှသံဃာတော်တွေတွေ့ရပါတယ်။ ထေရဝါဒသံဃာတော်တွေက (၅၄)ပါးတောင်ရှိတာပါ။ မဟာယာနဘုန်းကြီးတွေ မဟာယာန သီလရှင်တွေ၊ အမေရိကန် သီလရှင်တွေပါဆိုရင် အပါး(၆၀)ကျော်ပါတယ်။

ဒီသံဃာတော်တွေရဲ့သွားရေးလာရေးကိစ္စ၊ နေရေးထိုင်ရေးကိစ္စ အားလုံးကိုအဆင်ပြေအောင် စီမံရတာဟာ မြန်မာပြည်တွင်းမှာ လွယ်ကူပေမယ့် အမေရိကမှာ မလွယ်ကူတဲ့ ကိစ္စပါ။ ဒီလောက်များလှတဲ့ သံဃာပရိသတ်၊ လူပရိသတ်ကြီးက



ရွှေထီးတော်တင်လှူပွဲတွင် သူ့နေရာနှင့်သူပါဝင် ပူဇော်ခွင့်ရအောင်စီမံပေးတဲ့ လောကချမ်းသာဘုရားကျောင်း ဆရာတော်နှင့် အမေရိကန်ဗုဒ္ဓဘာသာအသင်းတို့ကို ကြည်ညိုလေးစားမဆုံးနိုင်အောင် ဖြစ်ရပါတယ်။

ရွှေမင်းဝံဆရာတော်၏ အမေရိကဓမ္မဒူတ ခရီးသွားမှတ်တမ်းတွင် နိုင်ငံခြားရောက် မြန်မာဗုဒ္ဓဘာသာများအား အမျိုးဘာသာ သာသနာယဉ်ကျေးမှု အမွေများကိုထိန်းသိမ်း လက်ဆင့်ကမ်းရေးကိုလည်း သတိပေးထားပါသည်။

ဤနေရာတွင် "ရေမြေခြားမြန်မာများ" ဟုရေးသားထားချက်ကို ကောက်နုတ်တင်ပြပါဦးမည်။

နံနက် ၄း၃၀ နာရီ အိပ်ရာထ၊ တရားရှုမှတ်၊ အရုဏ်ဆွမ်းကို ကိုဝင်းမြင့် မကြည်ကြည်ဝင်း သမီးလမင်းအောင် မိသားစုတို့က ဆက်ကပ်ပါတယ်။ သူတို့အိမ်က ဖရီးမောင့်မြို့ မေတ္တာနန္ဒကျောင်းနှင့် နီးနီးလေးပါ။

လမင်းအောင်ဆိုတဲ့သမီးလေးက (၆)တန်းတက်ရမယ်တဲ့။ မြန်မာလိုပီပီသသပြောပါတယ်။ ရှိခိုးဦးချတာကလည်း စနစ်တကျပါပဲ။ ဒီနိုင်ငံမှာမွေးပေမယ့် ကိုယ့်နိုင်ငံယဉ်ကျေးမှုမမေ့ရအောင် ကိုယ့်မိခင် ဘာသာစကားပြောတတ်အောင်၊ ထိန်းသိမ်းမွေးမြူခဲ့တဲ့ မိဘများကို ချီးကျူးရမှာဖြစ်ပါတယ်။

ပြည်ပရောက်မိဘများအနေဖြင့် တဖက်မှာဘဝရပ်တည်ရှင်သန်ဖို့ ကြိုးစားကြရင်း တဖက်မှာလည်း ကိုယ့်ရဲ့တန်ဖိုးကြီးမားလှတဲ့ ရိုးရာအလှတွေ၊ ယဉ်ကျေးမှုအမွေတွေကို ကိုယ့်သားကိုယ့်သမီး ကိုယ့်ရင်သွေးတွေဆီကို လက်ဆင့်ကမ်းနိုင်အောင် ကြိုးစားကြဖို့လည်း မမေ့သင့်ကြောင်း သတိပေးချင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်ရွှေမင်းဝံဆရာတော်က ရှင်ပြုရဟန်းခံကြတဲ့ ပြည်ပရောက်မြန်မာမိသားစုများအား ဤသို့အနုမောဒနာတရား ဟောကြားတော်မူပါတယ်။

နေ့လည်(၁း၀၀)နာရီမှာ နေ့ဆွမ်းကပ်ကြတဲ့ အလှူရှင်များနဲ့ဧဓမ္မမိတ်ဆွေများအား တရားစကားအနည်းငယ် ဟောပြောရပါတယ်။ ဆွမ်းအလှူက သောကြာနေ့က ရဟန်းပြုခဲ့တဲ့ မောင်သိန်းလှိုင် ရှင်သုဓမ္မာစာရရဲ့မိဘ များနဲ့စနေနေ့က သီလရှင်ဝတ်ခဲ့တဲ့ဒေါ်လှညွှန့် မကောမုဒီမိသားစုတို့ပါ သာသနာ့ အမွေခံဖြစ်ဖို့ ဘယ်လိုပြုကျင့်ရမည်ဆိုတဲ့ အကြောင်း သီရိဓမ္မာသောက ဥပမာထားကာ ဟောကြားပေးခဲ့ပါတယ်။ အားလုံးကျန်းမာပြီး သာသနာပြုလုပ်ငန်း ဆက်လက်ဆောင်ရွက်နိုင်ကြပါစေ။

ရွှေမင်းဝံဆရာတော်က ဤခရီးသွားမှတ်တမ်းတွင် အင်္ဂလိပ်ဘာသာမတတ်ကျွမ်းသဖြင့် ခရီးသွားတဲ့အခါ စွန့်စားခဲ့ရပုံကို ဤသို့ရေးသားထား၏။

တသက်တာအမှတ်ရစရာခရီးတခု ဦးတင်မောင်သော်+ဒေါ်ခင်သီယာတို့အိမ်မှာ အရုဏ်ဆွမ်းဘုဉ်းပေးပြီး သူတို့ဇနီးမောင်နှံနှစ်ဦးစလုံး လေယာဉ်ကွင်းကို (၆း၁၅)နာရီအရောက်ပို့ပေးပါတယ်။ ထိုလေဆိပ်ထဲကို ဝင်ခွင့်မရတဲ့အခါ ကျွန်ုပ်ကို ကူညီပါလို့ အမိပ္ပါယ်ရတဲ့ အင်္ဂလိပ်စာရဲ့အောက်မှာ မိမိသွားရမည့်လိပ်စာများကို ရေးသားထားတဲ့စာရွက်လေးကို ဒေါ်ခင်သီယာ က ဘုန်းကြီးအား ဆက်ကပ်ပြီး ဆရာတော်ဘုရားတွေ့တဲ့ ခရီးသည်ကို ဒီစာရွက်လေးပြရင် ကူညီပါလိမ့်မည်ဘုရားလို့ လျှောက်ထားစဉ်မှာပဲ။ မင်္ဂလာရာမ ဝိဟာရဆရာတော် ဦးအာသဘာစာရ၏ အစီအစဉ်နှင့် မောင်ကိုကြီးနှင့် မတင်ဝတ်ရည်တို့ဟာ လေဆိပ်



အဆောက်အဦးထဲကို ဝင်လာကြပြီး ဘုန်းကြီးအား လေယာဉ်စီးသွားရာ ဂိတ်ပေါက်အထိ လိုက်ပို့ပေးပါတယ်။ ထိုလေဆိပ်ထဲတွင် မတင်ဝတ်ရည်အလုပ်လုပ်သဖြင့် ဝင်ခွင့်ရလို့ လေယာဉ်ဂိတ်ပေါက်အထိ လိုက်ပို့ပေးနိုင်တာပါ။

ဘုန်းကြီးလည်း အားလုံးကိုနှုတ်ဆက်ပြီးနောက် မတင်ဝတ်ရည်သွားတဲ့နောက်ကို အမှီလိုက်ရပါတယ်။ ဘုန်းကြီးတစ်ပါးတည်းမို့ ဘာသန္တရမတတ်တဲ့အတွက် သွားလာရေးအဆင်ပြေစေရန် အတူသွားကြမည့်အဖြူမများကို ကူညီပေးကြဖို့မေတ္တာရပ်ခံပေးလိုက်တာပါ။

လမ်းခရီးတလျှောက်မှာ ဘုန်းကြီးကအလိုရှိတာများကို စာရွက်ပြပြီးတောင်းခံတဲ့အခါ အတူခရီးသွားကြတဲ့ အမေရိကအမဲမတွေရော၊ အဖြူမတွေပါ အကူအညီပေးကြတဲ့အတွက် ခရီးစဉ်ဟာချောချောမောမောနဲ့ အဆုံးသတ်သွားခဲ့တာပါ။ ဘုန်းကြီးဘဝမှာတစ်ပါးတည်းသွားရတဲ့ တိုင်းတစ်ပါးခရီးစဉ်မို့ သူ့စကားကိုယ်မသိ၊ ကိုယ့်စကားသူမသိ၊ စမ်းတဝါးဝါးနဲ့ ဖြစ်မှဖြစ်ပါ့မလားဆိုတဲ့ စိုးရိမ်စိတ်နဲ့လာခဲ့ရတာဖြစ်လို့ တသက်တာအမှတ်ရစရာခရီးစဉ်တစ်ခုပါ။ လေယာဉ်ပေါ်ကဆင်းရပြီး ပန္နည်းရွှေဖို့နေရာကို အမည်းမတစ်ယောက်ကခေါ်လာရာ လာကြိုကြတဲ့ပုဂ္ဂိုလ်တွေနဲ့ တွေ့လိုက်တော့မှ စိတ်သက်သာရာ ရသွားတာပါ။

**ရွှေတံခါးသို့အဝင် ရွှေနိုင်ငံသား ရွှေဘုံနယ်ဇာတိ ရွှေမင်းဝံဆရာတော်**

ဂိုးလ်ဒင်းစတိတ် ရွှေပြည်နယ်တဲ့ အမေရိကန်ပြည်နယ်ရဲ့ ချစ်စနိုးနာမည်ပါ။ တချိန်က ကာလီဖိုးနီးယားပြည်နယ်မှာ ရွှေတွေ

www.burmeseclassic.com

www.burmeseclassic.com



အကြီးအကျယ်ထွက်တော့ အမေရိကန် အရှေ့ခြမ်းကလူတွေနဲ့ သူဌေး မြန်မြန်ဖြစ်ချင်တဲ့ ကမ္ဘာအရပ်ရပ်ကသူတွေက သက်စွန့်ဆံဖျား ရွှေအိပ်မက်တွေကိုယ်စီနဲ့ ကာလီဖိုးနီးယားကို အပြေးလာခဲ့ကြသတဲ့။ ဒါကြောင့် အမေရိကန်သမိုင်းကိုသင်လျှင် (Gold Rush) ဆိုတဲ့ ဝေါဟာရတစ်ခုကိုတောင် တွေ့နိုင်ပါသတဲ့။ ဘုန်းကြီးလည်း ထိုရွှေပြည်နယ် ကာလီဖိုးနီးယားကိုရောက်ခဲ့ရပါပြီ။

ဘုန်းကြီးတို့ရဲ့ မြန်မာနိုင်ငံသားများကလည်း ကိုယ့်နိုင်ငံကို (Golden Land) ရွှေမြေနိုင်ငံရယ်လို့ တင်စားခေါ်ဝေါ်ကြတယ်မဟုတ်လား။ နောက်ပြီးတော့လည်း ကိုယ့်ကိုယ်ကိုလည်း ရွှေမြန်မာတဲ့။ ဒီတော့ ဘုန်းကြီးများလည်း ရွှေနိုင်ငံဖွား၊ ရွှေနိုင်ငံသားပဲပေါ့ဆိုတော့ ရွှေနိုင်ငံကကြွလာတဲ့ ရွှေဘိုနယ်သား ရွှေမင်းဝံဆရာတော် အမေရိကရဲ့ အထင်ကရ ရွှေပြည်နယ် ကာလီဖိုးနီးယားကို ရောက်လို့လာခဲ့ပြီပေါ့။

ဒါဟာဖြင့် ဘုန်းကြီးများရဲ့ ပထမခရီးပါ။ ရွှေပြည်နယ်သားတွေအတွက် ရွှေနိုင်ငံထွက်တရားတော်တွေ၊ မှျဝေနိုင်ကောင်းပါရဲ့ ဆိုတာက ဘုန်းကြီးရဲ့ရွှေအိပ်မက်ပေါ့လေ။ ရွှေပြည်နယ်သားတွေအတွက် ရွှေနိဗ္ဗာန်သွား တံခါးကိုဖွင့်ထားချင်တယ်။ ရွှေအိပ်မက်တွေ အမှန်တကယ်ဖြစ်မလားဆိုတာ ကတော့ ယခုခေတ်မှာအလွန်ခေတ်စား မကြာခဏလည်း ကြားနေရတဲ့ စကားမို့လို့ စောင့်ကြည့်ရပါဦးမယ်လို့ ပြောရမှာပေါ့။ ရွှေစော်နံပြန်ပါဦးမယ် ဆိုသူများတော့လည်း မရှိတန်ကောင်းပါဘုရားဟူ၍လည်းဖတ်ရပါ၏။ ဤအဖွဲ့အနွဲ့များမှာ ခေတ်လည်းမှီ မှန်လည်းမှန်ပြီး စိတ်ဝင်စားဖွယ်အလွန်ကောင်း၏။



## ဆန္ဒမွန်

ဤလောက်ဆိုလျှင် ဘုန်းကြီး၏ အဖွင့်စာလွှာဦးကို နိဂုံးကမွတ် အဆုံးသတ်ပါတော့မည်။ ရွှေမင်းဝံဆရာတော်၏ အမေရိကဓမ္မဒူတခရီးသွား မှတ်တမ်းအားလုံးဖတ်ရှုပြီး ဗဟုသစ္စမင်္ဂလာကို ပွားကြ၍ ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာစွာ သာသနာပြုနိုင်ကြပါစေ။

ဘဒ္ဒန္တဉာဏက

ညောင်ကန်အေးဆရာတော်

www.burmeseclassic.com

www.burmeseclassic.com

## ကျေးဇူးမှတ်တမ်း

ဘုန်းကြီးများ အမေရိကန်နိုင်ငံသို့ ပထမဆုံးအကြိမ် ရောက်ရှိခြင်းပါ။ အကြောင်းကတော့ နယူးဂျာစီပြည်နယ် မဟာစည်သတိပဋ္ဌာန်ရိပ်သာ၊ လောကချမ်းသာ ဆုတောင်းပြည့် စေတီတော် ရွှေထီးတော်တင်လှူပွဲနှင့် တရားပြဓမ္မဒူတ ခရီးစဉ် များဖြစ်ပါတယ်။

ဒီခရီးစဉ်ဖြစ်မြောက်ရန် ပင့်ဖိတ်ကြတဲ့ နယူးယောက်မြို့၊ လောကချမ်းသာဘုရားကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)နှင့် အမေရိကန်မြန်မာဗုဒ္ဓဘာသာ (ABBA) အသင်းမှ ဥက္ကဋ္ဌကြီး ဦးဟန်ကြူနှင့် အသင်းဝင်များ။ မေရီလင်းပြည်နယ်၊ ဝါရှင်တန်ဒီစီအနီး၊ ဆစ်(လ်)ဗာ စပရင်းမြို့၊ မင်္ဂလာရာမဝိဟာရဆရာတော် ဘဒ္ဒန္တအာသဘာစာရ နဲ့ မြန်မာအမေရိကန် ဗုဒ္ဓဘာသာ (BABA) အသင်းမှ ဥက္ကဋ္ဌကြီး ဦးခင်မောင်ဝင်းနှင့် အသင်းဝင်များ၊ အမေရိကန်နိုင်ငံ အနောက် ဖက်ခြမ်း၊ ကာလီဖိုးနီးယားပြည်နယ်၊ ဆန်ဖရန်စစ္စကို၊ ဒေလီ စီးတီး၊ ဖရီးမောင့်၊ လော့စ်အင်ဂျလိစ်၊ စတဲ့ထင်ရှားတဲ့မြို့ကြီးများ သို့ ဓမ္မဒူတ တရားဟော၊ တရားပြရန်ပင့်ဖိတ်ကြတဲ့ မေတ္တာနန္ဒ ဝိဟာရဓမ္မရိပ်သာ ဆရာတော် ဒေါက်တာဓမ္မပိယနှင့် မြန်မာ အမေရိကန်ဗုဒ္ဓဘာသာ အသင်းကြီးမှ အဖွဲ့ဝင်များ၊ ရတနာ ဉာဏ်ရောင် ဓမ္မရိပ်သာဆရာတော် ဘဒ္ဒန္တတေဇဝန္တနှင့် တပည့်

AMERICA BURMA BUDDHIST ASSOCIATION, INC.

အမေရိကန်-မြန်မာ ဗုဒ္ဓဘာသာအသင်း

619 Bergen St. Brooklyn, NY 11238
Phone: (718) 622-8019

www.mahasiusa.com
email: shin_intaka@yahoo.com

63 Gordon's Corner Rd. Manalapan, NJ 07726
Phone: (732) 792-1484

သို့
သံအမတ်ကြီး၊
မြန်မာအဖွဲ့ရုံး
နယူးယောက်မြို့

ရက်စွဲ ။ ၂၀၀၇ခုနှစ် ဇန်နဝါရီလ(၁၆)ရက်

အကြောင်းအရာ။ ။လောကချမ်းသာဓာတ်ပေါင်းစုဆုတောင်းပြည့်စေတီတော် ထီးတော်တင်ပွဲ ဖိတ်ကြားခြင်းကိုထောက်ခံပေးပါရန်။

၁။ အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ်တွင် မဟာစည်သတိပဋ္ဌာန်ရိပ်သာ အတွင်း၌ ဉာဏ်တော်(၁၈) တောင်အမြင့်ရှိ ရွှေတိဂုံပုံတူ လောကချမ်းသာ ဓာတ်ပေါင်းစုစေတီတော်ကြီးကို လောကချမ်းသာ ကျောင်းထိုင် ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဓဇဘဒ္ဒန္တဉာဏက မှကြွပ်ကဲပြီးအမေရိက မြန်မာဗုဒ္ဓဘာသာ အသင်းကြီးမှဦးစီး၍ ပါရမီကုသိုလ်ရှင် ဒါယိကာ ဒါယိကာမ အပေါင်းတို့၏ ဒါနဖြင့် တည်ဆောက်ခဲ့ပါသည်။

၂။ ထိုစေတီတော်ကြီး၏ ရွှေထီးတော်တင်လှူ ပူဇော်ပွဲကြီး ကို မေလ(၂၇)ရက် ၂၀၀၇ ခုနှစ်တွင် ကျင်းပပြုလုပ် မည်ဖြစ်ပါသည်။ ဤစေတီတော်ကြီး သည်အမေရိကန်ရောက် မြန်မာနွယ်များ အနေဖြင့် ဗုဒ္ဓဘာသာ သာသနာ ထွန်းကားရန်အတွက် ဆောင်ရွက်ရာတွင် အောင်အောင်မြင်မြင် လုပ်ဆောင်နိုင်ခဲ့သည် ဖြစ်ရာ ရွှေထီးတော်တင် ပွဲကြီးသို့ မြန်မာနိုင်ငံမှ ဆောက်ဖော်ပြပါ ဆရာတော်ကြီးလေးပါးနှင့် ကပ္ပိယတစ်ဦး တို့အား ပင့်ဖိတ်ရန် စီစဉ်လျက် ရှိပါသည်။

သို့ပါ၍ ယင်းဆရာတော်ကြီးလေးပါးနှင့် ကပ္ပိယတို့အတွက် ထီးတော်တင်ပွဲသို့ ကြွရောက်ကြပါရန် ပင့်ဖိတ် ခြင်း မှန်ကန်ကြောင်း ထောက်ခံချက် ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

(၁) အရှင်ဝါသဝ၊ မဟာစည်သာသနာ့ရိပ်သာ
(၂) ~~အရှင်နရုမတိ၊ မြို့ဆရာတော်~~
(၃) အရှင်ဉာဏက၊ ညောင်ကန်အေးဆရာတော်
(၄) အရှင်သောဘဏ၊ ရွှေမင်းဝံဆရာတော်
(၅) ကပ္ပိယ ဒေါက်တာလှမြင့်ဆောင်

လေးစားစွာဖြင့်

ဦးဟန်ကြူ
သိရိသုဓမ္မဇောတိကဓဇ
ဥက္ကဋ္ဌ
အမေရိက မြန်မာ ဗုဒ္ဓဘာသာ အသင်း

www.burmeseclassic.com

ဗုဒ္ဓမြတ်စွာ သာသနာ ကမ္ဘာပြန့်ရမည်

THE AMERICA BURMA BUDDHIST ASSOCIATION, INC.

အမေရိကန်-မြန်မာ ဗုဒ္ဓဘာသာအသင်း

619 BERGEN STREET, BROOKLYN, NY 11238
(718) 622-8019

www.mahasiusa.org

63 GORDON'S CORNER ROAD, MANALAPAN, NJ 07726
(732) 792-1484

နေ့စွဲ ။ ။ ဖေဖော်ဝါရီလ (၄)ရက်၊ ၂၀၀၇-ခုနှစ်

[illegible]
[illegible]
[illegible]
[illegible]

အကြောင်းအရာ ။ ။ ဘုရားထီးတော်တင်ပွဲ ပင့်လျှောက်ခြင်း။

ဆရာတော်ဘုရား

တပည့်တော်များ၏ အမေရိကန်-မြန်မာ ဗုဒ္ဓဘာသာအသင်းကြီးမှ ကြီးမှူး၍ နယူးဂျာစီပြည်နယ်၊ မနာလပန်မြို့နယ်-အင်္ဂလစ်ရှ်တောင်း မဟာစည်သတိပဋ္ဌာန်ရိပ်သာအတွင်း၌ သတ္တရာဇ် ၂၀၀၇-ခုနှစ်၊ မေလ (၂၇)ရက်နေ့တွင် ကျင်းပပြုလုပ်မည့် လောကချမ်းသာစေတီတော် ထီးတော်တင်ပွဲကြီးသို့ ဘာသာရေးခေါင်းဆောင် အထူးဧည့်သည်တော်အဖြစ် မပျက်မကွက် ကြွရောက် ချီးမြှင့်ပါရန် ဆရာတော်ဘုရားအား အသင်းကြီး၏ကိုယ်စား တပည့်တော် ပင့်ဖိတ်အပ်ပါသည်ဘုရား။ ပွဲတော်ကျင်းပရက်မတိုင်မီ တစ်ပတ်ကြိုတင်ပြီး ကြွရောက်တော်မူပါရန်လည်း ရှိသေစွာ လျှောက်ထားအပ်ပါသည် ဆရာတော်ဘုရား။

ဆရာတော်အတွက် နိုင်ငံကူးလက်မှတ်လျှောက်ထားရန် လိုအပ်သည့် စာရွက် စာတမ်းများကို ယခုစာနှင့်အတူ ပေးပို့ထားအပ်ပါသည်။ အကယ်၍ အခြား စာရွက်စာတမ်း အထောက်အထားများ လိုအပ်နေ ပါလျှင် ဘုရားတပည့်တော်ထံ အကြောင်းကြားစေလိုပါသည်။ နိုင်ငံကူးလက်မှတ်နှင့် ဗီဇာတို့ အဆင်သင့် ဖြစ်ပါ လျှင် ဆရာတော်အတွက် လေယာဉ်လက်မှတ် ပို့ပေးနိုင်ရန် ဘုရားတပည့်တော်ထံ အကြောင်းကြားပါရန်လည်း ထပ်ဆင့် လျှောက်ထားအပ်ပါသည် ဘုရား။

ဆရာတော် ကျန်းမာ ချမ်းသာစွာဖြင့် သာသနာတော်အကျိုး သည်ပိုးဆောင်ရွက်နိုင်ပါစေဟု ဆုတောင်းပါသည်။

(ဟန်ကြည်)
ဥက္ကဋ္ဌ

www.burmeseclassic.com

www.burmeseclassic.com



ဒါယကာ၊ ဒါယိကာမများကို အထူးကျေးဇူးတင်ရှိပါကြောင်း ရှေးဦးစွာ ပြောကြားပါရစေ။

အမေရိကန်နိုင်ငံတွင် အသွားအပြန် (၆၃) ရက်တာ နေ့ထိုင်စဉ်အတွင်း ရောက်သင့်ရောက်ထိုက်ရာနေရာဒေသများသို့ လိုက်ပို့ကာ ယာဉ်ဒါန၊ အချိန်ဒါနပြုခဲ့ကြသူများ၊အာဝါသိက ဝတ္တရား အထူးကျေပွန်ကြပါသော လောကချမ်းသာဝိဟာရ၊ အရှင်ကေလာသဝိဟာရ၊ မေတ္တာနန္ဒဝိဟာရ၊ ရတနာဉာဏ်ရောင် ဝိဟာရ၊ ဓမ္မသုခဝိဟာရများမှ ဆရာတော်များနှင့် တပည့်သံဃာ တော်များ၊ ဆွမ်း၊ ကွမ်းဝေယျာဝစ္စနဲ့ အလှူဒါနပြုခဲ့ကြတဲ့ ဒါယကာ၊ဒါယိကာမများ အားလုံးကိုဖြင့် လှိုက်လှိုက်လှဲလှဲ ကျေးဇူး ဥပကာရတင်ရှိပါကြောင်း ပြောကြားချင်ပါတယ်။

ဘုန်းကြီးရဲ့တပည့်ဒကာ၊ ဒကာမများ ယခုမှတ်တမ်းကို ဖတ်ရှုရသဖြင့် ဘုန်းကြီးရောက်ရာဒေသနှင့် ပတ်ဝန်းကျင် အခြေ အနေ၊ ဘုန်းကြီးလုပ်ဆောင်နေတဲ့ လုပ်ငန်းစဉ်များကိုလည်း အတန်အသင့် မှန်းဆသိနိုင် ရန်ရည်ရွယ်ချက်နဲ့ ဘုန်းကြီး သွားရောက်ခဲ့တဲ့ နေရာဒေသများ၊ဘုန်းကြီးနဲ့တွေ့ရ၊ ကြုံရ၊ ဆုံရ သူများ၊ဘုန်းကြီးကို ကူညီပံ့ပိုးကြသူများအကြောင်းကို ကျေးဇူးတင် မှတ်တမ်းတစ်ခုအဖြစ် အမှတ်တရ ထင်ကျန်ရစ်စေရန် ရည်ရွယ် ချက်နဲ့ စွမ်းနိုင်သမျှ မှတ်တမ်းပြုထားခြင်းပါ။

သို့သော် "အမေရိက ဓမ္မဒူတခရီးသွားမှတ်တမ်း" ဆိုတဲ့ စာတစ်အုပ်တော့ဖြင့် စာဖတ်သူတို့ရှေ့မှောက် ရောက်လာခဲ့ပြီ ပေါ့။

ဤစာအုပ်ဖြစ်ပေါ်လာအောင် ဘုန်းကြီးရဲ့ ဓမ္မဒူတ ခရီးတလျှောက်ရေးမှတ်လာခဲ့တဲ့ နေ့စဉ်မှတ်တမ်းများကိုကြည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



(၂၂-၅-၂၀၀၇)မှ(၁၄-၆-၂၀၀၇)ထိ၊ (၄-၇-၂၀၀၇)မှ(၉-၇-၂၀၀၇)ထိ ခရီးစဉ်တလျှောက် ဘုန်းကြီးနဲ့အတူ ပါရှိနေတဲ့ မေတ္တာနန္ဒဓမ္မရိပ်သာ အရှင်ဃောသိတာဘိဝံသမှ မှတ်တမ်းပါ အကြောင်းအရာတစ်ခုစီကို အဌာက်အထားနိုင်နိုင်မာမာဖြင့် ဗဟုသုတအဖြစ် မှတ်သားဖွယ်ရာဖြစ်အောင် ဖော်ပြပြီး ဖတ်ချင်စဖွယ် စာချောအောင် ဖြည့်စွက်ရေးသားပေးထားပြီး။


(၁၄-၆-၂၀၀၇)မှ(၄-၇-၂၀၀၇)ထိ ခရီးစဉ်ရဲ့အလယ်ပိုင်းမှာ ဘုန်းကြီးနဲ့အတူပါရှိနေတဲ့ မေတ္တာနန္ဒဓမ္မရိပ်သာ အရှင်ဉာဏိကာဘိဝံသမှ "ကာလီဖိုးနီးယားဝယ်ရက်(၂၀)" ဆိုတဲ့ ခေါင်းစဉ်နဲ့ သဘာဝအနေအထားများကို အရှိအတိုင်းဖတ်ချင်စဖွယ်ဖြစ်အောင် ဇကားလုံးလှလှလေးများဖြင့် တန်ဆာဆင်ရေးဖွဲ့ပေးထားပြီး။

(၁၀-၇-၂၀၀၇)မှ(၂၃-၇-၂၀၀၇)ထိ ခရီးစဉ်အဆုံးပိုင်း အပြန်ခရီးကိုတော့ ရန်ကုန်မြို့၊ ရွှေမင်းဝံသာသနာ့ရိပ်သာ၊ ဂေါပကအဖွဲ့ ဥက္ကဌကြီး ဦးကျော်မြင့်မှ မချောမမွေ့ဖြစ်နေတဲ့ စာများကို ဖတ်ရှုလို့ကောင်းအောင်၊ ချောမွေ့ပြေပြစ်အောင် ပြင်ဆင်ဖြည့်စွက်ရေးသားပေးကြတဲ့အတွက် "အမေရိက ဓမ္မဒူတ ခရီးသွားမှတ်တမ်း" ဆိုတဲ့ အမှတ်တရ ထင်ကျန်ရစ်မယ့် မှတ်တိုင်တစ်ခု စိုက်ထူလိုက်နိုင်ပါပြီ။

သို့အတွက် ကူညီဖြည့်စွက်ပြီး ရေးသားပေးကြတဲ့ အရှင်ဃောသိတာဘိဝံသ၊ အရှင်ဉာဏိကာဘိဝံသ ဤအရှင်နှစ်ပါးနှင့်ဥက္ကဌကြီး ဦးကျော်မြင့်တို့အား ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

**ဘဒ္ဒန္တသောဘန**

ရွှေမင်းဝံဆရာတော်



လောကချမ်းသာဆုတောင်းပြည့်စေတီတော် ရွှေထီးတော်တင်လှူပွဲ၌ ရေစက်ချအခမ်းအနား

www.burmeseclassic.com



လောကချမ်းသာဆုတောင်းပြည့်စေတီတော် ရွှေထီးတော်တင်လှူရန် ပင့်ဆောင်လာစဉ်



နယူးဂျာစီပြည်နယ်၊ လောကချမ်းသာဆုတောင်းပြည့်စေတီတော် ရွှေထီးတော်တင်လှူပွဲ

www.burmeseclassic.com
www.burmeseclassic.com



လောကချမ်းသာ ဆုတောင်းပြည့် စေတီတော်မြတ် ရွှေထီးတော် တင်လှူနေစဉ် စေတီတော်ကြီးအား
သံဃာတော်အရှင်မြတ်များမှ လက်ယာရစ်ပတ်၍ ဇယန္တောဗောဓိရာမူလေ အစရှိသော အောင်ဂါထာတော်များ ရွတ်ဖွားတော်မူစဉ်



နယူးဂျာစီပြည်နယ်၊ လောကချမ်းသာဆုတောင်းပြည့်စေတီတော် အနေကဇာတင် ပူဇော်ပွဲ

www.burmeseclassic.com
www.burmeseclassic.com




နယူးဂျာစီပြည်နယ်၊ လောကချမ်းသာဆုတောင်းပြည့်စေတီတော်
ရွှေထီးတော်တင်အောင်ပွဲ၌ ဝတ္ထုပစ္စည်းများလောင်းလှူပွဲ



နယူးဂျာစီပြည်နယ်၊ လောကချမ်းသာဆုတောင်းပြည့်စေတီတော် ရွှေထီးတော်တင်အောင်ပွဲ၌
ဝတ္ထုပစ္စည်းများလောင်းလှူပွဲ

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ရွှေထီးတော်တင်အောင်ပွဲ ဝတ္ထုပစ္စည်းများ လောင်းလှူပွဲ၌ ကပ္ပိယအကာများနှင့်အတူ

## အမေရိကဓမ္မဒူတခရီးသွားမှတ်တမ်း

### နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၂၀၀၇ ခုနှစ်၊ မေ ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့

နယူးယောက်မြို့ကြီးသို့

မဟာစည် သာသနာ့ရိပ်သာကြီးမှ နာယကဆရာတော်ကြီးများဖြစ်ကြသော မြစ်သားဆရာတော်ရယ်၊ ညောင်ကန်အေးဆရာတော်ရယ်၊ ဘုန်းကြီး ရွှေမင်းဝံဆရာတော်ရယ်၊ မဈိမဂုဏ်ရည် ဆရာတော်နဲ့ ကပ္ပိယအဖြစ် ဒေါက်တာဦးလှမြင့် အောင်တို့ ဓမ္မဒူတအဖွဲ့ဟာ အမေရိကန်နိုင်ငံ၊ နယူး ယောက်မြို့ ဂျွန်အက်ဖတ်ကနေဒီ အပြည်ပြည်ဆိုင်ရာ နိုင်ငံတကာ လေဆိပ်ကြီးကို မေ (၂၃)ရက်နေ့၊ နံနက် (၆)နာရီ (၁၅)မိနစ်အချိန်တွင် ရောက်ရှိကြရာ အမေ ရိကန်မြန်မာ ဗုဒ္ဓဘာသာ (ABBA) အသင်းမှ ဥက္ကဋ္ဌ ဦးဟန်ကြူရဲ့ သမီး၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ရွှေရွှေဝင်းနဲ့ ကုလသမဂ္ဂဆိုင်ရာ မြန်မာသံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လာရောက် ကြိုဆိုကြပါတယ်။

ဘုန်းကြီးနဲ့ မဈိမဂုဏ်ရည်ဆရာတော်တို့မှာ ရေမြေကွာခြားပြီး အစားအသောက် အနေအထိုင်စနစ်၊ ယဉ်ကျေးမှုဓလေ့ထုံးစံတွေ လုံးဝကွဲပြားတဲ့ ကမ္ဘာ့ အချမ်းသာဆုံး၊ အင်အားအကြီးဆုံးနိုင်ငံကြီးကို ပထမဆုံးရောက်ရခြင်းမို့ လှုဝင်မှုကြီး

www.burmeseclassic.com



ကြပ်ရေးနဲ့ အသေးစိတ် စစ်ဆေးမှုကို တွေ့ကြုံခဲ့ရတယ်၊ အမှန်ဝန်ခံရရင် ဘုန်းကြီးအနေနဲ့ ဘာသန္တရအားနည်းသဖြင့် စိတ်အနှောင်အယှက်များစွာ ကြုံခဲ့ရပါတယ်။

ကြိုလာတဲ့ ကားပေါ်မှာ ဘေးပတ်ဝန်းကျင်ကို ငေးမောကြည့်ရင်း လိုက်ပါလာရာ အမေရိကအချိန်ဟာ ဘုန်းကြီး တို့နိုင်ငံအချိန်နဲ့ လုံးဝနေ့ည ပြောင်းပြန် ဖြစ်နေသဖြင့် ဦးခေါင်းကလည်း မကြည်မလင် ဖြစ်နေတာမို့ မြင်တွေ့ရတဲ့ မြင်ကွင်းသစ်တွေဟာ စိတ်ထဲမှာ ရန်ကုန်နဲ့ ဘာမှမကွာခြား မထူးဆန်းသလို ခံစားရပါတယ်။ တိုက်တွေ နံရံတွေလမ်းတွေမှာ စိတ်ကူးရသလို ရေးထားတဲ့စာတွေ၊ အမှတ်အသား တွေက လည်း နေရာတကာ တွေ့မြင်ရတာမို့ ခန္ဓာကိုယ်ပါ မသက်မသာဖြစ်လာတာနဲ့ မျက်စိမှိတ်ပြီး အသာမှိန်းကာ လိုက်လာရတယ်။

ဘုန်းကြီးတို့အမေရိကရောက်လာခဲ့တဲ့ အကြောင်းရင်းနဲ့ အမေရိကကို ထွက်လာခဲ့တဲ့ခရီးစဉ်ကို စိတ်ထဲမှာအစီအရီနဲ့ ပြန်မြင်လာမိပါတယ်။ ဘုန်းကြီးတို့ကို နယူးယောက်မြို့၊ လောကချမ်းသာ ဘုရားကျောင်း ဆရာတော် ဦးဣန္ဒကနဲ့ အမေရိကန် မြန်မာဗုဒ္ဓဘာသာအသင်းတို့က နယူးဂျာစီပြည်နယ်၊ လောကချမ်းသာ ဆုတောင်းပြည့် စေတီတော်၊ ရွှေထီးတော်တင်လှူပွဲ၊ အနေကဇာတင်ပွဲနဲ့ မေရီလင်း ပြည်နယ်၊ ဝါရှင်တန်ဒီစီအနီး ဆစ်(လ်)ဗာစပရင်းမြို့၊ မင်္ဂလာ ရာမကျောင်းဆရာတော်ဦးအာသဘာစာရနဲ့ မြန်မာအမေရိကန်ဗုဒ္ဓဘာသာ (BABA) အသင်း တို့က (၁၀)ရက်တရားစခန်းတွင် တရားဟော၊ တရားပြဖို့ ပင့်လျှောက်ခဲ့တာပါ။



မေ (၂၂) ရက်နေ့တွင် ဘုန်းကြီး ရွှေမင်းဝံ သာသနာ့ရိပ်သာက မထွက်မီ ရိပ်သာမှာရှိကြတဲ့ ဂေါပကအဖွဲ့၊ ပုညသီအမျိုးသမီး ဝေယျာဝစ္စအဖွဲ့နဲ့ ရဟန်းယောဂီ၊ အမျိုးသားယောဂီ၊ အမျိုးသမီးယောဂီ တွေကို ဩဝါဒ ပေးခဲ့ပြီး၊ ညနေ (၄)နာရီ (၃၀)မိနစ်အချိန်တွင် မဟာစည်ရိပ်သာကြီးကို သွားခဲ့ပါတယ်။ ထိုရိပ်သာကြီးကိုရောက်တဲ့အခါမှာ ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့၊ ဟိတေသီအဖွဲ့၊ အမျိုးသမီး ယောဂီ စောင့်ရှောက်ရေးအဖွဲ့များရဲ့ ပူဇော်မှုကိုခံယူပြီး ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ထွက်ခဲ့ရာ (၆)နာရီ အချိန်တွင် ရောက်ရှိခဲ့ပါတယ်။ နိုင်ငံတော်အကြံပေးပုဂ္ဂိုလ် ဦးအံ့မောင်နှင့်ဇနီး သီရိသုဓမ္မာသိင်္ဂီဒေါ်တင်တင်ဝေတို့က လေဆိပ်မှကြို၍ အထူးဧည့်ခန်းသို့ ပင့်ဆောင်ကြပြီး အဖျော်ယမကာ အအေးများလည်း ကပ်လှူကြပါသည်။ ဂေါပကအဖွဲ့ အမှုဆောင်များနဲ့ ပုညသီအမျိုးသမီးဝေယျာဝစ္စအဖွဲ့ အမှုဆောင်များနှင့်၊ တပည့် ဒကာ၊ ဒကာမများကလည်း ဝမ်းသာအားရ စုပေါင်းကာ လိုက်ပါ ပို့ဆောင်ခဲ့ကြပါတယ်။ ထိုင်းလေကြောင်းလိုင်း (၃၀၆) လေယာဉ်နဲ့ (၈)နာရီ (၃၀)မိနစ်အချိန်မှာ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်က အမြင့်ပေ (၃၃၀၀၀)မှ ပျံသန်းထွက်လာခဲ့ရာ ထိုင်းနိုင်ငံ အပြည်ပြည်ဆိုင်ရာ နိုင်ငံတကာ သုဝဏ္ဏဘူမိလေဆိပ်ကြီးကို (၉)နာရီ (၁၅)မိနစ်အချိန်မှာ ရောက်ခဲ့တယ်။ အဲဒီလေဆိပ်ကြီးက TG (၇၉၀)လေယာဉ်ကြီးနဲ့ (၁၂) နာရီ (၁၀) မိနစ်မှာ အမေရိကကို ထွက်ခဲ့ပါတယ်။

TG (၇၉၀) လေယာဉ်ကြီးဟာ မြန်မာပြည်ကထွက်လာခဲ့တဲ့ လေယာဉ်ထက် အဆများစွာကြီးပြီး လူပေါင်းများစွာ ...နိုင်

www.burmeseclassic.com

www.burmeseclassic.com



တာမို့ ထိုင်ခုံတွေမှာ တစ်တန်းကို (၁၀)ခုံစီရှိတာတွေ့ခဲ့ရတယ်။ လေယာဉ်ကြီးက နှစ်ထပ်ပါ၊ စားစရာသောက်စရာတွေ မကြာခဏကျွေးပြီး အမျိုးအမည်လည်း စုံနေတာကို မြင်တွေ့ခဲ့ရ တယ်။

လာခဲ့တဲ့ ခရီးစဉ်ကို စဉ်းစားနေရင်းဖြင့် ကားပေါ်မှာ လိုက်ပါခဲ့ရာ၊ မေ (၂၃)ရက်နေ့ နံနက် (၈)နာရီ (၃၀) မိနစ်အချိန်တွင် လောကချမ်းသာဘုရားကျောင်းရောက်ပြီး ဆရာတော်ဦးဣန္ဒကကို တွေ့ဆုံကန်တော့ စကားပြောနေကြရာ (၁၁)နာရီအချိန်မှာ အမေရိကရောက် မြန်မာမိသားစုများရဲ့ စုပေါင်းကပ်လှူတဲ့ဆွမ်းကို ဘုဉ်းပေးရပါတယ်။

ဆွမ်းဘုဉ်းပြီးချိန်တွင် ကျောင်းမှာပင့်ထားတဲ့ သံဃာတော်တွေနဲ့ ပြည့်နေသဖြင့် မြန်မာနိုင်ငံက ကြွရောက်လာကြတဲ့ ဘုန်းကြီးတို့(၄)ပါးကို အိမ်တစ်အိမ်မှာ သီးသန့်တည်းခို သီတင်းသုံးနိုင်ဖို့ အမေရိကန် မြန်မာ ဗုဒ္ဓဘာသာအသင်းက စီစဉ်ပေးပါတယ်။ အိမ်ရှင်တွေက ကိုဝင်းသန်းအေး +ဒေါက်တာ တင်မာထွန်း မိသားစုပါ။ အိမ်ရှင်တွေ ကိုယ်တိုင်ပဲ တည်းခိုသီတင်းသုံးမယ့်အိမ်ကို ပင့်သွားတာပါ။ တိုက်အိမ်ကြီးက (၃)ထပ် အဆောက်အဦး ဖြစ်ပါတယ်။ အပေါ်ဆုံးထပ်မှာ ထေရ်ငယ်များဖြစ်တဲ့ ဘုန်းကြီးနဲ့ မဇ္ဈိမဂုဏ်ရည် ဆရာတော်တို့ကို နေရာချပေးပြီး၊ ထေရ်ကြီးများဖြစ်ကြတဲ့ မြစ်သားဆရာတော်နဲ့ ညောင်ကန်အေးဆရာတော်တို့ကိုတော့ အတက်အဆင်း လွယ်ကူတဲ့ ပထမထပ်မှာ ချမ်းသာစွာ သီတင်းသုံးရန် နေရာချပေးကြပါတယ်။ ကြယ်ငါးပွင့် အဆင့်ရှိတဲ့ ဟော်တယ်မှာလို အိပ်ခန်းများ သန့်ရှင်းသပ်ရပ် ကျယ်ဝန်းလှပါတယ်။ ကပ္ပိယ အဖြစ်



လိုက်ပါလာတဲ့ ဒေါက်တာဦးလှမြင့်အောင်လည်း ဘုန်းကြီးတို့နေတဲ့ အပေါ်ထပ်မှာပဲ လိုက်နေပါတယ်။ ညနေ (၅)နာရီအချိန်မှာ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့၊ မဟာစည် သာသနာ့ရိပ်သာ လက်ထောက်ကမ္မဋ္ဌာနာ စရိယအဖြစ် ဆောင်ရွက်နေစဉ်ထဲက ဘုန်းကြီးကို အနီးကပ်ပြုစု စောင့် ရှောက်ပြီး ပစ္စည်း(၄)ပါး ဒကာ၊ ဒကာမများဖြစ်ကြတဲ့ ဦးနီ + ဒေါ်ကျင်လှ (သား)ကိုစိန်ဝင်း+မမေဦး(သမီး) မချို၊ မထွေး၊ (မြေး) မောင်ကောင်းမြတ်ဝင်း(ခ)အင်ဒရူး၊ မောင်လပြည့်ဝင်း (ခ) ဘရိုင်ယန်တို့ မိသားစုများ အစုံအညီ လာရောက်ပြီး ကန်တော့နှုတ်ဆက်ကြတယ်။ အမေရိကန်နိုင်ငံကို ရောက်စမှာ လိုအပ် နေမယ့် ခေါင်းရိတ်ဓါး နှင့် ခြေအိပ်၊ ဖိနပ်စတဲ့ အသုံးအဆောင် များကို ချက်ချင်းပဲ သွားရောက်ဝယ်ယူပြီး ဘုန်းကြီးနဲ့အတူ ဆရာတော်များအားလုံးကို လှူဒါန်းကြတယ်။ လိုအပ်တာ ရှိရင်လည်း အမိန့်ရှိဘို့ စေတနာထက်သန်စွာ အားပေးလျှောက်ထားကြပါတယ်။ မိသားစုအားလုံးဟာ ဘုန်းကြီးရဲ့ ယောဂီဟောင်း တပည့်ရင်းများဖြစ်ကြတဲ့အတွက် လိုလေသေး မရှိအောင် ဂရုတစိုက် ပြုစုစောင့်ရှောက်မှုပြုကြပါတယ်။

**၂၀၀၇ ခုနှစ်၊ မေ (၂၄) ရက်၊ ကြာသပတေးနေ့**

**ကမ္ဘာ့လူ့အစည်းအဝေးခန်းမ**

နံနက်စောစော (၄)နာရီ (၃၀)မိနစ်မှာ အိပ်ယာထ ကိုယ်လက်သန့်ရှင်းပြီး ဘုရားဝတ်တက်၊ မေတ္တာပွား၊ တရားရှုမှတ်ပါတယ်။ (၅)နာရီခွဲတွင် လောကချမ်းသာ ဘုရားကျောင်းကို သွားကြပြီး၊ စေတနာရှင်များ ဆက်ကပ်တဲ့ မုန့်ဟင်းခါးဆွမ်း

www.burmeseclassic.com

www.burmeseclassic.com



ဘုဥ်းပေးကာ ဦးပဥ္စင်းလေး ဦးခေမိဿရ လိုက်ပို့သဖြင့်၊ မန်ဟက်တန်မြို့ထဲက မြို့တော်ဝန်ရှိတဲ့ စီတီးဟော(လ်)၊ တွင် တာဝါပြိုကျထားတဲ့နေရာ၊ ကြေးနဲ့ပြုလုပ်ထားတဲ့ ကျွဲရုပ်ကြီး၊ ချိုင်းနားတောင်းစတဲ့ ထင်ရှားတဲ့နေရာတွေကို ရောက်သွားမှ နယူးယောက်မြို့ကြီးရဲ့ ကမ္ဘာကျော်ရတဲ့ အကြောင်းတွေကို နားလည်မိပါတယ်။

မိုးထိနီးပါး အဆောက်အဦးတွေနဲ့ ပြည့်နေတဲ့ မန်ဟက်တန်မြို့ဟာ ကြီးလွန်းလို့ အထက်ပိုင်းမြို့ (Up Town)၊ အလယ်ပိုင်းမြို့ (Mid Town)၊ အောက်ပိုင်းမြို့ (Down Town) လို့ သုံး ပိုင်းခွဲထားပါတယ်။ လွတ်လပ်ရေး ရုပ်တုရှိရာကိုသွားတဲ့ ဆိပ်ကမ်းကစပြီး ဝေါစထရိ၊ ပင်လယ်ဆိပ်ကမ်း၊ တွင်းတာဝါ ပြိုကျတဲ့နေရာ၊ နယူးယောက် ကမ္ဘာ့စီးပွားရေးအစုရှယ်ယာ ဈေးကွက်၊ စီးတီးဟော(လ်)၊ ကမ္ဘာ့အကြီးဆုံး ချိုင်းနားတောင်း၊ (၁)လမ်းကနေ (၁၄)လမ်းအထိဟာ အောက်ပိုင်းမြို့ဖြစ်ပြီး (၁၄)လမ်းမှ (၄၂)လမ်း တိုင်း(မ်)စကွဲအထိ အလယ်ပိုင်းမြို့၊ (၄၂)လမ်းမှ (၁၂၅)လမ်းအထိ အထက်ပိုင်းမြို့ဖြစ်တယ်လို့ သိရတယ်။

ဘုန်းကြီး နားလည်ထားတာက မြို့ကြီးတွေမှာ အလယ်ဗဟိုဖြစ်ပြီး အဓိကကျတဲ့ အဆောက်အဦး အမြင့်ကြီးတွေ များစွာရှိတဲ့နေရာကို ဒေါင်းတောင်းပါ၊ တကယ်တော့ တခြား မြို့ကြီးတွေဟာ အလယ်ပိုင်းမြို့ကို ဒေါင်းတောင်း(Down Town) ခေါ်နေကြတာ၊ ဒေါင်းတောင်း(Down Town) အစစ်မဟုတ်ပါဘူး၊ ဒေါင်းတောင်း (အောက်ပိုင်းမြို့) အစစ်က နယူးယောက် မန်ဟက်တန်မြို့ကြီးမှာ ရှိတာပါ။ တခြားနိုင်ငံကြီးတွေမှာလည်း



ရှိကောင်းရှိမှာပါ။ ဘုန်းကြီး မရောက်ဘူးတော့ မသိပါ။

နောက်ပြီး (၁)စတေတန်ကျွန်း၊ (၂) ဘရုကလင် မြို့၊ (၃)ကွင်း(စ်)မြို့၊(၄) မန်ဟက်တန်မြို့၊ (၅)ဘရွန်း (က)(စ်)မြို့ ဒီမြို့ကြီး (၅)မြို့ကို နယူးယောက်မြို့လို့ ခေါ်ထား တာကိုလည်း သိခဲ့ရတယ်။ မြေအောက်ရထားလမ်းတွေဟာ ကြွက်များ တွင်းဖောက်ထားသလို လုပ်ထားတာပါ။ ဒီမြေအောက်ရထားတွေ ပြေးဆွဲနေတာဆိုရင် နှစ်ပေါင်း ရာကျော် ရှိနေပါပြီ၊ မြေအောက်ဘူတာရုံတွေကလည်း နှစ်ထပ်၊ သုံးထပ်၊ ဘူတာကြီးဆိုရင် (၆) ထပ်တောင်ရှိတယ်။ အဲဒီဘူတာရုံ အထက်မှာ မိုးပျံအဆောက်အဦးတွေကလည်း တစ်လျှောက်လုံးရှိလေတော့ နည်းပညာတွေ တိုးတက်မှုက အံ့မခန်း နိုင်အောင်ပါပဲ။

နေ့ဆွမ်းမိ လောကချမ်းသာ ဘုရားကျောင်း ပြန်ကြပြီး၊ ညနေပိုင်းတွင် ကွင်း(စ်)မြို့မှာရှိကြတဲ့ ဓမ္မရံသီ ဝိသုဒ္ဓါရာမ ကျောင်း(သုံးပါးကျောင်း)၊ အောင်မြေရတနာ ကျောင်း (တစ်ပါးကျောင်း)တွေကို ရောက်ခဲ့ပါတယ်။ မြန်မာတွေက ကျောင်းနာမည်တွေ အမှတ်ရခက်လို့ တစ်ပါး တည်း သီတင်း သုံးနေရင် တစ်ပါးကျောင်း၊ သုံးပါးစုပြီး သီတင်းသုံးနေရင် သုံးပါးကျောင်း လို့ အလွယ်ခေါ်ကြကြောင်း သိခဲ့ရတယ်။ ခက်ခဲနေတာ ကို လွယ်ကူသွားအောင် လုပ်ကြတာမို့ သဘောကျမိတယ်၊ တချို့ကြတော့ လွယ်ကူနေတာကို ခက်ခဲအောင် လုပ်နေကြပြန်ရော။

ပြီးတော့ မန်ဟက်တန်မြို့ထဲက တိုင်းစကွဲရဲ့ ညအလှရှုခင်းတွေကို ဆက်ပို့ပါတယ်။ ထိုနေရာက မိုးပျံအဆောက်အဦးတွေဟာ မီးရောင်စုံထွန်းထားတဲ့ ကြော်ငြာအမျိုးမျိုး တွေ့ရှိ

www.burmeseclassic.com

www.burmeseclassic.com



နေတာမို့ မြင်ရသူအဖို့ ကြည့်လို့ကို မဆုံးနိုင်၊ မဝနိုင်အောင် တွေ့ရပြီး လမ်းမပေါ်မှာ လူတွေဆိုတာကလည်း အလွှာမျိုးစုံ၊ အသားရောင်မျိုးစုံ၊ နိုင်ငံမျိုးစုံ၊ ဘာသာမျိုးစုံ၊ ဘာသာ စကား မျိုးစုံကို တွေ့ရကြားရပြန်ပါတယ်။ ဓာတ်ပုံရိုက်သူကရိုက်၊ ဗီဒီယို ကင်မရာတွေနဲ့ မှတ်တမ်းတင်သူကတင်မို့ ကမ္ဘာ့လူအစည်ကား ဆုံးနေရာလို့ ပြောစမှတ်ပြုကြတာ သဘာဝကျပါပေတယ်လို့ စိတ်ထဲက အောက်မေ့မိပါတယ်။

## အချိန်ဟာငွေတဲ့လေ

ဒီနယူးယောက်လို့ခေါ်တဲ့ မြို့ကြီးငါးမြို့မှာ နေကြတဲ့ ပုဂ္ဂိုလ်တွေဟာ သွားရေးလာရေး အဆင်ပြေအောင် သက်ဆိုင်ရာ ပုဂ္ဂိုလ်များက ပြုလုပ်ပေးထားသဖြင့် ကားမရှိဘဲ နေထိုင်နိုင်ကြ ပါတယ်။ အနောက်ဘက်ကမ်းခြေ ကာလီဖိုးနီးယားပြည်နယ်၊ ဆန်ဖရန်စစ္စကိုမြို့ဟာလည်း ဘတ်(စ်)ကားတွေ၊ ရထားတွေ လွယ်ကူအောင် စီစဉ်ပေးထားလို့ ကိုယ်ပိုင်ကားမရှိဘဲ နေထိုင်လို့ရတယ်။ တခြားမြို့တွေ၊ ရွာတွေမှာ ကားရှိမှဖြစ် တယ်။ အမေရိကမှာ အောက်ခြေလူတန်းစားဖြစ်တဲ့ အလုပ် ကြမ်းသမား တစ်ယောက်ဟာ ကားဝယ်စီးနိုင်ပါတယ်။ တခြား လူရဲ့အခြေခံ လိုအပ်ချက်ဖြစ်တဲ့ (cell) ဖုန်း၊ ရေခဲ သေတ္တာ၊ (TV) စတာ တွေကိုလည်း ဝယ်ယူအသုံးပြုနိုင်ပါတယ်။ လုပ်ပိုင်ခွင့်တွေရှိမှ မဟုတ်ပါဘူး။

နယူးယောက်မှ ပြေးဆွဲနေတဲ့ ရထား အရေအတွက်ဟာ (၅၀၀)ကျော်တယ်လို့ သိရတယ်။ ရထားတွေဟာ လည်း အမြဲတမ်းလိုလို ပြည့်နေတယ်။ ဒါကြောင့် ဒီမြို့ကြီးကို အမြဲ



တမ်း မအိပ်တဲ့မြို့ (Never Sleeping) လို့ ပြောကြတယ်။ အဲဒီလို မအိပ်ကြဘဲ အချိန်တိုင်းမှာ အပြောမဟုတ် တကယ် အလုပ် လုပ်နေကြလို့ နိုင်ငံကြီးဟာ တိုးတက်တာပါ၊ သူတို့ လက်သုံး စကားက (Time is Money) အချိန်ဟာငွေ တဲ့လေ။

မြို့ထဲ လမ်းဘေးဆိုင်တွေမှာ လက်ဘက်ရည်၊ ကော်ဖီ သောက်ပြီး စကားပြောကာ အချိန်ဖြုန်းနေသူ၊ ကွမ်းတွေဝါးပြီး တွေ့သမျှနေရာမှာ ထွေးတတ်သူ၊ အမှိုက်တွေကို စည်းမဲ့ကမ်းမဲ့ ပစ်ချသူတွေကို လုံးဝ မတွေ့ရပါ။ အမှိုက်တွေ စနစ်တကျပစ်ဖို့ အမှိုက် ပုံးတွေထားသဖြင့် အားလုံးဟာ ကိုယ်ပိုင်အသိ စိတ် ဓာတ်နဲ့ လမ်းဘေးမပစ်ဘဲ အမှိုက်ပုံးထဲ ပစ်ကြတာ တွေ့ရလို့ ဘုန်းကြီးရဲ့ ရိပ်သာတွေမှာလည်း အဲဒီလို စနစ်ရှိစေချင် လိုက်တာလို့ တွေးမိပါတယ်။

လောကမှာ အသိဉာဏ်ရှိသူတွေက စည်းကမ်းဥပဒေကို တန်ဘိုးထားကြလို့ ခိုင်မြဲအောင် ပြုလုပ်ကြတယ်။ လူတိုင်း စည်းကမ်းဥပဒေကို လေးစားလိုက်နာကြရင် လုံခြုံပြီး ငြိမ်းချမ်း စွာ နေနိုင်လို့ပါ။ သို့ပေမယ့် အသိဉာဏ် အားနည်းသူတွေ ကတော့ စည်းကမ်းဥပဒေဆိုတာ အဓိပ္ပါယ်မရှိလို့ ထင်ကြတယ်။ သူတို့တတွေက စည်းကမ်းဥပဒေလိုက်နာနေရင်တင်းကျပ်ပြီး မလွတ်လပ်ဘူးလို့ ထင်ကြတာပါ။ တကယ်တမ်း လေ့လာကြည့် ရင် စည်းကမ်း ဥပဒေတွေ ခိုင်မြဲနေတဲ့ အလုပ်လုပ်နေတဲ့ ကျောင်း တိုက်၊ အိမ်၊ လူမျိုး၊ ဘာသာ၊ နိုင်ငံဟာ တိုးတက်ပါတယ်။

မြို့ထဲမှာ ဘယ်နေရာကိုပဲ သွားသွား၊ သန့်စင်ခန်းတွေ စီမံထားပုံက တော်တော်ကို အဆင်ပြေပါတယ်။ အိမ်တွေမှာ

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် သန့်စင်ခန်းဟာ အိပ်ခန်း တွေနဲ့ တွဲထားကြတာချည်းပဲ၊ ဘာအနံ့အသက်မှ မရှိဘူး၊ သန့်ရှင်းနေတာ၊ သူတို့ဆီမှာက လျှပ်စစ်နဲ့ ဂက်(စ်)တွေကို ချက်ပြုတ်ရာမှာ လိုသလောက် အသုံးပြုနိုင်သဖြင့် မီးဖိုခန်းကလည်း သန့်ပြန့်နေတာ၊ ဖိနပ်တွေ ထားကြတာကလည်း စနစ်ကျပြီး သပ်ရပ်နေပါတယ်။ ဒါတွေကို မြင်ရတော့ ဘုန်းကြီး ငယ်စဉ် စာသင်သားဘဝမှာ ကျေးဇူးရှင် စာချဆရာတော်တစ်ပါးက ဆုံးမခဲ့တာကို သတိရမိ လိုက်ပါတယ်။ ဆရာတော်က "မင်းတို့ ကျောင်းတိုက် တစ်တိုက်ဟာ စည်းကမ်းရှိ၊ မရှိ သိချင်ရင် သန့်စင်ခန်း(ကုဋီ)ရယ်၊ မီးဖိုချောင်ရယ်၊ ဖိနပ်ချွတ်တဲ့နေရာတွေကို ကြည့်ရတယ်။ အဲဒီနေရာတွေ သန့်ရှင်းသပ်ရပ်မှုရှိနေရင် စည်းကမ်းရှိတာကို သိနိုင်တယ်။ ဒါကြောင့် ကိုရင်တို့အဲဒီနေရာတွေကို သန့်ရှင်းနေအောင် ဂရုစိုက်ရမယ်၊ သပ်ရပ်နေရင် ကျန်းမာရေးရှုထောင့်က ကြည့်ရင်လည်း ရောဂါမရနိုင်ဘူးလို့ မိန့်ခဲ့ဘူးတာပါ။

မန်ဟက်တန်မြို့ကြီးရဲ့ ရင်သတ်ရှုမောဖွယ်ရာတွေ၊ သာယာလှပ ကြီးကျယ်ခမ်းနားပုံ တွေ၊ စနစ်ကျပုံတွေကို သေချာပြောပြပေးတဲ့ ဦးခေမိဿရကို ကျေးဇူးတင်မဆုံးအောင် ဖြစ်ရပါတယ်။ တည်းခိုနေရာကို ည(၁၁)နာရီခွဲမှ ပြန်ရောက်တာပါ။ မြို့ထဲ တိုင်းစကွဲမှာ လမ်းလျှောက်ပြီး ကြည့်ခဲ့ရသဖြင့် ပင်ပန်းနေလို့လားမသိ၊ အိပ်ရာပေါ် ခဏအနားယူတဲ့ အနေဖြင့်လှဲနေရာ ချက်ချင်းအိပ်ပျော်သွားတယ်၊ နံနက် (၃)နာရီခွဲမှ နိုးပါတယ်။



၂၀၀၇ ခုနှစ်၊ မေ (၂၅)ရက်၊ သောကြာနေ့

နံနက်စောစော (၃)နာရီ (၃၀)မိနစ်မှာ အိပ်ယာမှထ ပြုဖွယ်ကိစ္စပြုပြီး ဘုရားခန်းမှာလာပြီး ဘုရားဝတ်တက်၊ မေတ္တာပွား၊ တရားရှုမှတ် အားထုတ် ပါတယ်။ နံနက် (၅)နာရီ (၃၀)မိနစ်အချိန် လောက ချမ်းသာဘုရားကျောင်းတွင် အရဏ်မှာကိုမြင့်ဝေ+မနန်းခမ်းအေးမိသားစုက ဆီချက်ခေါက်ဆွဲဆွမ်းကပ်ပြီး နဝကမ္မလှူဒါန်းပါတယ်။ ပြီးတော့ ကျောင်းအလယ်ထပ်တက်ကာ အနားယူလိုက်ရသဖြင့် ရီဝေဝေ ဖြစ်နေတဲ့ ဦးခေါင်းဟာ အနည်းငယ် ကြည်လင်ပေမယ့် ရင်ထဲမှာ တင်းပြီး မရှင်းမလင်းဖြစ်နေလို့ နေထိုင်ရတာ အဆင်မပြေပါ။

စုပေါင်းကပ်တဲ့ နေ့ဆွမ်းဘုဉ်းပေးပြီးချိန်တွင် ဒေါ်ဌေးဌေးဝင်းက သွားဆေးခန်းပြဖို့ လာပင့်ရာ ကိုယ်လက်မအီမသာ ဖြစ်နေလို့ လိုက်မသွားဘဲ တည်းခိုရာဌာနကို ပြန်ပြီး အနားယူရတယ်။ မချိုတို့မိသားစု ရောက်လာလို့ စကားပြောဖြစ်ပါတယ်။ မောင်စိန်ဝင်း + မမေဦးတို့ မိသားစု ထပ်ပြီးရောက်လာကာ ဘုန်းကြီးရဲ့ တောရိပ်သာလို့ ခေါ်တဲ့ သောဘနာရာမ ရွှေမင်းဝံ သာသနာ့ရိပ်သာ (ပဲခူး) အတွင်းမှာ တည်ထားတဲ့ လိုပြည့်အေးချမ်းသာ ဆုတောင်းပြည့် စေတီတော်မြတ်ကြီးရဲ့ ရင်ပြင်တော်အောက်ရှိ တိတ်ဆိတ်အေးချမ်းစွာ တရားနှလုံး သွင်းရှုမှတ်နိုင်ရန် တရားအားထုတ်ခန်းများရဲ့ အဝင်မုခ်ဦး တည်ဆောက်နိုင်ရန် ဒေါ်လာ ၅၀၀၀နဲ့ ညီမျှတဲ့ မြန်မာကျပ်ငွေကို လှူဒါန်းမည်ဖြစ်ကြောင်း လျှောက်ထားကြတဲ့အတွက် သာသနာတော်အတွက် အားတက်ဝမ်းမြောက်မိတာ အမှန်ပါ မောင်စိန်ဝင်း

www.burmeseclassic.com

www.burmeseclassic.com



+မမေဦးတို့ မိသားစုများလည်း ကိုယ်စိတ်နှစ်ပါး ကျန်းမာ ချမ်းသာပြီး လိုရာကိစ္စတွေ ဆောင်ရွက်သမျှ အခက်အခဲမရှိ လွယ်လင့်တကူ အောင်မြင်ကြပါစေ၊ စီးပွားဥစ္စာရတနာတွေ လည်း တိုးတက်ကြီးပွားကြပါစေလို့ ဆန္ဒမွန် ပြုရပါတယ်။ ညနေပိုင်းမှာ တည်းခိုတဲ့ အိမ်ရှင်မိသားစုရောက်လာပြီး အား ဆေးနဲ့ နဝကမ္မလှူဒါန်းပါတယ်။ ဘုန်းကြီးတို့ကို အမေရိက အသွားအပြန် လေယာဉ်လက်မှတ်လှူတဲ့ ဒေါ်ညွန့်ညွန့်ဝေ မိသားစုကလည်း လာတွေ့ကာ နဝကမ္မများ လှူသွားကြပါ တယ်။

**၂၀၀၇ခုနှစ်၊ မေလ(၂၆)ရက်၊ စနေနေ့**

**နယူးဂျာစီမဟာစည် သတိပဋ္ဌာန်ရိပ်သာ**

နံနက်စောစောထ၊ ဘုရားဝတ်တက်၊ မေတ္တာပွား၊ တရား ရှုမှတ် ဖြစ်ပါတယ်။ လောက ချမ်းသာ ဘုရားကျောင်းမှာ အရုဏ် ဆွမ်း၊ နေ့ဆွမ်း ဘုဉ်းပေးပြီး အနားယူကာ နေ့လည် (၁)နာရီ အချိန်တွင် မီနီဘတ်(စ်)ကားကြီးဖြင့် မြစ်ရဲ့ရေအောက်လိုဏ် ထဲမှ ဖြတ်ပြီး ပင့်သံဃာ အားလုံးနဲ့အတူ နယူးဂျာစီပြည်နယ်၊ မနာလပန်မြို့၊ မဟာစည် သတိပဋ္ဌာန်ရိပ်သာကို သွားကြတယ်။ ထိုရိပ်သာတွင် ဆရာတော် ဦးပညာသီဟ သီတင်းသုံးနေထိုင်ပြီး၊ လောကချမ်းသာ ဆုတောင်းပြည့်စေတီတော် တည်ထားတာ ဖြစ်တယ်။

ရိပ်သာခြံဟာ ကျယ်ကျယ်ဝန်းဝန်းရှိပြီး ကျောင်းဆောင် တစ်ခု၊ ဓမ္မာရုံတစ်ခုရှိကာ ဘုရားထီးတော်တင်ပွဲ အတွက် ယာယီ



မဏ္ဍာပ်တွေ ဆောက်ထားတာတွေ့ရတယ်။ ကြွရောက်လာကြ တဲ့ သံဃာတွေ အားလုံးအတွက် နေရာထိုင်ခင်း မလုံလောက်လို့ ဦးဟန်ကြူ(သား) ကိုသိန်းဝင်း+ ဒေါက်တာ မစန်းစန်းဌေးတို့ မကြာသေးမီက ဝယ်ယူထားတဲ့ ရိပ်သာနဲ့ ခြံချင်းကပ်နေတဲ့ နှစ်ထပ်အိမ်ကြီးရဲ့ အပေါ်ထပ်မှာ သံဃာတွေအားလုံး သီတင်း သုံးကြရတယ်။

အိမ်ကြီးက အတော်ကြီးမားပြီး အပေါ်ထပ်မှာ အခန်း ခြောက်ခန်းရှိကာ အောက်ထပ်မှာလည်း အခန်းများစွာ တွေ့ရ တယ်။ မြေတိုက်မှာ တစ်ထပ် ရှိသေးသဖြင့် သုံးထပ်လို့ပြောနိုင် မယ်ထင်တယ်။ ညနေ (၆)နာရီအချိန်တွင် လောကချမ်းသာ စေတီတော် ရင်ပြင်ပေါ်မှာ နယူးယောက် မစိုးရိမ်ဆရာတော်၊ ဖလော်ရီဒါ ဗောဓိမဏ္ဍိုင် ဆရာတော်၊ လောကချမ်းသာ ဘုရားကျောင်း ဆရာတော်တို့ ဦးဆောင်ပြီး သံဃာတော်များဟာ ပဋ္ဌာန်းပစ္စယ နိဒ္ဒေသ၊ ပရိတ်ကြီး (၁၁) သုတ်၊ ဓမ္မစကြာ၊ အနတ္တလက္ခဏသုတ်၊ မဟာသမယသုတ်၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း ဂါထာများကို သက်တော်ထင်ရှား၊ မြတ်စွာ ဘုရားကို အာရုံပြုပြီး ရွတ်ပွားပူဇော်ကြပါတယ်။

**၂၀၀၇ခုနှစ်၊ မေ(၂၇)ရက်နေ့၊ တနင်္ဂနွေနေ့**

**ကြံ့တောင့်ကြံ့ခဲ ရွှေထီးတော်တင်လှူပွဲ**

ဒီနေ့မှာ ရွှေထီးတော်တင် အခမ်းအနား ပြုလုပ်ပါတယ်။ နံနက် (၈)နာရီအချိန်တွင် ရွှေထီးတော်တင်ပြီး နေ့လည် (၁)နာရီ အချိန်မှာ တရားနာ ရေစက်ချပြုပါတယ်။ နံနက်ပိုင်း အစီ

www.burmeseclassic.com

www.burmeseclassic.com



အစဉ်မှာ ပြည်ပရောက် မြန်မာမိသားစုများမှ မွေးဖွားလာတဲ့ ရင်သွေးငယ်လေးများက ဩကာသ ကန်တော့ချိုး၊ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်တို့ဖြင့် သံပြိုင်ညီညာစွာ ပူဇော်ကန်တော့ကြသဖြင့် နယူးယောက် မစိုးရိမ်ဆရာတော်က ဝမ်းသာကြည်နူးအားရစွာပဲ ပရိသတ်တွေကို မေတ္တာတရားတွေ လွှမ်းမိုးစေဖို့ ရည်ရွယ်ချက်နဲ့ (၉)ပါးသီလ ချီးမြှင့်ပါတယ်။

ထို့နောက်မှာ အဆိုတော်ဒေါ်မာမာအေးက လောကချမ်းသာစေတီတော်ရဲ့ ဂုဏ်တော်ဘွဲ့၊ ရတုပိုဒ်စုံများဖြင့် ရွတ်ဖတ်ပူဇော်ပြီး (၉)နာရီ (၉)မိနစ်အချိန်တွင် ရွှေထီးတော်ကို အောက်ဘုံအဆင့်ကစတင်ကာ ငှက်မြတ်နားတော်၊ စိန်ဖူးတော်အထိ ကိုးကြိမ်တိုင်တိုင် တင်လှူပူဇော်ကြပါတယ်။ ရွှေထီးတော်များ တစ်ဆင့်ပြီးတစ်ဆင့် တင်လှူပူဇော်နေချိန်တွင် သံဃာတော်များက "ဇယန္တော ဗောဓိယာမူလေ" စတဲ့ ဂါထာတို့ဖြင့် ရွတ်ဖတ်တော်မူကြသဖြင့်လည်းကောင်း၊ အဆိုတော်ဒေါ်မာမာအေးနှင့် မြန်မာအမျိုးသမီးများက ရှစ်လုံးဖွဲ့ကဗျာများ ရွတ်ဆိုခြင်းဖြင့်လည်းကောင်း ထက်သန်စွာ ပူဇော်ကြပါတယ်။

ရွှေထီးတော်များကို ပန်းရထားဖြင့် တင်လှူပူဇော်ကြရာ အမေရိကတွင် တစ်သက်တာ ကြုံတောင့် ကြုံခဲမို့ ထောင်နဲ့ချီပြီး ရောက်လာကြတဲ့ မြန်မာ၊ အမေရိကန်၊ သီရိလင်္ကာ၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ လာအို စတဲ့ ပရိသတ်တွေဟာ ပန်းရထားကြိုးကို အပြိုင်ဆွဲပြီး ထီးတော်တင်ပွဲကို ပါဝင် ဆင်နွှဲကာ ပူဇော်ကြတာ၊ ပန်းရထားထဲက ထီးတော်အပေါ်မှာ အလှူ



ငွေများ အားတက်သရော လှူဒါန်းကြတာတွေကို တွေ့ရသဖြင့် ဘုန်းကြီး အနေဖြင့် မြန်မာပြည်က ထီးတော်တင်ပွဲတစ်ခုကို ရောက်နေသလို ခံစားကြည်နူး ကြည်ညိုမိပါတယ်။

သံဃာတော်တွေကို ကြည့်လိုက်ပြန်တော့ အမေရိကန်နိုင်ငံအတွင်း ပြည်နယ်အသီးသီးက ကြွရောက်တော် မူလာကြရာ မြန်မာ၊ အမေရိကန်၊ သီရိ လင်္ကာ၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်စတဲ့ သံဃာတော်တွေ၊ ကနေဒါ၊ အင်္ဂလန်၊ ဂျမေကာကျွန်း၊ မြန်မာနိုင်ငံတို့မှာ သံဃာတော်တွေကို တွေ့ရပါတယ်။ ထေရဝါဒ သံဃာတော်တွေက (၅၄)ပါးတောင် ရှိတာပါ။ မဟာယာန ဘုန်းတော်ကြီးတွေ၊ မဟာယာနသီလရှင်တွေ၊ အမေရိကန် သီလရှင်တွေပါဆိုရင် အပါး (၆၀) ကျော် ပါတယ်။ ဒီသံဃာတော်တွေရဲ့ သွားလာရေးကိစ္စ၊ နေထိုင်ရေး ကိစ္စအားလုံးကို အဆင်ပြေအောင် စီမံရတာဟာ မြန်မာ ပြည်တွင်းမှာ လွယ်ကူနိုင်ပေမယ့် အမေရိကမှာ အလွန် မလွယ်ကူတဲ့ အလုပ်ကိစ္စပါ။ ဒီလောက်များလှတဲ့ သံဃာပရိသတ်၊ လူပရိသတ်ကြီးကို ရွှေထီးတော်တင်လှူပွဲတွင် သူ့နေရာနှင့်သူ ပါဝင်ပူဇော်ခွင့်ရအောင် စီစဉ်ပေးကြတဲ့ လောကချမ်းသာ ဘုရားကျောင်းဆရာတော်နဲ့ အမေရိကန် မြန်မာ ဗုဒ္ဓဘာသာ အသင်းတို့ကို ကြည်ညိုလေးစားမဆုံးနိုင်အောင် ဖြစ်ရပါတယ်။

ရွှေထီးတော်တင်ပွဲ အစီအစဉ်ပြီးသွားတဲ့အခါ ဘုရားအနေကဇာတင်မင်္ဂလာကို ဆက်လက်ကျင်းပ ပြု လုပ်ပါတယ်။ နယူးယောက် မစိုးရိမ်ဆရာတော် အမှူးပြုသော သံဃာတော်တွေဟာ လောကချမ်းသာစေတီတော်ကို လက်ျာရစ် သုံးကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ပတ်ရင်း "ဇယန္တော ဗောဓိယာမူလေ" စတဲ့ ဂါထာများဖြင့် ပူဇော်ကြပြီး အနောက်ဘက်အရပ်မှာ စနစ်တကျ တန်းစီထိုင်တော်မူကြကာ အနေကဇာတင်တော်မူကြပါတယ်။

**လောကသားတွေ ချမ်းသာစေဘို့**

စေတီတော်မြတ်အား အနေကဇာတင်တော် မူပြီးအချိန်တွင် ရွှေထီးတော်တင်အောင်ပွဲအနေနဲ့ ကြွရောက်လာကြတဲ့ ပရိသတ်အပေါင်းကို စေတီတော် ရင်ပြင်ပေါ်မှာ နှစ်ထပ်တန်းစီစေပြီး သံဃာတော်များအား သံဃိကဒါန ဆွမ်းလောင်းလှူပွဲ ပြုလုပ်ကြတာဟာ အလွန်ကို ဝမ်းသာကြည်နူးစရာပါ။ ကိုကျော် သက်နဲ့ ကိုစိန်ဝင်းတို့မှ ဘုန်းကြီးရဲ့ ကပ္ပိယဒါယကာ များအဖြစ် လိုက်ပါဆောင်ရွက်ပေးကြပါတယ်။ ဗုဒ္ဓသာသနာဟာ အနောက်ကမ္ဘာမှာ အခြေတည်လေပြီမို့ အနောက်တိုင်းသားများ ဗုဒ္ဓတရားတော်တွေကို လွယ်လွယ်ကူကူနဲ့ စနစ်တကျ လေ့လာနိုင်ပြီး လိုက်နာကျင့်သုံးသဖြင့် ကိုယ်တိုင်လည်း ငြိမ်းချမ်းပါစေ၊ လူသားကမ္ဘာကြီးကိုလည်း အေးချမ်းအောင် ပြုလုပ်နိုင်ပါစေလို့ ဆန္ဒပြုရင်းဖြင့် အနာဂတ်ကမ္ဘာအတွက် အားတက်မိပါတယ်။ သံဃိကဒါန ဆွမ်းလောင်းလှူပွဲ အပြီးမှာ ကြွရောက်တော်မူလာကြတဲ့ သံဃာတော်များကို ဆွမ်း၊ ဆွမ်းဟင်းများ စုံစုံလင်လင်နဲ့ အချိုပွဲ၊ သစ်သီးပွဲ များစွာဖြင့် အလိုရှိတိုင်း ဘုဉ်းပေးနိုင်ကြရန် ဆွမ်းအလှူရှင်များ၊ အချိုပွဲအလှူရှင်များမှ သဒ္ဓါထက်သန်စွာ ဆက်ကပ်ကြပါတယ်။ ရွှေထီးတော်တင်လှူ ပွဲသို့ အမေရိကန်နိုင်ငံပြည်နယ်အသီးသီးမှ ကြွရောက်လာကြတဲ့ ဗုဒ္ဓဘာသာဝင် (၃၀၀၀) ကျော်ခန့်ကိုလည်း စေတနာရှင်များမှ အမျိုး ပေါင်း (၂၀)ခန့် စတုဒိသာဖြင့် လိုလေသေးမရှိ ကျွေးမွေးဧည့်ခံကြပါတယ်။



နေ့လည်(၁)နာရီအချိန် တရားနာ ရေစက်ချ အစီအစဉ်တွင် လောကချမ်းသာ ဆရာတော်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူကာ မစိုးရိမ် ဆရာတော်က ငါးပါးသီလ ပေးတော်မူပြီး ဩဝါဒ (၁၀)မိနစ်ခန့် သာသနာအတွက် အားတက်ဖွယ်ရာများကို မိန့်တော်မူပါတယ်။ ထို့နောက် ဖလော်ရီဒါပြည်နယ်မှ ဗောဓိမဏ္ဍိုင်ဆရာတော်။ မြစ်သားဆရာတော်၊ ညောင်ကန်အေးဆရာတော်နဲ့ ဘုန်းကြီးရွှေမင်းဝံတို့က (၁၀)မိနစ်စီ ဘာသာလူမျိုးအတွက် တန်ဖိုးရှိဖွယ်ရာ လိုက်နာဖွယ်ရာ ဩဝါဒတရားများ အသီးသီး မိန့်ကြားကြပါတယ်။

ဆက်လက်ပြီး သီရိလင်္ကာဆရာတော်ကြီး အမေရိကန်ရဟန်းတော် ဦးဝိမလတို့ကလည်း အင်္ဂလိပ်ဘာသာနဲ့ ဗုဒ္ဓသာသနာ ပြန့်ပွားရေးအတွက် အလေးထား ဆောင်ရွက်မည့် အချက်အလက်များကို မိန့်ကြားကြပြီး မြန်မာနိုင်ငံမှ ဒေါက်တာလှမြင့်အောင်က မဟာစည်ရိပ်သာကြီးမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို ဖတ်ကြားခြင်းဖြင့်လည်းကောင်း၊ အမေရိကန်မြန်မာ ဗုဒ္ဓဘာသာအသင်းမှ အတွင်းရေးမှူးက စေတီတော်ရသုံးငွေစာရင်းကိုရှင်းလင်းခြင်းဖြင့် လည်းကောင်း၊ အသီးသီးလျှောက်ထားကြကာ နောက်ဆုံးအစီအစဉ်အရ လောကချမ်းသာဘုရားကျောင်းဆရာတော်ကိုယ်တိုင် ပြုပြုသမျှ ကုသိုလ်အစုစုရေစက်ချအမျှပေးဝေသဖြင့် ကြွရောက်လာကြတဲ့ ပရိသတ်တွေက အနောက်တိုင်းမြေပေါ်မှာ သာဓုသံများဖြင့်လွှမ်းခြုံ

www.burmeseclassic.com

www.burmeseclassic.com



အခမ်းအနားကို အောင်မြင်စွာ ပြီးဆုံးလိုက်ကြပါတယ်။

လောကချမ်းသာဆိုတဲ့ ဘွဲ့တော်နဲ့အညီ လောကသား အားလုံး ချမ်းသာကြပါစေဟု ဆန္ဒမွန်ပြုပါတယ်။ ရွှေထီးတော်တင် အခမ်းအနားကြီးပြီးပြန်တော့ ရှေ့ခရီးဆက်ရ အုံးမှာ ဖြစ်တဲ့အတွက် သံဃာ့ဒါန လောင်းလှူကြတဲ့ ပစ္စည်းဝတ္ထုများကို နယူးယောက်မြို့မှ ဦးနီ + ဒေါ်ကျင်လှတို့ မိသားစုများထံ ထားခဲ့ပြီး ခရီးဆက်ဖို့ပြင်ဆင်ရပါတယ်။ တပည့်မလေး မချိုမှ ခရီးသွားမှတ်တမ်းဓါတ်ပုံများ ရိုက်ကူးရန် ကင်မရာနှင့် အကြောင်းရှိက ဆက်သွယ်ညွှန်ကြားရန် လက်ကိုင်ဖုန်းကို ဆက်ကပ်လှူဒါန်းပါတယ်။ လိုအပ်နေတဲ့အချိန်မှာ လိုအပ်တဲ့ ပစ္စည်းများကို လှူဒါန်းတဲ့ အလှူရှင်တပည့် မလေးမချိုလည်း လိုတာဟူသမျှ ပြည့်စုံပါစေလို့ ဆန္ဒမွန်ပြုရပါတယ်။ ကိုကျော်သက်တို့ မမြသက်ညိုတို့ မောင်နှမများကိုလည်း ဓမ္မခရီးမှ ပြန်လာတဲ့ အခါကျမှ တွေ့ဆုံကြတာပေါ့လို့ နှုတ်ဆက်ပြီး လာကြိုနေတဲ့ ကားပေါ်ကို တက်ခဲ့ပါတယ်။

**နယူးဂျာစီမှ မေရီလင်းဆီသို့**

ညနေ (၄)နာရီအချိန်လောက်မှာ မေရီလင်း ပြည်နယ်မှာရှိတဲ့ မင်္ဂလာရာမဝိဟာရကိုကြွဖို့ မင်္ဂလာရာမ ဆရာတော် ဦးအာသဘာစာရနဲ့ မြန်မာ အမေရိကန် ဗုဒ္ဓဘာသာအသင်းတို့ စီစဉ်ပေးမှုအရ မတင်ဝတ်ရည်ရဲ့ အမျိုးသား မောင်ကိုကြီးက ကားနဲ့လာရောက်ကြိုနေသဖြင့်၊ ဘုန်းကြီးရယ်၊ ကာလီဖိုးနီးယားပြည်နယ်၊ ဖရီးမောင့် မြို့၊ မေတ္တာနန္ဒဝိဟာရ ဓမ္မရိပ်သာ ဦးဃောသိတာဘိဝံသရယ်၊ ဟာ့မွန်ဘေးမြို့၊ ဓမ္မနန္ဒဝိဟာရမှ



ဦးညြသ၊ မေရီလင်းပြည်နယ် ဝေဇယန္တာကျောင်းမှ ဦးဉာဏ္ဍာစာရတို့အတူတူ လိုက်သွားကြပါတယ်။

ဖရီးဝေးလမ်းမကြီးပေါ်မှာ (၃)နာရီ ကျော်ကျော်လောက်စီးရင်းဖြင့် မောင်ကိုကြီးက "ဒီနိုင်ငံ ဖရီးဝေးလုပ်တဲ့ စစ်စတန်က တစ်ဖက် သုံးလမ်းသွားဖောက်ရင် အပိုနှစ်လမ်းပါထည့်ပြီး တစ်ဖက်ငါးလမ်း အထိ ပြုလုပ်ထားတယ်။ အပိုနှစ်လမ်းက ကားပျက်တာ၊ ကားတိုက်တာ စတဲ့အရေးပေါ်ကြုံလာခဲ့ရင် ညာဖက်ကပ်မောင်းနေတဲ့ကားက ပြဿနာဖြစ်လာရင် ညာဘက် အပိုလမ်းထဲဝင်ရပ်၊ ဘယ်ဖက်ကပ်မောင်းနေတဲ့ကားက တစ်ခုခုဖြစ်လာရင် ဘယ်ဖက်အပိုလမ်းထဲ ဝင်ရပ်ဖို့နဲ့ အရေးပေါ်ပြဿနာတက်လာရင်၊ ပုလိပ်ကား၊ မီးသတ်ကား၊ ဆေးရုံကားတွေ သွားနိုင်ဖို့ဖြစ်တယ်၊ နောက်ပြီး လမ်းတွေပျက်ရင် ဘေးနှုတ်ခမ်းက စပျက်တတ်တာမို့ အပိုလမ်းတွေရှိခြင်းအားဖြင့် လမ်းပျက်စီးမှုလည်း နည်းသွားပါတယ်။ ဒါကြောင့် တစ်ဖက်သုံးလမ်းသွားဆိုရင် တစ်ဖက် ငါးလမ်းရှိတော့ အသွားအပြန် (၁၀)လမ်းသွား ဖြစ်သွားတယ်။ အသွားအပြန်လမ်းတွေ သိပ်ကပ်နေရင် အလယ်မှာ ကွန်ကရစ်နဲ့ ဖြစ်ဖြစ်၊ အလယ်တိုင်စိုက်ပြီး သံပြားတွေနဲ့ဖြစ်ဖြစ် ဆန့်ကျင်ဖက်ကလာတဲ့ ကားမီးရောင်ထိုးတာ တိုက်မိတာတွေ ကာကွယ်နိုင်လောက်အောင် အကာအရံတွေကို ထုထည်ကောင်းကောင်းနဲ့ လုပ်ပေးထားတယ်။

နောက်ပြီး မိုးအားကြီးလာရင် လမ်းမပေါ်မှာ ရေတွေလျှံနေတာ၊ အိုင်နေတာတွေ မဖြစ်ရအောင် အသွားလမ်း၊ အပြန်လမ်းတွေရဲ့ အလယ်မှာ ရေထွက်ပေါက်တွေ မြေအောက်က လုပ်

www.burmeseclassic.com

www.burmeseclassic.com



ပေးပြီး လမ်းဘေးမှာလည်း ရေမြောင်းတွေ အရံသင့် လုပ်ထားတယ်။ တောင်ဘေးကပ်ပြီးသွားတဲ့လမ်းတွေဆိုရင် တောင်ပေါ်က ကျောက်ခဲစတဲ့ အန္တရာယ်ရှိတာတွေ မကျရောက် အောင် တစ်ခုခုနဲ့ ဖုံးအုပ်ပေးထားတယ်၊ အချို့နေရာတွေမှာ ဆိုရင် ကွန်ကရစ်နံရံတွေ လုပ်ပေးထားတယ်၊ အိမ်တွေနဲ့ကပ်နေတဲ့ ဖရီးဝေးတွေဆိုရင် ကားသံတွေ ဆူညံမှု မဖြစ်ရအောင် နံရံအမြင့်ကြီးတွေ ကာရံပေးထားတယ်၊ ဖရီးဝေးကပ်နေတဲ့ အိမ်တွေမှာနေကြတဲ့ ပုဂ္ဂိုလ်တွေက လုပ်ရတာ မဟုတ်ပါဘူး။ သက်ဆိုင်ရာက လုပ်ပေးတာပါ။

ဖရီးဝေးလမ်းမကြီးတွေ ဖောက်လုပ်ပေးတဲ့အခါ မြို့ရွာဆက်နေတဲ့လမ်းတွေကို အရင်ဖောက်ပေးပါတယ်။ ဒီလမ်းတွေက ကားတွေသိပ်ကြပ်လာမှသာ မြို့ရွာတွေကဝေးတဲ့ ဖရီးဝေးလမ်းမတွေ ပြုလုပ်ပေးတာ ဖြစ်တယ်။ ဒီဖရီးဝေး လမ်းမတွေမှာ ကားပူးလိုင်းဆိုတာ ရှိတာများတယ်။ ဒီလိုင်းက အသွားလမ်း၊ အပြန်လမ်း နှစ်ခုကြားမှာ ကာထားတဲ့နံရံနဲ့ အနီးဆုံးလမ်းကြောင်း ဖြစ်ပြီး ဒိုင်းမွန်းအမှတ်အသားနဲ့ လမ်းပေါ်မှာ ပြထားတယ်။ ဒီလိုင်းကို နှစ်ယောက်၊ အချို့နေရာမှာ သုံးယောက်အထက် လူပါရှိတဲ့ကားမှ သွားလို့ရတယ်။

အမေရိကမှာ လင်မယားနှစ်ယောက်စလုံး အလုပ်လုပ်ကြရတယ်။ သို့ပေမယ့် အလုပ်က မတူကြတာများတယ်။ အလုပ်ချိန်တွေက မနက်ပိုင်း ရှိသလို၊ ညနေပိုင်း၊ ညပိုင်းလည်း ရှိလေတော့ အချိန်ကလည်း မတူနိုင်ကြဘူး။ ဒါကြောင့် အလုပ်ကို ကိုယ့်ကားနဲ့ ကိုယ်သွားကြတာမို့ ဖရီးဝေး လမ်းမတွေပေါ်မှာ



ကားတွေကြပ်နေတယ်။ ဆရာတော်ကြားဖူးတဲ့ ကာလီဖိုးနီးယားပြည်နယ်တစ်ခုထဲမှာတောင် တစ်နေ့တည်း လမ်းမပေါ် သွားနေတဲ့ ကားတွေက တစ်သန်းကျော်တယ်လို့ လေ့လာသူတွေက ဆိုကြတယ်။ သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေက ဒီကားကြပ်မှု ပြဿနာ ပြေလည်အောင်၊ အလုပ်လုပ်သူတွေ ပေါင်းပြီး သွားဖြစ်အောင်၊ ကမ္ဘာ့ရာသီဥတု ပူနွေးမှုကို လျှော့ချနိုင်အောင် ဆိုတဲ့အနေနဲ့ ကားပူးလိုင်းလို့ဆိုတဲ့ အမြန်သွားလို့ရနိုင်တဲ့ လမ်းတစ်ခုကို စီစဉ်ပေးထားတာ ဖြစ်တယ်။

ဒီနိုင်ငံရဲ့ စနစ်တွေကို ဆရာတော် သေချာလေ့လာကြည့်ပါ၊ သွားတာ၊ လာတာ၊ စားသောက်တာ၊ နေထိုင်တာ၊ ဈေးဝယ်တာစသဖြင့် အားလုံးကို လွယ်ကူအောင်၊ သက်သာအောင် လုပ်ပေးထားတယ်၊ စိတ်ချမ်းသာအောင်လည်း လုပ်ပေးထားတယ်၊ အခက်အခဲတွေ တွေ့လာရင်ဖြစ်ဖြစ်၊ စိတ်အနှောင့်အယှက်တွေ ကြုံလာရင်ဖြစ်ဖြစ် ဒီအခက်အခဲ အနှောင့်အယှက်တွေ ဘယ်နည်းနဲ့ အဆင်ပြေမလဲဆိုတာကို သူတို့ အမြဲတမ်း စဉ်းစားပြီး အဆင်ပြေအောင် ပြုလုပ်ပေးပါတယ်။ နောက်ပြီး အစစအရာရာ စည်းကမ်းရှိအောင် ဒီမှာက ဥပဒေနဲ့ ထိန်းချုပ်ထားတယ်။ ဒီဥပဒေကလည်း အာဏာရှိသူ တစ်မျိုး၊ အရိုးသားမှာ တစ်မျိုးဆိုတာမျိုး မရှိဘူး။ ဒီဖရီးဝေး လမ်းမပေါ်မှာ သွားနေတဲ့ ကားတွေ ကြည့်လိုက်၊ ဘယ်ကားကမှ အမှိုက်တွေပစ်ချတာ တွေ့ရမှာ မဟုတ်ဘူး။ အာဏာရှိသူ ကားမောင်းရင်း အမှိုက်ပစ်ချတာကို ပုလိပ်ကတွေ့လာရင် အရေးယူမှာပဲ၊ အာဏာရှိလို့ ဥပဒေက လျှော့ပေါ့မပေးပါဘူး။ ဘယ်ပုဂ္ဂိုလ်မျိုးမဆို သတ်မှတ်ထားတဲ့စည်းကမ်းကို ဖောက်ဖျက်လာရင်

www.burmeseclassic.com

www.burmeseclassic.com



ဥပဒေအရ အရေးယူပါတယ်။ ဥပဒေက အားလုံးကို တပြေးတညီတည်းဘဲ ထားတယ်။ ဒါ့ကြောင့် ဖရီးဝေး လမ်းမတွေပေါ်မှာ လူတွေကပစ်ချတဲ့ အမှိုက်တွေ မရှိသလောက် ဖြစ်နေတာကို ဆရာတော်မြင်ရပါလိမ့်မယ် စသဖြင့် ရှင်းလင်းပြောပြပါတယ်။

လမ်းဘေးဝဲယာ ကြည့်လိုက်ပြန်တော့ မိုးက တဖွဲဖွဲရွာနေသဖြင့် တောတွေ၊ သစ်ပင်တွေဆိုတာ စိမ်းစိုပြီး အေးချမ်းကာ နေချင့်စဖွယ် တွေ့မြင်ရတာမို့ အရိပ်ကောင်းကောင်းကို သဘောကျတတ်တဲ့ ဘုန်းကြီးအဖို့ ဘုန်းကြီးရဲ့ တောကျောင်းကြီးကိုလည်း သစ်ပင်တွေ အုပ်ဆိုင်းဝိုင်းရံပြီး စိမ်းလန်းစိုပြေနေတာကို စိတ်ကူးနဲ့ ပုံဖော်နေမိပါတယ်။ ည (၇)နာရီ ခွဲခန့်အချိန်တွင် ဆရာတော် ဦးမဟောသဓပဏ္ဍိတ တည်ထောင်ထားတဲ့ ဝေဇယန္တာကျောင်းကိုရောက်တော့ အားလုံး ကားပေါ်ကဆင်းပြီး ဆရာတော်ရဲ့ကျောင်းကို လှည့်ပတ် ကြည့်ကြတယ်။ ခဏလောက် အနားယူပြီး ဘုန်းကြီးရယ်၊ ဦးယောသိတရယ်၊ မောင်ကိုကြီး၊ မတင်ဝတ်ရည်တို့က ခရီးဆက်ကြပြီး ဦးဣန္ဒာစာရနဲ့ ဦးသြသဓတို့က ကျောင်းမှာနေခဲ့ကြတယ်။ (၈)နာရီ အချိန်တွင် မင်္ဂလာရာမကျောင်းကို ရောက်ပါတယ်။ ဆရာတော် ဦးအာသဘာစာရ အတူနေ ဦးဓမ္မသာမိနှင့် ကပ္ပိယ ဦးသောင်းကြည်တို့အား နှုတ်ဆက်ပြီး မင်္ဂလာရာမဝိဟာရ ကျောင်းတိုက်ကြီးမှာ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်လတ္တံ့ဖြစ်တဲ့ သာသနာရေးကိစ္စရပ်များ ဆွေးနွေးကြပြီး စောစောပဲ အနားယူကြပါသည်။



**၂၀၀၇ ခုနှစ်၊ မေ(၂၈)ရက်၊ တနင်္လာနေ့**

**အင်္ဂလိပ်တို့ စတင်အခြေချနေရာ**

မအေးအေးမာနဲ့ မောင်ဖြစ်သူ မောင်ထွန်းထွန်း + မန္တယ်နီဝင်းတို့ကပ်သော အရုဏ်ဆွမ်းကို ဘုဉ်းပေးပြီး မင်္ဂလာရာမကျောင်းတိုက်မှ (၃)နာရီ လောက် ကားစီးရတဲ့ ဗီလျံစဘတ်မြို့ကို ဘုန်းကြီးရယ်၊ မင်္ဂလာရာမ ဆရာတော်ရယ်၊ ဦးယောသိတတို့ ကိုတင်ညီညီကားနဲ့ သွားကြတယ်။ မဟာစည် ယောဂီတစ်ဦးဖြစ်သော မမြင့်မြင့်လွင် (ခ) မမေဘယ်က မိဘများဖြစ်ကြသော မြန်မာပြည်က ဦးအောင်+ဒေါ်ညွှန့်ညွှန့်တို့ မွေးနေ့မင်္ဂလာကို အကြောင်းပြုကာ ဘုရားအနေကဇာတင်မှု မင်္ဂလာ၊ အိမ်သစ်တက် မင်္ဂလာများ ပြုလုပ်ပြီး နေ့ဆွမ်းကပ်တာပါ။ မမြင့်မြင့်လွင်ဟာ တက္ကသိုလ်တစ်ခုရဲ့ ဆရာမမို့ မြန်မာကျောင်းသား၊ ကျောင်းသူများနဲ့အတူ စုပေါင်းပြီး နဝကမ္မများနဲ့ အိပ်ဆောင်နာရီတစ်လုံး၊ အားဆေးဘူးများနဲ့ မျက်နှာသုတ်ပုဝါ တစ်ထည်တို့ လှူကြပါတယ်။

နေ့ဆွမ်းပြီးချိန်မှာ ဂျိမ်းစတောင်းမြို့ ပြတိုက်တစ်ခုကို မလင်းလင်းအောင်နဲ့ သူ့မမိတ်ဆွေ ကိုတင်ညီညီတို့ လိုက်ပို့ကြတာပါ။ ဒီမြို့က ဗာဂျီးနီးယားပြည်ထဲတွင် ရှိတာပါ။ ပြတိုက်ထဲမှာ ၁၆၊ ၁၇ ရာစုနှစ်က အင်္ဂလိပ်တို့ သင်္ဘောနဲ့ နယ်မြေသစ်ရှာဖွေရင်း အမေရိကန်နိုင်ငံ ဒီအရပ်ဒေသကို စတင်အခြေချနေထိုင်ခဲ့ကြောင်းကို ပန်းချီ၊ ပန်းပုရုပ်တွေနဲ့ ပြထားတာ ဖြစ်တယ်။ ထိုခေတ်က စက်မှုနည်းပညာ မထွန်းကားသေးသဖြင့် (၁၃၆) ရက်ကြာအောင် သင်္ဘောနဲ့လာခဲ့ရတယ်လို့ သိရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြတိုက်အပြင်ဘက်မှာ (Red Indian) လို့ခေါ်တဲ့ လူနီ အမေရိကန် တိုင်းရင်းသားတွေ နေထိုင်တဲ့ အသားနဲ့ ဆောက်ထားတဲ့အိမ်လေးတွေ သူတို့ရဲ့ အသုံးအဆောင်တွေနဲ့ လက်နက်တွေ ပြထားတာပါ။ တကယ်တမ်းမှာ အမေရိကန် လူမျိုးဆိုတာ လူနီလို့ခေါ်ကြတဲ့ အမေရိကန် တိုင်းရင်းသားတွေသာ ဖြစ်ပါတယ်။

မကြာသေးခင်လကဘဲ အင်္ဂလိပ်ဘုရင်မကြီး အမေရိကန်ကို အလည်အပတ်ရောက်ရင်း ဒီမြို့ကိုလာသွားသေးတယ်လို့ ပြောပြပြီး မလင်းလင်းအောင်က ဂျိန်းစတောင်းမြို့ အမှတ်တရ အဖြစ် သဘော်ရုပ်လေးတစ်ခုကို ဝယ်ပြီးလှူလိုက်တယ်။

ခေါင်းဆောင်ဆိုတာ တိုင်းပြည်နဲ့လူမျိုးအတွက် အကျိုးများအောင် စွန့်စားသွားတဲ့ပုဂ္ဂိုလ်၊ စွန့်စားရှာဖွေထားတဲ့ နေရာတို့ကို အမြတ်တနိုး တန်ဘိုးထားပြီး လေးစားကြောင်းကို ဘုရင်မကြီးက ဒီမြို့လေးကိုအရောက်လာခဲ့ပြီး ပြသလိုက်တာပါ။ ဒါကြောင့်လည်း နိုင်ငံတကာ လေးစားရတဲ့ ကမ္ဘာကျော်ပုဂ္ဂိုလ် ရယ်လို့ ဖြစ်ရတာကို အတွေးဝင်မိပါတယ်။

**၂၀၀၇ ခုနှစ်၊ မေ(၂၉)ရက်၊ အင်္ဂါနေ့**

**မြို့တော်ဝါရှင်တန်ဒီစီ**

အရုဏ်ဆွမ်းနဲ့ နေ့ဆွမ်းကို မောင်ကိုကြီး+မတင်ဝတ်ရည်တို့ ကပ်ကြပါတယ်။ အရုဏ်ဆွမ်းကို ဂျပန်အစားအစာများနဲ့ ကျောင်းကိုလာကပ်ကြတာပါ။ နေ့ဆွမ်းကိုတော့ မတင်ဝတ်ရည် အမေ ဒေါ်စန်း ကွယ်လွန်သွားတာ (၉)နှစ်ပြည့် ကို ရည်ရွယ်ပြီး



အိမ်မှာ ပင့်ကပ်ကြတယ်။ မတင်ဝတ်ရည်ဟာ သူ့အမေကြိုက်တတ်သော သူ့အမေကပ်နေကြဖြစ်တဲ့ ပုဇွန်၊ ငါးတို့ကို ချက်တာတစ်မျိုး၊ ကြော်တာတစ်မျိုးနဲ့ အမျိုးမျိုးစီမံပြီး ကပ်ကြတာပါ။ နဝကမ္မလည်း လှူဒါန်းပါတယ်။

နေ့လည် (၁)နာရီအချိန်မှာ မောင်ကိုကြီးက ဘုန်းကြီးနဲ့ ဦးဃောသိတာဘိဝံသ နှစ်ပါးတို့ အမေရိကန်နိုင်ငံရဲ့ မြို့တော် ဝါရှင်တန်ဒီစီကို လိုက်ပို့ပါတယ်။ နိုင်ငံတော်ရဲ့ လွတ်လပ်ရေး စာတန်းကိုရေးခဲ့တဲ့ သမ္မတ သောမတ်(စ်)ဂျက်ဖာဆင် အထိမ်းအမှတ်ရုပ်ထုဗိမာန်၊ လူမဲတွေ ကျွန်အဖြစ်မှ လွတ်မြောက်အောင်၊ အမေရိကန် ပြည်ထောင်စုကြီး ပြိုကွဲမသွားရအောင် ပြုလုပ်ပေးခဲ့တဲ့ သမ္မတ အေဗရာဟင်လင်ကွန် အထိမ်းအမှတ် ရုပ်တု ဗိမာန်၊ လွတ်လပ်ရေးကျောက်တိုင်၊ လွှတ်တော်ခန်းမ၊ တရားရုံးချုပ်၊ ဗီယက်နမ်စစ်ပွဲ၊ ကိုးရီးယားစစ်ပွဲ အထိမ်းအမှတ်အဖြစ် အောက်မေ့ဖွယ်နေရာများ၊ ဒုတိယကမ္ဘာစစ် အထိမ်းအမှတ်အဖြစ် သတိရဖွယ်နေရာတွေကို လိုက်ပြပါတယ်။

ဒုတိယကမ္ဘာစစ် အထိမ်းအမှတ်နေရာတွင် ထိုစစ်အတွင်းက ပါဝင်ခဲ့တဲ့ နိုင်ငံတွေနာမည်ကို အတွင်းမှာ တစ်နေရာစီ ရေးထိုးထားတာပါ။ မြန်မာနိုင်ငံကလည်း ပါဝင်နေတာတွေ့ခဲ့ရတယ်။ ဗမာနိုင်ငံဆိုတဲ့ နာမည်နဲ့ပါ။ အဝိုင်းပုံစံနဲ့ ဝိုက်ပြီး လုပ်ထားတဲ့တိုင်တွေ အပြင်ဘက်မှာ အမေရိကန်နိုင်ငံ ပြည်နယ် (၅၀)ရဲ့ နာမည်တွေကို တစ်တိုင်စီရေးပြီး မှတ်တမ်း တင်ထားတာ တွေ့ရပါတယ်။ ဒီအထိမ်းအမှတ်နေရာဟာ ဒီနှစ်မှဖွင့်တယ်လို့ သိရတယ်။ ပြီးတော့ သမ္မတအိမ်ဖြူတော်ကို ဆက်သွားကြ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ထိုအိမ်ဖြူတော်ရဲ့ ရှေ့တည့်တည့်မှာ လမ်းလျှောက်ပြီး ကြည့်တယ်။ ဓာတ်ပုံရိုက်ကြတယ်၊ ထိုအိမ်ဖြူတော် နောက်ဘက်ကနေလည်း သွားကြည့်ဖြစ်ပါတယ်။

ကျောင်းကိုပြန်ရောက်တော့ ည (၇)နာရီရှိနေပါပြီ။ နေမဝင်သေးပါဘူး။ (၉)နာရီလောက်အထိ နေအလင်းရောင်ရှိတုန်းပါ။ ဦးလှကြိုင် သမီး ဒေါက်တာ ဦးတင်မောင်ခင်+ဒေါ်မြမြဝင်းတို့ လာကြတယ်။ ဒေါက်တာ ဦးတင်မောင်ခင်+ဒေါ်မြမြဝင်းတို့ဆိုတာ ပဲခူးမြို့နယ်၊ စာသူငယ်ကျေးရွာ၊ သောဘနာရာမ ရွှေမင်းဝံသာသနာရိပ်သာမှ ယောဂီကျောင်းဆောင် တစ်ဆောင် ဆောက်လုပ်လှူဒါန်းထားကြတဲ့ ကျောင်းဒါယကာ၊ ကျောင်း ဒါယိကာမများဖြစ်ကြပါတယ်။ (၇)နာရီခွဲတော့ ဘော်(လ်)တီမိုးမြို့၊ ကေလာသဝိဟာရကျောင်းကို မောင်ထွန်းထွန်းက ကားနဲ့ပို့ပေးပါတယ်။ ဒီကျောင်းက မဟာစည်ရိပ်သာကျောင်းဖြစ်ပြီး ဆရာတော် ဦးကဝိဿယန နေထိုင်သီတင်း သုံးတာပါ။ ဦးကဝိဿယနဆိုတာ ဘုန်းကြီးတို့နဲ့ မဟာစည် သာသနာ့ရိပ်သာကြီးမှာ (၁၁)နှစ် တိုင်တိုင်အတူနေပြီး သာသနာပြုခဲ့ကြတဲ့ ညီတော်၊ နောင်တော်တွေ ဖြစ်ပါတယ်။ ထိုကျောင်းကို မြစ်သားဆရာတော်၊ ညောင်ကန်အေး ဆရာတော်၊ မဇ္ဈိမဂုဏ်ရည်ဆရာတော်၊ ဒေါက်တာလှမြင့်အောင်တို့ ရောက်နေကြတယ်။ ဆရာတော်များနဲ့ စကားလက်ဆုံကျနေသဖြင့် ည (၁၀)နာရီမှ မင်္ဂလာရာမကျောင်းကို ပြန်ဖြစ်တယ်။ ဒီနေ့ ရန်ကုန်ရိပ်သာသို့ ဖုန်းပြောဖြစ်တယ်။



၂၀၀၇ ခုနှစ်၊ မေ(၃၀)ရက်၊ ဗုဒ္ဓဟူးနေ့

မြန်မာ ရုရှားကပြားဖြစ်တဲ့ မမြသက်မွန် (သား) ယူရီ မြသီးတို့ အိမ်ပင့်ပြီး အရုဏ်ဆွမ်းကပ်ကြပါတယ်။ ကွယ်လွန်သွားကြတဲ့ မိဘများကို ရည်ရွယ်ကပ်ခြင်းအပါ နဝကမ္မအပြင် ငါးခြောက်ထုပ်တွေလည်း လှူလိုက်တယ်။ မမြသက်မွန်ဟာ မောင်ကိုကြီးနဲ့ မောင်နှမဝမ်းကွဲတော်စပ်သူဖြစ်တယ်။ နေ့ဆွမ်းကို မောင်ကိုကြီးမိဘများက (သား) ကိုရင်ထွေး (မြေး) မောင်ထက်ကိုဇော်တို့ မွေးနေ့အကြောင်းပြုကပ်ပြီး နဝကမ္မများလည်း လှူပါတယ်။ ကျောင်းအပြန်မှာ ဝါရှင်တန်ဒီစီထဲက ဗီယက်နမ်ကျောင်းဖြစ်တဲ့ ဇေတဝနဝိဟာရကိုပို့လို့ ဗီယက်နမ်ဆရာတော်ကြီး ဘဒ္ဒန္တခိပ္ပပညာကို ဖူးမြော်ကန်တော့ခဲ့ပါတယ်။ ညနေပိုင်းမှာ မောင်စိန်ဝင်း၊ မချိုတို့ မောင်နှမထံမှ ဖုန်းဆက်ကြတယ်။

၂၀၀၇ ခုနှစ်၊ မေ(၃၀)ရက်၊ ကြာသပတေးနေ့

အရုဏ်ဆွမ်းကျောင်းမှာ ဦးသောင်းကြည်၏ လက်ရာများဖြင့် ဘုဉ်းပေးရတယ်။ နေ့ဆွမ်းကို (Potomac) မြို့ မဟာစည်သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ်၊ ဒုတိယဥက္ကဋ္ဌ လုပ်ခဲ့ဖူးတဲ့ မဟာစည် ဆရာတော်ကြီးကို ပထမဆုံး အမေရိကကို ပင့်ခဲ့ပြီး မင်္ဂလာရာမကျောင်းတိုက် စတင်တည်ထောင်စဉ် ဦးဆောင်ခဲ့တဲ့ အငြိမ်းစား သံအမတ်ဟောင်း ဗိုလ်မှူးကြီး ချစ်မြိုင် မိသားစုက အိမ်ကိုပင့်ပြီး ကပ်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



မိုလ်မှူးကြီးဟာ အသက် (၈၅)နှစ်ရှိပြီဖြစ်သော်လည်း ကျန်းမာစွာတွေ့ရပြီး မဟာစည်ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်က အကြောင်းအရာများကို ပြောပြဖြစ်ကြလို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်။ နဝကမ္မအတွက် လှူလိုက်ပါတယ်။ ညနေပိုင်းတွင် ဈေးဆိုင်တွေအားလုံး ပေါင်းထားတဲ့ စတိုးဆိုင်ကြီးတစ်ခုကို ဦးယောသိတ၊ ဦးဓမ္မသာမိတို့နှင့် အတူ ဒကာကြီး ဦးအေးသန်းလိုက်ပို့လို့ ရောက်သွားတယ်။ ဈေးကြီးက သုံးထပ်ရှိပြီး ပစ္စည်းတွေကလည်း စုံနေအောင် အမျိုးမျိုး တွေ့ရတယ်။ ဝယ်ချင်တာ အားလုံးဝယ်လို့ ရနိုင်တယ်လို့ ဒကာ ဦးအေးသန်းက ပြောတယ်။ ထူးခြားတာက ကားတွေ ထားတဲ့နေရာ (Car Parking) ကလည်း ဈေးဆိုင်ကြီးလောက် ကြီးကျယ်ပြီး သုံးထပ်တောင်တွေ့ရတယ်။ ညနေပိုင်းမှာ မင်္ဂလာရာမကျောင်း တရားစခန်းမှာ တရားဝင်မည့်အကြောင်း မချိုမှ ဖုန်းဖြင့် လျှောက်ထားတယ်။

၂၀၀၇ ခုနှစ်၊ ဇွန်(၁)ရက်၊ သောကြာနေ့

**နိဗ္ဗာန်ဝင်လမ်း (၁၀)ရက် တရားစခန်း**

မင်းသားကြီး ဦးဖိုးစိန်ရဲ့ (သမီး) ဒေါ်မူမူစိန်၊ မြေးများဖြစ်ကြတဲ့ ဒေါက်တာကျော်စိန် (ညီမ) မမေမေသန်း တို့အိမ်မှာ အရုဏ်ဆွမ်းဘုဉ်းပေးရတယ်။ ဒကာမကြီး ဒေါ်မူမူစိန်နဲ့ ရှေးဟောင်းနှောင်းဖြစ်များ ပြောဖြစ်ပါတယ်။ နေ့ဆွမ်းကို ဦးဝင်းဖေ၊ ဒေါ်ခင်မြိုင်တို့အိမ်မှာ ဘုဉ်းပေးရတယ်။ နေ့လည် (၃)နာရီအချိန်တွင် ရဟန်းလောင်းငါးပါးကို ရှင်ပြု ရဟန်းခံပေးပြီး ညနေ(၅)နာရီမှာ သိက္ခာရှင်တစ်ပါးဝတ်ပေးရတယ်။



(၁၀)ရက် တရားစခန်းဖွင့်ပွဲ အခမ်းအနားကို ည (၇)နာရီအချိန်တွင် နှစ်ထပ်ဓမ္မာရုံကြီးပေါ်၌ ကျင်းပကြသည်။ ပထမဆုံး ပရိသတ်အားလုံးက နမောတဿ သုံးကြိမ် ရွတ်ဆိုကာ အခမ်းအနားကိုဖွင့်ကြပြီး ဘုန်းကြီးက ရှစ်ပါးသီလ ပေးရပါတယ်။ နိုင်ငံခြားသား ယောဂီများပါတဲ့အတွက် သီဟိုဠ်သံဖြင့် ပေးရတယ်။ ဒီနောက်မှာ မြန်မာ အမေရိကန် ဗုဒ္ဓဘာသာ အသင်း ဥက္ကဋ္ဌကြီး ဦးခင်မောင်ဝင်းက မိတ်ဆက် စကားပြောကြားကာ မင်္ဂလာရာမ ဆရာတော်က ဘုန်းကြီးရဲ့ထေရုပ္ပတ္တိကို ဖတ်ကြားပြီး၊ ဘုန်းကြီးက သတိပဋ္ဌာန် အခြေခံကျင့်စဉ်များကို မိန့်ကြားပါတယ်။ ပြီးတော့ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီးရဲ့ ဝိပဿနာအလုပ်ပေးတရားတော်ကို ယောဂီများ နာယူစေပါတယ်။ နိုင်ငံခြားသားယောဂီများကိုတော့ သီးသန့် အင်္ဂလိပ်လို ဟောကြားထားတဲ့ အလုပ်ပေးတရားတော်ကို နာယူစေပါတယ်။

ထိုတရားစခန်းပွဲတွင် ယောဂီ (၅၀)ကျော် အားထုတ်ကြတယ်။ ရဟန်းယောဂီ (၅)ပါး၊ သီလရှင် (၁)ပါး၊ နိုင်ငံခြားသား (၃)ဦး အပါအဝင် အမျိုးသားယောဂီ (၅)ဦး၊ နိုင်ငံခြားသူအပါအဝင် အမျိုးသမီးယောဂီ (၄၀)ဖြစ်ပါတယ်။ မင်္ဂလာရာမကျောင်းတိုက်မှာ တစ်ဧကကျယ်ဝန်းပြီး သံဃာတွေ နေဖို့ နှစ်ထပ်ဆောင် တစ်ကျောင်း၊ နှစ်ထပ် ဓမ္မာရုံကြီးတစ်ခု၊ တစ်ထပ် ဓမ္မာရုံတစ်ခုရှိနေလို့ ယောဂီတွေအတွက် နေရာ ထိုင်ခင်း ပြည့်စုံပါတယ်။ ညနေပိုင်းမှာ ဒေါက်တာကောဝိဒ ဖုန်းဆက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



## ၂၀၀၇ ခုနှစ်၊ ဇွန်(၂)ရက်၊ စနေနေ့

နံနက် ၅နာရီတွင် အိပ်ရာကထပြီး ယောဂီများနဲ့အတူ တရားရှုမှတ်ကာ (၆)နာရီမှာ ယောဂီတွေကို (၈)ပါး သီလ ပေးပါတယ်။ မေတ္တာပို့များလည်း ချပေးပါတယ်။ မင်္ဂလာရာမ ကျောင်းတိုက်ပထမဆရာတော် ဦးကေလာသရဲ့ ဒကာမရင်း ဒေါ်မေရီမိသားစုက သံဃာတော်များနဲ့ ယောဂီအားလုံးကို အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည်တို့ဖြင့် တစ်နေ့တာအတွက် ဆက်ကပ်လှူဒါန်းပါတယ်။

ဒေါက်တာကောဝိဒနှင့်အတူ ဒေါက်တာမျိုးမင်း၊ မပွင့် သီဂီတို့ ရောက်လာကြတယ်။ ဒေါက်တာမျိုးမင်း ကျန်းမာရေး ကောင်းစေရန် ရည်ရွယ်ပြီး ဗောဓ္ဈင်သုတ် ရွတ်ဖတ်ပေးပါ တယ်။ နဝကမ္မအတွက် ဝတ္ထုနှင့် အားဆေး (၃)ဗူး လှူသွား ကြတယ်။ ဒီနေ့တရားစခန်းပွဲအစ ဖြစ်နေသဖြင့် ယောဂီများကို တရား မစစ်ဘဲ တရားရှုမှတ်တတ်အောင်သာ အကျဉ်းချုပ် သင်ပြ ပေးပါတယ်။ ညပိုင်း (၈)နာရီအချိန်တွင် တရားဟောသည့်အခါ ကြိယာပထ သွားရင်း၊ ရပ်ရင်း၊ ထိုင်ရင်း၊ လျောင်းရင်း၊ ရှုမှတ် တတ်အောင် ဟောပေးပါတယ်။ တရားပွဲပြီးချိန်တွင် နိုင်ငံခြား သားများရဲ့ မေးခွန်းတွေကို ဒေါ်ရို(စ်)မာရီနဲ့ ဒေါ်တီမေသိန်းတို့ ဘာသာပြန်ပေးမှု အကူအညီဖြင့် အဖြေပေးရတယ်။ မချို တရား စခန်းဝင်ရန်အတွက် နယူးယောက်မြို့မှ မင်္ဂလာရာမကျောင်းကို ရောက်လာတယ်။



## ၂၀၀၇ ခုနှစ်၊ ဇွန်(၃)ရက်၊ တနင်္ဂနွေနေ့

နံနက်(၅)နာရီတွင် အိပ်ယာမှထပြီး ယောဂီများနှင့် အတူ တရားရှုမှတ်ပြီး (၆)နာရီမှာ သီလပေးကာ မေတ္တာပို့များ ချပေးပါတယ်။ နံနက် (၈)နာရီအချိန်တွင် မြန်မာယောဂီများကို တရားစစ်ပေးပြီး နိုင်ငံခြားသားများကို ဆရာတော် ဦးအာသဘာ စာရ အကူအညီဖြင့် နေ့(၂)နာရီမှာ တရားစစ်ပါတယ်။ သူတို့ သိလိုရာများကို ပြောပြရတယ်။ ကမ္ဘောဒီးယား ယောဂီ (၂) ယောက်မှာ စေ့စေ့စပ်စပ် မေးလျှောက်သဖြင့် (၂)နာရီခန့် ကြာအောင် ရှင်းလင်း ဖြေနေရတယ်။ ခက်ခဲလှတဲ့ မေးခွန်းတွေ မဟုတ်ပေမယ့် ဘာသာရေး အခြေခံအားနည်းသူတွေ ဖြစ်တာမို့ သဘောပေါက်အောင် သေချာပြောပြရတာပါ။ ညနေ (၈)နာရီ တရားဟောတဲ့အခါ ကြိယာပထ၊ ဒုတိယပိုင်း ပြည့်ပြည့်စုံစုံ ဆက်ဟောပါတယ်။ တရားပွဲအပြီး မေးခွန်းများ မေးကြရာ (၁၀)နာရီမှ ပြီးသွားပါတယ်။ ယောဂီတွေ ကျေနပ် တာတွေ့ရလို့ အဖြေပေးရတာ အားရမိပါတယ်။

## ၂၀၀၇ ခုနှစ်၊ ဇွန်(၄)ရက်၊ တနင်္လာနေ့

အရင်နေ့တွေလိုပဲ တရားရှုမှတ်၊ သီလပေး၊ မေတ္တာပို့ ပါတယ်။ မအေးအေးမာနဲ့ မောင်ဖြစ်သူ မောင်ထွန်းထွန်း၊ မနွယ်နီဝင်းတို့က အရုဏ်ဆွမ်း၊ နေ့ဆွမ်းကပ်ကြတယ်။ ဓမ္မာရုံ ကြီးအတွင်း တရားထိုင်ရတာဟာ တိတ်ဆိတ် ငြိမ်သက်မှုရှိသဖြင့် စိတ်တည်ငြိမ်မှု ဖြစ်လွယ်ပါတယ်။ ဓမ္မာရုံကြီးကလည်း အတွင်း၊

www.burmeseclassic.com

www.burmeseclassic.com



အပြင် သန့်ရှင်း သပ်ရပ်မှုရှိပါတယ်။ ဓမ္မာရုံအပြင်ဘက်မှာ နေပူပေမယ့် အတွင်းမှာ လေအေးစက်ရှိနေသဖြင့် ခန္ဓာကိုယ် သက်တောင့်သက်သာနဲ့ တရားအားထုတ်နိုင်ပါတယ်။ တရားစစ်မှုများကို ပုံမှန် အတိုင်းလုပ်ဖြစ်ပါတယ်။ ညနေပိုင်း အချိန်တွင် ညောင်ကန်အေးဆရာတော်နဲ့ ဒေါက်တာကောဝိဒတို့လာကြတယ်။ ညပိုင်းတရားပွဲမှာ ယောဂီများ၊ စိတ်အားတက်ပြီး၊ ကြိုးစားချင်လာအောင်၊ သတိပဋ္ဌာန် အကျိုးတရားခုနစ်ပါးကို ဟောပါတယ်။ ဒုလ္လဘရဟန်း တစ်ပါးကို သိမ်တက်ပေးရပါတယ်။

၂၀၀၇ ခုနှစ်၊ ဇွန်(၅)ရက်၊ အင်္ဂါနေ့

အရင်နေ့များလိုပဲ၊ တရားထိုင်၊ သီလပေး၊ မေတ္တာပို့ပါတယ်။ အရုဏ်ဆွမ်း ဘုဉ်းပေးပြီး၊ မင်္ဂလာရာမ ကျောင်းနဲ့ မနီးမဝေးမှာရှိတဲ့ အောင်ရတနာကျောင်းကို ဦးဓမ္မသာမိနဲ့ သွားကြတယ်။ ဆရာတော်က ဦးကောဝိဒပါ ကျောင်းက နှစ်ထပ်ဖြစ်ပြီး ဓမ္မာရုံတစ်ခုလည်း ရှိပါတယ်။ ခြံဝင်းမှာ လေးဧကကျယ်ဝန်းပြီး မြေပြင်ညီတာတွေ့ရပါတယ်။ ညောင်ကန်အေးဆရာတော်၊ မဇ္ဈိမဂုဏ်ရည်ဆရာတော်တို့ ရောက်နေကြသဖြင့် စုပေါင်းပြီး အမှတ်တရ ဓာတ်ပုံရိုက်ဖြစ်ပါတယ်။

ရန်ကုန်ရိပ်သာရုံးတာဝန်ခံ မအေးမိုးဆီက အီးမေးရောက် လာတယ်။ သိမ်ကျောင်းဆောက်ဖို့ မြေရဲ့ အသေးစိတ် အချက်အလက်မြေပုံတို့ကို ကူးယူခွင့်ရကြောင်းပါသလို၊ မောင်တေဇော မလေးရှားသွားပြီး အလုပ်လုပ်မယ့်အကြောင်းလည်း ပါပါတယ်။ ညတရားပွဲတွင် သတိပဋ္ဌာန် အကျိုးတရား



(၇)ပါးကိုပင် ဆက်လက်ဟော ဖြစ်ပါတယ်။

၂၀၀၇ ခုနှစ်၊ ဇွန်(၆)ရက်၊ ဗုဒ္ဓဟူးနေ့

ပြုနေကြဝတ်အတိုင်းပြုပါတယ်။မန္တလေးထမင်းဆိုင်က အရုဏ်ဆွမ်း၊ နေ့ဆွမ်း ဆက်ကပ်ပါတယ်။ နေ့စဉ် ဝတ္တရားများကိုဘဲ လုပ်ဖြစ်တာပါ။ မဇ္ဈိမဂုဏ်ရည်ဆရာတော်နဲ့ ဖုန်းပြောဖြစ်ပါတယ်။ ကမ္ဘောဒီးယား ယောဂီနှစ်ယောက်မှာ အရင်နေ့တွေလိုပဲ မေးခွန်းတွေ အများကြီး မေးကြတယ်။ တစ်ချို့ လေးနက်တဲ့ မေးခွန်းလည်းပါတယ်။ ကျေနပ်အောင်ဖြေရှင်း ပြနိုင်ပါတယ်။ ညတရားပွဲမှာ အရင်ညကဟောတဲ့ သတိပဋ္ဌာန် အကျိုးတရားများကိုဘဲ ယောဂီများကို အားပေးတဲ့အနေနဲ့ ဆက်ဟောပါတယ်။

၂၀၀၇ ခုနှစ်၊ ဇွန်(၇)ရက်၊ ကြာသပတေးနေ့

**နေ့စဉ် တရားစခန်းကိစ္စများကို ဆောင်ရွက်ဖြစ်ပါတယ်**

မောင်အောင်သူရဖုန်းဆက်လို့ စကားပြောဖြစ်ပါတယ်။ မောင်အောင်သူရဆိုတာ ရန်ကုန်ရွှေမင်းဝံသာသနာ့ ရိပ်သာကြီးများရဲ့ ဥက္ကဋ္ဌကြီး ဦးကျော်မြင့်+ဒေါ်ခင်နွဲ့အေးချစ်တို့ရဲ့ (သားငယ်) အင်ဂျင်နီယာဘွဲ့ရပါ။ ယခု အမေရိကန်နိုင်ငံ (အင်ကာရိတ်(ချ်))မြို့မှာ တာဝန်ထမ်းဆောင်နေတာပါ။ ဘုန်းကြီးရောက်နေတဲ့ မေရီလင်း ပြည်နယ်နှင့် သိပ်ဝေးနေလို့ လာရောက်မတွေ့ဆုံနိုင်လို့ အဝေးကဖုန်းဆက်ပြီး နှုတ်ဆက်ကန်တော့ပြီး အားပေးစကားများလည်း လျှောက်ထားပြီး ဆရာတော်ရဲ့ ဓမ္မခရီးစဉ်မှာ လိုအပ်ရာသုံးနိုင်ရန် ဝတ္ထုများလည်း ဓာတိုက်မှပို့လှူပါတယ်။ ဆရာတော် ဦးအာသဘာစာရကလည်း

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးအား ဦးခေါင်းရိုပ်စက် လှူပါတယ်။ ဒီဆရာတော်ဟာ စိတ်ရှည် ဖွဲသန် သည်းညည်းခံ ပြုရန်သာသနာဆိုတဲ့စကားကို လက်ကိုင်ပြုပြီး ထင်ရှားတဲ့ နိုင်ငံကြီးတစ်နိုင်ငံမှာ သာသနာရေး ကိစ္စများကို စွမ်းအားရှိသမျှ ဆောင်ရွက်နေတာကို ကိုယ်တိုင် မြင်တွေ့ရသဖြင့် စိတ်ထဲက အလိုလို ချီးကျူးလေးစားမဆုံး အောင် ဖြစ်မိပါတယ်။ ညတရားပွဲမှာ သတိပဋ္ဌာန်တရားကို ရိုရိုသေသေ ရှုမှတ်လို့ အောက်ထစ် ဥဒယဗ္ဗယဉာဏ်လောက် ရရှိပြီဆိုရင် ဓမ္မပီတိဆိုတဲ့ နှစ်သိမ့် ဝမ်းမြောက်မှု ပီတိတရားတွေ ဖြစ်နိုင်ကြောင်းအားပေးတဲ့ ဓမ္မ ပီတိတရားတော်ကို ဟောပါ တယ်။

## ၂၀၀၇ ခုနှစ်၊ ဇွန်(၈)ရက်၊ သောကြာနေ့

တရားစခန်းကိစ္စများကို ပုံမှန်အတိုင်းပြုလုပ်နေပြီး ယောဂီ အသစ်များ ရောက်လာသဖြင့် အချိန်ယူကာ တရား စစ်ပေးရင်း ရှုမှတ်နည်းများကို စနစ်တကျ သင်ပေးရပါတယ်။ သူတို့ခမျာ လည်း ရသမျှအချိန်လေးကို လာရောက် အားထုတ်ကြခြင်း ဖြစ်ပါတယ်။ ဘာသာပြန်ပေးတဲ့ ပုဂ္ဂိုလ်အတွက် အခက်အခဲ မဖြစ်ရအောင် ဟောမယ့်တရားကို ကြိုတင်ပြီး သီးသန့် ဟောပြော ပြထားရတယ်။ နိုင်ငံခြားယောဂီများ သိလိုရာမေးခွန်းများကို ဖြေကြားနေရသဖြင့် တရားစစ်တာ (၃)နာရီခန့် ကြာသွား ပါတယ်။ တရားရခြင်းရဲ့ အခွင့်ကောင်း၊ အခါကောင်း လေးမျိုး ကို ညတရားပွဲတွင် ဟောပါတယ်။



## ၂၀၀၇ ခုနှစ်၊ ဇွန်(၉)ရက်၊ စနေနေ့

ရာသီဥတု မသာယာပါ။ နေမပွင့်ဘဲ အပူချိန် ပြင်းထန်လှသဖြင့် ဦးခေါင်းကိုက်လောက်အောင် အခံရခက် လှပါတယ်။ အပူဒီဂရီက (၁၀၁)ရှိတယ်ဆိုဘဲ အိမ်ဆောက် ပစ္စည်းများနဲ့ သစ်ပင်ပန်းပင်တွေရောင်းတဲ့ ဆိုင်ကြီး (Home depot) ကို ဆရာတော် ဦးအာသဘာစာရ၊ ဦးဓမ္မသာမိ၊ ဦးအေး သန်းတို့ လိုက်ပြသဖြင့် လေ့လာခွင့်ရခဲ့ တယ်။ စားသောက်စရာ၊ ချက်ပြုတ်ဖွယ်ရာများ ရောင်းချပေးသော ဆိုင်ကြီးတွေကိုလည်း လိုက်ပို့ပါသေးတယ်။ "သြော် သူတို့ နိုင်ငံမှာ တစ်နေရာထဲမှာ လိုချင်တာအကုန်ရနိုင်အောင် စီစဉ်ပေးထားတာဟာ အတု ယူ စရာဘဲ" ညတရားပွဲမှာ အချိန်တိုင်း အကျိုးရှိပါစေ တရားကို ဟောပါတယ်။

## ၂၀၀၇ ခုနှစ်၊ ဇွန်(၁၀)ရက်၊ တနင်္ဂနွေနေ့

ပြနေကြဝတ်များကို ပုံမှန်အတိုင်းပြုပါတယ်။ နံနက် (၉)နာရီ မိနစ် (၃၀)တွင် တရားစခန်းအောင်ပွဲ အခမ်းအနား ပြုလုပ်ပါတယ်။ ဥက္ကဋ္ဌကြီး ဦးခင်မောင်ဝင်းက အသင်းကိုယ်စား ကျေးဇူးတင်ဝမ်းမြောက်ကြောင်း စကားပြောပြီး ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး ချီးမြှင့်နေကြ တရားဖြစ်တဲ့ အပါယ် ဘေးငြိမ်းခွင့် သြဝါဒကို ပြန်လည်ဟောကြားကာ အခမ်းအနား ကို အောင်မြင်စွာ ပြီးဆုံးလိုက်ပါတယ်။ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးအား ဦးခေါင်းရိပ်စက် လှူပါတယ်။ ဒီဆရာတော်ဟာ စိတ်ရှည် ဇွဲသန် သည်းညည်းခံ ပြုရန်သာသနာဆိုတဲ့စကားကို လက်ကိုင်ပြုပြီး ထင်ရှားတဲ့ နိုင်ငံကြီးတစ်နိုင်ငံမှာ သာသနာရေး ကိစ္စများကို စွမ်းအားရှိသမျှ ဆောင်ရွက်နေတာကို ကိုယ်တိုင် မြင်တွေ့ရသဖြင့် စိတ်ထဲက အလိုလို ချီးကျူးလေးစားမဆုံး အောင် ဖြစ်မိပါတယ်။ ညတရားပွဲမှာ သတိပဋ္ဌာန်တရားကို ရိုရိုသေသေ ရှုမှတ်လို့ အောက်ထစ် ဥဒယဗ္ဗယဉာဏ်လောက် ရရှိပြီဆိုရင် ဓမ္မပီတိဆိုတဲ့ နှစ်သိမ့် ဝမ်းမြောက်မှု ပီတိတရားတွေ ဖြစ်နိုင်ကြောင်းအားပေးတဲ့ ဓမ္မ ပီတိတရားတော်ကို ဟောပါ တယ်။

## ၂၀၀၇ ခုနှစ်၊ ဇွန်(၈)ရက်၊ သောကြာနေ့

တရားစခန်းကိစ္စများကို ပုံမှန်အတိုင်းပြုလုပ်နေပြီး ယောဂီ အသစ်များ ရောက်လာသဖြင့် အချိန်ယူကာ တရား စစ်ပေးရင်း ရှုမှတ်နည်းများကို စနစ်တကျ သင်ပေးရပါတယ်။ သူတို့ခမျာ လည်း ရသမျှအချိန်လေးကို လာရောက် အားထုတ်ကြခြင်း ဖြစ်ပါတယ်။ ဘာသာပြန်ပေးတဲ့ ပုဂ္ဂိုလ်အတွက် အခက်အခဲ မဖြစ်ရအောင် ဟောမယ့်တရားကို ကြိုတင်ပြီး သီးသန့် ဟောပြော ပြထားရတယ်။ နိုင်ငံခြားယောဂီများ သိလိုရာမေးခွန်းများကို ဖြေကြားနေရသဖြင့် တရားစစ်တာ (၃)နာရီခန့် ကြာသွား ပါတယ်။ တရားရခြင်းရဲ့ အခွင့်ကောင်း၊ အခါကောင်း လေးမျိုး ကို ညတရားပွဲတွင် ဟောပါတယ်။



## ၂၀၀၇ ခုနှစ်၊ ဇွန်(၉)ရက်၊ စနေနေ့

ရာသီဥတု မသာယာပါ။ နေမပွင့်ဘဲ အပူချိန် ပြင်းထန်လှသဖြင့် ဦးခေါင်းကိုက်လောက်အောင် အခံရခက် လှပါတယ်။ အပူဒီဂရီက (၁၀၁)ရှိတယ်ဆိုဘဲ အိမ်ဆောက် ပစ္စည်းများနဲ့ သစ်ပင်ပန်းပင်တွေရောင်းတဲ့ ဆိုင်ကြီး (Home depot) ကို ဆရာတော် ဦးအာသဘာစာရ၊ ဦးဓမ္မသာမိ၊ ဦးအေး သန်းတို့ လိုက်ပြသဖြင့် လေ့လာခွင့်ရခဲ့ တယ်။ စားသောက်စရာ၊ ချက်ပြုတ်ဖွယ်ရာများ ရောင်းချပေးသော ဆိုင်ကြီးတွေကိုလည်း လိုက်ပို့ပါသေးတယ်။ "ဩော် သူတို့ နိုင်ငံမှာ တစ်နေရာထဲမှာ လိုချင်တာအကုန်ရနိုင်အောင် စီစဉ်ပေးထားတာဟာ အတု ယူ စရာဘဲ" ညတရားပွဲမှာ အချိန်တိုင်း အကျိုးရှိပါစေ တရားကို ဟောပါတယ်။

## ၂၀၀၇ ခုနှစ်၊ ဇွန်(၁၀)ရက်၊ တနင်္ဂနွေနေ့

ပြုနေကြဝတ်များကို ပုံမှန်အတိုင်းပြုပါတယ်။ နံနက် (၉)နာရီ မိနစ် (၃၀)တွင် တရားစခန်းအောင်ပွဲ အခမ်းအနား ပြုလုပ်ပါတယ်။ ဥက္ကဋ္ဌကြီး ဦးခင်မောင်ဝင်းက အသင်းကိုယ်စား ကျေးဇူးတင်ဝမ်းမြောက်ကြောင်း စကားပြောပြီး ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး ချီးမြှင့်နေကြ တရားဖြစ်တဲ့ အပါယ် ဘေးငြိမ်းခွင့် ဩဝါဒကို ပြန်လည်ဟောကြားကာ အခမ်းအနား ကို အောင်မြင်စွာ ပြီးဆုံးလိုက်ပါတယ်။ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



နေ့ဆွမ်းပြီးချိန်တွင် ဒေါက်တာချစ်ခင်ဝေ+ ဒေါက်တာဘက်တီဝေတို့ ဇနီးမောင်နှံက သူတို့ဆေးခန်းပင့်သွားပြီး သွားများကိုစစ်ဆေးကာ လုံးဝမကောင်းတဲ့သွားများကို အကြောသတ်ပေးတာ၊ သွားဂျိုးချစ်ပေးတာတွေ ပြုလုပ်ပေးကြတယ်။ ပြီးတော့ ည (၆)နာရီ မိနစ် (၃၀)တွင် ကိုမျိုးဝင်း+ မခင်စိုးဝင်း မိသားစု၊ ဦးစိန်ဖေ+ဒေါ်ဦး တို့၏(သား) မောင်ဝင်းမျိုးသင်း +မရင်ရင်မိသားစုတို့ ပင့်လျှောက်မှုအရ အောင်ရတနာကျောင်း ဓမ္မပူဇာပွဲမှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ် တရားများ လက်ကိုင်ထားကျင့်သုံးကြရန် ဗြဟ္မဝိဟာရတရားကို ဟောခဲ့တာပါ။ ပရိသတ် (၅၀)ခန့်ရှိမယ် ထင်ပါတယ်။

## ၂၀၀၇ ခုနှစ်၊ ဇွန်(၁၁)ရက်၊ တနင်္လာနေ့

မင်္ဂလာရာမကျောင်း၊ ကပ္ပိယကိုသောင်းကြည်ရဲ့ အစွမ်းပြုလက်ရာ အရုဏ်ဆွမ်းဘုဉ်းပြီး ဆရာတော် ဦးအာသဘာ စာရနဲ့အတူ ကျောင်းရှေ့မှာရှိတဲ့ ကားလမ်း တစ်ဖက်တွင်ရှိနေသော ဈေးဆိုင်ကြီးများကို ဖြတ်ကျော်ကာ ကားအသွားအလာ ရှင်းနေတဲ့ ရုံးဆင်းရုံးတက်လမ်းလေးမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ဖြစ်ပါတယ်။ အပြန်မှာ ဆိုင်ကြီးများရှေ့မှာရှိတဲ့ ထိုင်ခုံ တွင်ထိုင်ပြီး သာသနာရေး ဆောင်ရွက်မှု အတွေ့အကြုံ များကို အမြင်ချင်း ဖလှယ်ကာ ပြောဖြစ်ပါတယ်။

နေ့ဆွမ်းကို မဟာစည်ဆရာတော်ကြီး အမေရိက အစဆုံး ကြွတော်မူစဉ်က ဝေယျာဝစ္စဆောင်ရွက်ကြပြီး မင်္ဂလာရာမကျောင်း ဖြစ်မြောက်အောင် ပါဝင်ဦးဆောင်ခဲ့တဲ့ ဒေါ်လှစံဝေတို့အိမ်တွင် ဘုဉ်းပေးပြီး သားဖြစ်သူ မောင်ထွန်းမောင်ဝေ



က လွတ်လပ်ရေးကျောက်တိုင်၊ အိမ်ဖြူတော်၊ လွှတ်တော်ခန်းမ တို့ကို ထပ်ပြပြီး၊ ဂျူးပြတိုက်၊ ကတ်သလစ် ခရစ်ယာန် ဘုရားရှိခိုးကျောင်းကြီး နှစ်ကျောင်းတို့ကိုလည်း လိုက်ပို့ပါတယ်။ ကြည့်ရှုလေ့လာခွင့်ရလို့ အထူးကျေးဇူးတင်ပါတယ်။ ဘုန်းကြီးတို့ရိပ်သာမှာလည်း ဒီလိုခန့်ညားထည်ဝါပြီး သန့်ရှင်းသပ်ရပ်တဲ့ ဓမ္မဗိမာန်ကြီးမျိုးရှိရင် ကောင်းမယ်လို့ စိတ်ထဲမှာဖြစ်မိတယ်။

## ၂၀၀၇ ခုနှစ်၊ ဇွန်(၁၂)ရက်၊ အင်္ဂါနေ့

ဒေါ်မေရီမိသားစုက အရုဏ်ဆွမ်းလာကပ်ပြီး ကိုမျိုးဝင်း +မခင်စိုးဝင်း မိသားစုက အိမ်ကိုပင့်ကာ နေ့ဆွမ်းကပ်ကြတာပါ။ နဝကမ္မလည်း လှူကြပါတယ်။ နေ့ဆွမ်းပြီးချိန်တွင် သွားနာနေသဖြင့် ကိုမျိုးဝင်းက ဒေါက်တာ ချစ်ခင်ဝေ ဆေးခန်းကို ပို့ပေးပါတယ်။ သွားပြည်တည်နေတာ တွေ့ရသဖြင့် ခေတ်မီစက်ကြီးတွေနဲ့ ကုသပေးပါတယ်။

## ၂၀၀၇ ခုနှစ်၊ ဇွန်(၁၃)ရက်၊ ဗုဒ္ဓဟူးနေ့

### ဗာဂျီးနီးယားက သဘာဝလိုဏ်ဂူကြီး

အရုဏ်ဆွမ်းကို မောင်ကိုကြီး+မတင်ဝတ်ရည် တို့ကပ်သော အနောက်တိုင်း အစားအစာများကို ဘုဉ်းပေးရတယ်။ ပြီးတော့ သွားတွေအတွက် ထပ်မံဓာတ်မှန်ရိုက်ဖို့ လိုအပ်သဖြင့် ဒေါက်တာ ချစ်ခင်ဝေဆေးခန်းကို သွားရတယ်။ နေ့ဆွမ်းကို (BABA)အသင်း ဒုတိယဥက္ကဋ္ဌ ဦးတင်မောင်သော် +ဒေါ်စင်သီယာ တို့အိမ်တွင် ကပ်ပါတယ်။ သူတို့ အိမ်က ဗာဂျီးနီးယားပြည်နယ် ထဲမှာရှိတာပါ။ ဆွမ်းကပ်ပြီးချိန်မှာ လူရေး သဘာဝလိုဏ်ဂူကြီး

www.burmeseclassic.com

www.burmeseclassic.com



ကို ဦးတင်မောင်သော်ကိုယ်တိုင် လိုက်ပို့ပါတယ်။

ထိုလှိုင်ဂူကြီးက မြေပြင်ကအောက်ထဲကို လှေကား (၆၈)ထစ်ဆင်းသွားရပြီး၊ အတွင်းကိုနှစ်မိုင်လမ်းလျှောက်သွားရတာပါ။ နှစ်ပေါင်းများစွာရှိနေပြီဖြစ်တဲ့ ထူးခြားတဲ့ကျောက်ခက်ပန်းဆွဲတွေ၊ မိုးမြော်ပန်းဆွဲတွေကို အံ့သြစွာတွေ့ရပါတယ်။ ဒီလှိုဏ်ဂူကြီးဟာ ပိတ်ချင်းမြောင်၊ ပင်းတယလှိုဏ်ဂူတို့ထက် ကြီးမားပါတယ်။ တွင်းအဝင်ဝမှာ မင်္ဂလာဆောင်ခန်းမတစ်ခုလောက်ကြီးကျယ်တဲ့ ခန်းမကြီး တစ်ခုရှိပါတယ်။ တချို့ဆိုရင် တမင်တကာ ဒီခန်းမကိုလာပြီး မင်္ဂလာဆောင်အခမ်းအနားပြုလုပ်ကြတယ်လို့သိရပါတယ်။ သူတကာထက်ထူးခြားပြီး လုပ်လိုက်ရမှ ကျေနပ်သဘောကျတဲ့ လူမျိုးတွေပဲလို့ ကောက်ချက်ချမိပါတယ်။ ည (၆)နာရီကျော်မှ ကျောင်းပြန်ရောက်တာပါ။

နံနက်စောစော (၇)နာရီ လေယာဉ်နဲ့ ကာလီဖိုးနီးယားပြည်နယ်၊ ဖရီးမောင့်မြို့ဆရာတော် ဒေါက်တာဓမ္မပိယရဲ့ မေတ္တာနန္ဒဝိဟာရ ဓမ္မရိပ်သာကို သွားရမှာမို့ မပြီးဆုံး သေးတဲ့ ခရီးဆက်ရဦးမှာမို့ အာဝါသိက ဝတ်ကျေပြွန်ကြတဲ့ မင်္ဂလာရာမ ဝိဟာရကျောင်းဆရာတော် ဦးအာသဘာစာရ၊ အတူနေ ဦးဓမ္မသာမိနဲ့ ဒကာ ဦးသောင်းကြည်တို့ကိုလည်း အထူးဘဲ ကျေးဇူးတင်ရှိပါတယ်။ အမြဲအမှတ်ရနေမှာပါလို့ နှုတ်ဆက်စကားပြောဆိုပြီး မြန်မာ အမေရိကန် ဗုဒ္ဓဘာသာအသင်း ဒုဥက္ကဋ္ဌ ဦးတင်မောင်သော်တို့အိမ်ကိုသွားပြီး အိပ်ရပါတယ်။ သူတို့အိမ်က ဘုန်းကြီးသွားမည့် ဒါးလဲ့(စ်)လေဆိပ်နဲ့ နီးနေလို့ပါ။



၂၀၀၇ ခုနှစ်၊ ဇွန်(၁၅)ရက်၊ သောကြာနေ့

တစ်သက်တာ အမှတ်ရစရာ ခရီးတစ်ခု

ဦးတင်မောင်သော် + ဒေါ်စင်သီယာတို့အိမ်မှာ အရုဏ်ဆွမ်းဘုဉ်းပေးပြီး သူတို့ဇနီးမောင်နှံနှစ်ဦးလုံး လေယာဉ်ကွင်းကို (၆)နာရီ (၁၅)မိနစ် အရောက်ပို့ပေးပါတယ်။ ထိုလေဆိပ်ထဲကို ဝင်ခွင့်မရတဲ့အတွက် ပို့လို့ရတဲ့နေရာ အရောက်ပို့ပေးပြီး ခရီးစဉ်မှာ တွေ့ကြုံရမည့် အခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် "ကျွန်ုပ်ကို ကူညီပါ" လို့ အဓိပ္ပါယ်ရတဲ့ အင်္ဂလိပ်ခေါင်းစီးနဲ့အောက်မှာ မိမိသွားရမည့်လိပ်စာများကို ရေးသားထားတဲ့ စာရွက်လေးကို ဒေါ်စင်သီယာမှ ဘုန်းကြီးအား ဆက်ကပ်ပြီး "ဆရာတော်ဘုရားတွေ့တဲ့ ခရီးသည်ကို ဒီစာရွက်ကလေးပြရင် ကူညီပါလိမ့်မည်ဘုရား" လို့ လျှောက်ထားစဉ်မှာပဲ၊ မင်္ဂလာရာမ ဝိဟာရဆရာတော် ဦးအာသဘာစာရ၏ အစီအစဉ်နဲ့ မောင်ကိုကြီးနဲ့ မတင်ဝတ်ရည်တို့ လေဆိပ်အဆောက်အဦးထဲကို ဝင်လာကြပြီး ဘုန်းကြီးအား လေယာဉ်စီးသွားရာဂိတ်ပေါက်အထိ ပို့ပေးပါမည့်အကြောင်း လျှောက်ထားပြီး ဘုန်းကြီးလက်ဆွဲသေတ္တာကိုဆွဲခါ ဆောင်ရွက်စရာတွေ ဆောင်ရွက်ကာ ရှေ့မှ ဦးဆောင်သွားပါတယ်။ ဘုန်းကြီးလည်း အားလုံးကို နှုတ်ဆက်ပြီး မတင်ဝတ်ရည်သွားတဲ့ နောက်ကို အမှီလိုက်ခဲ့ရပါတယ်။ ထိုလေဆိပ်ထဲတွင် မတင်ဝတ်ရည် အလုပ်လုပ်သဖြင့် မတင်ဝတ်ရည်ဟာ အထဲကို ဝင်ခွင့်ရလို့ လေယာဉ်ဂိတ်ပေါက်အထိ ဘုန်းကြီးကိုလိုက်ပို့ပေးပါတယ်။ ဘုန်းကြီးတစ်ပါးထဲမို့ ဘာသန္တရ မတတ်တဲ့အတွက် သွားလာရေး အဆင်

www.burmeseclassic.com

www.burmeseclassic.com



ပြေစေရန် စာရွက်လေးများနဲ့ လိုအပ်တာများကို မတင်ဝတ်ရည်က ရေးပေးထားကာ အတူသွားကြမယ့် အဖြူမများကို အကူအညီပေးကြဖို့ မေတ္တာရပ်ခံပေးလိုက်တာပါ။

လေယာဉ်ခရီးစဉ်အမှတ် (၃၁၅) လေယာဉ်ကြီးဟာ လူ (၁၆၀)ကျော် လိုက်ပါလာပြီး (၆)နာရီ (၅၅)မိနစ်အချိန်တွင် စတင်ကာ အမေရိက အရှေ့ပိုင်း ဗာဂျီးနီးယားပြည်နယ် ဒါးလဲ့(စ်) လေဆိပ်က ထွက်လာခဲ့ရာ အမေရိက အနောက်ပိုင်း ကာလီဖိုးနီးယားပြည်နယ်၊ မြောက်ပိုင်း ဆန်ဖရန်စစ္စကို အပြည်ပြည်ဆိုင်ရာလေဆိပ်ကြီးနဲ့ ပင်လယ်ကွေ့သာ ကွာခြားပြီး ပင်လယ်ကွေ့အရှေ့ဘက်ကမ်းခြေမှာရှိတဲ့ အပြည်ပြည်ဆိုင်ရာ ဉက္ကလံလေဆိပ်ကို နံနက် (၉)နာရီမှာ ရောက်သွားပါတယ်။

အမေရိက အရှေ့နဲ့အနောက်ဟာ တိုက်ရိုက်လေယာဉ်ပျံသန်းရင် (၅)နာရီကြာပါတယ်။ သို့ပေမယ့် နယူးယောက်နဲ့ ကာလီဖိုးနီးယားဟာ (၃)နာရီ အချိန် ကွာခြားမှုရှိပြီး ဟာဝိုင်ယီနဲ့ဆိုရင် (၆)နာရီအချိန် ကွာခြားနေတယ်။ သို့အတွက်ကြောင့် ဉက္ကလံရောက်တော့ နံနက် (၉)နာရီပဲ ရှိသေးတာပါ။

လမ်းခရီးတစ်လျှောက်မှာ ဘုန်းကြီးက အလိုရှိတာများကို စာရွက်ပြပြီး တောင်းခံတဲ့အခါ အတူ ခရီးသွားကြတဲ့ အမေရိကန် အမဲမတွေရော၊ အဖြူမတွေရောပါ အကူအညီပေးကြတဲ့အတွက် အဖော်မပါတဲ့ ခရီးစဉ်ဟာ ချောချောမောမောနဲ့ အဆုံးသတ်သွားခဲ့တာပါ။ ဘုန်းကြီးဘဝမှာ တစ်ပါးတည်းသွားတဲ့ တိုင်းတစ်ပါး ခရီးစဉ်မို့ သူ့စကားလည်း ကိုယ်မသိ၊



ကိုယ့် စကားလည်း သူမသိ စမ်းတဝါးဝါးနဲ့ ဖြစ်မှဖြစ်ပါ့ မလားဆိုတဲ့ စိုးရိမ်စိတ်နဲ့ လာခဲ့ရတာဖြစ်လို့ တစ်သက်တာ အမှတ်ရစရာ ခရီးစဉ်တစ်ခုပါ။ လေယာဉ်ပေါ်ကဆင်းပြီး ပစ္စည်းရွေးဖို့နေရာကို အမဲမတစ်ယောက်က ခေါ်လာရာ လာကြိုကြတဲ့ ပုဂ္ဂိုလ်တွေနဲ့တွေ့လိုက်ရမှဘဲ စိတ်သက်သာရာ ရသွားတာပါ။

**ကာလီဖိုးနီးယားဝယ် ရက်နှစ်ဆယ်**

**၂၀၀၇ ခုနှစ်၊ ဇွန်(၁၄)ရက်၊ ကြာသပတေးနေ့**

**ရွှေတံခါးသို့အဝင်**

ဂိုးဒင်းစတိတ် (ရွှေပြည်နယ်)တဲ့၊ အမေရိကန်ပြည်နယ်ရဲ့ ချစ်စနိုးနာမည်ပါ။ တစ်ချိန်က ကာလီဖိုးနီးယားမှာ ရွှေတွေ အကြီးအကျယ်ထွက်တော့ အမေရိကန် အရှေ့ခြမ်းကသူတွေနဲ့ သူဌေး အမြန်ဖြစ်ချင်တဲ့ ကမ္ဘာအရပ်ရပ်က သူတွေက သက်စွန့်ဆံဖျား ရွှေအိပ်မက်တွေကိုယ်စီနဲ့ ကာလီဖိုးနီးယားကို အပြေးလာခဲ့ကြပါသတဲ့။ ဒါ့ကြောင့် အမေရိကန်သမိုင်းကိုသင်လျှင် (Gold Rush) ဆိုတဲ့ ဝေါဟာရ တစ်ခုကိုတောင် တွေ့နိုင်ပါသတဲ့။ ရွှေအိပ်မက်တွေ အမှန်တကယ် ဖြစ်ခဲ့သူလည်းရှိ၊ မဖြစ်ကြသူတွေလည်းရှိ၊ ယခုတိုင်လည်း ကမ္ဘာအရပ်ရပ်က သူတွေမျှော်လင့်ချက်အိပ်မက် ကိုယ်စီနဲ့ ကာလီဖိုးနီးယားမှာ အခြေချနေထိုင်ဖို့ ဝင်လာမစဲတသဲသဲ ရှိနေဆဲပါတဲ့။ ဒါ့ကြောင့် အမေရိကန်နိုင်ငံကြီးမှာ ကာလီဖိုးနီးယားက လူဦးရေအများဆုံး ငွေကြေးအင်အားနဲ့လည်း အချမ်းသာဆုံးပြည်နယ် ဖြစ်ပါသတဲ့။ လက်ရှိပြည်နယ်ရဲ့ ဂါဗင်နာ (ဘုရင်ခံ)သည်ပင် ပြည်ပကနေ

www.burmeseclassic.com

www.burmeseclassic.com



အခြေချလာတဲ့ ကမ္ဘာကျော် ရုပ်ရှင်မင်းသား အာနိုးရှော်ဇနီဂါး ဖြစ်ပါသတဲ့။ ရွှေဒေသမှာ အခြေချနေတဲ့ မြန်မာပြည်ဖွား ရွှေညီနောင် မောင်နှမသားချင်းများလည်း အများအပြား ရှိပါသတဲ့။

## ရွှေနိုင်ငံရဲ့ ထုတ်ကုန်တွေ

ဘုန်းကြီးတို့ရဲ့ မြန်မာနိုင်ငံသားများကလည်း ကိုယ့်နိုင်ငံကို (Gold Land) ရွှေနိုင်ငံရယ်လို့ တင်စားခေါ်ဝေါ်ကြတယ် မဟုတ်လား။ နောက်ပြီးတော့လည်း ကိုယ့်ကိုယ်လည်းရွှေမြန်မာတဲ့ ဒီတော့ဘုန်းကြီးများလည်း ရွှေနိုင်ငံဖွား ရွှေနိုင်ငံသားပဲပေါ့။ ဆိုတော့ .... ရွှေနိုင်ငံကကြွလာတဲ့ ရွှေဘိုနယ်သား ရွှေမင်းဝံဆရာတော် အမေရိကရဲ့ အထင်ကရ ရွှေပြည်နယ်၊ ကာလီဖိုးနီးယားကို ရောက်လို့လာခဲ့ပြီပေါ့။ ဒါဟာဖြင့် ဘုန်းကြီးများရဲ့ ပထမဦးခရီးပါ။ ရွှေပြည်နယ်သားတွေအတွက် ရွှေနိုင်ငံထွက်တရားတော်တွေ မျှဝေနိုင်ကောင်းပါရဲ့ဆိုတာက ဘုန်းကြီးရဲ့ ရွှေအိပ်မက်ပေါ့လေ။ ရွှေပြည်နယ်သားတွေအတွက် ရွှေပြည်နိဗ္ဗာန်သွားတံခါးကို ဖွင့်ပေးထားချင်ပါတယ်။ ရွှေအိပ်မက်တွေ အမှန်တကယ်ဖြစ်လာမလားရယ် ဆိုတာကတော့ ယနေ့ခေတ်မှာ အလွန်ခေတ်စား မကြာခဏလည်း ကြားနေရတဲ့ စကားလို့ စောင့်ကြည့်ရပါဦးမယ်လို့ဘဲ ပြောရမှာပေါ့။ ရွှေစော်နံလို့ ပြန်ဦးမယ်ဆိုသူများတော့လည်း မရှိတန်ကောင်းပါဘူး။ ဒီနေ့ ဆန်ဖရန်စစ္စကို အနောက်ဘက်ကမ်း စံတော်ချိန် (၉)နာရီတိတိမှာ ဥက္ကလံလေဆိပ်ကိုရောက်ပါတယ်။ ဝါရှင်တန်ဒါးလပ်စ်လေဆိပ်ကနေ (၇)နာရီ (၅)မိနစ်မှာ လေယာဉ် စထွက်ခဲ့တာပါ။ အချိန်အနေနဲ့ (၂)နာရီသာ ကွာခြားပေမယ့် လေယာဉ်စီးရချိန်က (၅)နာရီကျော် ကြာခဲ့ပါတယ်။ အရှေ့ဘက်ကမ်းခြေ စံတော်ချိန်နဲ့ အနောက်ဘက်ကမ်းခြေ ပစိဖိတ် စံတော်ချိန်က (၃)နာရီတောင်ကွာခြားတာမို့ပါ။ အမေရိကန် နိုင်ငံကြီး ခုလောက်ကျယ်ပြန့်တာကိုမသိခဲ့ရိုးအမှန်ပါ။ လေယာဉ်ကွင်းကို ဆရာတော်ဦးဓမ္မပိယ၊ ဦးယောသိတ၊ ဦးဉာဏိကနဲ့ ဦးထွန်းမောင်၊ ဒေါ်အေးအေးလင်း(သား) မောင်မိုးကျော်တို့ လာကြိုကြပါတယ်။ လာရောက်ကြိုနေ သူတွေကိုတွေ့ရမှ ဘုန်းကြီးမှာ သက်ပြင်းကျကာ ဟင်းချနိုင်ခဲ့ ပါတော့တယ်။



## ဒီနည်းလေးဟာ အသုံးဝင်တယ်

ပြောရဦးမယ်။ အရှေ့ဘက်ကမ်းခြေကနေ အနောက်ဘက်ကမ်းကို တစ်ပါးတည်းသွားရမည်ဆိုတော့ ဘုန်းကြီးမှာ စိတ်ပူမိတာ အမှန်မှာ ငါ့မှာ အင်္ဂလိပ်စကားဆိုလည်း ရက်စ်၊ နိုးလောက်ကိုတောင်မှ ခွင်ကျအောင် သုံးတတ်သူ မဟုတ်ဘူး၊ အင်္ဂလိပ်စာလည်းမတတ် ဒီလိုဘုန်းကြီးက ဒီလိုပုံစံနဲ့ ဒီခရီးမျိုးကို သွားရဦးမယ်ဆိုတော့ ခက်ရချည်သေးဆိုပြီး စိတ်လေး နေမိပါတယ်။ ခုလို ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံကြီးမှာ လေယာဉ်ပျံကြီးစီး တစ်ပါးတည်း သွားရမယ်ဆိုတော့ မတော် ကိုယ်စီးသွားတဲ့ လေယာဉ်က တခြားကိုရောက်သွားလျှင် အဲ့ဒါမှ မဟာဒုက္ခ ဆိုပြီး တွေးပူမိပါတယ်။ ပြီးတော့ ဒီကလေဆိပ်ကြီးတွေ ကလည်း ကြီးမှကြီး ဘယ်ကား၊ ဘယ်ရထားစီးပြီး လေဆိပ်ကနေ အပြင်ရောက်အောင် ထွက်ရပါ့မလဲလို့လည်း ပူမိတယ်။ မတော်လို့ ကိုယ့်လာကြိုမယ့်သူတွေနဲ့ မတွေ့ရဘဲ ထွက်ပေါက်များ

www.burmeseclassic.com

www.burmeseclassic.com



လွဲခဲ့သော်ဆိုပြီးလည်း စိတ်ထဲမှာ မရဲတရဲ ဖြစ်နေမိသေးပါတယ်။ ဒီက ဒကာ၊ ဒကာမများကတော့ အားပေးကြပါတယ်။ ဘာမှပူမနေစေဘို့ တွေ့တဲ့သူကို အကူအညီတောင်းပါ။ ကူညီကြပါလိမ့်မယ်ဆိုတဲ့ အကြောင်းကို ပြောပါတယ်။ ခက်တာက ဘုန်းကြီးမှာ အဲဒီလို အကူအညီတောင်းဖို့လောက် စကားကိုပင် မတတ်တာပါ။ သူတို့ သင်ပေးလိုက်တဲ့ Please, help me ကူညီပါဆိုတာပြောပြီး ဘာမှရှေ့ဆက်ပြီး ပြောတတ်မှာ မဟုတ်ပါဘူး။ ဒီနေရာမှာဖြင့် မတင်ဝတ်ရည်ရဲ့ အကူအညီက ခရီးတာ သွားလှတာကို မှတ်တမ်း ပြုရပါတယ်။ မတင်ဝတ်ရည်က လေဆိပ်မှာ အလုပ်လုပ်သူမို့ လေယာဉ်အပေါက်ဝအထိ လိုက်ပို့ခွင့်ရပါတယ်။ လူမည်း ဒကာမတစ်ဦးကိုလည်း ဉက္ကလံလေဆိပ်ရောက်က လက်ဆွဲအိပ်ရွေးရမည့်နေရာကို ခေါ်သွားပေးဘို့ကိုလည်း အကူအညီတောင်းကာ မှာကြားလိုက်ပါသေးတယ်။ သူမက ဘုန်းကြီးများ ဉက္ကလံလေဆိပ်မှ လာကြိုသူများနဲ့တွေ့မှ နှုတ်ဆက်ကာ ထွက်သွားပါတယ်။ နောက်ပြီးလည်း မတင်ဝတ်ရည်က လေယာဉ်ပေါ်မှာ အကူအညီလိုတာ တောင်းခံ နိုင်ရန် အပေါ်မှာ အင်္ဂလိပ်ဘာသာ၊ အောက်က မြန်မာဘာသာနဲ့ စာရွက်လေးတွေကို ရေးထည့်ပေးလိုက်ပါတယ်။ လေယာဉ်ပေါ်မှာ လိုတဲ့အရာကို ဘေးမှာရှိတဲ့ အဖြူမတစ်ယောက်ကိုပြပြီး အကူအညီတောင်းတော့ သူက လိုလိုလားလားပဲ အကူအညီပေးပါတယ်။ ဒီစာရွက်လေးတွေကတော့ ဘုန်းကြီးဘဝအတွက် အမှတ်တရအဖြစ်ထားရမည့် စာရွက်လေးတွေပါ ပြည်ပ ခရီးသွားကြမည့် ဘုန်းကြီးလို အင်္ဂလိပ်စာ၊ စကားမတတ် သူများလည်း ဒီနည်းလေးဟာ အသုံးဝင်လှကြောင်းကိုလည်း ပြောပြချင်ပါတယ်။



ဘုန်းကြီးက အဖြူ၊ အမဲတွေဟာ သွေးကွဲသူ သူစိမ်းတွေမို့ စိမ်းပြီထင်ထားတာ။ မစိမ်းကားလှကြောင်း ကောင်းကောင်းနားလည်သဘောပေါက်မိပါတယ်။

## ကျော်မယ်ဆိုက ကျော်လောက်စရာ

နေ့ဆွမ်းကို ဦးထွန်းမောင်၊ ဒေါ်အေးအေးလင်း (သား) မောင်မိုးကျော်တို့ အိမ်မှာပဲ ဘုန်းကြီးနဲ့ ဆရာတော် ဦးတေဇဝန္တ၊ ဦးဓမ္မပိယ၊ ဦးယောသိတ၊ ဦးဉာဏိကတို့ ငါးပါးကို နေ့ဆွမ်းဆက်ကပ်ပါတယ်။ ဆွမ်းစားပြီး ဆန်ဖရန်စစ္စကိုမှာရှိတဲ့ (Golden Gate) ဂိုးလ်ဒင်းဂိတ် (ရွှေတံခါး) ကမ္ဘာကျော်တံတားကြီး၊ တောင်ညီနောင်ထိပ်ဖျားနဲ့ မြို့ရဲ့အထင်ကရ အကွေ့အကောက်လမ်း (Crockedest Street) တို့ကို မောင်မိုးကျော်က လိုက်လံပြသပါတယ်။ မှတ်တမ်းဓါတ်ပုံများလည်း ရိုက်ကြပါတယ်။ မောင်မိုးကျော်ဟာ ဘုန်းကြီးရဲ့ ငယ်တပည့်လေးပါ။ (၆)တန်း (၇)တန်း ကျောင်းသားအရွယ် ငယ်စဉ်မှစလို့ တက္ကသိုလ်ကျောင်းသား နောက်ဆုံးနှစ်ဖြေပြီး ပြည်ပသို့ မထွက်မီအချိန်ထိ ဘုန်းကြီးရဲ့ အနီးကပ် ဝေယျာဝစ္စများ ဆောင်ရွက်ပေးခဲ့တဲ့ ဘာသာတရားနှင့် မိဘ၊ ဆရာသမားတို့ကို အထူး ရိုသေလေးစားလိုက်နာတဲ့ တပည့်လေး ဖြစ်တယ်၊ အခုလို ပြည်ပနိုင်ငံမှာ ပြည့်ပြည့်စုံစုံ ချမ်းချမ်းသာသာ နေထိုင်နိုင်တာကို တွေ့ရလို့ အထူးပီတိဖြစ်ရပါတယ်။ ဂိုးလ်ဒင်းဂိတ်ကတော့ ဆန်ဖရန်စစ္စကိုဒေသရဲ့ အထင်ကရနေရာ တစ်ခုပေါ့။ ပစိဖိတ်သမုဒ္ဒရာတစ်ခုပေါ်ကနေ ကွေ့ဝင် စီးမျှောလာတဲ့ ပြာလဲ့လဲ့ရေပြင်တစ်ခုပေါ်ကနေ ဧရာနန္တ သံမဏိ ကြိုးလုံးများနဲ့

www.burmeseclassic.com

www.burmeseclassic.com



ကမ်းနှစ်ဘက်ကို ပေါင်းကူးထားတဲ့ ဒီတံတားကြီးဟာ နတ်တို့ ဖန်ဆင်းထားသည့်အလား ခမ်းနားကြီးကျယ်လှပါပေတယ်။ တံတားအောက်ကနေ လှိုဂုက် ထွက်လာတဲ့ ရေပြင်ကြီးကလည်း ကုန်းတွင်းပိုင်းမှာ ရေကန်ကြီး ပမာ ဖြာထွက်လို့သွားပါတယ်။ ဒီရေကန်ပမာ ပင်လယ်ပြာ ကြီးကိုတော့ ဆန်ဖရန်စစ္စကိုပေး– ဆန်ဖရန်စ္စကိုကွေ့လို့ ခေါ်ကြလေရဲ့ တံတားပေါ်ကနေ မျှော်ကြည့် လိုက်လျှင် အနောက်ဘက်မှာက မျက်စိတစ်ဆုံး မိုးကုတ်စက်ဝိုင်း ကြီးကို ထိစပ်နေတဲ့ လိုင်းလုံးတွေဖြူလွှလွှနဲ့ ပစိဖိတ်သမုဒ္ဒရာ ကြီးရဲ့အလှ၊ တစ်ဘက် အရှေ့ဆီမှာတော့ ဆန်ဖရန်စစ္စကို ပင်လယ်ကွေ့အတွင်း ရွက်လွှင့်နေကြတဲ့ လှေငယ်လေးတွေ၊ တစ်ချိန်က အကျဉ်းသားတွေကို ချုပ်နှောင်ခဲ့ပြီး အခုတော့ ကမ္ဘာလှည့်ခရီးသွားတွေကို ညှို့ငင်ဖမ်းစားတဲ့ (Alcatraz) အဲခတရက်ကျွန်းတို့ကို မြင်ရပါတယ်။ ကျွန်းအပေါ် မျှော်ကြည့် မယ်ဆိုလျှင်တော့ ဆန်ဖရန်စစ္စကို ပင်လယ်ကွေ့ အရှေ့ဘက် ကမ်းက မှိုင်းညို့ညို့ တောင်ကုန်းများနဲ့ ဥက္ကလံမြို့ ပင်လယ် ဆိပ်ကမ်းရဲ့ အလှဗေး ဘရိတ်ဂျ်နှစ်ထပ် တံတားကြီးတို့ရဲ့ ရှုမငြီးဖွယ် မြင်ကွင်းကျယ် ပသာဒအလှတို့ကိုလည်း ဆန်ဖရန် စစ္စကို မြို့ဘေးမှာ ရံလျက် တသလွမ်းမောဖွယ်ရာ တွေ့ရမှာပါ။

ဆန်ဖရန်စစ္စကိုပင်လယ်ကွေ့ရဲ့ ကမ်းစပ်ပေါ်မှာ ဆန်ဖရန်စစ္စကိုမြို့၊ ဥက္ကလံမြို့စတဲ့ မြို့ပေါင်းများစွာကို ဝိုင်းပတ် ကာ တည်ထားပါတယ်။ ရပ်ဝန်းတစ်ခုလုံးကို ဗေးဧရိယာလို့ ခေါ်ကြပါတယ်။ ကမ္ဘာလှည့် ခရီးသွားတွေကို ဆွဲဆောင်နိုင်တဲ့ ဆန်ဖရန်စစ္စကိုမြို့လို အဆင့်မြင့်နည်းပညာတွေရဲ့ ဗဟိုချက်မ ဖြစ်တဲ့ စီလီကွန်ဗယ်လီလို အထက်တန်းလွှာတွေ နှစ်သက်



သဘောကျတဲ့ နာပါဒေသရဲ့ ဝိုင်းကန်းတရီးလို ကမ္ဘာကျော် တက္ကသိုလ် ကြီးများဖြစ်တဲ့ စတန်းဖို့ဒ်တို့လို ယူစီဗာကလေတို့လို၊ ခုလို ခုလို စီးပွားရေး၊ ပညာရေး အချက်အချာ အထင်ကရတွေ အပြင် ရာသီဥတုကလည်း မျှတကောင်းမွန်၊ ပထဝီအနေအထား ကလည်း သာယာလှပသမို့၊ ကမ္ဘာအရပ်ရပ်က အခြေချ နေထိုင် သူတွေနဲ့ စည်ကားလှတဲ့ ဒေသတစ်ခုဖြစ်ပါသတဲ့၊ ရတ်တရက် တစ်ခဏမြင်ရတဲ့ အနေအရကိုပဲ ဩဘ် ကျော်မယ် ဆိုက ကျော်လောက်စရာပေပေါ့လို့ မှတ်ချက်ချမိပါတယ်။

ဆရာတော် ဦးသီလာနန္ဒာဘိဝံသ သီတင်းသုံးသွားခဲ့တဲ့ ဟာ့မွန်ဗေးမြို့၊ ဓမ္မနန္ဒဝိဟာရကျောင်းကိုလည်း ရောက်ခဲ့ ပါတယ်။ ဒေလီစီတီးမြို့က ဆရာတော် ဦးတေဇဝန္တ သီတင်း သုံးတဲ့ ရတနာဉာဏ်ရောင်ကျောင်းကိုလည်း ရောက်ပါတယ်။ ဒေလီစီးတီးမြို့က ဆာရာမွန်းတီး၊ ဂျက်ဖာဆိုင် အထက်တန်း ကျောင်းမှာ ခုလ (၂၃)ရက်နေ့ ညနေမှာ တရားချီးမြှင့်ရန် ပင့်ဖိတ် ထားပါတယ်။

ညနေပိုင်းမှာတော့ အမေရိကန်နိုင်ငံ အနောက်ဘက် ကမ်းခြေမှာ ဘုန်းကြီး ခေတ္တတည်းခို သီတင်းသုံးကာ တရား ဟော၊ တရားပြမည့် ဖရီးမောင့်မြို့၊ မေတ္တာနန္ဒဝိဟာရ ဓမ္မရိပ်သာကို ရောက်ရှိပါတယ်။ မေတ္တာနန္ဒမှာ ဇွန်လ (၃၀)ရက် နေ့ကနေ ဇူလိုင်လ (၄)ရက်အထိ နွေရာသီအထူး (၅)ရက် တရား စခန်းကို ဖွင့်လှစ်ပြသမှာပါ။

(၁၅)ရက်နေ့မှာ ဘုန်းကြီးရယ်၊ ဦးဉာဏိကရယ်၊ကပ္ပိယ မောင်မိုးကျော်တို့ လော့စ်အင်ဂျလိစ်မြို့ကို ကားနဲ့သွားကြမှာပါ။

www.burmeseclassic.com

www.burmeseclassic.com



L.A က ဓမ္မသုခကျောင်းမှာ ဇွန်လ (၂၂)ရက်နေ့အထိ ဘုန်းကြီးတို့ သီတင်းသုံးပါမယ်။

အသေးစိတ်အစီအစဉ်များကိုတော့ နောက်မှ ပြန်လည်ရေးပါဦးမယ်။

၂၀၀၇ ခုနှစ်၊ ဇွန်(၁၅)ရက်၊ သောကြာနေ့

ဖဝီးမောင့်မှသည် လော့စ်အင်ဂျလိစ်သို့

ရိပ်သာမှ သံဃာတော်များ၊ ဝိုင်းဝန်းစောင့်ရှောက်၊ ထောက်ပံ့ လှူဒါန်းကြသော ဒါယကာ၊ ဒါယိကာမများ သိစေရန်

ခုမနက်ပဲ ဒေါ်နွဲ့ရဲ့ (မောင်) ဦးသိန်းအောင်နဲ့လည်း ဖုန်းစကားပြောပြီးပြီ၊ ရဟန်းဒကာ ဦးကြည်မျိုး၊ ရဟန်းအမ ဒေါ်ကြည်ကြည်လွင် မိသားစုများလည်း ဘုန်းကြီးရှိရာကို လာရောက် တွေ့ကြပါတယ်။ ဦးကြည်မျိုး ကိုယ်တိုင်လည်း တရားစခန်းဝင်ရန် စာရင်းပေးသွင်းထားပါတယ်။ ဒေါ်ဒေစီတန်နဲ့လည်း ဖုန်းနဲ့စကားပြောပြီးပြီ။ ဒေါ်စိန်ရှင်ရဲ့(သမီး) ဦးအေးကြူ၊ဒေါ်မြမြဝင်းတို့နဲ့လည်း ဖုန်းနဲ့စကား ပြောပြီးပါပြီ။ လော့စ်အင်ဂျလိစ် ပတ်ဝန်းကျင်က ရောက်သင့်တဲ့နေရာများကို သူတို့လိုက်ပို့ကြပါမယ်။ ဆွမ်းကပ်ရန်လည်း လျှောက်ထားကြပါတယ်။ မမိုးဆိုတဲ့ ဘုန်းကြီးတို့ ယောဂီဟောင်းတစ်ယောက်နဲ့ ဆက်သွယ်မိလို့ သူကလည်း ဆွမ်းတစ်ရက် ယူထားပါတယ်။ ဒေါ်ဆွိတီ (ခ) ဒေါ်ခင်အေးမြင့်နဲ့လည်း ဖုန်းအဆက်အသွယ်ရပါတယ်။ သူတို့လည်း ဘုန်းကြီးနဲ့ လာရောက်တွေ့ပါလိမ့်မယ်။



ဝါရှင်တန်ဒီစီ၊ မေရီလင်းပြည်နယ်၊ ဆစ်(လ်)ဗာစပရင်းမြို့ မင်္ဂလာရာမဝိဟာရ တရားစခန်းအပြီး

www.burmeseclassic.com



မေရီလင်းပြည်နယ်၊ မင်္ဂလာရာမဝိဟာရ တရားစခန်းဝင် ယောဂီများ



မေရီလင်းပြည်နယ်၊ ဘော်(လ်)တီမိုးမြို့ မင်္ဂလာရာမဝိဟာရ၌ ရဟန်းခံပွဲ

www.burmeseclassic.com




မေရီလင်းပြည်နယ်၊ မင်္ဂလာရာမဝိဟာရ တရားစခန်းဝင် ယောဂီများ




မေရီလင်းပြည်နယ်၊ ဘော်(လ်)တီမိုးမြို့ မင်္ဂလာရာမဝိဟာရ၌ ရဟန်းခံပွဲ

www.burmeseclassic.com

www.burmeseclassic.com




မေရီလင်းပြည်နယ်၊ ဘော်(လ်)တီမိုးမြို့ မင်္ဂလာရာမ ဝိဟာရကျောင်းဆရာတော်နှင့်အတူ
ရှင်ပြုရဟန်းခံပြီး



မင်္ဂလာရာမဝိဟာရဆရာတော်နှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com




ဗာဂျီးနီးယားပြည်နယ်၊ လူရေးသဘာဝလိုဏ်ဂူကြီးအတွင်း အမှတ်တရ





ဝါရှင်တန်ဒီစီ လွတ်လပ်ရေးကျောက်တိုင်နှင့် အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com





ဝါရှင်တန်ဒီစီ သမ္မတအိမ်ဖြူတော်နှင့် အမှတ်တရ





ဝါရှင်တန်ဒီစီ လွှတ်တော်ခန်းမနှင့် အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com




ဝါရှင်တန်ဒီစီ သမ္မတ အေဗရာဟင်လင်ကွန်းရုပ်တုနှင့်
အမှတ်တရ



ဝါရှင်တန်ဒီစီ သမ္မတ သောမတ်(စ်)ဂျက်ဖာဆင်ရုပ်တုနှင့်
အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com



ဝါရှင်တန်ဒီစီ၊ ဒေါက်တာ ချစ်ခင်ဝေ၏ သွားဆေးခန်း၌ ကုသမှု ခံယူနေစဉ်



အရှင်ကေလာသဝိဟာရ ဆရာတော်နှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com





မေရီလင်းပြည်နယ်၊ ဘော်(လ်)တီမိုးမြို့ အရှင်ကေလာသဝိဟာရကျောင်း ဆရာတော် ဦးကစ္စာယန၊
မဇ္ဈိမဂုဏ်ရည်ဆရာတော်နှင့် ဒေါက်တာမျိုးမင်း(ဇနီး)မပွင့်သီဂီ၊ သားငယ်တို့နှင့် အမှတ်တရ



မေရီလင်းပြည်နယ်၊ အောင်ရတနာကျောင်း တရားပွဲ

www.burmeseclassic.com

www.burmeseclassic.com



မေရီလင်းပြည်နယ်၊ အောင်ရတနာကျောင်း တရားနာပရိသတ်



ဘုန်းကြီးခု လော့စ်အင်ဂျလိစ်မြို့ကို ရောက်နေပါတယ်။ ဒီမြို့ကို ဇွန်လ (၁၅)ရက်နေ့ကတည်းက ရောက်ရှိပါတယ်။ ဘုန်းကြီးများ (၅)ရက် တရားပြသမည့် ဆန်ဖရန့်စစ္စကိုအနီး ဖရီးမောင့်မြို့ကနေ ကားနဲ့ လော့စ်အင်ဂျလိစ်မြို့ကို လာခဲ့ပါတယ်။ ဘုန်းကြီးရယ်၊ ပဌာသမဏအဖြစ် လိုက်ပါပို့ဆောင်တဲ့ ဦးဉာဏိကရယ်၊ ကပ္ပိယ မောင်မိုးကျော်ရယ်၊ ကားမောင်းပို့ပေးတဲ့ ဖရီးမောင့်မြို့က ဒါယကာမလေး မစုကြည်ငြိမ်းရယ်ပေါ့။ ဘုန်းကြီးတို့ ညနေ (၃)နာရီမှာ ဖရီးမောင့်မြို့ကနေ ထွက်ခဲ့ပါတယ်။ ဖရီးမောင့်ကနေ လော့စ်အင်ဂျလိစ်အထိ မိုင်(၄၀၀)လောက် ဝေးပါတယ်။ သူတို့အပြောအရ ဒီခရီးအတွက် ပုံမှန်ကားမောင်းချိန်က (၆)နာရီ (၇)နာရီခန့် ရှိတယ်လို့ဆိုပါတယ်။ သို့ပေမယ့် ဘုန်းကြီးတို့ကျောင်းက စထွက်ချင်းပဲ အသွားလေးလမ်း၊ အပြန်လေးလမ်းရှိတဲ့ ဖရီးဝေးလမ်းမကြီးများ ပေါ်မှာ (၃)နာရီလောက် သူတို့ပြောတဲ့ တရက်ဖ်ဂျမ်း (ကားတွေကြပ်နေတာ)နဲ့ ကြုံလို့ နာရီဝက်လောက်မောင်း ရမည့်ခရီးက (၂)နာရီလောက် မောင်းရတာမို့ အချိန်အတော်ကြာသွားပါတယ်။

လမ်းခရီးမှာတော့ အုံ့မခန်းဖွယ် စိမ်းလမ်းစိုပြည်လှတဲ့ စိုက်ခင်းကြီးများကို တမျှော်တခေါ် တွေ့ရပါတယ်။ နွေခေါင်ခေါင်မှာ စိမ်းလန်းစိုပြေနေတဲ့ စိုက်ခင်းတွေကို မြင်ရတော့ ဒီရေတွေ ဘယ်ကရသလဲဆိုတော့ ရေမြောင်းများနဲ့ သွယ်တန်းထားတယ်လို့ ဆိုပါတယ်။ ဘုန်းကြီးတို့ဆီမှာလို ရေကို လယ်ထဲသွင်းပြီး စိုက်ပျိုးကြတာမဟုတ်ပဲ လိုသလောက် ပိုက်များနဲ့ ဖျန်းပက် စိုက်ပျိုးနေကြတာကို မြင်ရပါတယ်။ ရေပိုက်တွေကနေ ကွင်းပြင်တစ်ခုလုံး ဖွေးဖွေးလှုပ်လှုပ် ဖျန်းပက်ထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



ရေများကို တွေ့ရတော့၊ မမြင်ဘူးတဲ့ မြင်ကွင်းကို မြင်ရတော့ အထူးအဆန်းဖြစ်မိပါတယ်။ မျက်စိတဆုံးမြင်ရတဲ့ ရေပန်းရေမွှားတွေဟာဖြင့် ငွေရောင်လည်တံရှည် ဘဲငန်းဖြူတွေ ကွင်းပြင်တစ်ခုမှာ ကြည့်စယ်ဆော့ကစား လှုပ်ရှားနေကြဟန်ပါပဲ။ ဖရီးဝေး (၁၀၁)တစ်လျှောက် ကားမောင်း ပို့ကြတာမို့ တစ်ဖက်စီမှာ စိမ်းလမ်းစိုပြေနေတဲ့ တောင်တန်းများကို တွေ့လိုက်၊ တောင်တန်းတွေကြားမှာ ပစိဖိတ်သမုဒ္ဒရာ ကြီးကို မြင်လိုက်နဲ့ ပစိဖိတ် သမုဒ္ဒရာကြီးက တောင်စဉ်တောင်တန်း ကြားမှာ စိမ်ပြေးတန်း ကစားနေသရောင်ထင်ရ၊ ပစိဖိတ်နဲ့ တောင်တန်းအလှက လွမ်းမောဖွယ်မြင်ကွင်းပ၊ လမ်းတစ်လျှောက်မြင်ရတဲ့ ရှုခင်းများက သာသာယာယာရှိပါတယ်။ တမျှော်တခေါ်မြင်ရတဲ့ စပျစ်စိုက်ခင်းကြီးများကလည်း တကယ့်ကိုမှ မျှော်ကြည့်မဆုံးနိုင်အောင်ပါပဲ။

ဘာများမှားနေပါလိမ့်

စိုက်ခင်းပြင်ကြားမှာ တစ်ခါတစ်ခါတွေ့ရတဲ့ တိုက်စုစုလေးတွေကို တွေ့ရတော့ သူတို့ဆီက လယ်သမားတွေရဲ့ အိမ်ကလည်း အစစပြည့်ပြည့်စုံစုံပါပဲလားလို့ နားလည်မိပါတယ်။ လယ်ကွင်းထဲမှာ ထွန်တွေ၊ နွားတွေအစား ကားတွေ၊ လေယာဉ်အငယ်စားတွေကိုတွေ့ရတော့ သူတို့ လယ်သမားတွေရဲ့ အိမ်တွေထဲမှာ ဘယ်လိုများ နေကြပါလဲဆိုတာ ကြည့်ချင်မိလို့ ပြောမိပါသေးတယ်။ လိုက်ပို့သူများက ဒီလယ်သမားတွေက ပိုလို့တောင် ချမ်းသာကြတယ်လို့ဆိုတော့ အံ့သြမိရပါသေးတယ်။ တချို့ဒေသတွေမှာ စပါးစိုက်ရင်း ဆန်ရှား မြေပဲစိုက်ရင်း ဆီစား



စရာမရှိ ဖြစ်တတ်ကြတဲ့ တောင်သူလယ်သမားတွေရဲ့ဘဝဘာများ မှားနေလို့ပါလိမ့်လို့ စဉ်းစားမရအောင် ဖြစ်မိပါသေးတယ်။

စိန့်လူးဝစ်ဆိုတဲ့မြို့ကလေးကိုရောက်တော့ နေရောင်ကအတော်ကျနေပါပြီ။ ဒီမြို့လေးက ပညာရေးနဲ့ထင်ရှားတဲ့မြို့လေးလို့ ဆိုပါတယ်။ အင်ဂျင်နီယာမှာနာမည်ကြီးတဲ့ ကာပေါ်လီဆိုတဲ့တက္ကသိုလ်ရှိတဲ့ မြို့လေးပါ။ ဘုန်း ကြီး တို့ကို ကားမောင်းပို့ပေးတဲ့ မစုကြည်ငြိမ်းရဲ့ ဝမ်းကွဲညီမတစ်ယောက်က ဒီတက္ကသိုလ်မှာတက်နေတယ်။ ကျောင်းပိတ်ချိန်မှာ သူလည်း သူ့အစ်မနဲ့အတူ လော့စ်အင်ဂျလိစ်မြို့ကို လိုက်လည်မယ်လို့ ဆိုပါတယ်။ သူ့ကို ဝင်ခေါ်ရင်း ဘုန်းကြီးတို့လည်း သူခဏငှားနေတဲ့တိုက်ခန်းမှာ ကိုယ်လက်သန့်စင်၊ ခေတ္တအနားယူကြပါတယ်။ စိန့်လူးဝစ်မြို့လေးက ပစိဖိတ်ကမ်းခြေမြို့လေးမို့ မြို့ကစထွက်ကတည်းကိုက သူ့တို့အခေါ် (ဖော့ဂီ) မြူတွေဆိုင်းနေတာမို့ ပတ်ဝန်းကျင်တခိုမှောင်မည်း နေပါတယ်။ တကယ်ဆိုတော့ ဒီနွေရာသီဆိုတာ အမေရိကန်မှာ (၈)နာရီခွဲလောက်မှ နေဝင်တာမို့ (၆)နာရီ ကျော်ကျော်လေးပဲ ရှိသေးတဲ့ ခုချိန်မှာ နေရောင် ကောင်းကောင်းတောက်နေတဲ့အချိန်ပါပဲ။

စိန့်လူးဝစ်မြို့က ထွက်လာကတည်းက ကားကို မစုကြည်ငြိမ်းရဲ့ညီမ မသီရိမောင်းပါတယ်။ လမ်းမှာ တစ်ဖက်က ပစိဖိတ်သမုဒ္ဒရာကြီး၊ တစ်ဖက်မှာတော့ တောင်တန်းကြီးကို နောက်ခံတည်ဆောက်ထားတဲ့ တိုက်တာ အဆောက်အဦးများနဲ့ မြို့များကိုဖြတ်ရင်း ဘုန်းကြီးများတည်းခိုမည့် လော့စ်အင်ဂျလိစ်ဧရိယာမှာရှိတဲ့ နော်ဝေါ့ခ်မြို့က ဓမ္မသုခကျောင်းကို ရောက်ရှိ

www.burmeseclassic.com



ပါတယ်။ ကျောင်းရောက်ခါနီးမှာမှ လမ်းပျောက်နေလို့ အချိန်နည်းနည်းလင့်သွားခဲ့ရပါတယ်။ ကားမှာ နဗီဂေဟာလို့ သူတို့ခေါ်တဲ့ လမ်းညွှန်မြေပုံကိရိယာလေး တပ်ထားလို့သာ တော်တော့ပါ့။ မစုကြည်ငြိမ်းနဲ့ မသီရိတို့လည်း ဘုန်းကြီးတို့ကို ကျောင်းမှာပို့ဆောင်ပြီး မစုကြည်ရဲ့အိမ်ရှိတဲ့ သူတို့တည်းခိုမည့်နေရာကို ထွက်ခွာသွားကြပါတယ်။ ညနေ(၃)နာရီခန့်က ထွက်ခဲ့တဲ့ခရီးကို ကားမောင်းချိန် (၆)နာရီလောက် ခန့်မှန်းထားတာကြောင့် ည(၉)နာရီလောက်မှာ ရောက်နိုင်မယ်ထင်ခဲ့ပေမယ့် နောက်ကျပြီး (၁၁)နာရီမှ ရောက်နိုင်ခဲ့ပါတယ်။ မိုင်လေးရာဆိုတဲ့ ခရီးကို လမ်းမှာအေးအေးဆေးနားပြီး (၈)နာရီလောက်နဲ့ ရောက်လာနိုင်ခဲ့တာကလည်း စဉ်းစားကြည့်လျှင် သွားလာရတာ ပိုမိုမြန်ဆန်လွယ်ကူတာပေါ့။

၂၀၀၇ ခုနှစ်၊ ဇွန်(၁၆)ရက်၊ စနေနေ့

အမေရိကရဲ့ နိုဗွာန်ဘုံဆီ

ဒီနေ့ နေ့ဆွမ်းကို ဦးအေးကြူ၊ ဒေါ်မြမြဝင်းတို့အိမ်မှာ ဘုဉ်းပေးကြပါတယ်။ ဦးအေးကြူ၊ ဒေါ်မြမြဝင်း ဆိုတာ ဘုန်းကြီးတို့ ရွှေမင်းဝံသာသနာ့ရိပ်သာ စတည်ထောင်စဉ်ကတည်းက ယခုအချိန်ထိအောင် ရိပ်သာအတွက် အထူးကျေးဇူးများသူ၊ ပုညသီအမျိုးသမီး ဝေယျာဝစ္စအဖွဲ့ အမှုဆောင်၊ ရိပ်သာရုံးတာဝန်ခံဖြစ်တဲ့ ဒေါ်စိန်ရှင်ရဲ့ သမီးပါ။ ဒေါ်မြမြဝင်းမှ အမကြီး ဒေါ်ခင်စန်းဝင်းကမွေးတဲ့ တူမလေး မရွှေစင်ရယ် မောင်လေး ကိုမြင့်ဝင်းကမွေးတဲ့ တူလေး မောင်မျိုးတို့ကို အမေရိကခေါ်ပြီး ကြည့်ရှုစောင့်ရှောက်ထားတဲ့အတွက် အခု



ဆိုရင် မရွှေစင်ဟာ အမေရိကမှာ အိမ်ပိုင်၊ ဆိုင်ပိုင်ဖြစ်ပြီး သိပ်ကို အဆင်ပြေနေပါပြီ။ မောင်မျိုးလည်း အမကြီးဆိုင်မှာဘဲ ကူညီပေးနေတဲ့အတွက် အားလုံး အဆင်ပြေနေပါတယ်။ ဒကာမကြီး ဒေါ်စိန်ရှင်နဲ့သား၊ သမီး၊ မြေးများ အားလုံးဟာ ရွှေမင်းဝံသာသနာ့ရိပ်သာရဲ့ အမာခံ ယောဂီအင်အားစုများ ဖြစ်တယ်။ နောက်ပြီး တရားအားထုတ်ထားကြတဲ့ ယောဂီဟောင်းများလည်း ဖြစ်တဲ့အတွက် ဘုန်းကြီးကို အထူးပြုစုစောင့်ရှောက်ကြပါတယ်။ ဘုန်းကြီးရယ်၊ ဓမ္မသုခဝိဟာရ ဆရာတော် ဦးသဇ္ဈနနဲ့ ဦးရေဝတ(နောဝေ့ခ်) ဆရာတော်နှစ်ပါး၊ ဦးဉာဏိက စုစုပေါင်းလေးပါးနဲ့ ဘုန်းကြီးများနဲ့အတူပါလာတဲ့ မောင်မိုးကျော်၊ ဒေါက်တာ ဦးလှမြင့်အောင်တို့ပါ ပါဝင်ပါတယ်။ ဦးအေးကြူတို့အိမ်မှာ ဒေါ်ဒေစီတန်နဲ့သမီး မေသန္တာကြည် မိသားစုကိုလည်း တွေ့ရပါတယ်။ နေ့ဆွမ်း ဘုဉ်းပေး အပြီးမှာတော့ နီဗားဒါးပြည်နယ်ထဲက လပ်စ်ဗေးဂပ်စ် ဆိုတဲ့ မြို့အနီးက ကမ္ဘာကျော် ဟူးဗားဒမ်လို့ခေါ်တဲ့ ဆည်ကြီးဆီကို သွားရောက်လေ့လာခွင့်ရခဲ့ပါတယ်။ ဒီဆည်ကြီးကို လွန်ခဲ့တဲ့နှစ်ပေါင်း (၆၀)ခန့်က အမေရိကန်နိုင်ငံ စီးပွားရေး ပျက်ကိန်းဆိုက်ချိန်မှာ တည်ဆောက်ခဲ့တာမို့ အဲဒီအချိန်ကတော့ ကျေနပ်သူ၊ မကျေနပ်သူတွေနဲ့ ငြင်းခုံခဲ့ကြရတယ်လို့ ဆိုပါတယ်။ ဆည်ကြီးက အင်မတန်မှပဲ ကြီးကျယ်ခမ်းနားပါတယ်။ ဒီဆည်ကြီးကနေ မြို့ပေါင်းများစွာကို မီးပေး၊ လယ်ယာမြေပေါင်းများစွာကို ရေပေးနေတယ်လို့ ဆိုပါတယ်။ ဘုန်းကြီးတို့ဆီမှာလည်း ခုလိုဆည်ကြီးတွေ များများတည်ဆောက်နိုင်ကြပြီး ကိုယ့် လူမျိုးတွေ ရေမီးတွေ ပြည့်စုံစေချင်စိတ် ဖြစ်မိပါတယ်။ ဆည်ကြီးက

www.burmeseclassic.com

www.burmeseclassic.com



အပြန်မှာတော့ လပ်စ်ဗေးဂပ်စ်မြို့မှာရှိတဲ့ မြန်မာဘုန်းတော်ကြီးကျောင်းကို သွားရောက်ခဲ့ပါတယ်။ ကျောင်းမှာ ဆရာတော်ဦးဇေယျသုတနဲ့ ဦးဇင်းလေး ဦးဇောတိကတို့နဲ့တွေ့ခဲ့ရပါတယ်. ဒီမြို့မှာတော့ မြန်မာပရိသတ် မများတာကြောင့် ထိုင်းဒါယကာ၊ ဒါယကာမများကပဲ အများဆုံးထောက်ပံ့ကြတယ်လို့ ဆိုပါတယ်။ ခုလောလောဆယ် အိမ်တစ်အိမ်ကို ခေတ္တ ငှားရမ်းသီတင်းသုံးနေကြပါတယ်။ ဆောက်လုပ်ဆဲကျောင်း၊ နေရာသစ်ကိုလည်း ဦးဇောတိကက လိုက်ပြပါတယ်။ အခြေခံလိုအပ်တဲ့ ရေမီးစတာတွေတော့ ပြီးနေပြီလို့ ဆရာတော်က မိန့်ပါတယ်။ သိမ်၊ ဆရာတော်များအဆောင်နဲ့ ယောဂီဆောင်၊ ဓမ္မာရုံ စုစုပေါင်း (၄)ဆောင်ကို တပြိုင်တည်း ဆောက်လုပ်မယ်လို့ မိန့်ပါတယ်။ ကုန်ကျငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ (၄)သန်းလောက် ကုန်ကျမယ်လို့ ဆိုပါတယ်။ (၇)လအတွင်း ပြီးစီးမယ်လို့လည်း တဆက်တည်း မိန့်တော်မူပါတယ်။ ခုပဲ မြေကြီးအဆင့်မှာ ရှိနေသေးတဲ့ အနေကနေ (၇)လအတွင်း အပြီးဆောက်မယ်ဆိုတော့ အံ့ဩမိပါတယ်။ သို့ပေမယ့် ဒီနိုင်ငံမှာ ပါမစ်ရအောင် လျှောက်ရတာတွေအခြေခံဖောင်ဒေးရှင်းအတွက် လုပ်ရတာတွေက ကြာပေမယ့် အဆောက်အဦးသက်သက်ကတော့ ဘာမှမကြာဘူးဆိုတာ သိရတော့ သူတို့ဆီက နည်းပညာများရဲ့ အစွမ်းကြောင့် သူတို့ပြောတာ ဖြစ်နိုင်လိမ့်မယ်လို့ ယုံကြည်မိပါတယ်။

ဒီနောက်မှာတော့ ဘုန်းကြီးတို့အဖွဲ့ မီးရောင်စုံ အံ့မခန်းထွန်းညှိထားတဲ့ ထင်ရှားတဲ့နေရာ တစ်နေရာကို သွားရောက်ခဲ့ကြပါတယ်။ အဲဒီမှာ အမှတ်တရအဖြစ် ဓါတ်ပုံရိုက်ကြ၊ ဗွီဒီယို



ရိုက်ကြပါတယ်။ နောက်ပြီး မြို့တစ်မြို့လုံးကို အပေါ်ကနေ မိုးကြည့်နိုင်တဲ့ အထပ် (၁၀၀)ကျော်မြင့်တဲ့ မျှော်စင်တစ်ခုပေါ်ကနေ ကြည့်ရှုခဲ့ကြပါတယ်။ လပ်စ်ဗေးဂပ်စ်ဆိုတာ သူတို့ပြောသလို အမေရိကရဲ့ နိဗ္ဗာန်ဘုံ ဟုတ်မယ်၊ မဟုတ်ဘူးဆိုတာတော့ မသေချာပါဘူး။ သို့ပေမယ့် အသက်ဝင်နေတဲ့ ရောင်စုံမီးပင်လယ်ကြီး ကန္တာရကြားမှာ စီးမျှော လှုပ်ရှားနေတာကတော့ ကမ္ဘာ့ဘယ်ဒေသမှာမှ မရှိနိုင်လောက်တာကတော့ သေချာလောက်ပါတယ်။ မျှော်စင်ရဲ့ ထိပ်ဖျားမှာမှ စီးစရာ အမျိုးမျိုးကို ပြုလုပ်ထားတာ တွေ့ရပါတယ်။ အခု လောက်မြင့်တဲ့ အဆောက်အဦကြီး ထိပ်ဖျားမှ အခုလို ထိတ်လန့်စရာ ကောင်းလှတဲ့ ကစားစရာတွေကို ဖန်တီးထားကြသူများနဲ့ ဒီကစားစရာတွေကို မကြောက်မရွံ့စီးနေကြတဲ့သူများရဲ့ သတ္တိကိုလည်း အံ့ဩမိရပါတယ်။ ဒီနေရာက အပြီးမှာတော့ အံ့မခန်းဖွယ် ထွန်းညှိထားတဲ့ မီးရောင်စုံများကို ခြေလျင်တစ်သွယ်၊ ကားနဲ့တမျိုးလှည့်လည်ကြည့်ရှုပြီး လော့စ်အင်ဂျလိစ်ကို ညတွင်းချင်းပဲ ပြန်ခဲ့ကြပါတယ်။ ဘုန်းကြီးတို့ တည်းခိုတဲ့ဓမ္မသုခကျောင်းကို မနက် (၄)နာရီမှ ပြန်ရောက်ကြပါတယ်။ မနက်ဖြန်မှာလည်း ဆန်ဒီယေးဂိုး မြို့မှာရှိတဲ့ ဆီးဝါးလ်ဒ်ကို စောစောသွားနိုင်အောင် ကြိုတင်စီမံထားကြ ပြီးပါပြီ။

**၂၀၀၇ ခုနှစ်၊ ဇွန်(၁၇)ရက်၊ တနင်္ဂနွေနေ့**

**စိတ်လွတ်ကိုယ်လွတ်ပါလား**

ဒီနေ့မနက် (၉)နာရီခွဲလောက်မှာ ဆန်ဒီယေးဂိုးမြို့ကို သွားကြပါတယ်။ ဒီခရီးစဉ်ကိုတော့ မောင်ဘင်နဲ့ မ[illegible]င်တို့

www.burmeseclassic.com

www.burmeseclassic.com



ဇနီးမောင်နှံက လိုက်ပို့ပါတယ်။ ဦးအေးကြူ၊ ဒေါ်မြမြဝင်းတို့ မိသားစုလည်း လိုက်ပါလာပါတယ်။ ဆန်ဒီယေးဂိုးမြို့မှာတော့ ဆီးဝါးလ်ဒ်ဆိုတဲ့နေရာကို ကြည့်ရှုကြပါတယ်။ ကာလီဖိုးနီးယားမှာတော့ ဒီမြို့က ဆန်ဖရန်စစ္စကိုပြီးလျှင် အိမ်မြေဈေးအကြီးဆုံးလို့ ဆိုပါတယ်။ ပင်လယ်ကမ်းခြေမှာ တည်ထားတဲ့မြို့တစ်မြို့မို့ သစ်ပင်၊ သစ်တောများနဲ့ စိမ်းလမ်းစိုပြေတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ ဆွမ်းချိန်နီးနေပြီမို့ ဆီးဝါးလ်ဒ်ကို မရောက်မီမှာ ပန်းခြံတစ်ခုတည်းမှာ ပါလာတဲ့ ဆွမ်းကိုကပ်ကြပါတယ်။ ပန်းခြံထဲမှာ လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါး ကစားနေကြတဲ့ ကလေးငယ်များ ဝိုင်းဖွဲ့စားသောက်နေကြတဲ့ အပန်းဖြေအနားယူနေသူများ၊ စက်ဘီးစီးကြ၊ လှေလှော်ကြ၊ ရေကူးနေကြတဲ့သူများကိုလည်း တွေ့ရပါတယ်။ ဒီအမေရိကက လူများက လုပ်စရာဆိုလည်း ပြည့်ပြည့်ဝဝ လုပ်ကြ၊ စားစရာဆိုလည်း အားပါးတရစားကြ၊ အပန်းဖြေ အနားယူတဲ့အခါမှာလည်း စိတ်လွတ်ကိုယ်လွတ် အပန်းဖြေကြတယ်ဆိုတဲ့အကြောင်းကိုလည်း ပြောပြလို့ သိနားလည်ပါတယ်။ ဒီဆီးဝါးလ်ဒ်မှာ တိရစ္ဆာန်များကို ယဉ်ကျေးလိမ္မာအောင် သင်ကြားဆုံးမထားတာကို တွေ့ရပါတယ်။ ဘာမှ အသိဉာဏ်မရှိတဲ့ ဖျံတွေ၊ လင်းပိုင်တွေလို သတ္တဝါတွေကိုတောင် အခုလောက် ယဉ်ကျေးအောင် ဆုံးမသွန်သင်လို့ရသေးတာ၊ လူတွေဆိုရင် ပိုပြီး ဖြစ်နိုင်ရမှာပေါ့လို့လည်း တွေးမိပါတယ်။ ဓမ္မပဒမှာလာတဲ့ ပဏ္ဍိတသာမဏေလေးရဲ့ တွေးဟန်ကိုလည်း ပြောဖြစ်ပါတယ်။ အသက်မရှိတဲ့ရေကိုတောင် ကိုယ်လိုရာ သွယ်တန်းပြီး လိုအပ်သလို အသုံးချလို့ရနိုင်သေးတာ အသိ



ဉာဏ်ရှိတဲ့လူတွေကို ဘာကြောင့်လိုအပ်သလို ပြုလို့ပြင်လို့ မရနိုင်ရမှာလည်းဆိုတဲ့အတွေးဟာ ဝိပဿနာ ရှုမှတ်ပွားများကြတဲ့ ယောဂီတို့အတွက် လိုက်နာစရာကောင်းတဲ့ အဆုံးအမတစ်ခုပါပဲ။ အခုလိုလင်းပိုင်တွေကို ကောင်းကောင်း သင်ပြပေးထားတဲ့ မြင်ကွင်းမျိုးတွေ့ရတော့ ဘုန်းကြီးတို့အဖို့ လောကမျက်မြင်ကိုယ်တွေ့တစ်ခုကို သက်သေပြစရာ အထောက်အပံ့ကောင်းကောင်းတစ်ခုကို ရလိုက်တာပါပဲ။ ညနေ (၄)နာရီလောက်မှာ ဆန်ဒီယေးဂိုးကနေ ပြန်လာကြပါတယ်။ လမ်းမှာ ကားတွေကြပ်နေတဲ့ နေရာကိုတွေ့ရလို့ ကားမောင်းချိန် အတန်ငယ် ပိုကြာခဲ့ပါတယ်။

ကျောင်းရောက်ပြီး မကြာမီမှာပဲ ဒေါ်ဆွိုတီ (ခ) ဒေါ်ခင်အေးမြင့်တို့ မိသားစု လာရောက်ဖူးမြော်ကြပါတယ်။ ဒေါ်ခင်အေးမြင့်ကိုလည်း အားပေးစကား ပြောရပါတယ်။ သိပ်ကို စိတ်သဘောထား နူးညံ့တဲ့ ဒကာမကြီးပါ။ (၈)နာရီ ကျော်ကျော်မှာတော့ မြစ်သားဆရာတော်ကို သွားရောက်ဖူး မြော်ဘို့ အောရိန်းဂျ်ကောင်တီ၊ ရစ်ဗားဆိုက်မြို့မှာရှိတဲ့ သန္တိသုခတရားရိပ်သာကို မောင်ဘင်နဲ့ မရွှေစင်တို့ လိုက်ပို့ကြတာကြောင့် သွားရောက်ခဲ့ပါတယ်။

ရိပ်သာမှာ မြစ်သားဆရာတော်တရားပွဲ လာရောက်နာယူကြတဲ့ ပရိသတ်များက ဘုန်းကြီးကို ဖူးမြော်ကန်တော့ လိုပါကြောင်း၊ ကျောင်းအမကြီး ဒေါ်ခင်သီဦးက လာရောက်လျှောက်ထားတာကြောင့် ခဏကန်တော့ခံဘို့ ဓမ္မာရုံခန်းမထဲကို ကြွရောက်ခဲ့ပါတယ်။ ရိပ်သာမှာ သီတင်းသုံးနေတဲ့ ဒေါက်တာ

www.burmeseclassic.com

www.burmeseclassic.com



နန္ဒကကိုလည်း တွေ့ဆုံခဲ့ရပါတယ်။ သွားဆရာဝန်လေးငါးဦးနဲ့ တွေ့ရလို့လည်း ဘုန်းကြီးကျောင်းမှာ သကၤန်းဝတ်နေတဲ့ ဦးစန္ဒဇောတိ (သွားဆရာဝန်)ကို ပြဲဘို့ အမှတ်တရဓာတ်ပုံ စုပေါင်းရိုက်ကြပါတယ်။ ကျောင်းအမကြီး ဒေါက်တာ ဒေါခင်သီသီဦးက သန္တိသစ္စာမှာ ရောက်တုန်းရောက်ခိုက် (၃) ရက်ခန့် သတင်းသုံးပြီး ရက်တို တရားစခန်းချီးမြှင့်ဘို့ လျှောက်ထားပါတယ်။ သို့ပေမဲ့ အခြားအစီအစဉ်များ ရှိနေတာကြောင့် ဗုဒ္ဓဟူးနေ့ တစ်ညနေပဲ တရားချီးမြှင့်ပေးဘို့ လက်ခံခဲ့ပါတယ်။ (၁၁)နာရီမှာ သန္တိသစ္စာကပြန်ခဲ့ပြီး ဓမ္မသုခကို (၁၂)နာရီ ထိုးကာနီးမှာ ပြန်ရောက်ပါတယ်။

**၂၀၀၇ခုနှစ်၊ ဇွန်(၁၈)ရက်၊ တနင်္လာနေ့။**

**သောကြာသားတို့ရဲ့ ကြီးပွားရေးလမ်းစဉ်**

နံနက် (၉)နာရီလောက်မှာ အဇ္ဈာကျောင်းကို ဒုတိယ အကြိမ်ရောက်ပါတယ်။ မောင်သီဟကိုခေါ်ဘို့ပါ။ မနေ့ကမှ မြန်မာပြည်က ကြွရောက်လာတဲ့ တန့်ကြည်တောင် ဆရာတော်ကို ဝင်ရောက် ကန်တော့ခဲ့ပါတယ်။ ဆရာတော်နဲ့ မတွေ့ရတာ နှစ်ပေါင်း (၃၀)ကျော် နေခဲ့ပါပြီ။ သို့ပေမယ့် တွေ့တွေ့ချင်းပဲ ဆရာတော်က မှတ်မိနေပါတယ်။ ဦးသောဘ နကြီးလားရယ်လို့ ပဋိသန္ထာရစကားဖြင့် နှုတ်ဆက်စကား ဆိုပါတယ်။ ဆရာတော်ကို မြင်ရတာလည်း ကျန်းမာနေဟန်ပါပဲ။ အရွယ်နဲ့ စာလျှင် နုပျိုရွှင်လန်း တက်ကြွနေဟန်ကို ဖူးမြင်ရ



ပါတယ်။ ဘုန်းကြီးများနဲ့ တစ်ခါမှ စကားမစပ်မိပေမယ့် ဘုန်းကြီးများ စစ်ကိုင်းမှာနေစဉ်ကတည်းက ဆရာတော်က တွေ့ဆုံဖူးကြောင်းကိုလည်း မိန့်တော်မူပါတယ်။ သောကြာသား ဖြစ်တဲ့ ဆရာတော်က ဘုန်းကြီးများကိုလည်း သောကြာသား များမှာ ရှိရမည့် အင်္ဂါလေးချက်ကိုလည်း ပြောပြပါတယ်။ အင်္ဂါ လေးချက်နဲ့ပြည့်စုံလျှင် ကြီးပွားနိုင်ကြောင်းကိုလည်း တစ်ဆက် တည်း မိန့်တော်မူပါတယ်။

(၁) စကားမနည်းစေနဲ့။

(၂) အသားမမဲစေနဲ့။

(၃) သွားမကျဲစေနဲ့။

(၄) အစားမနည်းစေနဲ့ တဲ့။

နံပါတ် (၁)အချက်ဖြစ်တဲ့ စကားမနည်းစေနဲ့ ဆိုရာ မှာလည်း ပေါက်ပေါက်ဖောက်သလို ရောက်တတ်ရာရာ မနား တမ်းပြောနေရမှာမျိုးကို ဆိုလိုတာမဟုတ်ဘဲ ဆိုရေးရှိလာပါက အချက်ကျကျ ပိုင်ပိုင်နိုင်နိုင်ပြောဖို့ကိုသာ ဆိုလိုရင်းဖြစ်ကြောင်း အထူးတလည်မိန့်ပါတယ်။

နံပါတ် (၄) အစားမနည်းစေနဲ့ဆိုရာမှာလည်း မတန်တဆ တဝတ ပြစ်စားရမှာကို ဆိုလိုတာမဟုတ်ဘဲ နည်းနည်းစီ စုံစုံ စိစိစားဖို့ကိုသာ ဆိုလိုရင်းဖြစ်ကြောင်း မိန့်တော်မူပါတယ်။

ဆရာတော်က ကျန်းမာရေးကောင်းမွန်ဖို့ အသက်ရှည် ရာရှည်ကြောင်း (၃)ချက်ကိုလည်း မိန့်တော်မူပါ တယ်။ နိဗ္ဗာန်

www.burmeseclassic.com

www.burmeseclassic.com



ရောက်ကြောင်းတော့ မဟုတ်ဘူးပေါ့လို့လည်း အထူးပြု ပြောပါသေးတယ်။

(၁) ကောင်းတာစားလျှင် အသက်တို၊ မကောင်းတာစားလျှင် အသက်ရှည်။

(၂) ဆီများများစားလျှင်၊ အသက်တို၊ ဆီနည်းနည်းစားလျှင် အသက်ရှည်။

(၃) ဝအောင်စားလျှင် အသက်တို၊ ဝအောင် မစားလျှင် အသက်ရှည် ... ဆိုတဲ့

ဆရာတော်ရဲ့ ဩဝါဒစကားကိုလည်း ကြားနာခွင့်ရပါတယ်။

ဒီနေ့ နေ့ဆွမ်းကိုတော့ ကိုပြည့်စုံ၊ မမိုးမိုးတို့အိမ်မှာ ဘုဉ်း ပေးပါတယ်။ ဆွမ်းဘုဉ်းပေးအပြီးမှာတော့ ကမ္ဘာကျော် ယူနီဗာဆယ်စတူဒီယို (ဟောလီဝုဒ်)ကို သွားရောက်ခဲ့ပါတယ်။ ဒီခရီးစဉ်မှာတော့ ဘုန်းကြီးနဲ့အတူ ဦးရေဝတ၊ ဦးဉာဏိက၊ တန့်ကြည်တောင်ဆရာတော်နဲ့ ကပ္ပိယမောင်သီဟ၊ တက္ကဆပ်ပြည်နယ်ကနေ ကာလီဖိုးနီးယားပြည်နယ်ကို လာလည်ကြတဲ့ ကိုမျိုးအောင်၊ မမြသန္တာ(သား) မောင်နိုင်သူ မိသားစုတို့လည်း ပါဝင်ပါတယ်။ စတူဒီယိုကိုရောက်တော့ နေ့လည် (၁)နာရီလောက် ရှိနေပါပြီ ရောက်ရောက်ချင်းပဲ စတူဒီယိုထဲမှာ လူကိုယ်တိုင် သရုပ်ဆောင်ပြကြတဲ့ ရေကမ္ဘာ (ဝါးတာဝါလ်ဒ်) ပြပွဲရယ်၊ စတူဒီယိုတူးဝါးခေါ်တဲ့ ရုပ်ရှင်ရိုက်ကွင်း ရိုက်ကွက်များကို လှည့်လည်ပြသတဲ့ ရထားကိုလည်း စီးခဲ့ကြပါတယ်။ ပြကွင်း ပြကွက်တွေ တစ်နေကုန်ကြည့်ရှုရင်တောင် မကုန်နိုင်ဘူးလို့ ပြောကြပါတယ်။ ဘုန်းကြီးများကတော့ ဟိုနားဒီနား အနည်းငယ်လောက်သာ လှည့်လည်ကြည့်ရှုခဲ့ကြပါတယ်။ ခုလိုရုံးဖွင့်ရက်များမှာတောင် ပရိသတ်တွေ စည်းကားများလှတာကို တွေ့ရပါတယ်။ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များမှာ ဆိုလျှင်ဖြင့် လူတွေကခြေချစရာ မရှိလောက်အောင်ကိုပဲ များတယ်လို့ ဆိုပါတယ်။ ကမ္ဘာအရပ်ရပ်က လူမျိုးပေါင်းစုံကို ဒီနေရာမှာတွေ့ရပါတယ်။ ညနေ (၅)နာရီခန့်မှာတော့ ဘုန်းကြီးတို့ ယူနီဗာဆယ်ကနေ ပြန်ခဲ့ကြပါတယ်။ ယူနီဗာဆယ်စတူဒီယို အဝင်မှာ လူတစ်ဦးကို ဝင်ကြေးဒေါ်လာ (၅၁) ဒေါ်လာကောက်ခံပါတယ်။ သူတို့တတွေရဲ့ လုပ်ဆောင်ထားကြတာတွေကို ကြည့်ပြီးခုလို ကောက်ခံတာ တန်ပါတယ်လို့ စတူဒီယို အထွက်မှာ အတူပါလာတဲ့ ဦးဉာဏိကကို ပြောဖြစ်ပါတယ်။ စတူဒီယိုက အပြန်မှာတော့ ဘုန်းကြီးများနဲ့ အရင်ကတည်းက သိကျွမ်းခဲ့ဖူးတဲ့ ဆရာတော် ဦးနာရဒဆီကို သွားရောက်တွေ့ဆုံခဲ့ပါသေးတယ်။



**ထင်ပေါ်ကျော်ကြားရေး အလေးထားလွန်း**

ထူးထူးဆန်းဆန်း ကပ္ပိယမောင်သီဟက မေးခွန်းတစ်ခု မေးလာပါတယ်။ မြန်မာပြည်သားတွေ အလှူရေစက်လက်နဲ့မကွာ အမြဲတမ်းအလှူဒါနတွေ ပြုလုပ်နေကြတာ၊ သို့ပေမယ့် ကိုယ့်လူမျိုးတွေ ဒီကအမေရိကန် တွေနဲ့ယှဉ်ရင် အလွန်ဆင်းရဲကြတယ်။ အဲဒါ ဘာကြောင့်ပါလဲတဲ့ ဘုန်းကြီးကတော့ ကိုယ်တွေ့မြင်ခံစားရတဲ့ အတိုင်း ဒီအဖြေကို ဖြေပေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



တချို့ကတော့ သဘောကျမှကျပမလားမသိ၊ အရိုးဆုံးနဲ့ အရှင်းဆုံး ကိုယ်နားလည်သလို ဖြေခဲ့တာပါပဲ။

ဒကာလေးရေ၊ ဒကားလေးလည်း မနေ့ကမှ ဒီကိုရောက်လာတာ၊ ဘုန်းကြီးလည်း ဒီကိုရောက်တာ တစ်လလောက်ပဲ ရှိသေးတာ။ ဒါ့ကြောင့် ဒီကအကြောင်းကိုတော့ ပြည့်ပြည့်စုံစုံ မသိနိုင်သေးပါဘူး။ သိသလောက်နဲ့ပဲ ဖြေပါ့မယ်၊ ဘုန်းကြီး ဒီအဖြေကို အရင်ကတော့ မဖြေနိုင်ခဲ့ပါဘူး။ ခုတော့ အနည်းငယ်သဘောပေါက်လာပါတယ်။ ဘုန်းကြီးတို့ဆီမှာ လှူကြတန်းကြ လုပ်ကြပါတယ်။ သို့ပေမယ့် ဒီလုပ်ကြတာတွေထဲမှာ အများစုက စေတနာမပြတ်သားကြပါဘူး။ ကိုယ့်နာမည် ထင်ပေါ်ရေး၊ ကိုယ့်အတွက် ဘယ်လိုအကျိုးဖြစ်ရေး စတာတွေကို အလေးထားလွန်းတတ်ကြပါတယ်။ ဘုန်းကြီးကိုယ်တွေ့ကို ပြောရလျှင်ကိုပဲ တချို့က နောက်မှရောက်လာပြီး ရှေ့မှာမှ နေရာရချင်ကြ ယူချင်ကြသူတွေကို တွေ့ရတတ်ပါတယ်။ အထူးသဖြင့် ကုသိုလ်ရှင်အမည်စာရင်း ရေးရတဲ့ အချိန်များမှာဆို ဘုန်းကြီးကတော့ အရမ်းကို ဦးနှောက်ခြောက်တာပဲ။ ဒါနဆိုတာက လွတ်လွတ်လတ်လတ် စွန့်ကြဲပေးကမ်းလှူဒါန်းလေ၊ အကျိုးပေး ထက်သန်လေပါပဲ။

ဒီမှာတော့ လှူဒါန်းကြရာမှာ ပြတ်သားကြတာကိုတွေ့ရပါတယ်။ ထင်ပေါ်ကျော်ကြားရေး မပါဘူး။ ဒါ့ကြောင့် အကျိုးပေးသန်တာ၊ နောက်ပြီး ဘုန်းကြီးကို သူတို့ပြောပြကြတာက ဒီမှာသက်ကြီးရွယ်အိုတွေနဲ့ မသန်မစွမ်းလူစဉ်မမီသူတွေကို အစိုးရကလည်း စနစ်တကျထောက်ပံ့တဲ့ အစီအစဉ်တွေရှိသလို၊



လူမှုရေး အဖွဲ့အစည်းတွေကလဲ စေတနာသန့်သန့်နဲ့ ထောက်ပံ့လှူဒါန်းတာတွေ ရှိတယ်လို့ ဆိုပါတယ်။ အခမဲ့ဆေးဝါး ကုသပေးတာတွေ၊ သက်ကြီးရွယ်အို ထောက်ပံ့စရိတ်ပေးတာတွေ၊ ဈေးဆိုင်တွေမှာ ဈေးဝယ်တဲ့အခါ စီနီယာ လျှော့ဈေးပေးတာတွေ၊ ရထားစီး၊ ကားစီးရာမှာလည်း အထူးနှုန်းလျှော့ဈေးနဲ့ ရောင်းချပေးတာတွေ စတာတွေကို သိရပါတယ်။ ဒါတွေဟာ မေတ္တာ၊ ကရုဏာတရားတွေကို လက်တွေ့အကောင်အထည်ဖော်နေကြတာပါပဲ။

ဘုန်းကြီး ဝါရှင်တန်တရားစခန်းတုန်းက ဒကာတစ်ဦးနဲ့တွေ့တယ်၊ သူ့မှာ စိတ်ဓာတ်အင်အား မပြည့်စုံရှာတဲ့ သားတစ်ယောက်ရှိတယ်လို့ ဆိုပါတယ်။ အဲဒီသားလေးအတွက် အစိုးရအစီအစဉ်နဲ့ လိုအပ်တဲ့ဆေးဝါးကုသမှုကစလို့ အခြား လိုအပ်ချက်တွေကို ထောက်ပံ့ပေးတယ်လို့ ဆိုပါတယ်။ တစ်ပတ်မှာ (၂)ရက် အိမ်အထိလာခေါ်ပြီး သူ့သားလိုပဲ စိတ်ဓာတ်အင်အား မပြည့်စုံရှာတဲ့ ကလေးငယ်တွေ စုပေါင်းပြီး ဟိုဟို ဒီဒီ အပန်းဖြေခရီးပို့ပေးတယ်လို့ ပြောပါတယ်။ တကယ့် ဗုဒ္ဓအဆုံးအမတရားဆိုတာက နှုတ်ကရွတ်ဆိုနိုင်ရုံလောက်၊ ပြောဆိုနိုင်ရုံလောက် သိဖို့ထက် ရှိဖို့က ပိုအရေးကြီးပါတယ်။ ဘုန်းကြီးတို့ဆီမှာ မေတ္တာ၊ ကရုဏာအကြောင်းတွေ သိကြ ပြောကြပါတယ်။ သို့ပေမယ့် တကယ်လိုက်နာသူကတော့ အလွန်နည်းပါးတယ်။ တရားဆိုတဲ့သဘောက နားလည်လို့ကျင့်တာပဲ ဖြစ်ဖြစ်၊ နားမလည်ပဲ ကျင့်တာပဲဖြစ်ဖြစ်၊ လိုက်နာ ကျင့်သုံးသူကိုတော့ "ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရီ" ဆိုတဲ့အတိုင်း ပြန်လည်စောင့်ရှောက်သွားမှာ ဓမ္မတာပါပဲ။ ဒီလောက်ဆို ဘာ့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးတို့ဆီမှာ ဆင်းရဲနေကြရတယ်ဆိုတဲ့ အကြောင်း နည်းနည်းသဘောပေါက်ရောပေါ့လို့ ရှင်းပြခဲ့ပါတယ်။

တကယ်တော့ ဗုဒ္ဓအဆုံးအမတရားဆိုတာ သင်ယူလေ့လာ၊ ဖတ်မှတ်ပြီး ရရှိသိလာတဲ့ အသိကို အခြေခံလို့ လက်တွေ့ လိုက်နာကျင့်သုံးပါမှ အကျိုးပေးမှာဖြစ်ပါတယ်။ ရုပ်ဆိုတာက ဘာ၊ နာမ် တရားက ဘယ့်နှယ်၊ အဝိဇ္ဇာက ဘယ်သင်း၊ သင်္ခါရက ဘယ်လိုဆိုပြီး ရွတ်ဆိုရုံ ရွတ်ဆိုနေကြရမှာ မဟုတ်ပါဘူး။ စကားလုံးကြီးကြီးတွေကြားမှာ ငါကတရားသမားဆိုပြီး ကျေနပ်အားရဖြစ်မနေသင့်ကြပါဘူး။

၂၀၀၇ ခုနှစ်၊ ဇွန်(၁၉)ရက်၊ အင်္ဂါနေ့

**ရိုးရာဓလေ့ကို ပြောင်းဖို့ အချိန်ရောက်**

ဒီနေ့အရုဏ်ဆွမ်းကိုတော့ ပါဆာဒီနာမြို့လယ်မှာရှိတဲ့ မောင်ဘင်၊ မရွှေစင်တို့ဆိုင်မှာ ဘုဉ်းပေးကြပါတယ်။ အမေရိကန် အစားအစာများဖြစ်တဲ့ တူနာဆင်းဒဝစ်ချ်၊ တာ့ကီဆင်းဒဝစ်ချ်၊ ကြက်ဥမွှေကြော်၊ ပဇာ၊ ကွေကာအုပ်နဲ့ စပျစ်သီး၊ ကော်ဖီ၊ တရုတ်နံ့နံ့၊ မုန်လာဥနီနဲ့ ဒရက်ဆင်၊ လတ်လတ်ဆတ်ဆတ် ဖျော်ထားတဲ့ သစ်သီးဖျော်ရည် ကော်ဖီနဲ့ အမျိုးအမည်မသိတဲ့ စားဖွယ်အစုံတို့နဲ့ ဆက်ကပ်ပါတယ်။ ဒီအထဲက ဘုန်းကြီးတို့နဲ့ သင့်လောက်မည်လို့ ထင်ရတဲ့ တူနာဆင်းဒဝစ်ချ်၊ ကြက်ဥမွှေကြော်၊ ကော်ဖီတို့ကိုပဲ ဘုဉ်းပေးနိုင်ခဲ့ပါတယ်။ သဒ္ဓါတရား ထက်သန်လှတဲ့ ဇနီးမောင်နှံတို့ရဲ့ အရုဏ်ဆွမ်းကတော့ မှတ်လောက်သားလောက် ဖြစ်စရာပါပဲ။ အရုဏ်ဆွမ်းကို ဒေါ်မြမြဝင်း၊



မောင်မျိုးနဲ့ မလှလှတို့လည်း ဝိုင်းဝန်းဆက်ကပ်လုပ်အား ဒါနပြုကြပါတယ်။

မရွှေစင်ရဲ့ ဝမ်းကွဲမောင်တော်သူ မောင်မျိုးကိုလည်း မိဘတွေက အရွယ်ရလာကြပြီ၊ လိမ်လိမ်မာမာနေဖို့၊ မိဘများကိုလည်း တတ်နိုင်သမျှ ပေးကမ်းထောက်ပံ့ဖို့ အထူးပြောခဲ့ပါသေးတယ်။ လူငယ်တွေဆိုတာက ရရစားစား၊ ပျော်ပျော်ပါးပါး၊ သွားသွားလာလာနဲ့ ဖာသိဖာသာနေတတ်ကြလို့ ခုလိုပြောရတာပါ။ ကိုယ်နဲ့ရင်းနှီးတဲ့ တပည့်ဒကာ ငယ်ရွယ်သူတွေ ကိုယ်မှမပြောလျှင်လည်း ဘယ်သူကပြောမှာလဲ၊ တွေ့တုန်းဆုံတုန်း ဆုံးမစကား ပြောရတာပါ။

နေ့ဆွမ်းကိုတော့ တောရင့်မြို့မှာ နေထိုင်ကြတဲ့ ဥျန်နဲ့ မမိုးမိုးတို့အိမ်မှာ ဘုဉ်းပေးခဲ့ပါတယ်။ ကျန်းမာရေးကို အလေးပေးချက်ပြုတ်ထားတဲ့ ဆွမ်းဟင်းများကို စီမံထားတာကလည်း အတုယူစရာပါပဲ၊ အစာလည်းဆေး၊ ဆေးလည်းအစာ ဆိုတဲ့အတိုင်း အစာကိုဆေးဖြစ်အောင် ခုလိုစီမံတတ်ဖို့လည်း အရေးကြီးပါတယ်။ ဆီစား၊ ဆားစားများကြတဲ့ မြန်မာလူမျိုးတွေလည်း ရိုးရာစားသောက်ပုံ ဓလေ့ကို ပြောင်းကြဖို့ အချိန်ရောက်နေပြီ၊ ဘုန်းကြီးတို့ ဆီမှာ ဆီကလည်းအစားများ၊ စားရတဲ့ဆီကလည်း မသန့်၊ လန့်တတ်မယ်ဆိုလျှင်တော့ ကျန်းမာရေးအတွက် ထိတ်လန့်စရာပါပဲ။

ဒီနေ့တစ်နေ့လုံး ဘယ်ကိုမှမသွားဘဲ ကျောင်းမှာပဲ နားနေခဲ့ပါတယ်။ ညနေပိုင်းမှာ ဒေါ်ဒေစီတန်နဲ့သမီး မေသန္တာကြည်မိသားစု လာရောက် ကန်တော့ကြပါတယ်။ ဒေါ်ဒေစီတန်

www.burmeseclassic.com

www.burmeseclassic.com



(သမီး) မေသန္တာကြည်(သား) မောင် မင်းဇော်ထူးမိသားစုဟာ ပဲခူးတိုင်း၊ ပဲခူးမြို့နယ်၊ သောဘနာရာမ ရွှေမင်းဝံသာသနာ့ ရိပ်သာအတွင်း တည်ထားတဲ့ လိုပြည့်အေးချမ်းသာ ဆုတောင်း ပြည့်စေတီတော်ကြီး၏ အဝင်မုခ်ဦးနှင့် ယောဂီကျောင်းဆောင် တစ်ဆောင် လှူဒါန်း ထားကြတဲ့ ဘုရားဒါယကာ၊ ဒါယိကာမ မိသားစုများ ဖြစ်ကြပါတယ်။ ရိပ်သာမှာလည်း တရားရက်ရှည် အားထုတ်ထားကြတဲ့ ယောဂီဟောင်းများဖြစ်ကြတဲ့အတွက် ဘုန်းကြီးရဲ့ အမေရိကန်ခရီးစဉ်မှာ အခက်အခဲမရှိစေရန် လိုအပ် တာ သုံးစွဲနိုင်ဖို့ နဝကမ္မဝတ္ထုများလည်း လှူဒါန်းကြပါတယ်။ အရဏ်ဆွမ်းအတွက် သစ်သီး၊ မုန့်မျိုးစုံ လှူဒါန်းပြီး သာသနာ့ လုပ်ငန်းဆောင်ရွက်ရာမှာ ပိုမိုလွယ်ကူစေဖို့ ရည်ရွယ်ချက်နဲ့ လက်ဆွဲကွန်ပျူတာတစ်လုံးကိုလည်း စေတနာသဒ္ဓါတရား ထက်သန်စွာနဲ့ လှူဒါန်းပါတယ်။

အားလုံးကျန်းမာ၊ ချမ်းသာပြီး သာသနာပြုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ကြပါစေ။

**ရွှေမင်းဝံဆရာတော်**

ခေတ္တ ဓမ္မသုခကျောင်းတိုက်

နော်ဝေါခ်၊ လော့စ်အင်ဂျလိစ်

ကာလီဖိုးနီးယားပြည်နယ်၊ အမေရိကန်နိုင်ငံ။





၂၀၀၇ ခုနှစ်၊ ဇွန်(၂၀)ရက်၊ ဗုဒ္ဓဟူးနေ့

ကိုယ်ကလမ်းမှန်ပါလျက်

နံနက် (၉)နာရီမှာ ကျောင်းကနေထွက်ခဲ့ပါတယ်။ ကား ကြပ်မယ်အထင်နဲ့ ကြိုတင်ထွက်ခဲ့တယ်လို့ ဆရာတော်ဦးသဒ္ဓန က ပြောပါတယ်။ သို့ပေမယ့် ဘုန်းကြီးတို့က လေးပါးဆိုတော့ ကားပူးလိုင်း(ခ) အထူးလမ်းပေါ်က မောင်းခွင့်ရတာမို့ ကျန်တဲ့ လမ်းတွေပေါ်မှာ ကားတွေကြပ်နေပေမယ့် ဘုန်းကြီးတို့က အမြန် မောင်းခွင့်ရကြပါတယ်။ သူတို့နိုင်ငံမှာက လမ်းပေါ်မှာ ကားတွေ များလွန်းတာကြောင့် အလုပ်တက်၊ အလုပ်ဆင်းချိန်မှာ ထရပ် ဖစ်တ်လို့သူတို့ခေါ်တဲ့ လမ်းပေါ်မှာ ကားတွေနဲ့ ပြည့်ညပ်နေတဲ့ ပြဿနာကို ဒီအချိန် အလုပ်တက်၊ အလုပ်ဆင်းသူတိုင်း တွေ့ ကြုံရစမြဲဖြစ်တယ်။ ဒီပြဿနာကို ပြေလည်အောင် အထူး အခွင့်အရေးအနေနဲ့ ရုံးတက်၊ ရုံးဆင်း ချိန်များမှာ အနည်းဆုံး (၂)ယောက်တွဲပြီး ကားစီးသူများကို ကားပူးလိုင်း (ခ)အမြန် လမ်းပေါ်မှာ မောင်းခွင့်ပေးပါတယ်။ ငွေပေးဖြတ်ရတဲ့ တံတား များပေါ်မှာလည်း ငွေပေးနေစရာမလိုပဲ အလကား ဖြတ်ခွင့် ပေးပါတယ်တဲ့၊ ဓါတ်ဆီ အကုန်အကျနည်းအောင်ရယ်၊ ပတ်ဝန်းကျင် ညစ်နွမ်းမှုနည်းပါးအောင်ရယ်၊ သွားလာမှု ပိုမိုမြန်ဆန် ချောမွေ့ စေအောင်ရယ် စတဲ့အကြောင်းများနဲ့ ပြဋ္ဌာန်းထားတဲ့ ဆုပေး စနစ်ဥပဒေပေါ့။ အဲ တစ်ဖက်က ဒဏ်ပေးစနစ်ကျပြန်တော့ လည်း သိပ်ပြီး မသက်သာလှပါဘူး။ ခုလို ရုံးတက်၊ ရုံးဆင်း အချိန်မှာ တခြားသူမပါပဲ ကားမောင်းသူ တစ်ယောက်တည်း ဒီလမ်းပေါ်ကိုတက်မောင်းရင်ဖြင့် ဒဏ်ငွေ (၃၄၂)ဒေါ်လာ

www.burmeseclassic.com

www.burmeseclassic.com



ပေးဆောင်ရပါတယ်တဲ့၊ ခုလို စည်းကမ်းဥပဒေကို ကျူးလွန်လို့ ရဲဖမ်းခံရပြီဆိုလျှင်လည်း ချက်ချင်း ငွေပေးရတာ မဟုတ်ဘဲ ရဲက သူတို့အခေါ် (တစ်ကက်)ဒဏ်ရိုက်တဲ့ စာရွက်ပေးသွားပါတယ်တဲ့။ အဲဒါကို စာတိုက်ကဖြစ်စေ၊ ဆိုင်ရာကို ကိုယ်တိုင်သွားရောက် ပြီးဖြစ်စေ ဒဏ်ဆောင်ရပါတယ်တဲ့။ ဒက်ရိုက်သူနဲ့ နားလည်မှုယူလို့တော့ မရနိုင်ပါဘူးလို့လည်း ရှင်းပြကြပါတယ်။ ကိုယ်ကလမ်းမှန်ပါလျက်ကယ်နဲ့ မှားယွင်း ဒဏ်တပ်တာမျိုး ဆိုလျှင်ဖြင့် တရားရုံးမှာ တက်ရောက်ဖြေရှင်းလို့ ရပါတယ်တဲ့၊ အဲ့ဒီလိုရင်ဆိုင်ဖြေရှင်းခြင်းကြောင့် ဒဏ်ပေးဆောင်ရမှုကနေ လွတ်ကြသူတွေလည်း ရှိပါတယ်တဲ့။ အင်း ဟုတ်တာပေါ့ ဒဏ်ပေးသူတွေမှားတာမျိုးလည်း ရှိနိုင်တာပဲလေ။

နေ့ဆွမ်းကို L.A အနီးက အာဘိုင်းဆိုတဲ့မြို့က မဖြူဖြူကျော်ရဲ့အိမ်မှာ ဘုဉ်းပေးကြပါတယ်။ ဒီမြို့လေးမှာက နေထိုင်သူမြန်မာများ သိပ်မများလှဘူးလို့ဆိုပါတယ်။ မဖြူဖြူကျော်က အနီးအနားမှာရှိတဲ့ မိတ်ဆွေများကိုလည်း ဖိတ်ကြားထားပါတယ်။ ရုံးဖွင့်ရက်ဖြစ်ပေမယ့် ပရိသတ် (၆)ယောက်ခန့် ရှိပါတယ်။ ဆွမ်းဟင်းလျာများလည်း စုံလင်ပါတယ်။

## ရောင်စုံထီးလေးတွေကလည်း

အာဘိုင်းမြို့ကလေးဟာ မြို့သစ်တစ်မြို့ ဖြစ်ပါသတဲ့။ အရာအားလုံးက သစ်လွင်တောက်ပလို့နေပါတယ်။လမ်းများ၊ အိမ်များ၊ ဈေးဆိုင်များလည်း ခမ်းနားသပ်ရပ်ပါတယ်။ အထူးသဖြင့် အာဘိုင်းမားကက်ပလေ့ဆိုတဲ့ ဈေးဆိုင်ဝင်းကြီးအတွင်းမှာ စနစ်တကျ စီတန်းစိုက်ထားတဲ့ အုန်းထန်းပင်များ



ကဖြင့် မျက်စိပသာဒဖြစ်စရာ ကောင်းလှပါတယ်။ ထူးထူးခြားခြား ဖြစ်လို့မို့ အမှတ်တရ မှတ်တမ်းဓါတ်ပုံရိုက်ဖြစ်ပါတယ်။ ဘုန်းကြီးတို့ ဓါတ်ပုံရိုက်နေစဉ်မှာပဲ ဒီနေရာမှာ ဒီမြို့ကလေးမစည်းကားမီကတည်းက နေထိုင်လာခဲ့တယ်ဆိုတဲ့ လူဖြူတစ်ယောက် ဘုန်းကြီးတို့နား ရောက်လာပါတယ်။ တလှည့်စီ ဓါတ်ပုံရိုက်နေတဲ့ ဘုန်းကြီးတို့ (၃)ပါးကို ပေါင်းပြီး အတူရိုက်နိုင်အောင် သူကူညီရမလားလို့ မေးလာပါတယ်။ ဘုန်းကြီးတို့ပါလာတဲ့ ကင်မရာတွေကို သူ့ဆီပေးပြီး ဘုန်းကြီးရယ်၊ ဦးဉာဏိကရယ်၊ ဦးရေဝတရယ် (၃)ပါးပေါင်းပြီး အမှတ်တရ ဓါတ်ပုံရိုက်နိုင်ခဲ့ပါတယ်။ ဘုန်းကြီးခရီးစဉ် တစ်လျှောက် လိုအပ်လို့ အကူအညီတောင်းတိုင်း လိုလိုချင်ချင် လှိုက်လှိုက်လှဲလှဲ အကူအညီပေးကြတဲ့ နိုင်ငံခြားသားများ (တကယ်တော့ ဒီနေရာမှာ ဘုန်းကြီးက နိုင်ငံခြားသား)ကို တွေ့ရတော့ ကူညီတတ်တဲ့ သူတို့တွေရဲ့ စိတ်ဓာတ်ကိုလည်း အမှတ်ပြုမိရပါတယ်။ အသားဖြူတယ်၊ ဝါတယ်၊ ညိုဟယ်ရယ်လို့ မဟုတ်ပါဘဲ ကူညီစိတ်ထား ရှိသူများကတော့ ကူညီတတ်ကြတာပါပဲ။ ယဉ်ကျေးလှပါတယ်လို့ ဂုဏ်ယူကြတဲ့ ကိုယ့်လူမျိုးတွေထဲမှာလည်း အကူအညီပေးဖို့ တွန့်နေတတ်သူတွေ လည်းရှိတတ်တာပါပဲ။

ဆွမ်းစားအပြီးမှာ ဦးအောင်ဝင်းက ဘုန်းကြီးတို့ကို နယူးပေါ့တ်ဆိုတဲ့ ပင်လယ်ကမ်းခြေမြို့လေးတစ်မြို့ဆီကို လိုက်လံပြသပါတယ်။ ဒီမြို့လေးမှာရှိတဲ့ အိမ်များဟာ ဈေးနှုန်းအင်မတန် ကြီးမားတယ်လို့လည်း ပြောပြပါတယ်။ အလုပ်လုပ်သူတွေက ဒီမြို့မှာမနေနိုင်ကြဘူးတဲ့ အလုပ်မလုပ်ဘဲ ငွေဝင်ငွေ

www.burmeseclassic.com

www.burmeseclassic.com



သူတွေကသာ ဒီမြို့မှာ နေထိုင်နိုင်ကြတာတဲ့။ သူပြောတာ နားလည်သလိုလိုရှိပေမယ့် သိပ်ပြီးတော့ မရှင်းလင်းလှပါဘူး။ သေချာအောင်လည်း ထပ်မမေးဖြစ်လိုက်ပါဘူး။ ပင်လယ်ကမ်းခြေမှာ ရေချိုးနေကြသူတွေ နေစာလှုံနေကြသူတွေနဲ့ စည်ကားလှတာကို တွေ့ရပါတယ်။ ရေလယ် တော်တော်လှမ်းလှမ်းအထိ ထိုးထားတဲ့ တံတားပေါ်ကို လျှောက်ခဲ့ကြတယ်။ တံတားထိပ်က စားသောက်ဆိုင်မှာ ထိုင်ခုံနေရာရဘို့ တန်းစီစောင့်နေသူတွေလည်း မနည်းလှပါဘူး။ မှတ်မှတ်ရရ ဖြစ်ရတာကတော့ ကမ်းခြေမှာရှိတဲ့ အိမ်သာများမှာ တံခါးမပါ ဟာလာဖြစ်နေတာပါပဲ။ သူတို့တွေ ဘယ်လိုများ အိမ်သာသွားကြပါလိမ့်လို့ စဉ်းစားမရအောင် ဖြစ်မိပါတယ်။ သို့ပေမယ့် ဒီပတ်ဝန်းကျင်မှာ တွေ့မြင်ရတဲ့ ကမ်းခြေပျော်များကို ထောက်ဆပြီး အိမ်သာတံခါးမရှိပေမယ့်လည်း သိပ်ပြီးတော့ ထူးလှမယ်မဟုတ်ပါဘူးလို့ နားလည်မိပါတယ်။ သဲသောင်ပြင်မှာ နေစာလှုံနေကြသူတွေက ဟိုနားဒီနား အစီအရီ လှန်သူလှန်၊ မှောက်သူမှောက်၊ လျှောက်သူလျှောက်၊ ပြေးသူပြေး၊ ငေးသူငေး၊ ထိုင်သူထိုင်၊ ရောင်စုံထီးလေးတွေကလည်း သဲသောင်ပြင်မှ အပြိုင်အဆိုင် ကမ်းခြေက အိမ်သာကို အကာမပါ ဖန်တီးတည်ဆောက်ထားတာ သူ့နေရာနဲ့ သူတော့လည်း သဘာဝက ဆီလျော်နေသလိုပါပဲ။

### ပန်းချီပန်းပု အနုလက်ရာပုံပမာ

ကမ်းခြေကနေ အလယ်မှာရှိတဲ့ ကျွန်းလေးဆီကို ဇက်ကူးပြီး သွားကြပါတယ်။ ကားကိုလည်း ဇက်ပေါ်မှာ တင်



သွားပါတယ်။ ကျွန်းလေးပေါ်က မြို့ကလေးကတော့ ရှေးဟောင်းမြို့ကလေးတစ်ခုအသွင် တွေ့မြင်ရပါတယ်။ အိမ်တိုင်း အိမ်တိုင်းရှေ့မှာ ပန်းပင်လေးတွေ အစီအရီ စိုက်ပျိုးထားသလို မြို့ကလေးကလည်း သပ်သပ်ရပ်ရပ်နဲ့ မို့ နေပျော်ဖွယ်နေရာလေးတစ်ခုပါပဲ။ အိုးအိမ် တိုက်တာလေးတွေက ရောင်စုံပန်းချီကားထဲက အိမ်လှလှလေးတွေလို လမ်းကွေ့ကွေ့လေးများဘေးမှာ ပန်းမွေ့ယာခင်းလေးများသဖွယ် ပွင့်လန်းနေတဲ့ ရောင်စုံပန်းခင်းလေးများကလည်း ငေးမောချင်စရာ၊ ရပ်ကွက်ကလေးကို ကားနဲ့ဖြတ်ပြီး တံတားတိုလေးကို ဖြတ်ကျော်အပြီးမှာတော့ ကုန်းပိုင်းကို ပြန်လည်ရောက်ရှိခဲ့ပါတယ်။ (၅)မိနစ်ခန့် ကားမောင်းအပြီးမှာတော့ ဟိုတယ်များ၊ ဈေးဆိုင်ကြီးများနဲ့ တခမ်းတနားရှိလှတဲ့ နေရာကို ရောက်ပါတယ်။ ဒီနေရာမှာ ဘလူးဒေးလ်ဆိုတဲ့ ဈေးဆိုင်ကြီး မေစီအပါအဝင်ကြီးမားလှတဲ့ ဈေးဆိုင် အမြောက်အများကို တွေ့ရပါတယ်။ ဒီဝန်းကျင်က ဈေးဆိုင်များ အတွင်းမှာ ပုံစံပြထားတဲ့ မော်ဒယ်လ်ပန်းပုရုပ်များကို တော်တော်များများ တွေ့ရပါတယ်။ ဒါကြောင့် မေစီဆိုတဲ့ ဈေးဆိုင်အဝင်ဝမှာ လေးငါးယောက်စုရပ်နေတဲ့ ဧည့်ကြိုမိန်းကလေးတစ်စုကို တွေ့ရတော့ အဟုတ်လူတွေလေလား၊ အရုပ်လူတွေလေလားလို့ ခွဲခြားမရနိုင်အောင် ဖြစ်မိပါတယ်။ မလှုပ်ရှားပဲသာ ငြိမ်နေလျှင်ဖြင့် အရုပ်တွေရယ်လို့ ထင်မိမှာပါပဲ။

လိုက်ပို့တဲ့ ကိုအောင်ဝင်းရှင်းပြတာကတော့ ဒီကလေးမလေးတွေက လာကြတဲ့ဧည့်သည်တွေ၊ သူတို့အနီးက ခုံတန်း

www.burmeseclassic.com

www.burmeseclassic.com



ပေါ်ကို ထိုင်လိုက်တာနဲ့ မျက်နှာကို ပထမ အလှပြင်ပေးကြတယ်လို့ ဆိုပါတယ်။ သူတို့အိတ်တွေထဲမှာ သေနတ်တွေအလားလက်နက်ကိရိယာ အစုံအလင် ထည့်ထားတယ်ဆိုလို့ ဆိုင်ကပြန်အထွက်မှာ သတိထား ကြည့်မိတော့ သူပြောသလိုဟုတ်မှန်တာကို တွေ့ရပါတယ်။ ဈေးဆိုင် သုံးလေးဆိုင် လှည့်လည်ကြည့်အပြီးမှာတော့ ဓမ္မသုခကျောင်းသို့ ပြန်လာခဲ့ကြပါတယ်။ (၃)နာရီကျော်ကျော်လောက်မှာ ဓမ္မသုခကို ပြန်ရောက်ပါတယ်။ နောက်ရက်လည်း လိုက်ပို့ဦးမယ်လို့ လျှောက်ထားပြီးကိုအောင်ဝင်း ပြန်သွားပါတယ်။ လော့စ်အင်ဂျလိစ်ရောက်တဲ့ဆရာတော် တော်တော်များများကိုလည်း ခုလိုပဲ သူလိုက်ပို့ပေးလေ့ရှိပါသတဲ့။ လော့စ်အင်ဂျလိစ်ကိုတော့ နံ့နံ့စပ်စပ်ရှိဟန်တူပါတယ်။ ညနေ (၇)နာရီမှာ ဓမ္မသုခကနေ သန္တိသစ္စာကိုကြွရောက်ခဲ့တယ်။ မောင်ဘင်နဲ့ မရွှေစင်တို့မောင်နှံ လာရောက်ပင့်ဆောင်ပါတယ်။ သန္တိသစ္စာမှာ တရားနာပရိသတ် လေးငါးဆယ်လောက်ရှိမယ်လို့ မှန်းဆပါတယ်။ ဓမ္မခန်းမဆောင်အပြည့်ပါပဲ။ ခုလိုအလုပ်ပိတ်ရက် မဟုတ်တဲ့ရက်မျိုးမှာအားတက်သရော လာရောက် တရားနာယူကြတဲ့ ဓမ္မပရိသတ်ကြီးရဲ့ တရားတော်အပေါ် ချစ်မြတ်နိုးမှုကိုလည်း သာဓုခေါ်ဆိုရပါတယ်။ ဘုန်းကြီးကို မမြင်ဘူး မတွေ့ဘူးတာကြောင့်လာရောက်တွေ့ဆုံတဲ့ ပရိသတ်များလည်း ပါဝင်လိမ့်မယ်လို့ထင်မြင်မိပါတယ်။ တရားပွဲဖြစ်မြောက်အောင် စည်းရုံးကြသူများ၊ တရားပွဲအကြောင်း ဖုန်းနဲ့ တစ်ဆင့်စကား ကြားရလေအောင် ပြောကြားကြသူများရဲ့ အခန်းကဏ္ဍကိုလည်း အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။



တရားပွဲမှာ ပထမ မိနစ် (၃၀)ခန့် တရားရှုမှတ်ကြဖို့ ရှုမှတ်ပုံ ရှုမှတ်နည်းများကို ညွှန်ကြားခဲ့ပါတယ်။ အဲ့ဒီနောက် (၁)နာရီလောက် ဟောပြောပေးမယ်လို့ စိတ်ကူးရှိခဲ့ပေမယ့် ပိုမိုပြည့်ပြည့်စုံစုံလေး နာကြားခွင့်ရနိုင်ကြစေဘို့ (၁)နာရီခွဲလောက် ဟောပြောပေးခဲ့ပါတယ်။ ငြိမ်းချမ်းမှုကို လိုလားတဲ့ လူသားတိုင်း လိုက်နာကြရမယ့် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မာ့ဝိဟာရတရား (၄)ပါးကို ဟောကြားပေးခဲ့ပါတယ်။

### မေတ္တာအသိုင်း ဆွေးသိမ်ပန်းဖြေ အေးမြစေ

သန္တိသစ္စာဝိပဿနာတရားရိပ်သာမှာ မြန်မာပြည်က ထင်ရှားကျော်ကြားတဲ့ ဆရာတော်ကြီးများ လာရောက် တရားပြဖူးကြပါတယ်။ တရားစခန်းများ ဖွင့်လှစ်ပြီးလည်း ပြသဖူးကြပါတယ်။ ဒါကြောင့် တရားနာ ပရိသတ်များအနေနဲ့ ဆရာတော်များရဲ့ နည်းပေါင်းစုံနဲ့ ရင်းနှီးကျွမ်းဝင်ပြီးသားဖြစ်နေလိမ့်မယ်လို့ ယုံကြည်မိပါတယ်။ ဒါကြောင့် ဘုန်းကြီးကိုယ်တိုင်က ဝိပဿနာတရားကိုသာ ဟောပြောပြသနေတဲ့ ဘုန်းကြီးဖြစ်ပေမယ့် တရားနာပရိသတ်များ ဟိုနည်းဒီနည်း ရှုတ်ထွေးမှု မဖြစ်ရလေအောင် ရှုနည်းမှတ်နည်းကို နည်းပေးတာထက် အားလုံးနဲ့ လိုက်လျောညီထွေ ဖြစ်နိုင်မည့် ခုလိုဗြဟ္မဝိဟာရတရားကို ဟောပြောခြင်းက ပိုမို အဆင်ပြေလိမ့်မယ်လို့ ယုံကြည်မိပါတယ်။ ဒါ့ကြောင့် ပရိသတ်များကိုလည်း ဝိပဿနာသန့်သန့်ကိုသာ မဟောဘဲ ဗြဟ္မာ့ဝိဟာရတရားကို ဟောကြားပါမယ်လို့လည်း အထူးပြုပြောခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



လူသားတိုင်း လူသားတိုင်း ငြိမ်းငြိမ်း ချမ်းချမ်းနေလိုကြတယ် သို့ပေမယ့်လည်း ကမ္ဘာလောကကြီးမှာက တစ်ခါခါမှာ ကိုယ့်လိုလားမှုနဲ့ ဆန့်ကျင်ဘက် ငြိမ်းချမ်းမှု တွေနဲ့ ဝေးကွာနေတတ်တယ်။ ဘယ်အဖွဲ့အစည်းမှာပဲဖြစ်ဖြစ် ဘယ်နေရာ ဒေသမှာပဲဖြစ်ဖြစ် အချင်းချင်း ချစ်ခင်စည်းလုံးမှု မရှိတဲ့နေရာမှာ ချမ်းသာမှုဆိုတာလည်း ဘယ်မှာလာလို့ ရှိနိုင်မှာလည်း၊ ချမ်းသာမှုမရှိက တည်ငြိမ် မှုဆိုတာလည်း မရှိနိုင်ပါဘူး။ စိတ်တည်ငြိမ်မှုမရှိ ယိမ်းယိုင် လှုပ်ရှားနေမယ်ဆိုလျှင် ဘယ်မှာလာလို့ ရုပ်နာမ်ဓမ္မတို့ရဲ့ ဖြစ်မှု ပျက်မှု သဘောတရားကိုလည်း အမှန်သိနိုင်ပါ့မလဲ။ ဒါကြောင့် အချင်း ချင်း ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ်ဖြစ်မှု၊ သင့်တင့်မျှတစွာ နေထိုင်နိုင်မှုဟာ အလွန်အင်မတန်မှ အရေးကြီးလှပါတယ်။ ဒါကြောင့် လူသားတိုင်း၊ လူသားတိုင်း ဗြဟ္မစိုလ်တရားတွေကို လက်ကိုင်ထားကြဘို့ လိုပါတယ်လို့ အစချီကာ တရားတော်ကို ဟောကြားပေး ခဲ့ပါတယ်။ တရားနာပရိသတ်အားလုံး၊ ကမ္ဘာသူ၊ ကမ္ဘာသားအားလုံးလည်း ကိုယ်စိတ်နှစ်ဖြာ ဘေးရန်ကွာပြီး အစဉ်ချမ်းမြေ့ကြပါစေကြောင်းကိုလည်း ဆုတောင်းမေတ္တာ အခါခါ ပွားများနေမိပါတယ်။

၂၀၀၇ ခုနှစ်၊ ဇွန်(၂၁)ရက်၊ ကြာသပတေးနေ့။

ကျော်ကြားသူတို့ ရပ်ဝန်း

ဒီနေ့ ဒေါ်ဆွိတီ (ခ) ဒေါ်ခင်အေးမြင့် မိသားစုတို့အိမ်ကြွပြီး အရုဏ်ဆွမ်းဘုဉ်းပေးကြရသည်။ ခေါက်ဆွဲကြော်၊ ကြာဇံဟင်းခါး၊ တရုတ် ကောက်ညှင်းပေါင်းစတဲ့ ခဲဖွယ်များနဲ့ အခြားဘောဇဉ်များ စုံနေအောင် ဆက်ကပ်ကြသည်။ သားသမီးများလည်း အစုံလာကြသည်။ ဆွမ်းအနုမောဒနာ အနည်းငယ်ဟောကြားသည်။ ဒကာမကြီး ဒေါ်ခင်အေးမြင့်က မြန်မာနိုင်ငံလွမ်း၍ မျက်ရည်ကျသည်။ အားပေးစကား ပြောကြားရသည်။ ဓမ္မပူဇာအဖြစ် ဝတ္ထုများနှင့် ဆွမ်း၊ ဆန်အိတ်မှစ၍ လှူဖွယ်များစုံနေအောင် လှူပါသည်။



ကမ္ဘာပေါ်မှာရှိတဲ့ ကြော်ငြာဆိုင်းဘုတ်တွေထဲမှာ ဟောလီးဝုဒ်ဆိုတဲ့ ဆိုင်းဘုတ်စာတန်းကြီးဟာဖြင့် ကမ္ဘာ ပေါ်မှာ အထင်ရှားဆုံး လူသိအများဆုံးပါတဲ့။ ဒီနေ့ ဒီဆိုင်းဘုတ်ကြီးကို မလှန်းမကမ်းကနေ မြင်နိုင်တဲ့ တောင်ကုန်း တစ်ခုရဲ့ထိပ်ဆီသို့ ဓမ္မသုခဆရာတော် ဦးသန္တနရဲ့ ဦးဆောင်မှုနဲ့ သွားရောက်ခဲ့ကြပါတယ်။ ဘုန်းကြီးရယ်၊ ဦးသန္တနရယ်၊ ဦးဥာဏိကရယ်၊ ဦးရေဝတရယ်နဲ့ ကပ္ပိယမောင်သီဟတို့ရယ်ပေါ့။ နေ့ဆွမ်းကို (၁)လခန့်က ကွယ်လွန်သွားခဲ့တဲ့ ဒါရိုက်တာ ဦးကြီးမြင့်ကို ရည်စူးပြီး သားဖြစ်သူ ဒေါက်တာသန်းနိုင်၊ ဒေါက်တာဝေဝေလွင်မိသားစုတို့က ဆက်ကပ်ပါတယ်။ မြန်မာပြည်ကနေ ရောက်နေတဲ့ ဦးကြီးမြင့်ရဲ့ဇနီး ဒေါ်မြသန်းကိုလည်း တွေ့ရပါတယ်။ သခင်လွင်ရဲ့ဇနီးအပါအဝင် ပရိသတ်တော်တော်များလည်း လာရောက်ကြပါတယ်။ စုပေါင်းချက်ပြုတ်ထားတဲ့ ဆွမ်းဟင်းလျာ အပါအဝင် ပရိသတ်တော်တော်များများလည်း လာရောက်ကြပါတယ်။ စုပေါင်းချက်ပြုတ်ထားတဲ့ ဆွမ်းဟင်းလျာများလည်း အစုံအလင်ပါပဲ။ ကျောက်ဖရုံသီးနဲ့ ငါးလုံးဟင်းချို ပူပူနွေးနွေးကတော့ အမှတ်ရစရာပါပဲ။ ဆွမ်းဝိုင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



ငပိရေငပိထောင်း၊ ပုန်းရည်ကြီး၊ ချဉ်ပေါင်ကြော်စတဲ့ ဗမာဆန်ဆန် ဟင်းလျာပေါင်းစုံကို တွေ့ရတော့ မြန်မာပြည်နေ ဒကာ၊ ဒကာမများက နိုင်ငံခြားသွားကြမည့်သူများ နိုင်ငံခြားကနေ ခဏ ပြန်ရောက်လာတဲ့သူများကို ဒါမျိုးနိုင်ငံခြားမှာ ရှိမှာမဟုတ်ဘူး။ ဒါကြောင့် ဘုဉ်းပေးပါဦး စားပါဦးရယ်လို့ ပြောတတ်ကြတာကို သတိရမိပါတယ်။ အမှန်တိုင်း ပြောရလျှင်ဖြင့် ဒီအမေရိကန်နိုင်ငံမှာ ကမ္ဘာ့အရပ်ရပ်က ကောင်းပေ့ညွှန့်ပေ့ဆိုတဲ့ အသုံးအဆောင်တွေ၊ အစားအသောက်တွေ အကုန်ရနိုင်တာမို့ သူတို့တွေရဲ့ ကြောင့်ကြကြီးမှုကို ပြန်လည်သတိရပြီးလည်း ပြုံးမိရပါသေးတယ်။ ညွှန့်ပေ့နုပေ့ဆိုတဲ့ ဆူးပုတ်ရွက်နဲ့ မန်ကျည်းရွက်ကိုတောင် အချိန်အခါရာသီမဟုတ်ပါဘဲ ဘုဉ်းပေးခဲ့ရပါသေးတယ်။ ဒူးရင်းသီးတွေများဆို ကောင်းမှကောင်းပါပေ့၊ ဆင်းရဲသူ ဆင်းရဲသား ဆိုတာက ငွေရဘို့အရေးကောင်းတာကို သူတပါးအတွက်ထား မကောင်းတာကိုမှ ကိုယ်ကစားရတာ မဟုတ်လား အင်း ဒေါလာ မျက်နှာကကြီးပေသမို့ အကောင်းတွေက ဒီမှာလာစုတာဖြစ်မှာပေါ့လေ။

နေ့ဆွမ်းဘုဉ်းပေးအပြီးမှာတော့ ပကတိမျက်စိနဲ့ လော့စ်အင်ဂျလိစ်တစ်မြို့လုံးကို အဝေးကြည့်မှန်ပြောင်းနဲ့ စကြာဝဠာကြီးတစ်ခုလုံးကို ထင်ထင်ရှားရှားတွေ့မြင်နိုင်တဲ့ တောင်ကုန်းတစ်ခုထိပ်က ဂရစ်ဖ်သ်အော်ဘ်ဆာဗတရီ (Griffith Observatory) ဆိုတဲ့နေရာကို သွားကြပါတယ်။ ကမ္ဘာကျော် ဟောလိဝုဒ်အနီးမှာရှိတာမို့ ဟောလိဝုဒ်လမ်းမကြီးပေါ်ကနေ ကားကိုဖြတ်မောင်းရပါတယ်။ လမ်းတလျှောက် ပလက်ဖောင်းပေါ်က ကြယ်များထဲမှာ အကယ်ဒမီ ရုပ်ရှင်အနုပညာရှင်များနဲ့



နာမည်များကို ရေးထွင်းထားတယ်လို့ပါလာတဲ့ ဦးရေဝတက ကားမောင်းရင်း ပြောပြပါတယ်။ လမ်းဖြတ်သွားရင်း ဟိုနားဒီနားတွေ့ရတတ်တဲ့ ခေတ်ရှေ့ပြေး ဝတ်စားဆင်ယဉ်မှုများနှင့် သူငယ်မလေးများကိုတွေ့တိုင်း လွန်ခဲ့တဲ့ သုံးလေးရက်ကမှ အမေရိကကို ရောက်လာတဲ့ ကပ္ပိယမောင်သီဟကို စနောက်နေပါတယ်။ လမ်းတွေပြင်ဆင်နေတာက တစ်ကြောင်း၊ အစီအစဉ်တွေက အရင်ကနဲ့မတူပြောင်းလဲသွားတာက တစ်ကြောင်းကြောင့် ကားရပ်နားရမည့်နေရာကို တော်တော် နဲ့ရှာမတွေ့နိုင်တာကြောင့် ဟောလိဝုဒ် ပတ်ဝန်းကျင်မှာ အတော်ကြာအောင် ကားမောင်းနေခဲ့ရပါတယ်။ ဟိုက်လင်းတ်ဆိုတဲ့ လမ်းမပေါ်မှာ (၃)ခေါက် ဖြတ်မောင်းခဲ့ရပါတယ်။ လမ်းဘေးမှာရှိတဲ့ အိမ်များကလည်း ခြံနဲ့ဝင်းနဲ့ သပ်သပ်ရပ်ရပ်၊ တောင်တန်းကို နောက်ခံပြုလို့ တည်ဆောက်ထားပါတယ်။ လူကုံတံတွေနေတဲ့ နေရာတစ်ခုဆိုတာ သတိပြုမိနိုင်တဲ့ အနေအထားပါ။ ဒီနေရာက အိမ်တွေက သန်းကျော်တန်အိမ်တွေပါတဲ့ သန်းတောင်မှ ဆင်းရဲလ်သန်းမဟုတ်ဘဲ သူတို့အပြောအရ (မာလ်တီမီလျံ) သန်းများစွာတန်တဲ့ အိမ်တွေပါတဲ့ ဟိုမေးဒီမေးနဲ့ ဟောလိဝုဒ်ရဲ့ အစည်ကားဆုံးနေရာကို ရောက်ရှိလာပါတယ်။ လမ်းတွေကလည်းများ၊ လူတွေကလည်း အခြားနေရာများထက် ပိုမိုစည်ကားပါတယ်။ ဒီလူတွေ အများစုဟာဖြင့် ကမ္ဘာ့အရပ်ရပ်က လာရောက်ကြသူတွေပါတဲ့။ ဆိုင်းဘုတ်တွေ နောက်ခံထား အရုပ်တွေနောက်ခံထား ပုံစံအမျိုးမျိုးနဲ့ အမှတ်တရ ဓါတ်ပုံရိုက်နေကြသူ အတော်များများကိုလည်း လမ်းပေါ်မှာ တွေ့မြင်

www.burmeseclassic.com

www.burmeseclassic.com



ရပါတယ်။ (၁)နာရီနီးနီး ကြာမှ ဟောလိဝုဒ်အကယ်ဒမီ ဆုပေးပွဲများ ကျင်းပလေ့ရှိတဲ့ ကိုဒတ်သီ ရေဒါအောက်က ကားရပ်နားရာကို ရောက်ရှိပါတော့တယ်။ မြေအောက်သုံးထပ်မှာ ကားရပ်ထားခဲ့ပြီး ခရီးသည်တွေကို လိုက်ပြတဲ့ ဘတ်စ်ကားကြီးနဲ့ နက္ခတ်တာရာတွေ ကြည့်ရှုရာတောင်ကုန်းကို သွားရောက်ခဲ့ကြပါတယ်။ ဘတ်စ်ကားကြီးပေါ်မှာတော့ ဘုန်းကြီးတို့နဲ့ အခြားခရီးသည် လေးငါးယောက်သာ ပါပါတယ်။

တောင်ကုန်းပေါ်မှာတော့ စကြာဝဠာကြီးကို လေ့လာစူးစမ်းဘို့ ရောက်နေကြသူတွေနဲ့ စည်ကားနေပါတယ်။ လော့စ်အင်ဂျလိစ်မြို့ရဲ့ ကောင်းကင်တစ်ခုမှာတော့ မြူခိုးတွေက မှိုင်းမှိုင်းညိုညိုနဲ့ အုပ်မိုးထားတာကို တွေ့ရပါတယ်။ တကယ်တော့ ဒါတွေက မြူခိုးတွေမဟုတ်ပါဘူးတဲ့ ဖော်လူးရှင်းလို့ သူတို့ခေါ်တဲ့ မီးခိုးငွေ့တွေပါတဲ့ ဒီအရာတွေက သက်ရှိ သက်မဲ့အရာတွေကို ဘေးဒဏ်သင့်စေပါတယ်တဲ့။ လူတွေ၊ ကားတွေ၊ စက်ရုံတွေ ခုလောက် များပြားနေမှတော့လည်း မြို့ပြရဲ့ ဒုက္ခကတွဲလို့ပါမှာပေါ့လေ။ သို့ပေမယ့် လူတွေ ဖန်တီးတဲ့ အရာတွေ ကြောင့်လည်း ခုလိုမီးခိုးငွေ့တွေ ပေါ်ထွက်လာရတာမို့ ဒီဘေးအန္တရာယ်ဖြစ်စေတတ်တဲ့ အရာတွေ ကွယ်ပျောက်သွားအောင်လည်း လူသားတွေဖန်တီးနိုင်မှာ အမှန်ပါပဲ။ တကယ်တန်းသာ လိုလားဆန္ဒရှိလျှင်ပေါ့လေ။

### ဒါကတကယ့်ဟောလိဝုဒ်

ဟိုမလှမ်းမကမ်းမှ ဟောလိဝုဒ်ဆိုင်းဘုတ်ကြီးကို တောင်တန်းကြီးကို နောက်ခံထားလို့ ထင်ထင်ရှားရှား မြင်နေ



ရပါတယ်။ ကပ္ပိယ မောင်သီဟကတော့ ပုံစံအမျိုးမျိုးနဲ့ ဓါတ်ပုံမှတ်တမ်းတင်နေလေရဲ့. သူ့ နှုတ်ကလည်း ဒါကတကယ့်ဟောလိဝုဒ်ဆိုင်းဘုတ် ဖိုတ်က်(အတုလုပ်)ထားတာ မဟုတ်ဘူးလို့လည်း ဆိုလေရဲ့. ဘုန်းကြီးတို့လည်း ကမ္ဘာကျော် ဆိုင်းဘုတ်ကြီးကို နောက်ခံပြုလို့ အမှတ်တရဓါတ်ပုံ ရိုက်လိုက်ပါတယ်။ ပြီးတော့ နက္ခတ်တာရာတွေကို မီးဆလိုက်များ၊ စာတမ်းများ၊ ပုံစံများနဲ့ စနစ်တကျ ပြသထားတဲ့ (Griffish Observatory) အဆောက်အဦကြီး အတွင်းကို ဝင်ရောက်လေ့လာကြပါတယ်။ အတွင်းမှာတော့ နက္ခတ်တာရာတွေရဲ့ သွားဟန်လာဟန်၊ လှည့်ပတ် လှုပ်ရှားဟန်တွေကို ပုံစံအမျိုးမျိုး နဲ့ပြထားပါတယ်။ ဆရာတော်ဦးသန္တနက အင်္ဂလိပ်လို ရေးထားတာတွေကို ဖတ်ပြီး ရှင်းပြပါတယ်။ သိပ္ပံပညာရပ်တွေနဲ့ သိပ်ပြီး ရင်းနှီးကျွမ်းဝင်မှု မရှိလို့ တိတိကျကျတော့ နားမလည်ပါဘူး။

အပြန်လမ်းမှာ ထိုင်းတောင်းမှာရှိတဲ့ ထိုင်းစားသောက်ဆိုင်တစ်ဆိုင်ကို ခဏဝင်ရောက်ကြပါတယ်။ ဒီ ထိုင်းတောင်းက မကြာမီကမှ အသစ် ဖွင့်လှစ်လိုက်တာတဲ့။ ထိုင်းဆိုင်ကို ဦးရေဝတ အမေရိကန်နိုင်ငံကြွရောက်နိုင်ဖို့ အကူအညီပေးခဲ့တဲ့ ထိုင်းဒကာ ပိုင်ပါသတဲ့ ဦးရေဝတက ထိုင်းစကားတတ်တာမို့ ဆိုင်ကဝန်ထမ်းများနဲ့ အလ္လာပသလ္လာပ ပြောကြပါတယ်။ မကြာခင်မှာပဲ ဆိုင်ပိုင်ရှင် ထိုင်းဒကာကြီးလည်း ရောက်လာပါတယ်။ ထိုင်း အိုက်စ်တီးလို့ခေါ်တဲ့ ရေခဲတွေအများကြီး ထည့်ထားတဲ့ သောက်စရာကိုလည်း ဆက်ကပ်ပါတယ်။ မောင်သီဟက ရေခဲတွေ အများကြီး ထည့်ထားတာကိုကြည့်ပြီး ရေခဲတွေ

www.burmeseclassic.com

www.burmeseclassic.com



လျှော့ထည့်လျှင် သောက်စရာများများ ပိုရမယ်လို့ ပြောပါတယ်။ များများသောက်ရဖို့နဲ့ ကောင်းကောင်းသောက်ရဖို့ ဘယ်ဟာက ပိုအရေးကြီးပါသလဲတဲ့။ ဦးဉာဏိကရဲ့ အမေးပါ။ အမေရိကန်မှာ အနေကြာသူနဲ့ အနေမကြာသေးသူတို့ရဲ့ အမြင်ကွဲပြားဟန် ဖြစ်မလားပါ။ သူတို့ပြောတဲ့ (ကွမ်တီတီနဲ့ ကွာလတီ) အရေအတွက်နဲ့ အရည်အချင်း အကြောင်းကလည်း စဉ်းစားရမည့် အချက်ပါပဲ။ အရည်အချင်းကပဲ အရေးကြီးသလား၊ အရေအတွက်ကပဲ အရေးကြီးသလား အရည်အချင်းပြည့်ဝတဲ့ အရေအတွက်များများကတော့ အကောင်းဆုံးဖြစ်မှာပါ။ သို့ပေမယ့် အဲဒီလိုအကောင်းဆုံးကို မရနိုင်တဲ့အခါမျိုးမှာ ဘာကို ရွေးချယ်မလဲ။ အဲဒီလို ရွေးချယ်ဖို့ကိုက အရည်အချင်း လိုအပ်လာပြန်ရော။ အပြန်လမ်းမှာတော့ ရုံးဆင်းချိန်ရောက်နေပြီမို့ အမေရိကန်မြို့ကြီးများ ထုံးစံအတိုင်း ဖရီးဝေး လမ်းမကြီးများပေါ်မှာ ကားတွေ နဲ့ပြည့်ကြပ်နေပါတယ်။ ကျောင်းကို ပြန်ရောက်တော့ (၅)နာရီတောင် ကျော်နေပါပြီ။ ဒီညနေမှာ အာခေးဒီးယားမြို့မှာ နေထိုင်ကြတဲ့ ကိုမောင်မောင်၊ မဥမ္မာ တို့အိမ်မှာ တရားဟောရပါမယ်။ ကိုမောင်မောင်က ဘုန်းကြီးများ ရွှေမင်းဝံ့ရိပ်သာမှာ ဒုလ္လဘရဟန်းဝတ်ပြီး မဥမ္မာကလည်း တရား ဝင်သွားဖူးပါတယ်။ ယောဂီဟောင်းများ ဖြစ်ကြပါတယ်။

မေတ္တာသိုက်စည်

ကျောင်းမှာ ခဏနားနေခိုက်မှာပဲ ဒေါ်ခင်နှင်းအုန်း လာရောက် ကန်တော့ပါတယ်။ ဓါတ်ခဲသုံးနေစရာ မလိုပဲ လက်ကိုင်လေးကိုလှည့်ပြီး အားပြန်ဖြည့်ရတဲ့ ဓါတ်မီးတစ်စုံကို



လာလှူပါတယ်။ ရေဒီယိုလည်း နားထောင်လို့ရပါသတဲ့၊ မီးလည်းလင်း ဓါတ်ခဲလည်းမလိုဆိုတော့ ဘုန်းကြီးတို့ နိုင်ငံအနေအထားနဲ့ အသုံးတည့်မည့် ပစ္စည်းလေးပါပဲ။ ကျောင်းမှာ သီတင်းသုံးကြတဲ့ သံဃာတော်များကို လှူဒါန်းနိုင်ဘို့ နောက်ထပ် အလားတူ ပစ္စည်းမျိုး ကပ္ပိရပါဦးမယ်။

(၆)နာရီကျော်ကျော်လောက်မှာ ဘုန်းကြီးတို့ ဓမ္မသုခက ထွက်ခဲ့ကြတယ်။ ပထမ ကပ္ပိယမောင်သီဟကို အရှုဇာကျောင်း လိုက်ပို့ပါတယ်။ လမ်းမများပေါ်မှာတော့ ကားတွေက ပြည့်ကြပ်နေဆဲသာပါပဲ။ အမြန်ရောက်အောင်ဆိုပြီး အချို့နေရာများမှာ ကားကိုအဓိကလမ်းမကြီးတွေကို မသုံးဘဲ ကြားလမ်းတွေကို သုံးပြီးမောင်းပါတယ်။ များပြားလွန်းလှတဲ့ သူတို့နိုင်ငံကလမ်းတွေကို သူတို့မို့သာ မှတ်မိနိုင်ကြပါပေရဲ့။ ဘုန်းကြီးတော့ ဘယ်လိုမှ သူတို့လမ်းတွေကို မမှတ်တတ်ပါဘူး။

မောင်သီဟကိုပို့ပြီး ကိုမောင်မောင်၊ မဥမ္မာတို့အိမ်ရှိရာ အာခေးဒီးယားကိုသွားကြပါတယ်။ အာခေးဒီးယားကလည်း ငွေကြေးပြည့်စုံသူတွေ အနေများပါသတဲ့။ မြင်ရတဲ့ခြံတွေ၊ အိမ်တွေကြည့်ပြီး အလွယ်တကူ သိနိုင်လောက်ပါတယ်။ ဘုန်းကြီးတို့ရောက်သွားတော့ ပရိသတ် အတော် စုံနေဟန်ရှိပါတယ်။ အိမ်နောက်ကခြံထဲမှာ ပရိသတ် တော်တော်များများ ဝိုင်းဖွဲ့စားသောက်နေကြတာကို တွေ့ရပါတယ်။ ကိုမောင်မောင်၊ မဥမ္မာတို့က ဘာတွေနဲ့များ တည်ခင်းဧည့်ခံကြသလဲတော့ မေးမကြည့်ဖြစ်ခဲ့ပါဘူး။ ခဏနားပြီး တရားပွဲကို စခဲ့ပါတယ်။ အချိန်ကို တန်ဖိုးထားကြတဲ့ သူတို့ဆီမှာ ဘုန်းကြီးများလည်း

www.burmeseclassic.com

www.burmeseclassic.com



သူတို့နဲ့ လိုက်လျောညီထွေဖြစ်ပါမှ၊ တရားနာ ပရိသတ် သုံးလေးဆယ် အထက်တော့ နည်းမယ် မဟုတ်ပေဘူး။ ဒီမှာလည်း ဘုန်းကြီးက ဗြဟ္မဝိဟာရတရားကိုပဲ ဟောကြားပေးခဲ့ပါတယ်။ မဟောကြားမီမှာ မိနစ်(၃၀)ခန့် သတိပဋ္ဌာန် ဝိပဿနာ ရှုမှတ်နည်းပေးပြီး (၁၀)မိနစ် ရှုမှတ် အားထုတ်စေပါတယ်။ အားထုတ်ပြီးမှ ဘဝမှာနေပျော်ဖို့နဲ့ ငြိမ်းချမ်းမှုကို လိုလားသူ လူသားတိုင်း အမှန်တကယ် လိုက်နာကျင့်သုံးရမယ့် ဒီမေတ္တာ၊ ကရုဏာ၊ မုဒိတာနဲ့ ဥပေက္ခာ ဆိုတဲ့ ဗြဟ္မဝိဟာရ တရားတော်ကို ဆက်လက် ဟောကြားပေးခဲ့ပါတယ်။ ဘုန်းကြီးရဲ့ ဒီခရီးစဉ်မှာ မေတ္တာအကြောင်းကိုသာ အဓိက ဟောပြောနေဖြစ်လို့ မေတ္တာခရီးစဉ်လို့တောင် အမည်တပ်ရမလို ဖြစ်နေပါပြီ ဒီအမည်ဆိုလည်း ကောင်းတာပါပဲလေ။ လူသားတိုင်း လူသားတိုင်း ဒီတရားတွေရဲ့ တန်ဖိုးကို အမှန်နားလည်ပြီး တကယ်လိုက်နာကြဖို့ အင်မတန်မှ လိုအပ်ပါတယ်။ အားလုံး လိုက်နာကျင့်သုံးနိုင်ကြပါစေ။

**လော့့်အင်ဂျလိစ်မှသည် ဖီးမောင့်ဆီသို့**

ဒီနေ့ နံနက်(၆)နာရီ (၅၀)လေယာဉ်နဲ့ လော့စ်အင်ဂျလိစ် လောင်းဘိချ်လေယာဉ်ကွင်းကနေ ဥက္ကလံ လေယာဉ်ကွင်း သွားရပါမယ်။ ဒါကြောင့် (၅)နာရီခွဲခန့် နောက်ဆုံးထားပြီး ကျောင်းကထွက်နိုင်အောင်လို့ အရုဏ်ဆွမ်းကို စောစော ဘုဉ်းပေးရတယ်။ ဘုန်းကြီးတို့ဆီနဲ့မတူဘဲ အမေရိကန်မှာက ဆောင်းပိုင်းမှာ ညတာအလွန်ရှည် ပြီး နွေပိုင်းမှာတော့ နေ့တာက အလွန်ရှည်ပါသတဲ့။ ဘုန်းကြီးတို့ရောက်နေတဲ့အချိန်က နွေပိုင်း



ဖြစ်တာမို့ နေ့တာရှည်ချိန်ပေါ့။ နံနက် (၅)နာရီဆိုလျှင် မိုးက စင်စင်လင်းနေပြီ။ ညနေမှာဆိုလျှင်လည်း နေက (၈)နာရီခွဲ (၉)နာရီ နီးပါးအထိ မဝင်နိုင်သေးဘူး။ ဆောင်းပိုင်း ဆိုလျှင် တော့ နံနက် (၇)နာရီ လောက်အထိ အမှောင်မပျောက်သေး သလို ညနေဆိုလျှင်ဖြင့် (၅)နာရီခန့်လောက်ဆို အတော်ကို မှောင်နေပြီတဲ့။ ဒါကြောင့် ဒေးလိုက်ဆေ့ဗင်တိုင်းလို့ သူတို့ ခေါ်တဲ့နာရီကို ရှေ့တစ်နာရီ၊ နောက်တစ်နာရီရွှေ့တဲ့အလုပ်ကို တစ်နှစ်မှာ (၂)ကြိမ်၊ အများအားဖြင့် လုပ်ကြရပါသတဲ့ အများ အားဖြင့်လို့ ပြောရတာက အချို့ပြည်နယ်တွေက နာရီ အပြောင်း အရွှေ့မလုပ်ကြပါဘူးတဲ့။ တစ်နိုင်ငံတည်းမှာကိုပဲ ကိုယ့် ပြည်နယ်နဲ့ကိုယ့်ဥပဒေ၊ နာရီကို ရွှေ့လို့ရွှေ့၊ မရွှေ့လို့နေ၊ ဘုန်းကြီးဖြင့် အထူးအဆန်းတွေကိုသာ ကြားနေရတော့ တာပါပဲ။

နံနက် (၅)နာရီ မိနစ်(၂၀)မှာ ဓမ္မသုခကျောင်းကနေ ထွက်ခဲ့ကြတယ်။ ဦးရေဝတလိုက်ပို့ပါတယ်။ (၁၅)မိနစ် လောက်မောင်းပြီး လေယာဉ်ကွင်းကို ရောက်ပါတယ်။ ဆရာတော် ဦးသဇ္ဈရော၊ ဦးရေဝတရော၊ ဧည့်ဝတ် အလွန် ကျေကြပါတယ်။ လော့စ်အင်ဂျလိစ် ပတ်ဝန်းကျင်က လေ့လာ သင့်တဲ့နေရာများကို မနားတန်းလိုက်ပို့ကြပါတယ်။ သူတို့ဆီ ကလူတွေကို အတုယူပြီး သိုင်းခ်ယူဆိုတဲ့စကားကို ပြောရလျှင်ဖြင့် အကြိမ်ရာထောင်မက သိုးင်ယူပြောရမလောက်ထိပါပဲ။ ဆရာတော်တွေလည်း မြန်မာပြည်က ဆိုင်ရာဒေသတွေမှာ တတ်နိုင်သလောက် ပရဟိတလုပ်ငန်းစဉ်တွေ ပြန်လည် လုပ်ကိုင်နေကြတာမို့ အားပေးဖို့လိုပါတယ်။ လူမှုဝန်ထမ်း

www.burmeseclassic.com

www.burmeseclassic.com

လုပ်ငန်း ဆိုတာလည်း တစ်နည်းအားဖြင့် သာသနာနဲ့ နီးနွယ်ဆက်သွယ်နေတဲ့ လုပ်ငန်းများပါပဲ။ ကိုယ့်လူမျိုးတွေ ကိုယ်က သာသနာ မပြုနိုင်လျှင်ဖြင့် သူများတွေက သူတို့သာသနာ လာရောက် ပြုကြလေမှာပါပဲ။ ဘုန်းကြီးအမှတ်ပြုမိသလောက်တော့ အမေရိကကို ရောက်နေကြတဲ့ ရဟန်းတော်အများစုဟာ ပြည်တွင်းက ကလေးငယ်များရဲ့ အနာဂတ်နဲ့ပတ်သက်လို့ အထူးစိတ်ဝင်တစား ရှိကြတာကို တွေ့ရပါတယ်။

### အဝတ်တောင်ချွတ်နိုင်း

လောင်းဘီချ်လေဆိပ်အဝင်ဝမှာ ကပ္ပလီအမည်း လူမျိုးဝန်ထမ်းတစ်ဦးက ဖော်ဖော်ရွေရွေလက်အုပ်ချီပြီး သွားရမည့်နေရာကို ညွှန်ပြပါတယ်။ ဗုဒ္ဓဘာသာဝင် ဟုတ်ကောင်းဟုတ်ချင်မှ ဟုတ်မှာ ဖြစ်ပေမယ့် ရဟန်းဆိုလျှင် လက်အုပ်ချီအရိုအသေပေး နှုတ်ခွန်းဆက်ရတယ်ဆိုတဲ့ ယဉ်ကျေးမှု ထုံးတမ်းကိုတော့ သိဟန်ပါပဲ။ ဒီလိုပါပဲ သွားရင်းလာရင်း လက်အုပ်ချီနှုတ်ဆက်တတ်တဲ့ လူဖြူတွေကိုလည်း မကြာမကြာ တွေ့ရတတ်ပါတယ်။ ဗုဒ္ဓအဆုံးအမတရားတွေ သူတို့သန္တာန်မှာ ဘယ်လောက်ကိန်းမကိန်း မသိရပေမယ့် ဗုဒ္ဓအဆုံးအမနဲ့ ဆက်နွယ်တဲ့ ဓလေ့ထုံးစံတစ်ခုကတော့ အတော်များများ အနောက်ကမ္ဘာမှာ မြင်နေရတာကဖြင့် ဝမ်းမြောက်စရာပါပဲ။ ဒါဟာပြည်ပရောက်နေတဲ့ ရဟန်းတော်များရဲ့ ကျေးဇူးပဲ၊ လုံခြုံရေး ဂိတ်အဝင်မှာ လက်ကိုမြှောက်ကာပြရပါတယ်။ ခန္ဓာကိုယ်ကို အနည်းငယ်စမ်းပြီး သွားခွင့်ပြုပါတယ်။ သံသယရှိသူဆိုလျှင် အဝတ်ကိုတောင် ချွတ်ခိုင်းပြီး ရှာဖွေပါသတဲ့။



ဇွန်လ ၂၈ ရက် ၂၀၀၇ ခုနှစ်၊ ရတနာဉာဏ်ကျောင်း ဓမ္မရိပ်သာ ဒေလီစီးတီးမြို့ ကာလီဖိုးနီးယားပြည်နယ်

www.burmeseclassic.com




ဆန်ဖရန်စစ္စကိုမြို့ ဂိုးလ်ဒင်းဂိတ် ကမ္ဘာကျော်တံတားကြီး နောက်ခံထား၍ အမှတ်တရ




ရွှေမင်းဝံဆရာတော် တရားပြသရာ ဖရီးမောင့်မြို့ ဒေါက်တာဓမ္မပိယဆရာတော်၏ မေတ္တာနန္ဒဝိဟာရ ဓမ္မရိပ်သာ

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ဆန်ဖရန်စစ္စကိုမြို့ ကမ္ဘာပေါ်တွင် အကွေ့အကောက် အများဆုံးလမ်းနှင့်
အမှတ်တရ



ဆန်ဖရန်စစ္စကိုမြို့ ကမ္ဘာပေါ်တွင် အကွေ့အကောက် အများဆုံးလမ်းနှင့်
အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com



ဆန်ဖရန်စစ္စကိုမြို့ ဂိုးလ်ဒင်းဂိတ် ကမ္ဘာကျော်တံတားကြီး နောက်ခံထား၍ တပည့်မောင်မိုးကျော်စွာနှင့်အတူ
အမှတ်တရ




ဆန်ဖရန်စစ္စကိုမြို့ ဂိုးလ်ဒင်းဂိတ် ကမ္ဘာကျော်တံတားကြီး တည်ဆောက်ခဲ့စဉ်က သံမဏိကြိုးအပိုင်းအစနှင့်အတူ
အမှတ်တရ

www.burmeseclassic.com



ဆန်ဖရန်စစ္စကိုမြို့ အလှရှုခင်းနောက်ခံနှင့် အမှတ်တရ



လော့စ်အင်ဂျလိစ်မြို့ သင်္ဂြိုဟ်သစ္စာဝိပဿနာရိပ်သာ တရားပွဲ

www.burmeseclassic.com
www.burmeseclassic.com




လော့စ်အင်ဂျလိစ်မြို့ သန္တိသုခဝိပဿနာရိပ်သာ တရားပွဲ




လော့စ်အင်ဂျလိစ်မြို့နယ်၊ အာခေးဒီးယားမြို့ ကိုမောင်မောင် + မဥမ္မာတို့ နေအိမ်တရားပွဲ

www.burmeseclassic.com
www.burmeseclassic.com



ကာလီဖိုးနီးယားပြည်နယ်၊ လပ်စ်ဗေးဂပ်စ်မြို့အနီးက ကမ္ဘာကျော် ဟူးဗားဒမ် ခေါ် ဆည်ကြီးသို့ အမှတ်တရ




ကာလီဖိုးနီးယားပြည်နယ်၊ လပ်စ်ဗေးဂပ်စ်မြို့ရဲ့ ညချမ်း မီးအလှများကို
ဓမ္မသုခဆရာတော် ဦးသဋ္ဌန၊ ဒေါက်တာလှမြင့်အောင်တို့နှင့်အတူ ကြည့်ရှုနေစဉ်

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com




ကာလီဖိုးနီးယားပြည်နယ်၊ လပ်စ်ဗေးဂပ်စ်မြို့ရဲ့ ညချမ်း မီးအလှများကို
ဓမ္မသုခဆရာတော် ဦးသဋ္ဌန၊ ဦးဉာဏိကာဘိဝံသတို့နှင့်အတူ ကြည့်ရှုနေစဉ်



ကာလီဖိုးနီးယားပြည်နယ်၊ လပ်စ်ဗေးဂပ်စ်မြို့ရဲ့ မြန်မာကျောင်းဆရာတော် ဦးဇေယျသုတ၊
ဓမ္မသုခဆရာတော် ဦးသဋ္ဌနတို့နှင့်အတူ အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com





လော့စ်အင်ဂျလိစ်မြို့က ကမ္ဘာကျော် ဟောလီးဝုဒ်ဆိုင်းဘုတ်စာတန်းကြီးနှင့် အမှတ်တရ



လော့စ်အင်ဂျလိစ်မြို့နယ်၊ ဆန်ဒီးယေးဂိုးမြို့ (ဆီးဝါးလ်ဒ်)ပင်လယ်ကမ္ဘာပြတိုက်ကြီး နောက်ခံထား၍
ဒေါ်မြမြဝင်း၊ မရွှေစင်၊ မောင်ဘင်တို့နှင့်အတူ အမှတ်တရ

www.burmeseclassic.com



ကာလီဖိုးနီးယားပြည်နယ်၊ လော့အန်ဂျယ်လိစ်မြို့ ရှုခင်းပုံ




ဆန်ဖရန်စစ္စကိုမြို့ ပေးရီယား၊ ဒေလီစီးတီး
ရွှေမင်းဝံဆရာတော်နှင့် တရားပွဲဖြစ်မြောက်ရေး နိဗ္ဗာန်ဆော်လှူငယ်အဖွဲ့ဝင်များ

www.burmeseclassic.com
www.burmeseclassic.com




ဆန်ဖရန်စစ္စကိုမြို့ ပေးရီယား၊ ဒေလီစီးတီး (၁၁)ကြိမ်မြောက် ရွှေမင်းဝံဆရာတော်တရားပွဲမှ တရားနာပရိသတ်များ



ဆန်ဖရန်စစ္စကိုမြို့ ပေးရီယား၊ ဒေလီစီးတီး (၁၁)ကြိမ်မြောက် ရွှေမင်းဝံဆရာတော်တရားပွဲမှ တရားနာပရိသတ်များ

www.burmeseclassic.com

www.burmeseclassic.com



ဖရီးမောင့်မြို့ မေတ္တာနန္ဒ ဝိဟာရ ဓမ္မရိပ်သာ ရဟန်းခံပွဲ



ဖရီးမောင့်မြို့ မေတ္တာနန္ဒဝိဟာရ ဓမ္မရိပ်သာ ရဟန်းခံအလှူတော်

www.burmeseclassic.com
www.burmeseclassic.com



ဖရီးမောင့်မြို့ မေတ္တာနန္ဒဝိဟာရ ဓမ္မရိပ်သာ တရားပွဲ




ဖရီးမောင့်မြို့ မေတ္တာနန္ဒဝိဟာရဓမ္မရိပ်သာ တရားစခန်းအပြီး ယောဂီများနှင့် အမှတ်တရ

www.burmeseclassic.com
www.burmeseclassic.com




ဒေလီစီးတီးမြို့ ရတနာဉာဏ်ကျောင်းဆရာတော်နှင့် တပည့်ဒကာ၊ ဒကာမများနှင့်အတူ အမှတ်တရ




ဒေလီစီးတီးမြို့ ရတနာဉာဏ်ကျောင်းဆရာတော်၏ စုပေါင်း ဆွမ်းဆက်ကပ်ပွဲ

www.burmeseclassic.com
www.burmeseclassic.com




ဆန်ဟိုဆေးမြို့ ပဏ္ဍိတာရာမဆရာတော်ကြီး တရားပြသရာ တထာဂတ မက်ဒီတေးရှင်းစင်တာ၌ ဘီးလင်းဆရာတော် ဦးပညာဒီပနှင့် အမှတ်တရ




မွန်တရေးမြို့ အီကွေရီယမ် ငါးပြတိုက်မှာ ဦးဃောသိတာဘိဝံသ၊ မောင်မိုးကျော်စွာနှင့်အတူ အမှတ်တရ

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ဘော်ဒါခရိုမြို့ တောင်ပုလု ကမ္ဘာအေးစေတီတော်နှင့် အမှတ်တရ



စက်တင်ဘာလ (၁၁)ရက် ကမ္ဘာ့ကုန်သွယ်ရေးအဆောက်အဦ ညီနောင် လေယာဉ်ကြီးများနဲ့ တိုက်ခိုက်ခံရပြီးကထည်းက လေဆိပ်တွေမှာ အစောင့်အရှောက်အစစ်ဆေးတွေ ပိုမိုများပြား လာတာပါတဲ့၊ အဲဒီအရင်ကဆို လေယာဉ်ထွက်ခါနီးမှ အပြေး အလွှားလာရောက်ပြီး လေယာဉ်ပေါ်ကိုတက်လို့ ရနိုင်ပါသတဲ့။ ခုတော့ လူနည်းစုရဲ့ လုပ်ရပ်ကြောင့် လူအများရဲ့ လွတ်လပ် မှုတွေ ချောမွေ့အဆင်ပြေမှုတွေ ဆုံးရှုံးကြရသလို ဖြစ်သွားပြီပေါ့။ မူလအတိုင်း ပြန်လည်ဖြစ်နိုင်ဖို့ကတော့ ဝေးနေဦးမှာပါ ကိုယ်တစ်ဦးတစ်ယောက်ရဲ့လုပ်ရပ်ကြောင့် ဘယ်သူ့ကိုမှ မထိ ခိုက် မနစ်နာအောင် နေထိုင်တာကတော့ အကောင်းဆုံးပါပဲ။

**လေယာဉ်ကြီးက ရေပြင်ထဲထိုးဆင်း**

ဂျက်ဘလူးအဲယားလိုင်း၊ ဖလိုက်နံပါတ် (၂၄၂)၊ လေယာဉ်ပေါ်ကို ရောက်တော့ (၆)နာရီ (၄၀)ရှိပါပြီ။ လေယာဉ်က မကြီးမသေး၊ ခရီးသည် (၁၅၀)ကျော် (၆၀)ခန့် ဆန့်မယ် ထင်ပါတယ်။ တစ်တန်း တစ်တန်းမှာ (၆)ယောက်၊ အတန်း ပေါင်းက (၂၅)တန်း၊ ဘုန်းကြီးခုံနံပါတ်က (၂၂-အေ) (၇)နာရီ တိတိမှာ လေယာဉ်စထွက်ပါတယ်။ ဘုန်းကြီးထိုင်ခုံရဲ့ ရှေ့ခုံ နောက်ကျောမှာ တီဗွီမှန်သားပြင် တပ်ထားပါတယ်။ လေယာဉ်အတက်မှာ ကမ်းပေးလိုက်တဲ့ တစ်ခါသုံးနားကြပ်ကို ခုံလက်တန်းမှာရှိတဲ့ နားကြပ်အပေါက်မှာတပ်ပြီး ကိုယ်ကြိုက်တဲ့ လိုင်းကို ကိုယ်တိုင်ကြည့်လို့ရပါသတဲ့။ ရေဒီယို နားထောင် ချင်သပဆိုလျှင်လည်း နားထောင်နိုင်ပါသတဲ့ ဘုန်းကြီးကတော့ ဘာမှ နားမလည်လို့ နားကြပ်ကိုလည်း နားမှာ တပ်မ နေတော့

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ ဘုန်းကြီးနဲ့တစ်ခုံကျော် ဦးဉာဏိကဘေးမှာ ထိုင်လာတဲ့ ကပ္ပလိဒကာမကြီးကတော့ အချက်အပြုတ် ဝါသနာပါဟန် တူရဲ့၊ ဟင်းချက် ပုံဟင်းချက်နည်းတွေ ပြသနေပုံကို တစ်လမ်းလုံးကြည့်နေလေရဲ့။ (၁)နာရီ ကျော်ကျော် လေယာဉ်စီးပါတယ်။ ကွင်းထဲကို ဆင်းခါနီးမှာ လေယာဉ်ကြီးက ရေပြင်ထဲကို ထိုးဆင်းသွားဟန် ထင်ရပါတယ်။ ဥက္ကလံ လေဆိပ်က ဆန်ဖရန်စစ္စကို ပင်လယ်ကွေ့ အရှေ့ဘက်က ကမ်းစပ်မှာ တည်ဆောက်ထားတာမို့ အခုလိုထင်ရတာပါတဲ့။ လေယာဉ်ပေါ်ကနေမိုးပြီး မြင်နေရတဲ့ တံတားကြီးက ဆန်မတီ ယိုတံတားလို့ ခေါ်ပါသတဲ့ အရှည်က (၈)မိုင် ကျော်ကျော်၊ ဘုန်းကြီးတို့ ဆန်ဖရန်စစ္စကိုကနေ ဖရီးမောင့်ကိုလာတော့ ဒီတံတားကြီးပေါ်က ဖြတ်လာခဲ့တာတဲ့ ဒီပင်လယ်ကွေ့ကြီးကို ဖြတ်ထားတဲ့ ခုလို တံတားကြီးတွေ ဒီအနီးအနားမှာ(၇)ခုတောင် ရှိပါသတဲ့။ တတ်လည်း တတ်နိုင်တဲ့ သူတွေ၊ ဥက္ကလံ လေဆိပ်ကို မောင်မိုးကျော် လာကြိုပါတယ်။ လေဆိပ်ကို ပြုပြင်မွမ်းမံမှုတွေလုပ်နေတာမို့ တစ်ပိုင်းတန်းလမ်း ဆောက်လုပ် ပြုပြင်လက်စတွေကို တွေ့မြင်နေရပါတယ်။ မြောက်ပိုင်းကာလီဖိုးနီးယားက တောင်ပိုင်း ထက်ပိုအေးပါတယ်။ မနေ့က လော့စ်အင်ဂျလိစ်မှာ အတန်ငယ် ပူအိုက်နေပေမယ့် ဒီနေ့ဥက္ကလံ လေဆိပ်အထွက်မှာတော့ ရာသီက ချမ်းစိမ့်စိမ့် ကိုယ့်နေရာ ကိုယ့်ဒေသ ပြန်ရောက်သလား ခံစားမိရ။

နေ့ဆွမ်းကိုတော့ မေတ္တာနန္ဒမှာပဲ သောကြာနေ့တိုင်း ဆွမ်းကပ်တဲ့ မြန်မာအမေရိကန် ဗုဒ္ဓဘာသာအသင်းနာယကကြီး ဒေါက်တာဒေါ်ခင်မြင့်မြင့် လာရောက်ဆက်ကပ်ပါတယ်။ ဒီနေ့တော့ မေတ္တာနန္ဒမှာပဲ နားနေခဲ့ပါတယ်။



ညနေပိုင်းမှာ မေတ္တာနန္ဒဝိဟာရဓမ္မရိပ်သာမှာ ရဟန်းခံပွဲ ပြုလုပ်ကြပါတယ်။ စတုပစ္စယဒကာ ဒကာမများက ဦးသိန်းအောင်၊ ဒေါ်ရှုတီ (မော်လမြိုင် ဒေါ်ချိုအမျိုး) မိသားစု၊ ရဟန်းလောင်းက သားဖြစ်သူ မောင်သိန်းလှိုင်ထွန်း၊ ဘွဲ့တော်က အရှင်သုဓမ္မာ စာရ၊ ဘုန်းကြီးက ဥပဇ္ဈာစရိယ၊ ဦးယောသိတာဘိဝံသ (မေတ္တာနန္ဒဝိဟာရ) က အနုသာသက၊ ဒေါက်တာ ဓမ္မပိယ (မေတ္တာနန္ဒဝိဟာရ) အရှင်တေဇဝန္တ (ရတနာဉာဏ်ရောင် – ဒေလီစီးတီး) အရှင် ဉာဏိကာဘိဝံသ (မေတ္တာနန္ဒဝိဟာရ)တို့က ကာရကသံဃာအဖြစ် ချီးမြှင့်တော်မူပါတယ်။

ညနေပိုင်းမှာ ဒကာ ဦးသိန်းအောင် (ယောဂီ ဒေါ်နွဲ့မောင်) လာရောက် တွေ့ဆုံပါတယ်။ ဒကာ ဦးလင်းကြည်၊ ဒကာ ဦးကြည်မျိုး၊ ဒေါ်ကြည်ကြည်လွင်မိသားစုများ လာရောက် ဖူးတွေ့ကြပါတယ်။ ဒီပုဂ္ဂိုလ်များကတော့ ဘုန်းကြီးတို့ ဒကာရင်းတွေပါ၊ ဦးလင်းကြည်တို့ မိသားစုများက သောဘနာရာမ ရွှေမင်းဝံသာသနာ့ရိပ်သာ(ပဲခူး)မှာ ယောဂီကျောင်းဆောက်လုပ် လှူဒါန်းထားတဲ့ ကျောင်းဒကာ၊ ဒကာမတွေပါ။

ဦးကြည်မျိုး၊ ဒေါ်ကြည်ကြည်လွင်တို့မိသားစုဆိုရင်လည်း သောဘနာရာမ ရွှေမင်းဝံသာသနာ့ရိပ်သာ(ပဲခူး)မှာ ရေအမြဲစီးနေတဲ့ ချောင်းထဲမှာ တည်ဆောက်ထားတဲ့ ရေသိမ်ကျောင်းနဲ့ သိမ်ကျောင်းကိုသွားရာ တံတားတို့ကို လှူဒါန်းထားကြတဲ့ ကျောင်းဒကာ၊ ဒကာမများ နောက်ပြီး ဘုန်းကြီးကို သိမ်ထပ်ထားကြတဲ့ ရဟန်းဒကာ၊ ဒကာမများလည်း ဖြစ်ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



လာမည့် တနင်္ဂနွေနေ့မှာ မေတ္တာနန္ဒဝိဟာရမှာ သီတင်းသုံးတော်မူကြတဲ့ သံဃာများနှင့်အတူ နေအိမ်မှာ နေ့ဆွမ်းဘုဉ်းပေးဖို့ ပင့်ကြပါတယ်။

ကျောင်းဒကာကြီး ဦးလင်းကြည်မိသားစုများမှလည်း ဘုန်းကြီးဆောင်ရွက်နေတဲ့ လက်လှမ်းမီ တစ်နိုင်တစ်ပိုင် လူမှုရေးကုသိုလ်လုပ်ငန်းဖြစ်တဲ့ ဘုန်းကြီးရဲ့ နှစ်(၆၀)ပြည့်မွေးနေ့မှာ ဆောင်ရွက်မည့် ဘဒ္ဒန္တသောဘန ပညာသင်ဆုအတွက် (၁၅) သိန်း ပါဝင်လှူဒါန်းပါမည်ဟု လျှောက်ထားပါတယ်။ ဦးလင်းကြည်၏ မိတ်ဆွေမှာလည်း (၅)သိန်း ပါဝင်လှူဒါန်းမည့်အကြောင်း လျှောက်ထားကြပါတယ်။ ဘုန်းကြီးလက်သုံး ဖြဟ္မစိုရ် နှလုံးရှိဖို့ကိုသာ သူတို့ကိုလည်း ဟောကြားပေးလိုက်ပါတယ်။

၂၀၀၇ခုနှစ်၊ ဇွန်(၂၃)ရက်၊ စနေနေ့

**ထူးကဲပါတဲ့တရားပွဲ**

အရဏ်ဆွမ်းကို ဆန်ဘရူနိုမြို့က ဦးမြင့်သိန်း၊ ဒေါ်ခင်ခင်စိန် (ဦးကြည်မျိုး၊ ဒေါ်ကြည်ကြည်လွင်တို့၏အမ) သမီး ခင်စုမြင့်တို့အိမ်မှာ ဘုဉ်းပေးကြပါတယ်။ ဖရီးမောင့်ကနေ ဆန်ဘရူနိုအထိ မိနစ်လေးဆယ်လောက် မောင်းရတာမို့ မေတ္တာနန္ဒကနေ (၅)နာရီမှာ ထွက်ခဲ့ပါတယ်။ အရဏ်ဆွမ်းမဘုဉ်းပေးမီမှာပဲ ဆွမ်းအနုမောဒနာ တရားဟောခဲ့ပါတယ်။ ဆွမ်းဒကာများရဲ့ ဆွေမျိုးမိတ်ဆွေ တော်တော်များများ လာရောက် တရားနာယူကြပါတယ်။ ခုလိုရုံး ပိတ်ရက်မျိုးမှာ



မနက်စောစောထဖို့ ဝန်လေးတတ်ကြပေမယ့် ခုလိုသိုက်သိုက်ဝန်းဝန်း၊ စည်စည်ကားကား တွေ့ရတော့ ကျေနပ်အားရစရာပါပဲ၊ အုန်းနို့ခေါက်ဆွဲ၊ ခေါက်ဆွဲကြော်၊ ဆန်ပြုတ်စတဲ့ စားဖွယ်၊ ခဲဖွယ်တွေစုံလို့ပါပဲ။ ကာလ ဒါနအကြောင်းကို အကျဉ်းချုပ်ဟောပြီး ရေစက်ချပေးခဲ့ပါတယ်။

နေ့ဆွမ်းကို မေတ္တာနန္ဒမှာပဲ ဘုဉ်းပေးလိုက်ပါတယ်။ ဦးဓမ္မပိယ၊ ဦးယောသိတနဲ့ ဦးဉာဏိကတို့ အပြင်ကို ဆွမ်းစားကြွကြပါတယ်။ ဘုန်းကြီးနဲ့ ရဟန်းသစ် အရှင်သုဓမ္မာစာရတို့ အရှင်သုဓမ္မာစာရရဲ့ ခမည်းတော်၊ မယ်တော်များ လာရောက်ဆက်ကပ်တဲ့ဆွမ်းကို ဘုဉ်းပေးကြပါတယ်။ ဒေါ်အုန်းရွှေသမီး ဖုန်းဆက်၊ ညတရားပွဲကို လာတွေ့သူ လည်း ဇူလိုင် (၂၂)ရက်နေ့ မြန်မာပြည်ပြန်မည်တဲ့။

မနက် (၁၀)နာရီလောက်ကတည်းက ကျောင်းအောက်ထပ်မှာ နက်ဖန်အတွက် မုန့်ဟင်းခါးချက်ကြမည့်သူများ ရောက်နေကြပါတယ်။ ဒီညနေ မေတ္တာရောင်ခြည်အသင်းက ဒကာမကြီး ဒေါ်လှညွန့် သီလရှင်ဝတ်မည်တဲ့၊ နက်ဖန်တော့ သီလရှင်ဝတ်ပွဲအထိမ်းအမှတ်အဖြစ် သံဃာတော်များကို နေ့ဆွမ်း ဆက်ကပ်၊ ပရိသတ်များကိုလည်း ကျွေးမွေးဧည့်ခံပါမည်တဲ့၊ သူ့ဓမ္မမိတ်ဆွေတွေ တစ်နေ့လုံးစုရုံး မုန့်ဟင်းခါး ချက်ပြုတ်နေကြလေရဲ့။ "ဆန်ပြုတ် နဲ့ မုန့်ဟင်းခါး၊ တခြားစားစရာမရှိမှ စားတယ်" ဆိုတဲ့ အရှင်ဉာဏိကစကားကို သတိရမိပါရဲ့၊ နက်ဖန်မှာ မုန့်ဟင်းခါးချည်းတော့လည်း မဖြစ်တန်ကောင်းပါဘူးလေ။

www.burmeseclassic.com

www.burmeseclassic.com



ညတရားပွဲကို ဒေလီစီတီမြို့က၊ ဂျက်ဖာဆင်အထက်တန်းကျောင်းမှာ ဟောပြောခဲ့ပါတယ်။ ဒီမြို့မှာ မြန်မာပြည်ကနေ လာရောက် အခြေချ နေထိုင်သူတွေများသတဲ့၊ ဟုတ်မယ်ထင်ပါတယ်။ တရားပွဲကို လာရောက် နာယူသူတွေ အတော်များပါတယ်။ စုစုပေါင်း ခန့်မှန်းခြေ (၃၀၀)ကျော်လောက် ရှိမယ်ထင်ပါရဲ့၊ အမေရိကန်မှာတော့ ထူးခြားတဲ့ တရားပွဲပါပဲ ဖေးဇရိယာ ဓမ္မမိတ်ဆွေများနှင့် နိဗ္ဗာန်ဆော်အကျိုးဆောင်အဖွဲ့တို့၏ (၁၁)ကြိမ်မြောက် ဓမ္မဒါနတရားအလှူပွဲ ဖြစ်ပါတယ်။ ဒီတရားပွဲမှာ ဗုဒ္ဓဘာသာဝင်တိုင်း အမြဲတမ်း ရွတ်ဆိုပွားများနေတဲ့ မေတ္တာသုတ္တံတရားတော်ကို အကျယ်တဝင့် ပါဠိမြန်မာအဓိပ္ပါယ်တို့ကို ရှင်းလင်းပြီး ပါဠိဂါထာတို့ရဲ့ ဆိုလိုချက်တွေကို မေတ္တာသုတ္တံကို ရွတ်ပွားတိုင်း သဘောပေါက် နားလည်အောင် ချီးမြှင့်ခဲ့ပါတယ်။ စုပေါင်းဓမ္မဒါနပူဇာအဖြစ် ဝတ္ထုများလည်း လှူဒါန်းပူဇော်ကြပါတယ်။ မြန်မာအများဆုံး တွေ့ရတဲ့နေရာပါပဲ၊ တရားရှုမှတ်၊ တရားဟောနဲ့ဆိုတော့ အချိန်က (၂)နာရီ (၁၅)မိနစ်လောက် ကြာသွားပါတယ်။ (၉)နာရီ (၁၅)မိနစ်မှာ တရားဟောပြီးပါတယ်။ ဟောပြီးပြန်တော့ ဝမ်းမြောက်ဝမ်းသာဖြစ်ကြောင်း လာရောက်လျှောက်ထားပြီး ဆွေမျိုးစပ်နေကြတာနဲ့ မေတ္တာနန္ဒကို ပြန်ရောက်တော့ (၁၁)နာရီထိုးလုနီးပါပြီ။



၂၀၀၇ခုနှစ်၊ ဇွန်(၂၄)ရက်၊ တနင်္ဂနွေနေ့

**ရွှေခြားမြေခြား မြန်မာများ**

နံနက် (၄)နာရီခွဲ၊ အိပ်ရာထ၊ တရားရှုမှတ်၊ အရုဏ်ဆွမ်းကို ကိုမိုးမြင့်၊ မကြည်ကြည်ဝင်း (သမီး) လမင်းအောင်မိသားစုတို့က ဆက်ကပ်ပါတယ်။ သူတို့အိမ်က မေတ္တာနန္ဒနဲ့ နီးနီးလေးပါပဲ။ လမင်းအောင်ဆိုတဲ့ သမီးငယ်က (၆)တန်းတက်ရပါမယ်တဲ့၊ မြန်မာလိုပဲ ပီပီသသပြောပါတယ်။ ရှိခိုးဦးချတာလည်း စနစ်တကျပါပဲ၊ ဒီနိုင်ငံမှာမွေးပေမယ့် ကိုယ့်ယဉ်ကျေးမှုမမေ့ရအောင်၊ ကိုယ့်မိခင် ဘာသာစကား ပြောတတ်အောင် ထိန်းသိမ်းမွေးမြူခဲ့တဲ့ မိဘများကို ချီးကျူးရမှာပါပဲ။ ကွယ်လွန်သွားကြတဲ့ နှစ်ဘက်မိဘများကို ရည်စူးပြီး ကုသိုလ်ဒါန ပြုလုပ်ခြင်းပါတဲ့၊ ကောင်းမြတ်တဲ့ အစဉ်အလာများပါပဲ။

အကြောင်းအမျိုးမျိုးကြောင့် ပြည်ပနိုင်ငံများမှာ မြန်မာနွယ်ဖွားတွေ အခြေချနေထိုင်ကြရတယ်။ နိုင်ငံရပ်ခြားမှာ အဆင်ပြေသူလည်းရှိ၊ မပြေသူလည်းရှိတယ်လို့ ကြားသိရပါတယ်။ အထူးသဖြင့် တိုးတက်တဲ့ နိုင်ငံကြီးမှာ တရားဝင်နေထိုင်ခွင့်ရှိကြသူ အများစုကတော့ ပြေလည်ကြတာက များကပါတယ်။ အမေရိကကို ရောက်နေကြသူ အများစုကတော့ ခြုံပြောရလျှင် ပြေလည်သူတွေ များပါတယ်။ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စတာတွေမှာ ပြည့်စုံကြသူများပါတယ်။ အမေရိကကို ရောက်နေကြသူအများစုက မြန်မာပြည်မှာ စီးပွားရေး၊ ပညာရေးစတဲ့ အခွင့်အလမ်းကောင်းများရှိကြသူက များပါတယ်။ ခုလိုကိုယ်ကိုယ်၌ကလည်း နောက်ခံအကြောင်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



ကြသူများဖြစ်ပြန်၊ ရောက်ရှိနေထိုင်ရတဲ့ အရပ်ကလည်း ရွေးချယ်စရာများပြားတဲ့ အနေအထားဖြစ်သောကြောင့် ခုလို အခွင့်သာကြတာလည်း ဖြစ်မှာပါ။ အခြေမကျနိုင်သေးပဲ ခက်ခက်ခဲခဲ ရုန်းကန်လှုပ်ရှားနေကြသူတွေလည်း ရှိကောင်းရှိမှာပါပဲ။ သို့ပေမယ့် အမေရိကန်နိုင်ငံသားတွေက သူတို့နိုင်ငံကို (Land of Opportunity) အခွင့်အလမ်းတွေနဲ့ ပြည့်လျှမ်းနေတဲ့ နိုင်ငံလို့ ပြောကြပါတယ်။ ဖြစ်နိုင်ပါတယ်။ သူတို့အပြောအရတော့ ယူတတ်လျှင်ရနိုင်မည့်အရာတွေ များပါတယ်။ သို့ပေမယ့်ရနိုင်တဲ့ အခွင့်လမ်းကို အပြည့်အဝ အသုံးမချတတ်လျှင်လည်း ဒီအခွင့်လမ်းက ကိုယ့်အတွက် မဟုတ်သလို ဖြစ်သွားမှာပါပဲ။ နေရာသစ်မှာ ဘဝသစ်ကို ထူထောင်ကြရင်း နေရာသစ်နဲ့ လိုက်လျောညီထွေရှိစေဖို့ ကိုယ့်ရဲ့အဟောင်းတွေကို စွန့်လွှတ်ရတာတွေလည်း ရှိနိုင်ပါတယ်။ သို့ပေမယ့် အစဉ်အလာအရ လက်ခံထားတဲ့ ကိုယ့်ယဉ်ကျေးမှုများထဲမှာလည်း ဆက်လက်ထိန်းသိမ်းထားရမည့်အရာတွေ ကိုယ်ရဲ့ နောက်မျိုးဆက်သစ်တွေအထိ လက်ဆင့်ကမ်းရမည့်အရာတွေလည်း ရှိပါတယ်။ ပြည်ပနိုင်ငံရောက် မိဘများအနေနဲ့ တစ်ဖက်မှာ ဘဝရပ်တည်ရှင်သန်ဖို့ ကြိုးစားကြရင်း တစ်ဖက်မှာလည်း ကိုယ်ရဲ့ တန်ဖိုး ကြီးမားလှတဲ့ ရိုးရာအလှတွေ၊ ယဉ်ကျေးမှုအမွေတွေကို ကိုယ့် သား၊ ကိုယ့်သမီး၊ ကိုယ့်ရင်သွေးများဆီ လက်ဆင့်ကမ်းနိုင်အောင် ကြိုးစားဖို့လည်း မမေ့သင့်ကြောင်း သတိစကားပေးချင်ပါတယ်။

နေ့ဆွမ်းကို ဦးကြည်မျိုး၊ ဒေါ်ကြည်ကြည်လွင်တို့အိမ်မှာ ဘုဉ်းပေးပါတယ်။ ဦးဓမ္မပီယနှင့် နှစ်ပါးအတူ မေတ္တာ



နန္ဒကျောင်းမှာ ရဟန်းခံနှင့် သီလရှင်ဝတ်ပွဲ အလှူရှင်များရဲ့ ဆွမ်းကပ်ရှိနေတာကြောင့် သံဃာသုံးပါး ကျောင်းမှာ ဘုဉ်းပေးရန် ချန်ထားခဲ့ရသည်။

ဦးထင်ကျော်၊ ဒေါ်ကြည်မြနှင့် သမီးတို့လည်း လာရောက်ဖူးတွေ့ကြပါတယ်။ ဘုန်းကြီးရဲ့ ရွှေမင်းဝံသာသနာ့ရိပ်သာမှာ အထူးအားကိုးရတဲ့ သာသနာပြုဘက် ဒကာ၊ ဒကာမများ ဖြစ်ကြပါတယ်။

နေ့လည် (၁)နာရီမှာ နေ့ဆွမ်းကပ်ကြတဲ့ အလှူရှင်များနဲ့ သူတို့ ဓမ္မမိတ်ဆွေများကို တရားစကား အနည်းငယ် ဟောပြောခဲ့ရပါတယ်။ ဆွမ်းအလှူက သောကြာနေ့က ရဟန်းပြုခဲ့တဲ့ မောင်သိန်းလှိုင်(အရှင်သုဓမ္မာစာရ)ရဲ့ မိဘများနဲ့ စနေနေ့က သီလရှင်ဝတ်ခဲ့တဲ့ ဒေါ်လှညွန့် (မကောမုဒီ) မိသားစုတို့ပါ။ သာသနာ့အမွေခံဖြစ်ဖို့ ဘယ်လိုပြုကျင့်ရမည်ဆိုတဲ့အကြောင်း သိရှိစေမှာသောက ဥပမာထားကာ ဟောကြားပေးခဲ့ပါတယ်။ အားလုံးကျန်းမာပြီး သာသနာပြုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ကြပါစေ။

၂၀၀၇ ခုနှစ်၊ ဇွန်(၂၅)ရက်၊ တနင်္လာနေ့။

ကိုအောင်မြင့်ဦး၊ မသီတာခင်မိသားစုက အရုဏ်ဆွမ်းလာရောက် ဆက်ကပ်ပါတယ်။ သူတို့မိသားစုက မေတ္တာနန္ဒသံဃာတော်များအတွက် တနင်္လာနေ့တိုင်း အရုဏ်ဆွမ်းလှူမြဲပါတဲ့၊ မနေ့က အလှူရှင်များစီမံထားခဲ့တဲ့ မုန့်ဟင်းခါး၊ မသီတာခင်လက်ရာ နန်းကြီးသုတ်တို့နဲ့ ဖွယ်ဖွယ်ရာရာပါ။

www.burmeseclassic.com

www.burmeseclassic.com



နန်းကြီးသုတ်လက်ရာမြောက်တဲ့အကြောင်း ဆရာတော်များကို ပြောဖြစ်ပါသေးတယ်။

နေ့ဆွမ်းကို ဆန်ဖရန်စစ္စကိုမှာ ကြွရောက်ဘုဉ်းပေးရပါတယ်။ ဦးဥာဏိက မောင်းပို့တဲ့ကားနဲ့ ကြွကြပါတယ်။ ပထမ ရတနာ ဉာဏ်ရောင်ကျောင်းကို ကြွ၊ အဲဒီကမှတစ်ဆင့် အလှူရှင်များအိမ်ကို ကြွပါတယ်။ ဆွမ်း အလှူရှင်များကတော့ စီတုန်ဝေါင်းနဲ့ မတင်လှမိသားစုပါ။ သူတို့မိတ်ဆွေများလည်း စုပေါင်းချက်ပြုတ်ကြ၊ တရားကိုလည်း စုပေါင်းနာယူကြပါတယ်။

### စည်ပင်ကြည်လင်လိုက်ပုံက

ညနေပိုင်းမှာ တထာဂတ မက်ဒီတေးရှင်စင်တာကို သွားရောက်ခဲ့ပါတယ်။ မကြာမီကပဲ ပဋ္ဌာန်တာရာမ ဆရာတော်ကြီးလာရောက်တရားပြသွားပါသေးတယ်။ ရိပ်သာမှာ အကြီးအကဲအဖြစ် ဘီးလင်းဆရာတော်ကြီး ဦးပညာဒီပ သီတင်းသုံးနေပါတယ်။ လက်ထောက်အဖြစ် ဦးကဝိန္ဒက ဆောင်ရွက်နေပါတယ်။ အခြားဗီယက်နမ် ရဟန်းတော်တစ်ပါး၊ အမေရိကန်သီလရှင်တစ်ပါးနဲ့ မဟာယာန သီလရှင်နှစ်ပါးကိုလည်း တွေ့ရပါတယ်။

တထာဂတ တရားရိပ်သာက ရိပ်သာတစ်ခုမှာရှိသင့်တဲ့ အင်္ဂါရပ်များနဲ့ ပြည့်ပြည့်စုံစုံပါ။ သံဃာတော်များ သီတင်းသုံးရာကျောင်းဆောင်၊ ဆွမ်းစားခန်းနဲ့ မီးဖိုဆောင်၊ အမျိုးသားယောဂီဆောင်၊ အမျိုးသမီးယောဂီဆောင် နဲ့ မကြာမီကမှ တည်ဆောက်ပြီးစီးသွားခဲ့တဲ့ ကျယ်ကျယ်ပြန့်ပြန့်၊ သန့်သန့်



ရှင်းရှင်း ဓမ္မာရုံကြီးလည်း ရှိပါတယ်။ ဒီဓမ္မာရုံကြီးကို (၂)လအတွင်း တည်ဆောက်ခဲ့ရတယ်လို့ ပြောပြပါတယ်။ ရိပ်သာဘေးမှာရှိတဲ့လမ်းကို မြို့စည်ပင်သာယာက ပြုပြင်လို့ ချဲ့လိုပါသတဲ့ ဒါကြောင့် ရိပ်သာပိုင်မြေထဲက (၆)ပေလောက် စည်ပင်ကိုပေးရတယ်တဲ့၊ ဒီအတွက် စည်ပင်က မြေတန်ဖိုးကို ရိပ်သာကိုပေးမယ်ဆိုတော့ ရိပ်သာလူကြီးများက ငွေအစား ဓမ္မာရုံအဆောက်အဦကိုပဲ လိုချင်တယ်ဆိုတာကြောင့် စည်ပင်က ပေးတဲ့ငွေနဲ့ပဲ ဓမ္မာရုံကြီးကို (၂)လအတွင်း အပြီး တည်ဆောက်ခဲ့ပါသတဲ့။ နှစ်သိန်းကျော် သုံးသိန်းလောက် ကုန်ကျမယ် မှန်းပါတယ်တဲ့။ ဒါတင်မက စည်ပင်က ရိပ်သာ ဘေးပလက်ဖောင်းများ ဝင်းထရံအကာများ၊ တံခါးများပါ တာဝန်ယူ လဲလှယ်ပေးပါသတဲ့။ သူတို့ဆီက မြို့ပြဆိုင်ရာ စည်းကမ်းဥပဒေကလည်း စိတ်ဝင်စားစရာတစ်မျိုးပါပဲ။

အထူးသဖြင့် စကြန်လမ်းများ၊ စကြန်ဘေးမှာ စနစ်တကျ စီတန်း စိုက်ပျိုးထားတဲ့ ဆိုက်ပရပ်ပင်များနဲ့ အထူးပဏာရလှပါတယ်။ ရိပ်သာအတွင်းမှာ စားပင်မျိုးစုံ၊ ပန်းပင်မျိုးစုံနဲ့ စိမ်းလန်းစိုပြေလှသမို့ တရားရှုမှတ်တဲ့ ယောဂီများအတွက် သပ္ပါယမျှတဲ့ အာဝါသကောင်းတစ်ခု ဖြစ်နိုင်မှာပါ။ ဆွမ်းစားဆောင်များ၊ ဆွမ်းချက်ဆောင်များကိုလည်း ဝင်ရောက်လေ့လာခဲ့ပါတယ်။ အတုယူဖွယ်တွေ အတော်များပြားပါတယ်။ ဘုန်းကြီးတို့ရိပ်သာ မှာလည်း ပြုပြင်စရာတွေကို ပြုပြင်ရဦးမယ်၊ အားလုံးအတွက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



**၂၀၀၇ ခုနှစ်၊ ဖွန်(၂၆)ရက်၊ အင်္ဂါနေ့**

**အသိအကျင့် စွယ်စုံတင့်မှ**

အရုဏ်ဆွမ်းကို ဦးဒေးဗစ်၊ ဒေါ်ဘေဘီမိသားစုများက အင်္ဂါနေ့တိုင်း ကပ်နေကြအစဉ်အလာအတိုင်း ကပ်ကြပါတယ်။ ဆန်ပြုတ်၊ နန်းကြီးသုတ်၊ သစ်သီးစုံ၊ ကျောင်းပိတ်ထားချိန်ဖြစ်လို့ သမီးငယ်လေးများကိုလည်း ခေါ်လာပါတယ်။ ဘာသာရေးနဲ့ မစိမ်းအောင် ခုလိုကျောင်းကန်ဘုရားတွေဆီ သားသမီးတွေ ခေါ်လာပေး၊ ရဟန်း သံဃာများကို ဘယ်လိုဆွမ်းကပ်ရမယ်။ ဘယ်လို =ဝတ်ပြုရမယ်ဆိုတာတွေ သင်ပြပေးခြင်းဟာ ကောင်းတဲ့ အစဉ်အလာများ ဖြစ်ပါတယ်။ မြန်မာနွယ်ဖွားမိဘတွေ ကိုယ့်သား၊ ကိုယ့်သမီးများရဲ့ အနာဂတ်အရေးအတွက် စဉ်းစားကြရာမှာ စာရိတ္တမဏ္ဍိုင် ခိုင်မာတောင့်တင်းရေးနဲ့ အမျိုးဘာသာ၊ သာသနာတွင်းမှာရှိတဲ့ ကောင်းမြတ်တဲ့ အစဉ်အလာများ လက်ဆင့်ကမ်းရေးကိုလည်း ခေတ်မီပညာပေးရေးနဲ့အတူ အလေးထားသင့်ကြတယ်။ စာရိတ္တပြည့်ဝတဲ့ ပညာရှင်များသာလျှင် လောကကို အလှဆင်ရာမှာ အံဝင်ခွင်ကျ ဖြစ်ပါလိမ့်မယ်။ ပညာတတ်ပြီး ကိုယ်ကျင့်တရား ချွတ်ယွင်းသူတွေ၊ ကိုယ်ကျင့်တရားကောင်းတဲ့ ပညာမဲ့သူတွေနဲ့ လောကကို တည်ဆောက်မယ်ဆိုရင်တော့ ကျိုးကန်းနေသူတွေနဲ့ တည်ဆောက်ရသလိုမျိုးဖြစ်လို့ ခရီးပေါက်မှုနည်းပါလိမ့်မယ်။

နေ့ဆွမ်းကို ဒေါ်မြင့်မြင့်အေး မိသားစုက ကပ်ပါတယ်။ ဒေါ်မြင့်မြင့်အေးဆိုတာက ဘုရင့်နောင်ပွဲရုံက မအေးအေးမွန်ရဲ့ မိခင်ကြီး ဖြစ်ပါတယ်။ ဒေါ်မြင့်မြင့်အေးက အမေရိကမှာလည်း



သမီးနှစ်ယောက်ရှိပါတယ်တဲ့။ အပြောလည်းသွက်၊ လှုပ်ရှားမှုလည်းသွက်၊ အရွယ်နဲ့မမျှအောင် သွက်လက်ဖျတ်လတ်တဲ့ ဒကာမကြီးတစ်ဦးပါပဲ။ ဆွမ်းစားပြီးနောက် နယူးဝါ့က်မြို့၊ နယူးပါ့ခ်မေမှာ ဖွင့်ထားတဲ့ သူတို့ဆိုင်ကို ဒေါ်မြင့်မြင့်အေး (သမီး) ခင်အေးလွင်က လိုက်ပြပါတယ်။ ဆိုင်မှာတော့ ဒေါ်မြင့်မြင့်အေးရဲ့ (သမီးကြီး) မခင်အေးမြင့်က ဦးစီးရောင်းချနေပါတယ်။ အအေးမျိုးစုံ၊ မြန်မာ စားသောက်ဖွယ်ရာမျိုးစုံ ရောင်းချတယ်လို့ ဆိုပါတယ်။

**၂၀၀၇ ခုနှစ်၊ ဇွန်(၂၇)ရက်၊ ဗုဒ္ဓဟူးနေ့**

**နဲသိသ ဘဝသံသရာ ဥပမာ**

နံနက်ဆွမ်းအလှူရှင်များကတော့ ဦးအေးကြူ၊ ဒေါ်စန်းရီ မိသားစုများ ဖြစ်ပါတယ်။ ဦးအေးကြူ၊ ဒေါ်စန်းရီ ရဲ့ သမီး အော်ဒရီကသားတွေ ကျောင်းပိတ်ချိန်များမှာ သားတွေ ဘာသာရေးနဲ့ မကင်းဝေးစေဖို့ အရင်ကလည်း ခုလို မကြာမကြာ ကပ်လေ့ ရှိတယ်လို့ ဆိုပါတယ်။ အရုဏ်ဆွမ်းအဖြစ် အမေရိကန် အစားအစာများဖြစ်တဲ့ မြန်မာ ဘိန်းမုန့်နဲ့ ခပ်ဆင်ဆင်-ပန်းကိတ်၊ ဟက်ဘရောင်းဆိုတဲ့ အာလူးကတ်တလိပ်ပြားကြော်၊ ဝက်သားခြောက်ပြားကြော်၊ ကြက်ဥကြော်တို့ ဖြစ်ပါတယ်။ ဆွမ်းဘုဉ်းပေးနေရင်း ဦးဓမ္မပီယက ခုလိုစားကောင်းသောက်ဖွယ်တွေမြင်ရတိုင်း မြန်မာပြည်က သူဦးစီးပျိုးထောင်နေတဲ့ ငါးကျမ်းပြန်ရိပ်သာက ရဟန်းသာမဏေများကို အမြဲသတိရကြောင်း ပြောပါတယ်။ တပည့်တပန်းတွေ အမြောက်အများ မွေးထားပြီဆိုတော့ တပည့်တပန်း သံယောဇဉ်တွေ တိုးလာပြီပေါ့။ ဘုန်း

www.burmeseclassic.com

www.burmeseclassic.com



ကြီးနဲ့ သဘောထားတူပါတယ်။ ဘုန်းကြီးလည်း အရပ်ပြန်ရောက်ခိုက် လမ်းမှာတွေ့တဲ့ မုန့်သည်ကိုခေါ်ပြီး ပါလာသမျှတွေကို အပြတ်ငွေပေးချေစေပြီး အနီးအနားမှာရှိတဲ့ ကလေးသူငယ်တွေကို ခေါ်ပြီး ကျွေးမွေးလေ့ရှိတဲ့အကြောင်း ပြန်ပြောဖြစ်ပါတယ်။ သတ္တဝါတွေရဲ့ ကံကလည်း အင်မတန် ဆန်းကြယ်ပါတယ်။ ဒီအမေရိကန်နိုင်ငံမှာတော့လည်း တချို့ မိဘတွေက သူတို့သားသမီးငယ်တွေကို အချိန်မှန်စားဖို့ အထူးတလည် တိုက်တွန်းရပါသတဲ့။ သူတို့တွေကြတော့ စားစရာတွေအလျှံပယ် ပေါများကြလေတော့ သူတို့တမ်းတတဲ့ အရပ်မှာ အစားဆိုတာ မပါပါဘူးတဲ့၊ သွားလေရာ၊ လာလေရာမှာ ဗွီဒီယိုဂိမ်းတွေ ကိုယ်စီနဲ့မို့ အစားထက် ကစားသန်နေကြတော့ အစားမေ့နေတတ်ကြပြန်ရောတဲ့၊ စားစရာမဲ့တော့ စားစရာတ၊ စားစရာပြည့်တော့ တခြားအရာ၊ လိုဘဆိုတာ ပြည့်ဝဖို့ကတော့ လိုတတ်တဲ့ သဘာဝ လောဘကို အပြီးသတ် ပယ်ဖြတ်နိုင်ပါမှ ဖြစ်မှာပလေ။

နေ့ဆွမ်းကိုလည်း ကျောင်းမှာပဲဘုဉ်းပေးကြပါတယ်။ ဦးသိန်းအောင် တို့မိသားစုက သူတို့အိမ်ကို ပင့်ခဲ့ ပေမယ့် ဒီနေ့ မွန်တရေး မြို့မှာရှိတဲ့ အီကွေရီယမ်–ငါးပြတိုက်ကို သွားကြမှာမို့ အချိန်မလင့် ရလေအောင် ဆရာတော် ဦးဓမ္မပိယက ကျောင်းကို လာကပ်ဖို့ စီစဉ်ပေးခဲ့တာပါ။ ကိုသိန်းအောင်တို့ နေတာက ဖရီးမောင့်ကနေ မြောက်ဖက်ကို (၁)နာရီကျော်ကျော် ကားမောင်းရတဲ့ ဘလေးဟိုဆိုတဲ့မြို့မှာပါ။ ဘုန်းကြီးတို့သွားရမည့် ငါးပြတိုက်ရှိတဲ့ မွန်တရေးမြို့က ဖရီးမောင့်ရဲ့ တောင်ဘက်အရပ်မှာ



ရှိပါတယ်။ ဖရီးမောင့်ကနေ (၂)နာရီနီးပါး ကားမောင်းသွားရပါတယ်။

နေ့လည် (၁၂)နာရီခွဲခန့်မှာ ဘုန်းကြီးရယ်၊ ဦးယောသိတရယ်၊ မောင်မိုးကျော်ရယ် မွန်တရေးကို သွားကြပါတယ်။ မွန်တရေးငါးပြတိုက်က နာမည်ကြီးထင်ရှားတယ်လို့ ပြောကြတယ်။ ပြောမယ်ဆိုက ပြောလောက်ပါတယ်။ ကမ္ဘာ့ရေနက်ပိုင်းမှာရှိတဲ့ ငါးပေါင်းစုံကို ပြသထားပါတယ်။ ငါးလို့မထင်ရတဲ့ ငါးတွေ၊ အလွန်လှပဆန်းကြယ်တဲ့ ငါးတွေ၊ အလွန်တရာ အရုပ်ဆိုး အကျည်းတန်တဲ့ ငါးတွေ၊ ပန်းပွင့်လိုလို၊ လိပ်ပြာလိုလို၊ လေထီးလိုလို၊ သစ်ငုတ်လိုလို၊ သစ်ရွက်လိုလို၊ တုတ်ချောင်းလိုလို ငါးမျိုးစုံကို တွေ့ရပါတယ်။ လိုလိုလို့ပြောရတာက တွေ့မြင်ရတဲ့ ငါးများဟာ တိတိကျကျ ခိုင်းနှိုင်းစရာ ရှာဖွေလို့မရနိုင်တာကြောင့်ပါ။ ဘုန်းကြီးတို့နေထိုင်ရာ စကြာဝဠာကြီးပေါ်မှာ သတ္တဝါတွေ အနန္တဆိုတဲ့ စကားဟာဖြင့် ဒီငါးပြတိုက်ကို မြင်ရရုံမျှနဲ့ပဲ ထင်ရှားပေါ်လွင်လှပါတယ်။ ဘဝသံသရာ ကျင်လည်နေရတဲ့ သတ္တဝါတစ်ဦးရဲ့ ဖြစ်စဉ်မှာ လူသားတစ်ယောက်ဖြစ်ဖို့ ဘယ်လောက်ပင် အခွင့်အလမ်း နည်းပါးလှကြောင်း နခသိခသုတ်မှာ လက်သည်းထိတ်က ဖုံမှုန့်ကို ဥပမာပြု မိန့်တော်မူခဲ့တဲ့ ဗုဒ္ဓဘုရားရှင်ရဲ့ ရွှေဉာဏ်တော်ကို မှန်း မျှော်ကာ ကြည်ညိုမဆုံးနိုင် ဖြစ်မိရပါတယ်။

မွန်တရေးမြို့အနီးက ဘာဘယ်လ်ဘိချ်မှာ နာမည်ကျော် ရုပ်ရှင်မင်းသားကြီး ကလင့်စ်ဝုဒ်ပိုင်တဲ့ ဂေါက်ကွင်းရှိပါသတဲ့၊ အဲ့ဒီဂေါက်ကွင်းမှာ နာမည်ကျော် တိုက်ဂါးဝုဒ်လို အကျော်

www.burmeseclassic.com

www.burmeseclassic.com



အမော်တွေ လာရောက် ကစားလေ့ရှိပါသတဲ့။ သူတို့ပြောပြတဲ့ အသင်းဝင်ကြေးတွေ၊ ကွင်းဝင်ကြေးတွေဆိုတာက နည်းမှ မနည်းပဲ၊ ဩော် ဒါ့ကြောင့် မြန်မာပြည်က ဂေါက်သီးရိုက်တဲ့ လူတန်းစားဆိုတာ နယ်နယ်ရရသူတွေ မဟုတ်ကြတာကို ခုမှ နားလည်မိရ။

**ကျေးဇူးဂုဏ်ကို အာရုံပြုလို့**

အပြန်လမ်းမှာ တောင်ပုလုဆရာတော်ကြီး အခြေ တည်ခဲ့တဲ့ တောင်ပုလုကမ္ဘာအေးကျောင်းတိုက်ကိုလည်း ဝင်ရောက်ခဲ့ပါတယ်။ ကျောင်းတိုက်က ဘော်ဒါခရီ ဆိုတဲ့ မြို့မှာပါ။ ဆရာတော်ကြီး သက်တော်ရှိချိန် ဟိုစဉ်ကတော့ အလွန်တရာမှ ပရိသတ်များနဲ့ စည်းကားလှတယ်ရယ်လို့ ပြောပြကြပါတယ်။ ခုလောလောဆည်မှာတော့ ဆရာတော် ဦးဇဋိလ၊ ဦးဝိဇယနဲ့ ဦးဝိမလတို့ သီတင်းသုံးနေကြပါတယ်။ လမ်းပန်းအဆက်အသွယ်က မြန်မာနွယ်ဖွားတွေ အများစုနေထိုင်တဲ့ ဒေသများနဲ့ သွားလာဖို့ အနည်းငယ်ခက်ခဲလို့ အရင်အချိန်များဆီကလောက် အဝင်အထွက် မများတော့ဘူးလို့ ဆိုပါတယ်။

လွန်ခဲ့တဲ့ (၉)နှစ်က ဘုန်းကြီး တောင်ပုလုမှာ ခေတ္တသွားရောက် တရားရှုမှတ်တာကိုလည်း သတိရမိပါတယ်။ တောင်ပုလုဆရာတော်ကြီး သီတင်းသုံးသွားခဲ့တဲ့နေရာမှာ တရားရှုမှတ်လိုတာကြောင့် (၂၀)ရက်တာမျှ သွားရောက်ခဲ့တယ်။ ဘုန်းကြီးများ သီတင်းသုံးနေထိုင်ခဲ့တဲ့တိုက်မှာ သံဃာ လေးငါးပါးပဲ ရှိပါတယ်။ ထိုစဉ်ကတော့ တောင်ပုလုမှာ တောင်တိုက်၊ မြောက်တိုက်ရယ်လို့ (၂)တိုက်ရှိခဲ့ကြောင်း ဘုန်းကြီးမသိခဲ့ပါဘူး။ ခုမှ



ဆရာတော်များ ပြောပြလို့ (၂)တိုက်ရှိခဲ့တယ်ဆိုတာ သိရတယ်။ တောင်တိုက်ကတော့ သံဃာနှစ်ဆယ်အစိတ် ရှိပါတယ်တဲ့။ မြန်မာ့ရာဇဝင်မှာ နေသွင်လအလား ထင်ရှားတဲ့ ဆရာတော်ကြီးများ၊ ခမ်းနားကြီးကြယ်တဲ့ တိုက်တာကြီးတွေ ထူထောင်သွားခဲ့ကြတယ်။ စဉ်ဆက်မပြတ် တပည့်တပန်းများက ဆက်လက်ထိန်းသိမ်းသွားနိုင်တာလည်းရှိ၊ ဆရာတော်ကြီးများ လွန် တော်မူတာနဲ့ ဆက်လက်ထိန်းသိမ်းနိုင်စွမ်း ကင်းမဲ့ သွားတာ လည်းရှိ အများစုသော တိုက်တာကြီးတွေ၊ အရည်အချင်း ပြည့်ဝတဲ့ ထိန်းသိမ်းသူ၊ ကင်းမဲ့သွားတတ်ကြတာ သဒ္ဓါ တရားကောင်းတဲ့ ထောက်ပံ့သူ ရှားပါးသွားတတ်တာ သာသနာအတွက် အလွန် ဝမ်းနည်းဖွယ်ပါ။ ဆရာတော်ဘုရားကြီးများရဲ့ စီမံမှုလည်း အရေးကြီးသလို တပည့်ဒကာ၊ ဒကာမများရဲ့ စွမ်းရည်နဲ့ သဒ္ဓါတရားပေါ်မှာလည်း မူတည်တာပါပဲ။

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး မိန့်ကြားခဲ့ဘူးတဲ့ သာသနာပြုတယ်ဆိုတာ ပေပင်ထန်းပင်လို မပြုရဘူး။ ဝါးရုံပင်လို ပြုရတယ်ဆိုတဲ့ စကားတော်ကို ပြန်လည်သတိရမိတယ်။ မိန့်တော်မူတဲ့စကားနဲ့ လျှော်ညီစွာ ဝါးရုံပမာ သာသနာပြုတော်မူခဲ့လို့လည်း ဆရာတော်ကြီး လွန်တော်မူခဲ့သည့်တိုင် မဟာစည်ဥပနိဿရည်းခံ ရိပ်သာကြီးများ မြန်မာပြည်မှာမက ကမ္ဘာ့ဒေသအသီးသီးမှာပါ ခုတိုင် အထင်အရှားတည်ရှိနေနိုင်တာ၊ သာသနာ နဲ့ လူမျိုးအတွက် ဂုဏ်ယူဖွယ်ရာပါ။ ဆရာတော်ဘုရားကြီး ကျေးဇူးဂုဏ် အနန္တကိုဖြင့် အဖန်ဖန် ဦးနှိမ်ချကာ ဂါရဝပြု၍ ဆုံးနိုင်တော့မည် မထင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကို (၇)နာရီခန့်မှာ ပြန်ရောက်ပါတယ်။ ဝါရှင်တန်ပြည်နယ်၊ ဆီးယားတယ်လ်မြို့ကနေ (၅)နာရီ လောက်ကြွလာမည်ဆိုတဲ့ ဒေါက်တာကောဝိဒ (မဇ္ဈိမဂုဏ်ရည်)နှင့် ဦးတေဇသနတို့တော့ မရောက်ကြသေး။ ည (၁၀)နာရီထိုးခါနီးမှ ရောက်လာကြပါတယ်။ ခုဆို မေတ္တာနန္ဒမှာ သံဃာတော် (၆)ပါးရှိသွားပါပြီ။ ခုလို သိုက်သိုက်ဝန်းဝန်းနဲ့ဆိုတော့ ပိုပြီး ကြည်နူးစရာကောင်းသွားတာပေါ့။

၂၀၀၇ ခုနှစ်၊ ဇွန်(၂၈)ရက်၊ ကြာသပတေးနေ့

စပေါင်းဒါနပြည့်ဝစေတနာ၊ စုံညီသာ နတ်ရွာနိဗ္ဗာန်လမ်း

အရုဏ်ဆွမ်းကို အလှူရှင်များ စုပေါင်းကပ်ကြပါတယ်။ ရခိုင်မုန့်တီ၊ ပဲကောက်ညှင်းပေါင်းနဲ့ အချိုပွဲ သစ်သီးစုံနဲ့ စုံစုံလင်လင်ပါပဲ။

နေ့ဆွမ်းကို ဒေးလီးစီးတီးမြို့က ရတနာဥာဏ်ရောင်ကျောင်းမှာ ဘုဉ်းပေးပါတယ်။ ဖရီးမောင့်ကနေ ဘတ်တ်လို့ သူတို့ခေါ်တဲ့ ရထားနဲ့ ဒေးလီစီးတီးကို သွားကြပါတယ်။ ဘုန်းကြီးရယ်၊ ဒေါ်တာဓမ္မပိယ၊ ဦးတေဇသနနဲ့ ဒေါက်တာ ကောဝိဒ (မဇ္ဈိမဂုဏ်ရည်)တို့ လေးပါးပါ ဦးဉာဏိကက မေတ္တာနန္ဒကနေ ရထားဘူတာအထိ ကားနဲ့လိုက်ပို့ပါတယ်။ ဦးဃောသိတနဲ့ ဦးဉာဏိက နှစ်ပါးကတော့ ကားနဲ့ ဒေလီစီးတီးကို သွားကြမှာပါ။ (၆)ပါး ဖြစ်နေတာကြောင့် ကားမဆန့်တာရယ်၊ ရေအောက်ကနေ ဖြတ်မောင်းတဲ့ ရထားကို ဗဟုသုတအဖြစ် စီးဖူးအောင်ရယ်ဆိုပြီး ဦးဓမ္မပိယက ရထားနဲ့သွားနိုင်အောင် စီစဉ်ခဲ့တာပါ။ ဖရီးမောင့်ဘူတာအဝင်မှာ ပါလာတဲ့ လက်မှတ်လေးကို စက်ကလေးထဲထည့် ဒေလီစီးတီးဘူတာရောက်တော့ အထွက်မှာ လက်မှတ်ကို စက်ထဲမှာတစ်ခါပြန်ထည့် စက်က သူ့အလိုလို ဘယ်လောက်ကျတယ်ဆိုတာ တွက်ယူပါသတဲ့။ လက်မှတ်စစ်မလို၊ ဂိတ်စောင့်မလို၊ ရစ်မည့်သူ မရှိ၊ ညစ်မည့်သူမရှိ စနစ်လေးက ကောင်းပါဘိ။ ဘူတာမှာ ဦးဂျင်မီ လာရောက် ကြိုနေပါတယ်။



ဒေလီစီးတီးမြို့ကို ဖော့ဂ်စီးတီး – အစဉ်ထာဝရ မြူတွေခနေတဲ့မြို့လို့ ပြောရမလားပါ။ ဘုန်းကြီးတို့ ဖရီးမောင့်က ထွက်လာတော့ ဖရီးမောင့်မှာ နေရောင်က ထွန်းလင်း တောက်ပနေပါတယ်။ ဒေလီစီးတီးဘူတာက အထွက်မှာတော့ ရာသီက မှုန်ပျပျ၊ ကောင်းကင်တခို မြူမှုံစတွေနဲ့ အုံ့ဆိုင်းမှိုင်းလို့နေသပ။ ကြည့်လေရာရာ နှင်းမှုန်တိုင်းပမာ တလိမ့်လိမ့်နဲ့ မြူမှုန်စတွေ ရွေ့လျားနေပုံက မြေပြင်မှာပင် တိမ်ဆိုင်တွင် မျှောလွင့်နေတဲ့ အသွင် ထင်မြင်မိရပါတယ်။ ဘုန်းကြီးတို့ပြည် အညာဒေသ မြူတွေခတဲ့ နွေဦးနံနက်ခင်းတစ်ခုရဲ့ အလှကို သတိရ တမ်းတရတော့ မလိုလို။ ခုဒီအမေရိကမှာလည်း ဒီအချိန်က နွေရာသီပါပဲလေ။ သို့ပေမယ့် ဒီကနွေရာသီကတော့ ဥသြလည်း မမြည်။ နေခြည်လည်း မနွေး။ ရာသီကလည်း အေးနဲ့ဆိုတော့ ဖုန်လုံးကြီးတွေလည်း ဘယ်မှာလာ တလိမ့်လိမ့်ဖွေးလို့ နေပါလိမ့် နွေအင်္ဂါနဲ့မညီတဲ့ နွေလို့ပဲ ဆိုရမလိုပါပဲ။

ဒီနေ့ဆွမ်းက ရတနာဉာဏ်ရောင် ဆရာတော်ရဲ့ စီမံမှုနဲ့ ဒကာ၊ ဒကာမများ ဆက်ကပ်လှူဒါန်းကြခြင်း ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



စုပေါင်းချက်ပြုတ်ကြတာကြောင့် ဆွမ်းဟင်းခွက်ပေါင်း များပြား စုံလင်လှပါတယ်။ မြန်မာများရဲ့ သဒ္ဓါတရား ထက်သန်မှုကို အံ့မခန်းတွေ့ရလို့ ဝမ်းမြောက်ရပါတယ်။ ဒီနေ့ဆွမ်းဝိုင်းကတော့ ဟင်းလည်းစုံလင်သလို သံဃာတော်များလည်း အတော်စုံလင်ပါတယ်။ ဘုန်းကြီးအပါအဝင် ဦးတေဇဝန္တ၊ ဦးဓမ္မပိယ၊ ဦးယောသိတ၊ ဦးဉာဏိက၊ ဒေါက်တာကောဝိဒ (မဇ္ဈိမဂုဏ်ရည်)နဲ့ အင်္ဂလန်ကကြွလာတဲ့ ဦးတောသန၊ စုစုပေါင်း (၇)ပါးပါ။

နေ့ (၁)နာရီခန့်မှာ ဒေလီစီးတီးက ပြန်ခဲ့တယ်။ လမ်းမှာ အီလက်ထရောနစ်ဆိုင်ကြီးများကို ဝင်ရောက်ကြည့်ရှုကြပါတယ်။ မောင်မိုးကျော်နှင့် ဦးယောသိတ၊ ဦးတောသန၊ မဇ္ဈိမဂုဏ်ရည် ဦးကောဝိဒတို့က တစ်ဖွဲ့ခွဲပြီး ဆန်ဖရန်စစ္စကို အနီးပတ်ဝန်းကျင်ကို လှည့်လည်လေ့လာကြည့်ရှုရန် ထွက်ခွါသွားကြပါတယ်။ ဘုန်းကြီး၊ ဦးဓမ္မပိယနဲ့ ဦးဉာဏိကတို့က တစ်ဖွဲ့ ပြန်ခဲ့ကြတယ်။ ယနေ့ည ရတနာဉာဏ်ရောင်ရိပ်သာမှာ ကျိန်းစက်ဖို့ ကတိပြုထားခဲ့တယ်။ ဦးတေဇဝန္တဆီ ည(၉) နာရီလောက်မှ ရောက်ပါတယ်။ ညီနောင်နှစ်ပါး မတွေ့ရတာကြာပြီဖြစ်တဲ့အတွက် ခုလိုတွေ့ရှိရိုက် ရှေးဟောင်းနှောင်းဖြစ် သာသနာရေး အတွေ့အကြုံများ ဆွေးနွေး ဖြစ်ကြပါတယ်။ အတိတ်က အကြောင်းအရာတွေ ရောက်သွားလိုက်၊ ပစ္စုပ္ပန်ဆီ ဝှေ့သီလိုက်၊ အနာဂတ်အရေး မျှော်တွေး ဆွေးနွေးကြလိုက်နဲ့ အချိန်တွေကုန်မှန်းမသိ ကုန်လွန်သွားခဲ့ပါတယ်။ ယခုလို ပြည်ပမှာ အခြေချပြီး သာသနာပြုလုပ်ငန်းများ လုပ်နိုင်နေတဲ့ အတွက်လည်း ဝမ်းမြောက် ဂုဏ်ယူမိပါတယ်။ ည (၁၂) နာရီ



ထိုးကာမှ စကားကို အတင်းဖြတ်ကာ အိပ်ရာဝင်ခဲ့ကြပါတယ်။ ဆန္ဒအတိုင်း ပြောရဦးမည်ဆိုလျှင်တော့ ပြောစရာတွေက ပြောလို့ကုန်နိုင်တော့မယ် မဟုတ်ပါဘူး။

**လစ်တဲလ် ရန်ကုန် မြို့သိုင်းချုံ**

မြန်မာပြည်ကလာတဲ့သူတွေ အတော်များတဲ့ ဒေလီစီးတီးမြို့အကြောင်းကိုလည်း အနည်းငယ်ပြောပြချင်ပါတယ်။ ဒေလီစီးတီးဟာ မြို့ရေိယာနဲ့စာလျှင် မြန်မာပြည်ကလာသူတွေ အများဆုံးနေထိုင်တဲ့မြို့လို့ ပြောကြပါတယ်။ ဒေလီစီးတီမြို့က လမ်းတိုင်းမှာ မြန်မာရှိတယ်လို့ ဆိုပါတယ်။ စစ်တမ်းအရ ဒေလီစီးတီးမြို့မှ အိမ်ပိုင်၊ ယာပိုင် မြန်မာနွယ်ဖွားတွေက ဦးရေ (၅၀၀) ကျော်ရှိပါသတဲ့။ အိမ်ထောင်စုဦးရေကတော့ (၁၀၀၀) ကျော်ပါသတဲ့၊ တစ်ဦးတည်း တစ်ယောက်တည်း အခြားသူများနဲ့ အခန်းတူ ငှားရမ်းနေသူတွေနဲ့ပါဆို လူဦးရေ တော်တော်များပါလိမ့်မယ်။ အမေရိကန်နိုင်ငံမှာ အမျိုးနွယ်တူသူတွေ အများစု စုပေါင်းနေထိုင်ကြတဲ့နေရာမျိုးကို မိမိတို့ မိခင်ရင်း နိုင်ငံက အမှတ်တရနာမည်များ ပေးတတ်ကြတယ်။ (ဥပမာ) တရုတ်အများစု နေထိုင်တဲ့အရပ်ကို ချိုင်းနားတောင်း၊ ဗီယက်နမ် အများစုနေတဲ့ နေရာများကိုတော့ ဗီယက်နမ်မီးစ်တောင်း (သို့မဟုတ်) လစ်တဲလ် ဆိုင်းဂုံ၊ ကျူးဘားနွယ်ဖွားတွေ အနေများရာ အရပ်ကိုတော့ လစ်တဲလ်ဟာဗားနား၊ ထိုင်းလူမျိုးတွေ အများစု နေရာအရပ်ကိုတော့ ထိုင်းတောင်း၊ ဂျပန်အများစု အခြေချရာ နေရာကိုတော့ ဂျပန်နီးစ်တောင်းတဲ့၊ ဒေလီစီးတီးဆိုတဲ့ ဒီမြို့လေးမှာလည်း တစ်ချိန်မှာ ဘာမီးစ်တောင်း (သို့) လစ်တဲလ် ရန်ကုန်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မလာနိုင်ဘူးရယ်လို့ ဘယ်သူပြောနိုင်မလဲ၊ ခုတောင်မှပဲ ရတနာဥာဏ်ရောင်ကျောင်းနဲ့ မလှမ်းမကမ်းမှာ ပစိဖိတ် ဆူပါမားကက်မှာဆို ဝန်ထမ်းအများစုက မြန်မာတွေပါတဲ့၊ မြန်မာလိုပြောပြီး ဈေးဝယ်လို့တောင်ရတယ်တဲ့။ သူတို့ပြော ကြတာကတော့ ဒီမြို့မှာ ဘယ်နေရာမှ မြန်မာလို အတင်းတုတ်လို့ မရနိုင်တော့ပါတဲ့။ စကားဆိုတာ ဇာတိကိုဖော်ပြတတ်ရုံး ဓမ္မတာမို့ သူတို့စကားကို ထောက်ပြီးပြောရလျှင် ကိုယ့်မြန်မာတွေ အတင်းပြောတဲ့ဓလေ့ရှိတယ်ထင်ပ၊ သတင်းဖလှယ်တာတော့ ကောင်းပါတယ်။ အတင်းတွယ်တာတော့ မကောင်းပါ။ ရေခြားမြေခြားမှာ ရွှေမြန်မာအချင်းချင်း ရိုင်းပင်း ကူညီကြကာ ကြီးပွားတိုးတက်နိုင်ကြပါစေ။

ဒေလီစီးတီးမြို့မှာပဲ ပျံလွန်တော်မူသွားတဲ့ ဆရာတော် ဦးသီလာနန္ဒာဘိဝံသ ပထမကျောင်းတည်ထောင် သီတင်းသုံးသွားခဲ့ဖူးပါတယ်။ ခုတော့ ဓမ္မနန္ဒကျောင်းက ဒေလီစီတီးမြို့ကနေ နာရီဝက်ခန့် ကားမောင်းရတဲ့ ဟာ့မွန်းဗေးဆိုတဲ့မြို့ကို ပြောင်းရွှေ့သွားခဲ့ပါပြီ၊ ခုလက်ရှိ နေရာက ကျယ်ကျယ်ပြန့်ပြန့် ရှိပါတယ်။ ဒေလီစီးတီးမြို့ကတော့ တစ်အိမ်နဲ့ တစ်အိမ် ပူးကပ်နေတာမို့ နေရာကျယ်ကျယ်ပြန့်ပြန့် ရနိုင်ဖို့ကတော့ လွယ်မယ်မဟုတ်ပါဘူး။

**၂၀၀၇ ခုနှစ်၊ ဇွန်(၂၉)ရက်၊ သောကြာနေ့**

နံနက် (၅)နာရီ အိပ်ရာထ၊ ဘုရားဝတ်တက်၊ တရားရှုမှတ်ပြီး (၆)နာရီမှာ ဒါယိကာမကြီးများ စုပေါင်း ဆက်ကပ်တဲ့ အရုဏ်ဆွမ်းဘုဉ်းပေးကြပါတယ်။ ဆွမ်းဘုဉ်းပေးအပြီး ကျန်းမာရေးအတွက် လမ်းလျှောက်ကြပါတယ်။ ဝန်းကျင်တခွင်လုံးမှာတော့ နှင်းမိုးများ တဖွဲဖွဲ ရွာသွန်းလို့နေပါတယ်။ ချမ်းစီးစိုစက် နွေနံနက်ပေါ့၊ မှုန်ရည် ဝိုးတဝါးကြားမှာ ဒေလီစီးတီး မြို့လေးလည်း တစ်နေ့တာရဲ့အစအဖြစ် စတင်သက်ဝင် လှုပ်ရှားလို့နေပါပြီ၊ ကျောင်း သွား၊ ရုံးသွား၊ အလုပ်သွား၊ မနားကြရတဲ့ အမေရိကန်လူသားတို့ရဲ့ လူနေမှုပုံစံဘဝ တစ်နေ့တာအချိန် ဒီက စတယ် လို့ ဆိုနိုင်မလားပါ။ ဪ သို့ပေမယ့် တချို့တွေက ညပိုင်းမှာပဲ ကျောင်းသွားကြရ၊ အလုပ်လုပ်ကြရတယ် ဆိုတော့လည်း ဘယ်အချိန်က စတယ်ရယ် လို့ပြောဘို့က တကယ်တော့ ခပ်ခက်ခက်ပါပဲ။ ညီနောင်နှစ်ပါးလည်း နှင်းမှုန်ကြားမှာ လမ်းလျှောက်ရင်း မပြီးပြတ်သေးတဲ့ သာသနာပြုရေးအကြောင်း ဆွေးနွေးဖြစ်ကြပါတယ်။ ပြောမကုန် ရယ်မဝ တသစရာ နံနက်ခင်းတစ်ခုရဲ့ အလှပါပဲ။ (၇)နာရီမှာတော့ မောင်မိုးကျော် လာရောက်ကြိုတဲ့ ကားနဲ့ မေတ္တာနန္ဒကျောင်းကို ပြန်လာခဲ့ပါတယ်။ (၈)နာရီ (၁၅)မိနစ်ခန့်မှာ မေတ္တာနန္ဒသို့ ရောက်လာပါတယ်။



**မျှော်ရည်တမ်းတာ ရှမဝ**

နေ့ဆွမ်းကို မေတ္တာနန္ဒမှာပဲ ဘုဉ်းပေးကြပါတယ်။ မေတ္တာနန္ဒဝိဟာရ ဓမ္မရိပ်သာ နာယကကြီးဒေါ်ခင်မြင့်မြင့်ရဲ့ သမီးငယ် မကျော်နှင်းတွေးရဲ့ မွေးနေ့အထိမ်းအမှတ်အဖြစ် ကပ်လှူတာပါ။ ဘုန်းကြီး ဦးဓမ္မပီယ၊ ဦးယောသိတ၊ ဦးတောသန၊ ဦးကောဝိဒနဲ့ ဦးဉာဏိကတို့ (၆)ပါးပါ။

www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းဘုဉ်းပေးအပြီးမှာတော့ ဦးသိန်းအောင်လာကြိုတဲ့ ကားနဲ့ ဘုန်းကြီးလိုက်သွားခဲ့ပါတယ်။ ဦး သိန်းအောင်က သူ အလုပ်လုပ်နေတဲ့ ဘာကလေတက္ကသိုလ်ကို လိုက်ပြပါတယ်။ တောင်ကုန်းပေါ်မှာ သိပ္ပံပညာ နဲ့ ပတ်သက်တဲ့ အထူး အဆန်း များကို ပြသထားပါတယ်။ ဘာကလေတောင်ကုန်း ပေါ်ကနေ လှမ်းကြည့်လိုက်လျှင် ဟိုးခပ်ဝေးဝေးမှာ ဂိုးလ်ဒင်း ဂိတ်တံတား ကြီးရဲ့ ထိပ်ဖျားကိုမှုန်ပျပျ လှမ်းမြင်ရပါတယ်။ ဆန်ဖရန်စစ္စကို အောပတ်ဝန်းကျင်က ရေပတ်လည်ဝိုင်းနေတဲ့ ကျွန်းတစ်ချို့နဲ့ စိမ်းမို့နေတဲ့ တောင်တန်းတစ်ချို့ကို ရေပြင်ရဲ့ နောက်ခံ တံတိုင်း သဖွယ် ရှုမဆုံးဖွယ် မြင်ရပါတယ်။ ပကတိရေမြေ သဘာဝ အလှပေါ်မှာ လူတွေဖန်တီးထားတဲ့ အိုးအိမ်တိုက်တာများရဲ့ ပသာဒကလည်း ကျန်နေတဲ့ သဘာဝကို လိုက်ဖွက်မရှိရလေအောင် ထပ်လောင်းဖြည့်စွက်ထား သလိုပါပဲ။

ဦးသိန်းအောင်၊ ဒေါ်စန်းစန်းညွန့်တို့က သူတို့အိမ်ပင့်ပြီး သိမ်ကျောင်းတော်ကြီးအတွက် ဝတ္ထုများ လှူဒါန်းပါတယ်။ ဦးသိန်းအောင် မိတ်ဆွေဖြစ်တဲ့ ဆန်ဖရန်စစ္စကိုမြို့က ဒေါက်တာ မြင့်သိန်း၊ ဒေါ်ညိုညိုဝင်းတို့ကလည်း သောဘနာရာမ ရွှေမင်းဝံ သာသာနာ့ရိပ်သာ စကြံန်လမ်းအတွက် ဝတ္ထုများ လှူဒါန်း ပါတယ်။

မေတ္တာနန္ဒပြန်ရောက်တော့ ညနေ (၇)နာရီရှိပြီ။ ကျောင်း အစ်မကြီးတူ ဗိုလ်သန်းမြင့်နှင့် ဦးလင်းကြည်တို့ရောက်နေကြ သည်။ ဦးလင်းကြည်ကိုလည်း မြန်မာနိုင်ငံရောက်လျှင် မိမိ ဆောက်လှူထားတဲ့ ယောဂီကျောင်းဆောင်မှာ ကျောင်းဒကာ



ကိုယ်တိုင် တရားအားထုတ်ရန် တိုက်တွန်းစကားပြောရသည်။


မောင်သန်းမင်းစိုး (၁၀)တန်းအောင်ကြောင်း မအေးမိုး ထံမှ အီးလ်မေးရသည်။ သတင်းကောင်းကြားရသဖြင့် ဝမ်းသာ ရပါတယ်။ စင်္ကာပူမှာရောက်နေတဲ့ မောင်မင်းမင်းစိုး ဖုန်းဆက် တယ်ဆိုတာ သိရ၍လည်း ထပ်ဆင့် ဝမ်းသာရသည်။ ဘုန်းကြီး ပို့လိုက်သော အီးလ်မေး ဖတ်ရကြောင်းကိုလည်း ရိပ်သာမှ အီးလ်မေးဖြင့် အကြောင်းပြန်စာကို ရရှိသည်။ အကြောင်းအရာ ပြည့်ပြည့်စုံစုံ ရေးထားသည်။ ရိပ်သာမှ ဒကာ၊ ဒကာမများ အားလုံး ကျန်းမာကြကြောင်း၊ လုပ်စရာရှိတဲ့ လုပ်ငန်းများ ကိုလည်း ဆက်လက်လုပ်ကိုင်နေကြကြောင်း သိရသဖြင့်လည်း ဝမ်းမြောက်ရပါသည်။ အားလုံး ကျန်းမာချမ်းသာပြီး သာသနာ ပြုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ကြပါစေ။

**ရွှေမင်းဝံဆရာတော်**

**ခေတ္တ - မေတ္တာနန္ဒဝိဟာရဓမ္မရိပ်သာ**

**ဖရီးမောင့်မြို့ ကာလီဖိုးနီးယားပြည်နယ်၊**

**အမေရိကန်နိုင်ငံ။**



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာရပ်ဝန်း၊ ထွန်းလင်းသာသနာ

၂၀၀၇ ခုနှစ်၊ ဇွန်(၃၀)ရက်၊ စနေနေ့

မေတ္တာနန္ဒဝိဟာရ ဓမ္မရိပ်သာမှာ ကျင်းပမည့် နွေရာသီ (၅)ရက် အထူးတရားစခန်းပွဲကို ဒီနေ့မနက် (၈)နာရီမှာ စတင်ဖွင့်လှစ်မှာပါ။

ပြုနေကြဝတ္တရားအတိုင်း နံနက် (၅)နာရီမှာ ဘုန်းကြီးတို့ သံဃာ(၄)ပါးနှင့် မနေ့ညနေကတည်းက ကြိုရောက်နေတဲ့ ယောဂီအချို့ ဘုရားခန်းမှာ စုပေါင်းတရားထိုင် ရှုမှတ်ကြပါတယ်။ (၆)နာရီမှာ အရုဏ်ဆွမ်းဘုဉ်း ပေးကြပါတယ်။ အလှူရှင်များကတော့ ဒကာကြီး ဦးခင်မောင်ကျော်၊ ဒေါ်တင်ရွှေ မိသားစုများပါ။ ဦးခင်မောင်ကျော်က မေတ္တာနန္ဒဝိဟာရ ဓမ္မရိပ်သာ စတင်တည်ထောင်ကတည်းက မေတ္တာနန္ဒဝိဟာရ ဆရာတော်များနှင့် လက်တွဲပါဝင်ကူညီနေသူတစ်ဦးပါ။ သူ့ မိသားစုဝင်များအားလုံးလည်း သူနဲ့အတူ မေတ္တာနန္ဒမှာ အားတက်သရော ကူညီလုပ်ကိုင်နေကြပါတယ်။ဦးခင်မောင်ကျော်က မြန်မာအမေရိကန် ဗုဒ္ဓဘာသာအသင်းရဲ့ ဥက္ကဋ္ဌဟောင်း ဖြစ်ပါတယ်။ ကျောင်းနာမည်က မေတ္တာနန္ဒဝိဟာရ ဓမ္မရိပ်သာ၊ အဖွဲ့အစည်းအမည်က မြန်မာအမေရိကန် ဗုဒ္ဓဘာသာအသင်းပါ။ ခုတိုင် နာယကလူကြီးတစ်ဦးအဖြစ် မေတ္တာနန္ဒ ဆရာတော်များရဲ့ လုပ်ငန်းကိစ္စအဝဝကို တတ်စွမ်းသမျှ ဆောင်ရွက်နေဆဲပါ။ ဒီနေ့မနက်မှာ သူတို့မိသားစုများက နန်းကြီးသုတ်နဲ့ ချိုချဉ်ခဲဖွယ်၊ ဘောဇဉ်အစုံအလင် ဆက်ကပ်ပါတယ်။ ဆွမ်းဘုဉ်းပေးအပြီးမှာ ဆရာတော် ဦးဓမ္မပီယနဲ့အတူ



ရပ်ကွက်ထဲမှာ ခဏလမ်းလျှောက်ကြပါတယ်။ ဖရီးမောင့်ရဲ့ ရာသီဥတုက အပူအအေးမျှမျှတတနဲ့မို့ လမ်းလျှောက်ရတာ အဆင်ပြေလှပါတယ်။ ဖရီးမောင့်မှာ မြန်မာပြည်ကလာသူတွေ အလျင်အမြန် တိုးပွားလာတာ ဒီလိုရာသီဥတုမျှတ ကောင်းမွန်တာလည်း တစ်ခုအပါအဝင်ဖြစ်တဲ့အကြောင်း ဦးဓမ္မပီယမှ ပြောပြပါတယ်။

မေတ္တာနန္ဒဝိဟာရဆိုတာ ဖရီးမောင့်က စင်ထရယ်လမ်းပေါ်မှာ တည်ရှိပါတယ်။ အကျယ်အဝန်းက (၁)ဧကရဲ့ သုံးပုံတစ်ပုံမျှဆိုတော့ ကျယ်လှတယ်တော့ မဆိုသာပါဘူး။ သို့ပေမယ့် ရှေးနှစ်ပေါင်း (၁၅၀)ကျော်က တည်ဆောက်ထားတဲ့ သမိုင်းဝင်အိမ်ကြီးကို ပြုပြင်ထားတာမို့ တစ်နိုင်တစ်ပိုင် သာသနာရေးကိစ္စများကိုတော့ ဆောင်ရွက်နိုင်တဲ့ ဌာနလေးပါ။ ဧည့်ခန်းကို အသွင်ပြောင်းထားတဲ့ ဘုရားခန်းမှာ ယောဂီ (၄၀) ခန့် တရားထိုင်၊ တရားမှတ် ခပ်ကြပ်ကြပ်လုပ်နိုင်ကြပါတယ်။ ကျောင်းရဲ့နောက်ကွယ်မှာလည်း ယာယီမဏ္ဍပ်တစ်ခု တည်ဆောက်ထားတာမို့ ယောဂီများ ယာယီမဏ္ဍပ်အတွင်း ဆွမ်းစား၊ စင်္ကြံလျှောက် လုပ်နိုင်ကြပါတယ်။ ယာယီမဏ္ဍပ်ဘေးမှာတော့ ရွှေ့ပြောင်းရနိုင်တဲ့ ယောဂီကျောင်းလေး (၃)လုံး တည်ဆောက်ထားတာကို တွေ့နိုင်ပါတယ်။

ဒီကျောင်းလေးတွေကတော့ ညပိုင်းမှာ ယောဂီများ အိပ်စက်နားနေဖို့ပါ။ ကျောင်းရဲ့ အထိမ်းအမှတ်အဖြစ် ကျောင်းရှေ့လမ်းမဘေးမှာ မြင့်မားလှတဲ့ ထန်းပင်ညီနောင်ရှိပါတယ်။ ဒါ့ကြောင့် မြန်မာအများစုက မြန်မာဆန်ဆန် ထန်းနှစ်ပင်

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းလို့ ခေါ်ဝေါ်တတ်ကြပါတယ်။ ကျောင်းပရဝုဏ် အတွင်းမှာ လိမ္မော်၊ ပန်းသီး၊ ဇီးသီး၊ သံပုရာ၊ ကမ္ဗလာ၊ သစ်သော့ စတဲ့ စားပင်မျိုးစုံ စိုက်ပျိုးထားပါတယ်။ ခြံစည်းရိုး ဝင်းထရံ တစ်လျှောက် စိုက်ပျိုးထားတဲ့ ဆိုက်ပရပ်ပင်များကတော့ ကျောင်းရဲ့အထင်ရှားဆုံး သင်္ကေတပါပဲ။ လေယူရာယိမ်းနွဲ့ စိမ်းလဲ့လဲ့ ဒီဆိုက်ပရပ်ပင်များကတော့ ဒေါက်တာဓမ္မပီယရဲ့ ဖေးဘရိတ် ပင်များ ဖြစ်ဟန်တူပါတယ်။ သူသီတင်းသုံးခဲ့ဖူးတဲ့ ဆန်ဟိုဆေး မြို့က တထာဂတ တရားရိပ်သာမှာလည်း သူဦးဆောင်ပြီး ခု လိုဆိုက်ပရပ်ပင်များ စိုက်ပျိုးထားတာကို တွေ့ခဲ့ရပါတယ်။

မကျယ်လှတဲ့ ဒီနေရာဌာနလေးမှာပဲ ချမ်းမြေ့ရိပ်သာ ဆရာတော်ကြီး မဟာစည်သြဝါဒစရိယ ရဲဦး ဆရာတော်ကြီး၊ မြစ်သားဆရာတော်ကြီး၊ ပြန်ကပြေးဆရာတော် ဦးဇဋိလ၊ မော်လမြိုင်တောင်ဝိုင်းလေးဆရာတော်ကြီး၊ မုံလည်တောရ ဆရာတော်ကြီးတို့ တရားစခန်းများ ဖွင့်လှစ်ပြသဖူးပါတယ်။ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော် ဦးရာဇဓမ္မာဘိဝံသ၊ ဦးကောဝိဒါဘိဝံသ၊ ဦးကေသရာဘိဝံသ၊ ဖားအောက်တောရ ဆရာတော်ကြီး၊ မဟာမြိုင်ဆရာတော် ဦးဇောတိက၊ မုဒုံ ဆရာတော် အရှင်ကုသလ၊ ဓမ္မဒူတအရှင်ဆေကိန္ဒ၊ ရွှေပါရမီ တောရ အရှင်ဆန္ဒာဓိက၊ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒ စတဲ့ ဆရာတော်များလည်း တရားတော်များ လာရောက် ဟောကြားသွားတော်မူဖူးကြပါတယ်။



## တရားရိပ်မှာ ချွေးသိပ်အပန်းဖြေ

ဇွန်လ (၃၀)ရက်၊ စနေနေ့၊ မနက် (၈)နာရီတိတိမှာ မေတ္တာနန္ဒဝိဟာရဓမ္မရိပ်သာ နွေရာသီ (၅)ရက် အထူး တရားစခန်းကို စတင်ဖွင့်လှစ်ပါတယ်။ နမောတဿသုံးကြိမ် စုပေါင်းရွတ်ဆိုကြပြီး ပရိသတ်များ (၈)ပါး သီလခံယူ ကြပါတယ်။ ပြီးတဲ့အခါ မေတ္တာနန္ဒဝိဟာရ ဓမ္မရိပ်သာ ဆရာတော် ဒေါက်တာ ဓမ္မပီယက ယောဂီများ ဆောင်ဖွယ်၊ ရှောင်ဖွယ်များကို အချိန်အနည်းငယ် ရှင်းလင်းမိန့်ကြားပါတယ်။ ဒီနောက်မှာတော့ မြန်မာအမေရိကန် ဗုဒ္ဓဘာသာအသင်း နာယကကြီး ဦးခင်မောင်ကျော်က ဘုန်းကြီးရဲ့ အတ္ထုပ္ပတ္တိ အကျဉ်းကို ဖတ်ပြပြီး ဓမ္မပရိသတ်များနဲ့ မိတ်ဆက်ပေးပါတယ်။ ဒီနောက်မှာ ဘုန်းကြီးများက ယောဂီများအတွက် အခြေခံ ရှုမှတ် ရမည့် အချက်အလက်တို့ကို အကျဉ်းချုပ်ရှင်းလင်း ဟောပြ ပါတယ်။ နောက်ဆုံးအစီအစဉ်အဖြစ် အနန္တကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ အလုပ်ပေးတရားတော် တိတ်ခွေကို ဖွင့်ပြခဲ့ပါတယ်။

ဒီနေ့က စနေရုံးပိတ်ရက်ဖြစ်တာကြောင့် အချိန်ပိုင်း ယောဂီများနဲ့ဆိုတော့ ယောဂီ (၄၅)ယောက်ခန့် ရှိပါတယ်။

နေ့ဆွမ်းအလှူရှင်များကတော့ မိခင်ကြီး ဒေါ်ခင်ခင်ညွန့် အမှူးထားပြီး ကိုကိုသန့်၊ မခိုင်ခိုင်ညွန့်မိသားစုက ဆက်ကပ် ပါတယ်။ ယောဂီများကိုတော့ ကိုယ့်ပန်းကန်ကိုယ်ယူ၊ ကိုယ်လို တာကိုယ်ထည့် ဘူဖေးစနစ်နဲ့ ကျွေးမွေးပါတယ်။ စားသောက် ဖွယ်ပေါများတဲ့ အရပ်ဒေသ လုပ်အားရှားပါးတဲ့ အရပ်ဒေသမှာ

www.burmeseclassic.com

www.burmeseclassic.com



ခုလို ကရိကထာမများ၊ ဝန်ကျဉ်းတဲ့ ဘူဖေးစနစ်ဟာ အံ့ဝင်ခွင်ကျ ဖြစ်ပါတယ်။

ည (၇)နာရီတိတိမှာ တရားဟောကြားပါတယ်။ ပြင်ပက လာရောက် နာယူကြတဲ့ ပရိသတ်များနဲ့ဆိုတော့ ပရိသတ် (၆၀)ကျော် (၇၀)နီးပါး ရှိတယ်လို့ ဆိုပါတယ်။ ဘုရားခန်းမှာ နေရာမလောက်တဲ့အတွက် အောက်ထပ်မှာပဲ ဆောင်းဘောက်စ်ကနေ နာကြားကြတယ်လို့ ပြောပြပါတယ်။ လောကနီတိလာ သစ်ပင်အရိပ်၊ ဆွေမျိုးမိဘအရိပ်၊ ဆရာအရိပ်၊ မင်းအရိပ်၊ တရားအရိပ်ဆိုတဲ့ အရိပ် (၅)ပါးကို အခြေခံကာ တရားရိပ်မှာ ငြိမ်းချမ်းသာအမည်ဖြင့် အကျယ်တဝင့် ရှင်းလင်းဟောကြားခဲ့ပါတယ်။

ဂေါပကအဖွဲ့နှင့် ပုညသီအမျိုးသမီး ဝေယျာဝစ္စအဖွဲ့မှ ပေးပို့သော အီးလ်မေး လက်ခံရရှိသည်။ မောင်မင်းမင်းစိုး စင်္ကာပူမှ ဆက်သွယ်ကြောင်းနှင့် မောင်သန်းမင်းစိုး စာမေးပွဲ အောင်ကြောင်း အကြောင်းကြားသည်။ သတင်းကောင်းများကြားရ၍ အတိုင်းမသိ ဝမ်းသာမိသည်။ အီးလ်မေးပေးပို့သော မအေးအေးမိုးကိုလည်း ကျေးဇူးအထူးတင်ပါသည်။



၂၀၀၇ ခုနှစ်၊ ဇူလိုင်(၁)ရက်၊ တနင်္ဂနွေနေ့

(တရားစခန်း၊ ဒုတိယနေ့)

**အချိန်တိုင်း အကျိုးရှိပါစေ**

နံနက် (၄)နာရီ (၃၀)မှာ အိပ်ယာထ၊ ကိုယ်လက်သုတ်သင်၊ (၅)နာရီတိတိအချိန်မှာ နေ့စဉ်ပြုနေကြအတိုင်း မေတ္တာနန္ဒဆရာတော်များ၊ တရားစခန်းဝင် ယောဂီများနဲ့အတူ ဝိပဿနာများ ရှုမှတ်ပွားများကြတယ်။ (၅)နာရီ (၄၅)မိနစ်အချိန်မှ ရှုမှတ်ရပ်နားပြီး ယောဂီများကို (၈)ပါးသီလ ချီးမြှောက်ပါတယ်။ သီလချီးမြှင့်အပြီး သတိပဋ္ဌာန်တရားရှုမှတ်ပွားများပုံကို ရက်တိုအတွင်းမှာပင် နားလည်သဘောပေါက်နိုင်အောင် မိနစ် (၂၀)ခန့် ရှင်းလင်းဟောကြားပေးခဲ့ပါတယ်။ ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီး ချီးမြှင့်ခဲ့သော မေတ္တာပို့များကို ချပေးပြီး ယောဂီများကို မေတ္တာပွားစေခဲ့ပါတယ်။

နံနက် (၆)နာရီ (၁၅)မိနစ်ခန့်မှာ အရုဏ်ဆွမ်း ဘုဉ်းပေးကြပါတယ်။ အလှူရှင်များကတော့ ကိုသောင်းညွန့်၊ မစုစုနဲ့ မိတ်ဆွေများဖြစ်ပါတယ်။ ဆီချက်ခေါက်ဆွဲ၊ အချိုပွဲ၊ သစ်သီးစုံတို့နဲ့ ဆက်ကပ်ကြပါတယ်။

နေ့ဆွမ်းကိုတော့ ကိုတင်ဝင်း၊ မနှင်းနှင်းဖြူတို့အိမ်မှာ ဘုန်းကြီး၊ ဦးဓမ္မပီယနဲ့ ဦးဉာဏိကတို့ ကြွရောက် ဘုဉ်းပေးကြတယ်။ ဦးယောသိတကတော့ ယောဂီများကို စောင့်ရှောက်ဖို့ နေခဲ့ပါတယ်။ ယောဂီများအတွက် ယနေ့နေ့ဆွမ်းအလှူရှင်ကတော့ ကိုတင်အောင်စိုး၊ မသင်းသင်းနိုင် ဦးဆောင်တဲ့ သူ့ရဲ့

www.burmeseclassic.com



ဓမ္မမိတ်ဆွေများ ဖြစ်ပါတယ်။ နံနက်ပိုင်းမှာ အမျိုးသမီးယောဂီများကို တရားလျှောက်စေပြီး၊ ညနေ (၂)နာရီမှာ အမျိုးသားယောဂီများနဲ့ အချိန်ပိုင်းယောဂီများကို တရားလျှောက်စေပါတယ်။ ည (၇)နာရီမှာ ကာလသုတ်ကို အခြေခံကာ သွားတိုင်း၊ ရပ်တိုင်း၊ထိုင်တိုင်း၊ လျောင်းတိုင်း၊ ဣရိယာပုတ်မရွေး သတိဦးစီးတဲ့ စိတ်နဲ့မပြတ်မလတ် တလစပ်ရှုမှတ် နေမယ်ဆိုရင် အချိန်တိုင်းဟာ မိမိအတွက် အကျိုးရှိစေ နိုင်တယ်လို့ တိုက်တွန်းတဲ့ အနေနဲ့ အချိန်တိုင်း အကျိုးရှိပါစေ၊ အမည်နဲ့ တရားတော် ဟောကြားချီးမြှင့်ခဲ့ပါတယ်။

**၂၀၀၇ ခုနှစ်၊ ဇူလိုင်(၂)ရက်၊ တနင်္လာနေ့**

**(တရားစခန်း၊ ဒုတိယနေ့)**

**တရားရကြောင်း အခွင့်ကောင်း**

နံနက် (၄)နာရီ (၃၀)မိနစ်မှာ အိပ်ယာထ၊ ကိုယ်လက်သုတ်သင်၊ (၅)နာရီတိတိအချိန်မှာ နေ့စဉ်ပြုနေကြ အတိုင်း မေတ္တာနန္ဒဆရာတော်များ၊ တရားစခန်းဝင် ယောဂီများနဲ့အတူ ဝိပဿနာတရား ရှုမှတ်ပွားများကြတယ်။ (၅)နာရီ (၄၅)မိနစ် အချိန်မှ ရှုမှတ်မှုရပ်နားပြီး ယောဂီများကို (၈)ပါးသီလ ချီးမြှောက်ပါတယ်။ သီလချီးမြှင့်အပြီး စင်္ကြံရှုမှတ်ပွားများပုံ၊ စင်္ကြံရှုမှတ်ပွားများခြင်းကြောင့် ရရှိနိုင်အောင် အကျိုးတရားများကို ဗုဒ္ဓ၏ပစ္ဆိမဩဝါဒက အရှင်သုဘဒ္ဒကို ဥပမာပေးကာ နားလည် သဘောပေါက်နိုင်အောင် မိနစ်(၂၀)ခန့် ရှင်းလင်း



ဟောကြားပေးခဲ့ပါတယ်။ မဟာစည် မေတ္တာပို့များကို ချပေးပြီး ယောဂီများကို မေတ္တာပွားစေခဲ့ပါတယ်။

နံနက် (၆)နာရီ (၁၅)မိနစ်ခန့်မှာ အရုဏ်ဆွမ်းဘုဉ်း ပေးကြပါတယ်။ အလှူရှင်များကတော့ မိဘများ ရည်စူးပြီး မမြင့်မြင့်သိန်းက ဆက်ကပ်ပါတယ်။ ကော်ရည်ခေါက်ဆွဲ၊ အချိုပွဲ၊ သစ်သီးစုံတို့နဲ့ ဆက်ကပ်ကြပါတယ်။

နေ့ဆွမ်းကို ကိုဒေးဗစ်၊ မရူဘီတို့အိမ်မှာ ဘုဉ်းပေးပါ တယ်။ သူတို့ သားနဲ့သမီးတို့ရဲ့ ဘာသာရေး၊ ယဉ်ကျေးမှုနဲ့ ပတ်သက်ပြီး ရတက်မအေးနိုင် ဖြစ်ရတဲ့အကြောင်းကို မရူဘီက လျှောက်ကြားပါတယ်။ ပြည်ပရောက် မိဘများ အများဆုံး ပူပန်ကြရတဲ့ သောကတစ်ခုပါပဲ။ မိမိတို့ကိုယ်တိုင်က ပထမ ရောက်လာတဲ့ မျိုးဆက်များဖြစ်တာကြောင့် မိဘများမှာ ဒီက လူနေမှုကို အမှီလိုက်နိုင်ဖို့ နေ့ညမအား ကြိုးစား ရုန်းကန်နေကြ ရတယ်။ စားဝတ် နေရေးအတွက် အချိန်များစွာ ပေးနေရလို့ မိဘများက သားသမီးအတွက် အချိန်လုံလောက်အောင် မပေး နိုင်ကြဘူး။ ဒီတော့ ကလေးတွေက သူတို့ရဲ့ သူငယ်ချင်းတွေနဲ့ပဲ အနေများကြတော့ အတုယူစရာကို မိဘများဆီက မရနိုင်ဘဲ ဖြစ်လာကြတယ်။ သူတို့အခေါ် (Peer pressure) သူငယ်ချင်း များရဲ့ ဆွဲဆောင်သိမ်းသွင်းအားကလည်း ကြီးမားပါတယ်။ ဒီအားကို မိဘများစကားက တိုးမပေါက်နိုင်အောင် ဖြစ်လာရ တယ်။ အရှေ့တိုင်းမှာ ကြီးပြင်းလာကြတဲ့ မိဘများနဲ့ အနောက် တိုင်းမှာ လူမှုပုံသဏ္ဌာန်က မတူကွဲပြားတာတွေ တော်တော် များများရှိတာကို သတိထားမိပါတယ်။ သူတို့ဆီမှာ အကောင်း

www.burmeseclassic.com

www.burmeseclassic.com



တွေရှိသလို ကိုယ့်ဆီမှာလည်း ကောင်းတာတွေရှိတယ်ဆိုတာကို မိဘများက လမ်းညွှန်ပြသပေးနိုင်ဘို့ လိုပါလိမ့်မယ်။ ဒါကြောင့် သားသမီးတွေ ရှေ့ရေးကြောင့် မိဘများက နိုင်ငံရပ်ခြားမှာ ပြောင်းရွှေ့ ကြရတာပါဆိုလျှင် ကြီးပွား၊ စီးပွားရေးတစ်ခု တည်းကိုသာ ဦးစားပေးတဲ့အနေမျိုး မဖြစ်စေဘို့ လိုပါလိမ့်မယ်။ မိဘတွေကိုယ်တိုင်ရော၊ ဘာသာရေးနဲ့ နီးနီးစပ်စပ်ရှိကြပါ သေးလား၊ ကိုယ့်ယဉ်ကျေးမှု အစဉ်အလာကောင်းများကို ထိန်းသိမ်းလိုက်နာဆဲ ရှိကြပါသေးလား၊ ဆန်းစစ်ဖို့ လိုပါ လိမ့်မယ်။ ကျောင်းကန် ဘုရားဆိုတာ အချိန်ပို အချိန်အားမှ သွားတာမျိုးလို့သဘောထားသူတွေ ဖြစ်နေပြီလား ဆိုတာ ကိုလည်း ဆန်းစစ်ဖို့ သင့်ပါတယ်။ မိဘများ ကိုယ်တိုင်ပင်လျှင် ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု ထုံးတမ်းအစဉ်အလာများနဲ့ ကင်းဝေးနေလျှင် သားသမီးတွေက ဘယ်မှာလာလို့ ဘာသာသွေး နှေးထွေးစေနိုင်ပါတော့မလဲ။ ဘယ်အရာမဆို လိုချင်ကာမှ ထလုပ်တာထက် ကြိုတင်အားထုတ်ထားတာ မျိုးကတော့ ပိုမို ခရီးရောက်ပါလိမ့်မယ်။

ညနေတရားပွဲမှာတော့ ဓမ္မပဒ အဋ္ဌကထာလာ တရားရ ကြောင်း အခွင့်ကောင်း (၄)ပါးဖြစ်တဲ့ (၁) ဘုရားသာသနာ တော်နဲ့ တွေ့ရခြင်း၊ (၂) သာသနာထွန်းကားတဲ့ အရပ်မှာ လူဖြစ် ရခြင်း၊ (၃) သမ္မာဒိဋ္ဌိ အယူကောင်း အယူမှန်ရှိခြင်း။ (၄) မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် – စိတ် – ဆိုတဲ့ အကြည်ဓါတ် (၆)ပါးနဲ့ ပြည့်စုံခြင်းဆိုတဲ့တရားကို အကျယ်တဝင့် ဟောကြား ပေးခဲ့ပါ တယ်။ မမြွတ်မြတ်လင်း(အမ) ကိုအောင်မျိုးဦးနဲ့ ဒေါက်တာ မြစပယ်တို့ လာရောက်ဖူးတွေ့ကြတယ်။



၂၀၀၇ ခုနှစ်၊ ဇူလိုင်(၃)ရက်၊ အင်္ဂါနေ့

(တရားစခန်း စတုတ္ထနေ့ရက်)

ဘယ်လိုပီတိမျိုးနဲ့မှ

နံနက် (၄)နာရီခွဲကစလို့ တစ်နေ့တာလုပ်ငန်းစဉ်ကို စတင်ခဲ့တယ်။ အရဏ်ဆွမ်းနေ့ဆွမ်းများကိုလည်း ကျောင်းမှာ ပင် ဘုဉ်းပေးပါတယ်။ အလှူရှင်များကတော့ မအေးမြခိုင်နဲ့ မခင်လှကြူတို့ ဖြစ်ပါတယ်။

ည (၇)နာရီမှာတော့ ဥဒယဗ္ဗယဉာဏ် အခိုက်မှာ ဖြစ်လေ့ရှိတဲ့ ဝိပဿနာညစ်ညူးကြောင်း တရား (၁၀)ပါးကို အကျယ်တဝင့် ရှင်းလင်း ဟောကြားပေးခဲ့ပါတယ်။ ယောဂီများ ထဲမှာ ရုပ်နာမ်ဓမ္မတို့ရဲ့ ဖြစ်ပျက်ဟန်ကို အမှန်မြင်တဲ့သူ တစ်ဦးစ၊ နှစ်ဦးစကိုလည်း တွေ့ရပါတယ်။ တရားကြောင့်ဖြစ်တဲ့ ပီတိကို ဘယ်လိုပီတိမျိုးကမှ အစားထိုးလို့ မရနိုင်ကြောင်းကိုလည်း ကိုယ်တွေ့အဖြစ်များကို အခြေခံလို့ ဟောကြားပေးခဲ့ပါတယ်။ အခြားအရာတွေမှာ သတ္တဝါတွေဟာ မစ္ဆရိယရှိတတ်ပေမယ့် တကယ့်ဓမ္မမှာတော့ မစ္ဆရိယမရှိကြောင်း၊ ဓမ္မပီတိကို ကိုယ်ခံစား ရသလို ကိုယ်နဲ့သိကျွမ်းသူတွေ၊ မသိကျွမ်းသူတွေ၊ အားလုံးကို မျှဝေခံစားစေလိုကြောင်းကိုလည်း ပြောပြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေပြည်တံခါးဖွင့်ထားခဲ့တယ်

၂၀၀၇ ခုနှစ်၊ ဇူလိုင်(၄)ရက်၊ ဗုဒ္ဓဟူးနေ့

(တရားစခန်း ပဥ္စမနေ့)

နံနက်ပိုင်းတရားရှုမှတ် သီလပေးပြီး တရားစကား အနည်းငယ် ချီးမြှင့်ပါတယ်။ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးရဲ့ နည်းထုံးကိုယူပြီး ဆရာတော်ဘုရာကြီး ရေးစပ်ထားခဲ့တဲ့ "အပါယ်ဘေး ငြိမ်းခွင့်ဉာဏ်အဆင့် အသင့်ရောက်ပါစေ၊ ထိုဉာဏ်ဖြင့်လည်း မတော်ပဲ ဆင်းရဲငြိမ်းပါစေ၊ ဖြစ်ပေါ်လာငြား စိတ်ကြမ်း များ ပယ်ရှားနိုင်ပါစေ" ဆိုတဲ့ လင်္ကာလေးကိုလည်း ချပေးရှင်းပြခဲ့ပါတယ်။ ဆရာတော်ဘုရားကြီး ဒီလင်္ကာလေးကို တရားစခန်းနောက်ဆုံးရက်များမှာ ချပေးရှင်းပြတိုက်တွန်းတော်မူလေ့ရှိပါတယ်။

နေ့ဆွမ်းကို ကျောင်းမှာပဲ ဘုဉ်းပေးကြပါတယ်။ ဒေါက်တာထွန်းလှ၊ ဒေါ်ယုခင်မြင့်မိသားစုက ဆက်ကပ်ပါတယ်။ တရားစခန်း အောင်ပွဲနေ့ဖြစ်ပြန် အမေရိကန်နိုင်ငံ လွတ်လပ်ရေးနေ့ ရုံးပိတ်ရက်လည်းဖြစ်လို့ ဒီနေ့တော့ ပရိသတ်တွေလည်း များပါတယ်။

နေ့လည် (၁)နာရီမှာ တရားစခန်းအောင်ပွဲ ကျင်းပပြုလုပ်ပါတယ်။ နှုတ်ဆက်ကန်တော့ကြ၊ နဝကမ္မများ လှူဒါန်းပူဇော်ကြပါတယ်။ နောင် အခွင့်သာပါက ခုလိုလာရောက် တရားစခန်းများ ဖွင့်လှစ် ချီးမြှောက်ပါရန်ကိုလည်း မြန်မာ အမေရိကန် ဗုဒ္ဓဘာသာအသင်းကိုယ်စား နာယကကြီး



ဦးခင်မောင်ကျော်က လျှောက်ကြားပါတယ်။ မိမိမှ မေတ္တာနန္ဒဝိဟာရ ကျောင်းအမည်နဲ့ သင့်လျော်တဲ့ ဗြဟ္မာဝိဟာရ တရားတော်ကို အကျဉ်းမျှဟောကြား ရေစက်ချပေးပြီး အခမ်းအနားကို ရုပ်သိမ်းကြပါတယ်။ အခမ်းအနားအပြီးမှာ ယောဂီများ စုပေါင်းမှတ်တမ်းတင် ဓါတ်ပုံများလည်း ရိုက်ကြပါတယ်။

တရားစခန်းဝင်ရောက်ကြသူတွေထဲမှာ တစ်ကြိမ်တစ်ခါ အစဦးစွာ တရားရှုမှတ်ကြသူတွေလည်းပါ။ နည်းပေါင်းစုံ၊ ဆရာပေါင်းစုံထံမှာ နည်းခံရှုမှတ်ဖူးသူများလည်း ပါပါတယ်။ အားလုံးသော သူတွေနဲ့ လိုက်လျော ညီထွေဖြစ်စေရအောင် နည်းပေးကာ လမ်းညွှန်မှုပြုလုပ်ခဲ့ပါတယ်။ အခြေခံအဆင့် ဉာဏ်ဖြစ်သူလည်းရှိ နောက် ဆက်လက်ရှုမှတ်ခွင့်ရစေဘို့ လမ်းစတွေ့သူလည်းရှိပေါ့။

ဘုန်းကြီးကတော့ နိဗ္ဗာန်ရွှေပြည်ရောက်ကြောင်း၊ တစ်ကြောင်းတည်းသော ခရီး၊ မဟာသတိပဋ္ဌာန်နည်းကို ပေးခဲ့ပါတယ်။ တိုတောင်းလှတဲ့အချိန်အရ ဒါဟာ အစပထမ ခြေလှမ်းလောက်ပဲ ဖြစ်ပါလိမ့်မယ်။ သို့ပေမယ့် အလွန်ရှည်လျားတဲ့ မိုင်ပေါင်းထောင်သောင်းချီခရီးကို ခုလို ပထမခြေလှမ်းကပဲ စရရိုးဓမ္မတာဖြစ်ပါတယ်။ သို့အတွက်ကြောင့် ရွှေနိုင်ငံသားတွေ ရွှေပြည်နယ်မှာ ပြောင်းရွှေ့ကာ အခြေချနေထိုင်ကြတယ်။ ရောက်ရှိနေတဲ့ ရွှေပြည်နယ်ဌာနလောက်မှာသာ ကျေနပ်အားရ ရပ်တန့်မနေကြပဲ ဘုန်းကြီးများ ဖွင့်လှစ်ပြသထားခဲ့တဲ့ ရွှေတံခါးကနေ မိမိတို့လိုလားတဲ့ သန္တိသုခအမတချမ်းသာ နိဗ္ဗာန်ရွှေပြည်အထိ အရောက်လှမ်းနိုင်ကြပါစေကြောင်း တောင်းဆုချွေကာတိုက်တွန်းပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ကျေးဇူးစကားပါးပါရစေ**

ဘုန်းကြီးများ အမေရိကန်နိုင်ငံကိုရောက်ရှိစဉ် အမေရိကရဲ့ အနောက်ပိုင်းပြည်နယ်ဖြစ်တဲ့ ကာလီဖိုးနီးယားပြည်နယ်၊ ဆန်ဖရန်စစ္စကို၊ ဒေလီစီးတီး၊ ဖရီးမောင့်၊ လော့စ်အင်ဂျလိစ်၊ လပ်စ်ဗေးဂတ်မြို့စတဲ့ ကာလီဖိုးနီးယား ပြည်နယ်ရဲ့ ထင်ရှားတဲ့မြို့ကြီးများသို့ ဓမ္မဒူတ တရားဟော၊ တရားပြပေးရန် ပင့်ဖိတ်ကြတဲ့ မေတ္တာနန္ဒဝိဟာရ ဓမ္မရိပ်သာဆရာတော် ဒေါက်တာဓမ္မပီယနှင့် မြန်မာအမေရိကန် ဗုဒ္ဓဘာသာ အသင်းကြီးမှ အဖွဲ့ဝင်များ၊ ရတနာဉာဏ်ရောင် ဓမ္မရိပ်သာ ဆရာတော် ဦးတေဇဝန္တနှင့် တပည့် ဒါယကာ၊ ဒါယိကာမများ အထူးသဖြင့် ကာလီးဖိုးနီး ယားပြည်နယ်တခွင် ဓမ္မဒူတခရီးစဉ်များမှာ အသွားအပြန် လေယာဉ် လက်မှတ်များနှင့် လော့စ်အင်ဂျလိစ်မြို့တွင် သီတင်းသုံးစဉ် တရားဟော၊ တရားပြ ကြွရောက်ရာနှင့် ရောက်သင့်ရာနေရာများသို့ ကြွရာမှာ ချမ်းသာ လွယ်ကူစွာ ကြွရောက်နိုင်ရန် ကားယာဉ်အလှူကို လှူဒါန်းတဲ့ တပည့်လေး မောင်မိုးကျော်စွာနှင့် မိဘများဖြစ်ကြတဲ့ ဦးထွန်းမောင်၊ ဒေါ်အေးအေးလင်းတို့မိသားစုများ၊ ဘုန်းကြီးများ၊ ကာလီဖိုးနီးယား နေထိုင်စဉ် ရက် (၂၀)အတွင်း ဟိုဟိုဒီဒီ လိုက်ပို့ကာ ယာဉ်ဒါန၊ အချိန်ဒါနပြုခဲ့ကြသူများ၊ အာဝါသိက ဝတ္တရား အထူးကျေပွန်ကြပါသောဓမ္မသုခ၊ မေတ္တာနန္ဒဝိဟာရနှင့် ရတနာဉာဏ်ရောင်ကျောင်းများမှ ဆရာတော်၊ သံဃာတော်များ၊ ဆွမ်း၊ ကွမ်း၊ ဝေယျာဝစ္စ အလှူဒါနပြုခဲ့ကြတဲ့ ဒကာ၊ ဒကာမများ၊ လှူဖွယ်ဝတ္ထု နဝကမ္မ အစုစုတို့ဖြင့် ကုသိုလ်ဒါနပြုကြသူများ၊ အားလုံး၊ အားလုံးကိုဖြင့် လိုက်လိုက် လှဲလှဲ



ကျေးဇူးဥပကာရ တင်ရှိပါကြောင်းကို ပြောပြချင်ပါတယ်။ ဆရာဒကာအားလုံး ကိုယ်စိတ်နှစ်ဖြာ ဘေးရန်ကွာကြပါစေကြောင်းကိုလည်း ဆုတောင်းမေတ္တာ ပို့သပွားများပါတယ်။

ဘုန်းကြီးများ ဓမ္မခရီးဆက်ရပါဦးမယ်။ အမေရိကန် အရှေ့ဖက်ကမ်း နယူးယောက်ပြည်နယ် ဘတ်ဖဲလိုးမြို့ က ဒေါက်တာဓမ္မပီယ ဦးစီး တည်ထောင်ထားတဲ့ မေတ္တာနန္ဒဆီသို့၊ အဲဒီမှာ ဇူလိုင်လ (၇)ရက်၊ တနင်္ဂနွေနေ့မှာ သိမ်သမုတ်ပွဲနဲ့ ရဟန်းခံရှင်ပြုပွဲ ကျင်းပပါလိမ့်မယ်။ ဘုန်းကြီးနဲ့ မေတ္တာနန္ဒရိပ်သာများရဲ့ မဟာနာယကဆရာတော် ဒေါက်တာဓမ္မပီယတို့အတူ ဒီပွဲကိုသွားရောက်ကြမှာပါ။ မပြီးဆုံးသေးတဲ့ သာသနာပြုလုပ်ငန်းတွေ ရှေ့ဆက် ဆောင်ရွက်ရန် ခရီးဆက်ရမှာဖြစ်တဲ့ အတွက် အသုံးအဆောင် ပစ္စည်းလေးတွေ အိပ်ထဲထည့်ပြီး အသုံးမလိုတော့တဲ့ ပစ္စည်းများနဲ့ ဦးဃောသိတာဘိဝံသမှ ဘုန်းကြီးရဲ့ ကျန်းမာရေးအတွက် အမြဲသွေး ပေါင်ချိန်နိုင်ရန် လှူဒါန်းထားတဲ့ သွေးပေါင်ချိန်စက်ကလေးနဲ့ ဘုန်းကြီး သာသနာပြု ခရီးကြွနေစဉ်မှာ ရွှေမင်းဝံသာသနာ့ရိပ်သာ ကျောင်းတိုက်ကြီး (၂)တိုက်ကို ကျရာတာဝန်ကို ကျေပွန်စွာနဲ့ ညီညီညွတ်ညွတ် စောင့်ရှောက်နေကြတဲ့ သံဃာတော်များကို သူတို့အတွက် အသုံးဝင်မယ့် ပစ္စည်းလေးများဖြင့် ချီးမြှောက်ချင်ပါတယ်။ ဒါကိုသိတဲ့ ဦးဉာဏိကာဘိဝံသမှ ဘုန်းကြီး ဆန္ဒပြည့်တဲ့အနေနဲ့ ခေါင်းရိတ်စက်များကို လှူဒါန်းထားပါတယ်။ အဲဒီပစ္စည်းများကို ဘုန်းကြီးတို့ရဲ့ အရင်ပြန်နှင့်မည့် ရဟန်းဒါယကာ ဦးကြည်မျိုးနဲ့ ရဟန်းဒါယိကာမ ဒေါ်ကြည်ကြည်မြင့်တို့အား ယူဆောင်သွားနိုင်ရန် ပေးအပ်ခဲ့ပါသည်။ ကာလီဖိုး

www.burmeseclassic.com

www.burmeseclassic.com

နီးယားမှာ ရောက်နေတဲ့ မဇ္ဈိမဂုဏ်ရည် ဒေါက်တာကောဝိဒ၊ အင်္ဂလန်က အရှင်တေဘာသန၊ ရတနာဉာဏ်ရောင် အရှင်တေဇဝန္တနဲ့ ဖရီးမောင့် မေတ္တာနန္ဒမှ အရှင်ယောသိတာဘိဝံသတို့တော့ နက်ဖြန်မှ ကြွရောက်ကြပါလိမ့်မယ်။

ည (၉)နာရီ (၃၅)မိနစ်မှ ဥက္ကလံအပြည်ပြည်ဆိုင်ရာ လေဆိပ်ကနေ နယူးယောက်မြို့၊ ဂျွန်အက်ဖ်ကနေဒီ လေဆိပ်ဆီ ပျံသန်းမည့် ဘုန်းကြီးတို့ စီးနင်းလိုက်ပါမည့် ဂျက်ဘလူး လေယာဉ်ကြီး စတင်ပျံသန်းရန် ပြေးလမ်းပေါ် မှာ အချိန်ယူစ ပြုနေပါပြီ၊ စိတ်အစဉ်ကတော့ ကာလီဖိုးနီးယားတစ်ခွင်မှာ ဝေ့သီ ပျံဝဲလျက်နေတုန်းပါ။ သို့ပေမယ့် ဘုန်းကြီး များသွားရမည့်ခရီးက ဒါအဆုံးမဟုတ်သေးဘူးလေ၊ ရှေ့ဆက် ရဦးမည် မဟုတ်လား။ ဒီတော့ ကျန်ရစ်သင့်တဲ့အရာတွေကို ချန်ရစ်ပစ်ရမှာက ဓမ္မတာ ပဲမို့ (၂၀)ရက်တာ နေထိုင်ခဲ့ရတဲ့ ကာလီဖိုးနီးယားရွှေဒေသကို နှုတ်ဆက်ရတော့မှာပ။ နှုတ်ဆက်ခဲ့ပါတယ် ကာလီဖိုးနီးယား။

**၂၀၀၇ ခုနှစ်၊ ဇူလိုင်(၄)ရက်၊ ဗုဒ္ဓဟူးနေ့။**

**ဖရီးမောင့်မှသည် ဘတ်ဖဲလိုးဆီသို့**

ည (၈)နာရီအချိန်တွင် နယူးယောက်ပြည်နယ်၊ ဘတ်ဖဲ လိုးမြို့၊ မေတ္တာနန္ဒဓမ္မရိပ်သာ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ၊ သိမ်သမုတ်ပွဲ၊ စုပေါင်း ဒုလ္လဘရဟန်းခံရှင်ပြုပွဲ၊ တရားစခန်းပွဲ တို့ကို ဆရာတော် ဒေါက်တာဓမ္မပိယနဲ့အတူ ကြွရောက်ဖို့ မောင်မိုးကျော်၊ ရဟန်းဒါယကာ ဦးကြည်မျိုး + ရဟန်းအမ



နယူးယောက်ပြည်နယ်၊ ဘတ်ဖဲလိုးမြို့၊ မေတ္တာနန္ဒဝိပဿနာကျောင်းရှေ့တွင်

www.burmeseclassic.com



နယူးယောက်ပြည်နယ်၊ ဘတ်ဖဲလိုးမြို့ မေတ္တာနန္ဒဓမ္မရိပ်သာ သိမ်သမုတ်ပွဲ



နယူးယောက်ပြည်နယ်၊ ဘတ်ဖဲလိုးမြို့ မေတ္တာနန္ဒဓမ္မရိပ်သာ စုပေါင်းရှင်ပြုရဟန်းခံပွဲ

www.burmeseclassic.com




မေတ္တာနန္ဒဓမ္မရိပ်သာသို့ ကြွရောက်လာသော သံဃာတော်များနှင့် အမှတ်တရ




နယူးယောက်ပြည်နယ်၊ ကမ္ဘာကျော် နာဂရာဖော ရေတံခွန်ကြီးကို အမေရိကန်နိုင်ငံဘက်မှ မြင်တွေ့ရစဉ်

www.burmeseclassic.com



ကနေဒါဘက်ခြမ်းမှ ကမ္ဘာကျော် နာဂရာဖော ရေတံခွန်ကြီးကို နောက်ခံထား၍ အမှတ်တရ



ကမ္ဘာကျော် နာဂရာဖော ရေတံခွန်ကြီးကို နောက်ခံထား၍ အမှတ်တရ

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာကျော် နာဂရာဇော ရေတံခွန်ကြီးသို့အသွား အမေရိကန်နိုင်ငံဘက်ခြမ်းမှ အမှတ်တရ



ဒေါ်ကြည်ကြည်လွင် သမီး မယဉ်ယဉ်နွယ်နဲ့ ဦးမြင့်သိန်း + ဒေါ်ခင်စိန်တို့က ဥက္ကလံ အပြည်ပြည်ဆိုင်ရာလေဆိပ်ကို လိုက်ပို့ကြတယ်။ ညနေ (၉)နာရီ (၁၅)မိနစ်အချိန်မှာ လေယာဉ်စထွက်ပါတယ်။

ဘုန်းကြီးအတွက် အမှတ်ရစရာတစ်ခုပါ။ ဇူလိုင် (၄)ရက်နေ့ဟာ အမေရိကန်နိုင်ငံရဲ့ လွတ်လပ်ရေးနေ့ပါ။ တစ်နိုင်ငံလုံး မြို့ရွာအနှံ့ ရောင်စုံမီးရှူးမီးပန်းကြီးများကို မိုးပေါ်ပစ်ဖောက် ဂုဏ်ပြုနေကြပါတယ်။ ဒီနေ့မှာ အမေရိကန်နိုင်ငံရဲ့ ကောင်းကင်ပေါ်ကနေပြီး အမေရိကန်နိုင်ငံရဲ့ အနောက်ပိုင်း ကာလီဖိုးနီးယားပြည်နယ်ရဲ့ အနောက်မြောက်ဖျားဖြစ်တဲ့ ဆန်ဖရန်စစ္စကိုမြို့မှ အမေရိကန်နိုင်ငံရဲ့ အရှေ့ပိုင်းနယူးယောက်ပြည်နယ်ရဲ့ အရှေ့တောင်ဖျားဖြစ်တဲ့ ဘတ်ဖလိုးမြို့ကို ညဉ့်ခရီးစဉ်အဖြစ် သွားမှာဖြစ်ပါတယ်။ ကောင်းကင်ယံလေယာဉ်ကြီးပေါ်မှ မီးရောင်စုံထွန်းညှိထားတဲ့ မြို့ကြီးမြို့ငယ်၊ ရွာကြီးရွာငယ် အသွယ်သွယ်တို့ကို ဖြတ်ကျော် ပျံသန်းသွားတာဖြစ်တဲ့အတွက် အပေါ်စီးမှ မြင်တွေ့နေရတာ သိပ်ကိုလှပတဲ့ ကမ္ဘလာ ပန်းကော်ဇောကြီးများ ဖြန့်ခင်းထားလေသလားလို့ ထင်မှတ်မှားလောက်အောင် ကြည့်လို့ရှုလို့မဝလောက်အောင်ကို အလွန်လှပပါတယ်။

မီးပွင့်ကလေးများဟာလည်း စိန်ပွင့်ကလေးများ စီထားသလို တလင်းလင်း၊ တလက်လက်၊ တဖျတ်ဖျတ်၊ တလပ်လပ်နဲ့ မမေ့နိုင်စရာ မြင်ကွင်းတွေပါ။ တစ်ခါတစ်ခါမှ ပစ်လွှတ်လိုက်တဲ့ ရောင်စုံမီးရှူးမီးပန်းကြီး များဟာလည်း မီးပဒေသာပင်ကြီးများ ပေါက်သလို ကြည့်နေရတာဟာဖြင့် ရှုမငြီးနိုင်စရာပါ။

www.burmeseclassic.com

www.burmeseclassic.com



၂၀၀၇ ခုနှစ်၊ ဇူလိုင်(၅)ရက်၊ ကြာသပတေးနေ့။

**များများပေါ်ထွန်းစေချင်**

နယူးယောက်မြို့၊ ဂျွန်အက်ဖ်ကနေဒီ အပြည်ပြည်ဆိုင်ရာလေဆိပ်ကို နံနက် (၅)နာရီ (၄၅)မိနစ်မှာ ရောက်သွားပါတယ်။ အရုဏ်ဆွမ်းကို လေယာဉ်ပေါ်တွင် လေယာဉ်မယ်များ ကပ်ကြတဲ့ ကော်ဖီပူခါးခါးကို မုန့်ထုတ်လေးနဲ့ သုံးဆောင်ဘုဉ်းပေးပြီး ရောင့်ရဲခဲ့ရတယ်။ (၆)နာရီ (၄၅)မိနစ် အချိန်မှာတော့ လေယာဉ်ကြီးဟာ ဂျွန်အက်ဖ်ကနေဒီ လေဆိပ်က ထွက်လာရာ (၈)နာရီ (၅)မိနစ်အချိန်မှာ ဘတ်ဖဲလိုးလေဆိပ်ကို ရောက်သွားပါတယ်။ ဒီမြို့ကြီးက နယူးယောက်ပြည်နယ် အရှေ့တောင်ထောင့်အဆုံး ကနေဒါနိုင်ငံနယ်စပ်မှာ ရှိတာပါ။ ဦးစန္ဒောဘာသနဲ့ကိုကျော်နိုင်၊ ကိုမောင်မောင်စိန်တို့လာကြိုကြပြီး ရိပ်သာကျောင်းကို (၈)နာရီ (၂၅)မိနစ်အချိန်မှာ ရောက်သွားတာပါ။ ဒီကျောင်းဟာ ရစ်ဗာဆိုဒ် နာဂရာရပ်ကွက်ထဲတွင်ရှိပြီး ဦးစန္ဒောဘာသနဲ့ ဦးနန္ဒဝံသတို့ အမြဲသီတင်းသုံးနေထိုင်ကြတာဖြစ်တယ်။ ကျောင်းကြီးက လေးထပ်ရှိပြီး အထပ်သုံးထပ်ကို ပြုပြင်ထားလို့ သပ်သပ်ယပ်ယပ် ရှိနေပါတယ်။ အောက်ဆုံးမြေတိုက် အထပ်ကိုလည်း ပြုပြင်ပြီး စားသောက်ခန်းလုပ်နိုင်ရင် ပိုအဆင်ပြေမယ်လို့ အကြံပြုပြောခဲ့ပါတယ်။ ထိုအဆောက်အဦမျိုး နယူးယောက် ဆန်ဖရန့်စစ္စကို၊ လောစ်အိန်ဂျလိစ်တို့လို နေရာမျိုးတွေမှာ ကျောင်းလုပ်လိုက်ရရင် တော်တော်ကောင်းမှာပဲလို့ စဉ်းစားမိပါတယ်။



ဘာသာသာသနာနဲ့ မြန်မာလူမျိုးတွေအတွက် အရှည်မျှော်တွေးပြီး အမြင်ကျယ်ကျယ်နဲ့ ရိပ်သာကျောင်းသစ် တည်ထောင်ပေးတော်မူသော ဆရာတော် ဒေါက်တာဓမ္မပိယရဲ့ စိတ်ထားနဲ့ လုပ်ဆောင်ချက်များကိုကြည့်ပြီး ပြည်ပတွင် ဖြစ်ထွန်းလာမယ့် ကိုယ့်သာသနာ၊ ကိုယ့်လူမျိုးတွေအတွက် ဝမ်းသာကြည်နူးဂုဏ်ယူမိပါတယ်။ ဒီလို စွမ်းဆောင်နိုင်တဲ့ ပုဂ္ဂိုလ်တွေ သာသနာတွင်းမှာ များများပေါ်ထွန်းစေချင်ပါတယ်။ ဒီလိုပုဂ္ဂိုလ်တွေရှိမှ သာသနာ့ဂုဏ်က ပိုတက်လာနိုင်မှာပါ။

နေ့ဆွမ်းကို ဒကာ၊ ဒကာမတွေ စုပေါင်းကပ်ကြတယ်။ မြန်မာဟင်း၊ တရုတ်ဟင်း၊ ထိုင်းဟင်းတွေ သာမက ကရင်တာလဘောဟင်း၊ မွန်ဟင်းတွေတောင်ပါပါတယ်။ မြန်မာပြည်ထက် စုံနေပါတယ်။ ဘုဉ်းကြီး ရယ်၊ ဦးဓမ္မပိယရယ်၊ ဝါရှင်တန်ပြည်နယ်၊ မဟာစည်ရိပ်သာက ဦးစက္ကိန္ဒရယ် ကျောင်းမှာ သီတင်းသုံးကြတဲ့ ဦးနန္ဒဝံသ၊ ဦးစန္ဒောဘာသတို့ (၅)ပါး ဘုဉ်းပေးကြပါတယ်။ ဆွမ်းဘုဉ်းပြီးချိန်မှာ ဆရာတော် ဒေါက်တာဓမ္မပိယနဲ့ ဦးနန္ဒဝံသ၊ ဦးစန္ဒောဘာသတို့ကပွဲတော်အားလုံးကို အစဉ်ပြေအောင်မြင်စွာ ပြုလုပ်နိုင်ဖို့ ရိပ်သာကျောင်းအဖွဲ့ဝင် ဒကာ၊ ဒကာမတွေနဲ့ ဆွေးနွေးတိုင်ပင် ဆောင်ရွက်နေလိုက်ကြတာ မမောနိုင်၊ မပန်းနိုင်အောင်ပါပဲ။

**မျိုးချစ်စိတ်ထက်သန်**

ဘုန်းကြီးအနေနဲ့ ဘာတာဝန်မှ မရှိသဖြင့် ကောင်းကောင်းအနားယူ ဖြစ်ပါတယ်။ ညနေပိုင်းတွင် ကနောင်မင်းသားကြီး၏ အဆက်အနွယ် တီတော်စပ်တဲ့ ကိုသောင်းငြိမ်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



စကားပြောဖြစ်ပါတယ်။ မျိုးရိုးအစဉ်အဆက် စောင့်ထိန်းတဲ့ အနေနဲ့ သူတို့ညီအစ်ကိုမောင်နှမတွေဟာ လူမျိုးခြား၊ ဘာသာခြားနဲ့ အိမ်ထောင်မပြုဘဲ၊ ဒီနေ့အထိ နေထိုင်ကြကြောင်း ပြောပြသဖြင့် ဝမ်းသာဂုဏ်ယူမိပါတယ်။ ကိုသောင်းဝင်းဟာ ပြည်ပရောက်နေပေမယ့် ကိုယ့်ဘာသာ၊ ကိုယ့်လူမျိုး အကျိုးအတွက် လုံးဝမမေ့ဘဲ ဆောင်ရွက်နေတာတွေ အမေရိကန်မှာ မွေးလာတဲ့ မြန်မာမျိုးဆက်သစ်တွေအတွက် ဘာသာစကား၊ စာပေယဉ်ကျေးမှုစတာတွေ ပြုလုပ်ပေးမယ့် ရည်မှန်းချက်တွေကို သိရသဖြင့် ပြည်ပတွင်တွေ့ရခဲ့တဲ့ မျိုးချစ်စိတ်ထက်သန်သူတစ်ယောက်ပဲလို့ အောက်မေ့မိပါတယ်။

ည (၉)နာရီအချိန်မှာ မင်္ဂလာရာမဆရာတော် ဦးအာသဘာစရ ရောက်လာပြီး အခြားပင့်ထားတဲ့ သံဃာတော် (၅)ပါးလည်း ရောက်လာတာ တွေ့ရပါတယ်။ ဒီမြို့က ရာသီဥတုဟာ မိုးမကြာခဏရွာတာ မိုးအေးနေတာကို တွေ့နေ ရပါတယ်။ ဒီမြို့ဟာ သာသနာ့ရိပ်သာ ကျောင်းရှိလာလို့ သတ္တဝါတွေ တကယ့်အေးငြိမ်းတဲ့ချမ်းသာရာရဖို့ ဓမ္မမိုးတွေ မကြာခဏရွာနေမှာပါလို့ ပြောရရင် အဓိပ္ပါယ်ပြည့်စုံမှာပါ။

ဖရီးမောင့်မြို့၊ မေတ္တာနန္ဒဝိဟာရဓမ္မရိပ်သာမှလာကြမယ့် ဒေါက်တာကောဝိဒ၊ အင်္ဂလန်မှ ဦးတောသန၊ ဦးယောသိတ၊ ရတနာဉာဏ်ရောင်ကျောင်းဆရာတော် ဦးတေဇဝန္တတို့ ည (၁၂)နာရီမှာ ရောက်လာ ကြမယ်လို့ပြော တာနဲ့ သူတို့အလာကို စောင့်မျှော်နေကြရင်း ဘုန်းကြီးရယ်၊ ဒေါက်တာဓမ္မပိယရယ်၊ ဦးအာသဘာစရတို့ စကား ပြော နေကြပါတယ်။ ည (၁၂)နာရီ



မိနစ် (၂၀)အချိန်မှာ ဦးတေဇဝန္တနဲ့ ဦးယောသိတတို့ ရောက်လာကြပေမယ့် ဒေါက်တာ ကောဝိဒ၊ ဦးတောသနတို့ပါမလာလို့ မေးကြည့်လိုက်တော့ ပစ္စည်းတွေစောင့်နေကြလို့ နောက်ကလာပါ လိမ့်မယ်လို့ ပြောတာနဲ့ ဆက်စောင့်နေကြတာပါ။ ည (၁)နာရီမှာ ဒေါက်တာကောဝိဒ၊ ဦးတောသန တို့ရောက်လာပြီး "နောက်ကျလှချည်လား ဘာတွေများဖြစ်နေကြတာလဲ" လို့ ဘုန်းကြီးကမေးတော့ သူတို့ ပစ္စည်းတွေကျန်နေခဲ့တယ်။ ဆန်ဖရန်စစ္စကိုလေဆိပ်က သူတို့စီးလာတဲ့ လေယာဉ်က နယူးယောက်၊ ဂျွန်အက်ဖ် ကနေဒီလေဆိပ်ကို ရောက်ချိန် နောက်ကျနေလို့ ဘတ်ဖဲလိုးသွားမယ့်လေယာဉ်ကို ပြောင်းစီးတဲ့ အခါ လေယာဉ်က ထွက်ခါနီးနေပြီ၊ လူတွေတောင် အပြေးအလွှားနဲ့ သွားခဲ့ရတာမို့ လေယာဉ်လိုင်းများအနေဖြင့် ပစ္စည်း လွှဲပြောင်း ချိန်မရနိုင်ဘူး။ ဒါကြောင့် ပစ္စည်းတွေ ပါမလာတာနဲ့ ဒီကျောင်း လိပ်စာပေးခဲ့ပြီး ထွက်လာခဲ့ကြတာလို့ ဒေါက်တာကောဝိဒက ရှင်းပြပါတယ်။

၂၀၀၇ခုနှစ်၊ ဇူလိုင်(၆)ရက်၊ သောကြာနေ့

အရုဏ်ဆွမ်းကို ကုသိုလ်ရှင်များ စုပေါင်းကပ်ကြပါတယ်။ မြန်မာတို့ဟူးသုပ်၊ ဘူးသီးကြော်နဲ့ သစ်သီးတွေ အစုံပါပါတယ်။ အရုဏ် ဆွမ်းပြီးချိန်တွင် သက်ကြီးရိပ်သာမှာနေတဲ့ ဦးသိန်းလွင် အကူအညီဖြင့် သက်ကြီးရိပ်သာကို ဘုန်းကြီးရယ်၊ ဒေါက်တာ ဓမ္မပိယရယ်၊ ဦးအာသဘာစရ၊ ဦးစန္ဒောဘာသတို့ သွားရောက် လေ့လာကြပါတယ်။ ဦးသိန်းလွင်က သက်ကြီးရိပ်သာနဲ့ ပတ်သက်တဲ့ အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



အရာများကို အပြောကောင်းကောင်းနဲ့ စိတ်ဝင်စားဖွယ်ဖြစ်အောင် ရှင်းပြကာ သက်ဆိုင်တဲ့ စာရွက်စာတမ်းတွေကိုလည်း ပေးလိုက်ပါတယ်။

## ကမ္ဘာ့အံ့ဖွယ်ရာ ရေတံခွန်ကြီး

နေ့ဆွမ်းချိန်မှာ သံဃာအပါး (၂၀)ခန့်ရှိလာပြီး မြန်မာဟင်းတွေနဲ့ စုပေါင်းကပ်လှူကြတာပါ။ နေ့ (၁)နာရီ အချိန်တွင် နာဂရာဖောရေတံခွန်ကြီးဆီကို သွားကြပါတယ်။ ဘုန်းကြီးနဲ့အတူ ဦးတေဇိန္ဒ၊ ဦးအာသဘာစာရ၊ ဒေါက်တာ ဓမ္မပီယ၊ ဒေါက်တာကောဝိဒ၊ ဦးတောသန၊ ဦးယောသိတ တို့လည်း ပါပါတယ်။ ထိုရေတံခွန်ကြီးဟာ မေတ္တာနန္ဒ ဓမ္မ ရိပ်သာနဲ့ဆိုရင် (၁၇)မိုင်ပဲဝေးပြီး မိနစ် (၂၀)ခန့် ကားစီးသွားရပါတယ်။ နာဂရာဖောရေတံခွန်ကြီးဟာ အလွန်လှပပြီး ကမ္ဘာ့ အံ့သြဖွယ်ရာတစ်ခု ဖြစ်ပါတယ်။ နာဂရာဆိုတာ လူနီ (Red Indian) တွေရဲ့ စကားဖြစ်တယ်။ အဓိပ္ပါယ်က ရေတွေရဲ့ မိုးချုန်းသံ (Thunder of Waters) ပါ၊ ရေတံခွန်ကြီးတွေဟာ အဲရီ (Lake Errie) နဲ့ (Lake Ontario) တို့နှစ်ခု ဆက်သွယ်နေတဲ့ နေရာတွေမှာ ရှိနေကြတယ်။ ကမ္ဘာ့အရှည်ဆုံး အကြီးဆုံး ရေတံခွန်ကြီးတွေပါပဲ၊ ဒီရေတံခွန်ကြီးတွေဟာ အမေရိကန်နဲ့ ကနေဒါ နယ်စပ်မှာရှိနေပြီး အမေရိကန် ဘက်မှာ (၁၀)ရာခိုင် နှုန်း ကနေဒါဘက်မှာ (၉၀) ရာခိုင်နှုန်းရှိတယ်လို့ သိရပါတယ်။ ဒါကြောင့် ကနေဒါနိုင်ငံ ဘက်မှာ ကြည့် စရာပိုကောင်းလို့ အဆောက်အဦတွေများပြီး အမေရိကန်နိုင်ငံဘက်မှာ နည်းနေတာပါ။ အခုမှ အမေရိကန်ဘက်မှာ အဆောက်အဦတွေ



ဖြစ်လာတာ။

ထိုရေတံခွန်ကြီးတွေရဲ့ နာမည်တွေက အမေရိကန် ရေတံခွန်နဲ့ ကနေဒါပိုင် မြင်းခွာရေတံခွန်တို့ ဖြစ်ကြ ပါတယ်။ အမေရိကန် ရေတံခွန်ကြီးဟာ နာဂရာဖောမြို့၊ ပရိ့(စ်) ပွဲ(ခ်)(တ်)ပွိုင့်နဲ့ ဂို့(တ်)ကျွန်းကြား မှာ ရှိတာပါ။ ပေ (၁၁၀၀)၊ (၃၃၅)မီတာ အကျယ်ရှိပြီး အမြင့်မှာ (၁၇၆) ပေ၊ (၅၄) မီတာ ရှိပါတယ်။ နွေရာသီအချိန် ရေလျော ကျ စီးဆင်းမှုမှာ တစ်စက္ကန့် ဂါလံ (၇၅၀၀)၊ တစ်စက္ကန့် လီတာ (၂၈၅၀၀၀) ရှိတယ်လို့ မှတ်တမ်းတင်ထားတာ တွေ့ရတယ်။ အမေရိကန် ရေတံခွန်ကြီးက နှစ်ခုရှိတယ်။ ပရိ(စ်)ပွဲ(ခ်)(တ်)ပွိုင့်နဲ့ လူနကျွန်းကြားမှာ အမေရိကန် ရေတံခွန်ရှိပြီး လူန ကျွန်းနဲ့ ဂို့(တ်) ကျွန်းကြားမှာ ဘရစ်ဒဲ(လ်)ဗီး(လ်)ရေတံခွန်ရှိတာပါ။ သို့ပေမယ့် ဘရစ်ဒဲ(လ်) ဗီး(လ်) ရေတံခွန်က သေးပါတယ်။ အဲရီ ရေကန်ကြီး ကစီးလာတဲ့ နာဂရာမြစ်ကြီးဟာ နာဂရာဖောမြို့နဲ့ ဂို့(ထ်) ကျွန်း အနောက်ဘက်ခြမ်းအထက်ပိုင်းမှာ ကျောက်ဆောင်ကျောက်တုံးတွေကြား ရေတံခွန် အသေးလေး တွေ အဆင့်ဆင့် ဖြစ်ပေါ်လာကာ ပရိ(စ်)ပွဲ(တ်) ပွိုင့် နဲ့ဂို့(တ်) ကျွန်းအောက်ပိုင်း ထိပ်ရောက်တော့ ကျိုးကျသွားပြီး ရေတံခွန်ကြီး ဖြစ်နေတာပါ။

ကနေဒါပိုင် မြင်းခွာပုံရေတံခွန်ကြီးက ကနေဒါနိုင်ငံ၊ နာဂရာဖော မြို့ကမ်းခြေနဲ့ ဂို့(တ်)ကျွန်း တဲရာပင်းပွိုင့် ကြားမှာ ရှိတယ်။ ပေ (၂၅၀၀)၊ (၇၆၂)မီတာကျယ်ပြီး အမြင့်က (၁၇၆) ပေ၊ (၅၁) မီတာရှိတာပါ။ ရေတွေ လျှောစီးဆင်းနေမှုမှာ နွေရာသီအချိန်ဆိုရင် တစ်စက္ကန့် (၇၆၅၀၀၀)ဂါလံ၊ တစ်စက္ကန့်

www.burmeseclassic.com



(၂၅၅၄၈၇၅)လီတာရှိတယ်လို့ ရေးထားတာပါ။

ဒီရေတံခွန်ကြီးဟာလည်း အမေရိကန် ရေတံခွန်ကြီးလို အဲရီရေကန်ကြီးက စီးဆင်းလာတဲ့ နာဂရာမြစ်ကြီးဟာ ကနေဒါနိုင်ငံ၊ နာဂရာဖောမြို့ ကမ်းခြေနဲ့ ဂို့(တ်) ကျွန်းတောင် ဖက်ခြမ်းအထက်ပိုင်း၊ ညီမသုံးဖော်ကျွန်းလေးများကြား၊ ကျောက်တောင်ကျောက်တုံးကြီးတွေကြား၊ ရေတံခွန် အကြီးအသေးလေးတွေအဆင့်ဆင့်ဖြစ်ပေါ် လာကာ ကနေဒါနိုင်ငံ၊ နာဂရာဖော ကမ်းခြေနဲ့ ဂို့(တ်)ကျွန်းအောက်ပိုင်း တဲရာပင်းပွိုင့်ထိပ်ရောက်တော့ ကျိုးကျသွားပြီး ရေတံခွန် ဖြစ်နေတာပါ။

ရာစုနှစ်ပေါင်းများစွာက ငလျင်ကြီးလှုပ်လို့ တချို့မြစ်တွေက ခန်းခြောက်သွားပြီး လျှိုတွေဖြစ်ကာ တချို့မြစ်တွေကတော့ ကျိုးကြသွားပြီး ရေတံခွန်ဖြစ်နေတယ်လို့ ပညာရှင်တွေက ဆိုပါတယ်။ ဒီရေတံခွန်ကြီး တွေကို ၁၆ – ၁၇ ရာစုနှစ်အတွင်း (၁၆၇၈)ခုနှစ်တွင် ပြင်သစ်ကုန်သည်တွေနဲ့ ခရစ်ယာန်သာသနာပြု ဘုန်းတော်ကြီး လူးဝစ်ဟင်နီပင်းတို့ စတင်တွေ့ရှိခဲ့တယ်လို့ ဆိုပါတယ်။

ဒီလောက်များပြားတဲ့ရေတွေ ဘယ်ကလာသလဲဆိုရင် (၃၁၈၂၀)စကွဲ မိုင်ရှိတဲ့ စူပရီယာကန်ကြီး (Lake Superior) (၂၂၄၀၀)စကွဲမိုင်ရှိတဲ့ မီချီဂန် ရေကန်ကြီး (Lake Michigan) (၂၃၀၂၀)စကွဲမိုင်ရှိတဲ့ ဟာရွန်ရေကန်ကြီး (Lake Huron) (၉၉၄၀)စကွဲမိုင်ရှိတဲ့ အဲရီကန်ကြီး (၄)ခုက လာခဲ့တာပါ။ ဒီကန်ကြီးတွေဟာ ကနေဒါနိုင်ငံ တောင်ဖက်ခြမ်းရှိပြီး အမေရိကန် နိုင်ငံမြောက်ဖက်ခြမ်း မင်နီဆိုတားပြည်နယ်၊



ဝစ်(စ်)ကန်ဆင်ပြည်နယ်၊ အီလီနွိုက်(စ်)ပြည်နယ်၊ မီချီဂန်ပြည်နယ်၊ အင်ဒီယာနာပြည်နယ်၊ အိုဟိုင်း ပြည်နယ်၊ ပင်ဆိုဗေးနီးယားပြည်နယ်၊ နယူး ယောက်ပြည်နယ်တွေနဲ့ ဆက်စပ်နေတာပါ။ ရေတံခွန်ကြီးတွေက ရေတွေဟာ စိမ်းပြီး ကြည်လင်နေသဖြင့် မျက်စိ ကြည်လင်ပြီးေ အေးချမ်းမှုကို ခံစားရပါတယ်။ ထိုရေတံခွန်ကြီးတွေကို လေ့လာချင်ရင် တစ်ရက်၊ ဒါမှမဟုတ် (၂၄)နာရီ လောက် အချိန်ပေးမှ ပြည့်စုံနိုင်မှာပါ။ လေ့လာတဲ့အခါ ကောင်းကင်ကလည်း ကြည့်နိုင်တယ်။ သင်္ဘောနဲ့လည်း အနီးကပ်မြင်နိုင်တယ်။ တွင်း ထဲ လှိုဏ်ခေါင်းထဲကလည်း လေ့လာနိုင်တယ်။

ကောင်းကင်ကနေ ရေတံခွန်ကြီး ကြည့်တဲ့အခါ ရဟတ်ယာဉ် နဲ့ကြည့်ရင် ဈေးကြီးသဖြင့် ဘောလုံးပျံနဲ့ ကြည့်နိုင်ပါတယ်။ အဲဒီလို ကြည့်လိုက်တဲ့အခါ ကနေဒါပိုင်ရေတံခွန်ကြီးဟာ မြင်းခွာပုံတွေ့နိုင်တာမို့ (Horse Shoe Falls) လို့ခေါ်ကြတာပါ။

သင်္ဘောစီးပြီး အနီးကပ်ကြည့်တဲ့အခါ ရေတံခွန်ကြီးတွေက လွင့်ပျံ့လာတဲ့ ရေမှုန်ရေမွှားလေးတွေ မစိုစွတ်ရအောင်၊ ခံနိုင်ရည်ရှိအောင် ပလတ်စတစ်မိုးကာအပြာရောင် အင်္ကျီတွေ ဝတ်ရတယ်။ ဘုန်းကြီးတို့ သွားတဲ့ အချိန်မှာ နေပူနေသဖြင့် ပလတ်စတစ်မိုးကာအင်္ကျီတွေ ဝတ်ထားရတော့ အိုက်နေတာကို အေးချမ်းသွားအောင် ရေပန်းတွေနဲ့ ပက်ဖြန်းလိုက်သလိုမျိုး စိတ်ထဲမှာခံစားရပါတယ်။ လူငယ်ဆိုရင် ပျော်ကြလွန်းလို့ အော်ဟစ်နေကြလေရဲ့၊ ဘုန်းကြီးလည်း ဟောနေကြ မေတ္တာသုတ်တော်ကို သတိရပြီး လွင့်ပျံပက်ဖျန်းလာတဲ့ ရေမှုန်ရေမွှား

www.burmeseclassic.com

www.burmeseclassic.com



လေးတွေက ပေးတဲ့ အေးငြိမ်း တဲ့ခံစားမှုကိုယူကာ လူသားတွေ အချင်းချင်းနှိပ်စက်ညှင်းဆဲလိုတဲ့စိတ်တွေ ကင်းဝေးပြီး ကမ္ဘာမြေကြီးတစ်ခုလုံး အေးချမ်းကြရင် ကောင်းမှာပဲလို့ မျှော်လင့်မိပါတယ်။

တွင်းထဲကနေ လှေလာတယ်ဆိုတာ ဂို့(ထ်)ကျွန်းအနောက်မြောက် ထောင့်ထိပ် ခါတ်လှေခါးနဲ့တွင်းဝကို ဆင်း၊ တွင်းထဲကနေ ကမ်းခြေဘေးကို လမ်းလျှောက်သွား ဘရစ်ဒဲ(လ်)ဗီး(လ်)ရေတံခွန်နဲ့ အမေရိကန်ရေတံခွန်တို့ အောက်ခြေနားကပ်ကာ ပတ်ဝိုက်ပြီးပြုလုပ်ထားတဲ့ သစ်သား တံတားပေါ်ကို ပေးထားတဲ့ ပလတ်စတစ်မိုးကာ အင်္ကျီအဖြူသို့မဟုတ် အဝါရောင်ကိုဝတ် ခြေချော်မကျအောင်ပေးထားတဲ့ ကြက်ပေါင်ဖိနပ်ကိုစီးကာ အနီးကပ် လှေလာနိုင်ပါတယ်။ ညီမ သုံးဖော်ကျွန်းကိုလည်း သွားပြီး လှေလာနိုင်ပါတယ်။ မြင်းခွာ ရေတံခွန်ကြီးမဖြစ်မီ သဘာဝကျောက်ဆောင်၊ ကျောက်တုံးကြီး တွေကြားမှာ အရှိန်နဲ့အဆင့်ဆင့်စီးဆင်းနေတဲ့ မရိုးနိုင်တဲ့ မြင်ကွင်းဖြစ်တဲ့ ရေပြင်ကျယ်ကြီးကို တွေ့မြင်ရပါမယ်။ ညအချိန်ဆိုရင် မျှော်စင် (Obsrevation Tower) ပေါ်ကနေ ရေတံခွန်ကြီးများကို ကြည့်လိုက်ရင် နှစ်နိုင်ငံလုံးက ရေတံခွန်ကြီးများကို မီးရောင်စုံများ တပ်ဆင်ထားသဖြင့် ကြည့်လို့မဝ၊ ရှုလို့မငြီးနိုင်လောက်အောင် လောကကြီးက အင်မတန်မှ သာယာလှပနေတာကို မြင်တွေ့ကြရမှာပါ။

ထို့အပြင် ပရိ(စ်)ပဲ့(ခ်)(ထ်)၊ ပွိုင့်နဲ့ တဲရာပင်းပွိုင့်တို့က ညရှုခင်းတွေဟာလည်း မပြန်ချင်နိုင်လောက်အောင် ဆွဲဆောင်



အားကောင်းလှပါတယ်။ သဘာဝကပေးထားတဲ့ အလှတရားကို လူသားတွေဟာ ကိုယ်တိုင်ခံစားကြဖို့ နိုင်ငံအသီးသီးက ရောက်လာကြတာ။ ဒီဘက်ကမ်း အမေရိကန်နိုင်ငံမှာ များပြားသလို ဟိုဖက်ကမ်း ကနေဒါနိုင်ငံမှာလည်း ကမ်းလုံး ကျွတ်ညွတ်နေတာကို နေ့ရောညပါ မြင်တွေ့နေရပါတယ်။ ကမ္ဘာကြီးက လူသားတွေကို သဘာဝအလှတရားနဲ့ ငြိမ်းချမ်းအောင် လုပ်ပေးနေသလို လူသားတွေကလည်း ကမ္ဘာကြီးကို မေတ္တာ တရားနဲ့ အပူတွေအေးအောင် လုပ်ပေးနိုင်ကြမယ်ဆိုရင် ဘယ်လောက်များ ကောင်းလေမလဲလို့ စဉ်းစားမိပါတယ်။

### သာသနာ့ကျောက်တိုက်ကြီးစိုက်ထူ

ည (၁၀)နာရီအချိန်တွင် ညောင်ကန်အေးဆရာတော်အမှူးပြုသော သံဃာတော် (၂၈)ပါးတို့သည် မေတ္တာနန္ဒ ဓမ္မရိပ်သာ ကျောင်းကြီးအပေါ်ဆုံးထပ် ဘုရားခန်းကို သိမ်သမုတ်မှုကိစ္စ စတင် ဆောင်ရွက်ကြပါတယ်။ ပထမဆုံး သိမ်နုတ်ကြဖို့အတွက် နေရာငါးခု ရွေးချယ်သတ်မှတ်ကြပြီး ဘုရားခန်း အလယ်ဗဟိုနေရာတွင် ညောင် ကန်အေး ဆရာတော် ဘဒ္ဒန္တကုဏ္ဍလာ၊ ဂျပန်ဆရာတော် ဘဒ္ဒန္တဝိစ္ဆာနန္ဒ၊ ဘုန်းကြီး (ရွှေမင်းဝံဆရာတော် ဘဒ္ဒန္တသောဘန) တို့ကလည်းကောင်း၊ တနင်္ဂနွေထောင့်တွင် ကနေဒါဆရာတော် ဘဒ္ဒန္တကောဝိဒ၊ ရတနာဉာဏ်ရောင် ဆရာတော် ဘဒ္ဒန္တတေဇဝန္တ၊ အိန္ဒိယ မိဂဒါဝုန်ဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇတို့ကလည်းကောင်း၊ အင်္ဂါ ထောင့်တွင် မေတ္တာနန္ဒဝိဟာရ ဓမ္မရိပ်သာဆရာတော် ဒေါက်တာဓမ္မပိယ၊ မင်္ဂလာရာမဆရာတော် ဘဒ္ဒန္တအာသဘာစာရ၊ မဟာအောင်မြေ

www.burmeseclassic.com



ဆရာတော် ဘဒ္ဒန္တဝိလာသတို့ကလည်းကောင်း၊ စနေထောင့်တွင် ဓမ္မဝါဒီ အောင်မြေ မင်္ဂလာဆရာတော် ဘဒ္ဒန္တဣဿရိယ၊ ဝါရှင်တန်ပြည်နယ်၊ မဟာစည်ကျောင်း ဆရာတော် ဘဒ္ဒန္တ စက္ကိန္ဒ၊ ဦးယောသိတာဘိဝံသတို့ကလည်းကောင်း၊ ရာဟု ထောင့်တွင် မဇ္ဈိမဂုဏ်ရည် ဆရာတော် ဒေါက်တာကောဝိဒ၊ ဘော်စတွန်မြို့ မဟာစည် ရိပ်သာကျောင်း ဦးဇောတိကာဘိဝံသ၊ အင်္ဂလန်ဆရာတော် ဘဒ္ဒန္တတေဇသနတို့ကလည်းကောင်း၊ အဝိပ္ပဝါသ သီမာ သမူဟနန ကမ္မဝါ၊ သမာနု သံဝါသသီမာ သမူဟနန ကမ္မဝါတို့ကို ရွတ်ဖတ်တော်မူကြပြီး သိမ်နှုတ် တော်မူကြပါတယ်။

နိမိတ်များကို ကျောက်နိမိတ်များ ပြုလုပ်ကြပြီး ဘော်စတွန်မြို့၊ မဟာစည်ရိပ်သာကျောင်း ဆရာတော် ဘဒ္ဒန္တ အဘယာလင်္ကာရက နိမိတ္တပုစ္ဆကအဖြစ် ဆောင်ရွက်တော်မူကာ နိမိတ္တဝိသဇ္ဇက ဆရာတော်များအဖြစ် အရှေ့အရပ်တွင် မဇ္ဈိမ ဂုဏ်ရည် ဆရာတော် ဒေါက်တာကောဝိဒ၊ အရှေ့တောင် အရပ်တွင် ဦးဇောတိကာဘိဝံသ၊ တောင်အရပ်တွင် လောက ချမ်းသာကျောင်း၊ ဦးဝဏ္ဏိတ၊ အနောက်တောင်အရပ်တွင် ဦးတေဇသန၊ အနောက်အရပ်တွင် ယူတီကာမြို့၊ သန္တိသုခ ကျောင်းဆရာတော် ဦးပညာနန္ဒ၊ အနောက်မြောက်အရပ်တွင် ဦးဝိလာသ၊ မြောက်အရပ်တွင် ဘတ်ဖဲလိုးမြို့၊ သုခိတာရုံ ကျောင်း၊ ဦးသုနန္ဒ၊ အရှေ့မြောက်အရပ်တွင် ဦးအာသဘာ စာရတို့က ဆောင်ရွက်ကြပါတယ်။

သိမ်သမုတ်တဲ့အခါတွင် သိမ်နုတ်တဲ့နေရာ (၅)ခုကိုပင်



သတ်မှတ်ကြပြီး အလယ်ဗဟိုနေရာတွင် ညောင်ကန်အေး ဆရာတော်၊ ဂျပန်ဆရာတော်၊ ဘုန်းကြီး (ရွှေမင်းဝံဆရာတော်) တို့ကလည်းကောင်း၊ တနင်္ဂနွေထောင့် တွင် မဇ္ဈိမဂုဏ်ရည် ဆရာတော်၊ အင်္ဂလန်ဆရာတော်၊ ဦးဇောတိကာဘိဝံသတို့က လည်းကောင်း၊ အင်္ဂါထောင့် တွင် ဓမ္မဝါဒီအောင်မြင် မင်္ဂလာ ဆရာတော်၊ ဝါရှင်တန်ပြည်နယ် မဟာစည်ကျောင်းဆရာတော် ဦးစက္ကိန္ဒ၊ ဦးယော သိတာဘိဝံသတို့က လည်းကောင်း၊ စနေထောင့်တွင် မေတ္တာနန္ဒဝိဟာရ ဓမ္မရိပ်သာဆရာတော်၊ မင်္ဂလာရာမ ဆရာတော်၊ မဟာအောင်မြေ ဆရာတော်တို့ ကလည်းကောင်း၊ ရာဟုထောင့်တွင် ကနေဒါဆရာတော်၊ ရတနာဥာဏ်ရောင်ဆရာတော်၊ မိဂဒါဝုန်ဆရာတော်တို့က လည်းကောင်း၊ သမာနသံဝါသ သီမာသမုတိ ကမ္မဝါစာ၊ အဝိပ္ပဝါသ သီမာသမ္မုတိကမ္မဝါစာတို့ဖြင့် ဌာန်၊ကရိုဏ်း၊ပယတ် ပီသစွာ ရွတ်ဖတ်တော်မူကြကာ သမုတ်တော်မူ ကြလို့ (၁၁)နာရီ (၁၄)မိနစ်အချိန်တွင် အောင်မြင်ပြီးမြောက်ပါတယ်။ သိမ်ရဲ့ အမည်ကို သံဃာတော်များရဲ့ သဘောတူညီမှုဖြင့် သာသနာ့ဝိလာ သိနီခဏ္ဍသိမ်တော်လို့ နာမည်ပေးကြပြီး သိမ်အောင်ပွဲအနေနဲ့ မဇ္ဈိမဂုဏ်ရည် ဆရာတော်က သိမ်ဩဘာစာတမ်းကို ဖတ်ကြား လျှောက်ထားပြီး ညောင်ကန်အေး ဆရာတော်ထံမှ ဩဝါဒကို ခံယူကြကာ ဆရာတော်က "ကျောင်းရှိရင် သိမ်ရှိရမယ်၊ သိမ်ရှိမှ ရဟန်းခံတဲ့ကိစ္စ၊ ကထိန်သင်္ကန်းပေးတဲ့ကိစ္စ စတဲ့ကံတွေ ဆောင်ရွက်နိုင်သဖြင့် သာသနာရေးကိစ္စများကို ပိုပြီးကျယ်ပြန့်စွာ ပြုလုပ်နိုင်ပါတယ်။ သံဃာ့ကံတွေ သဘောတူ ဆောင်ရွက် နိုင်တဲ့အတွက်လည်း သံဃာတွေညီညွတ်ကြမယ်၊ ညီညွတ်ကြရင်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စိတ်ချမ်းသာမှုတွေ ရကြမယ်၊ ပြီးတော့ သူတော်ကောင်းတရားတွေ လုပ်နိုင်ကြမယ်။ ဒကာ၊ ဒကာမတွေလည်း ဝမ်းသာကြည်နူးကြပြီး ကုသိုလ်တွေမပြတ် ပြုဖြစ်ကြလိမ့်မယ်" လို့ မိန့်ကြားတော်မူသဖြင့် သံဃာအားလုံးက သာဓုခေါ်ပြီး "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ် ရွတ်ဆိုတော်မူကြသဖြင့် သိမ်သမုတ်တဲ့ အစီအစဉ်ကို အောင်မြင်စွာ ရုပ်သိမ်းတော်မူကြပါတယ်။

မေတ္တာနန္ဒဝိဟာရ ဓမ္မရိပ်သာဆရာတော် ဒေါက်တာဓမ္မပိယသည် နယူးယောက်ပြည်နယ်၊ ဘတ်ဖဲလိုး မြို့ကြီးမှာ သာသနာ့ ကျောက်တိုင်ကြီးတစ်ခု စိုက်ထူလိုက်ပါပြီ။ ထိုအရပ်တွင် ဗုဒ္ဓအဆုံးအမများ ထွန်းကားပြန့်ပွားသဖြင့် သတ္တဝါတွေမှာ ချမ်းသာရကြပေဦးမယ်လို့ အတွေးဝင်ကာ ဝမ်းသာကြည်နူးမဆုံး ဖြစ်ရပါတယ်။

**၂၀၀၇ ခုနှစ်၊ ဇူလိုင်(၇)ရက်၊ စနေနေ့**

**မြန်မာ့ရိုးရာဓလေ့**

အရဏ်ဆွမ်းကို အင်ဒီးယားနားပြည်နယ် ဖော့ဝိန်းမြို့ ဒေါ်သန်းမြင့်၊ နယူးယောက်ပြည်နယ်၊ ဘတ်ဖဲလိုး မြို့၊ ကိုနောင်နောင် မစန္ဒာဝင်းတို့က ဆက်ကပ်ကြတယ်။ မြန်မာနိုင်ငံ၊ အင်္ဂလန်နိုင်ငံ၊ ကနေဒါနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဂျပန်နိုင်ငံတို့မှ ကြွလာကြတဲ့ သံဃာတော်တွေ၊ အမေရိကန်နိုင်ငံ ပြည်နယ်အသီးသီးက ကြွလာကြတဲ့ သံဃာတော်တွေ၊ ဆွမ်းပွဲမှာ



ကြုံတောင့်ကြုံခဲ တွေ့ဆုံရသဖြင့် ဝမ်းသာရပါတယ်။ အရုဏ်ဆွမ်းဘုဉ်းပြီးတော့ ဗီယက်နမ်စစ်ပွဲမှာ ကျဆုံးခဲ့တဲ့ စစ်သားများအထိမ်းအမှတ်နေရာ ကိုရီးယားစစ်ပွဲတွင် ကျဆုံးခဲ့သော စစ်သားများ အမှတ်တရနေရာများနဲ့ ယင်းစစ်ပွဲတို့တွင် အသုံးပြုခဲ့သော စစ်သင်္ဘောကြီးနှစ်စီး၊ ရေငုပ်သင်္ဘောတစ်စီးထားတဲ့ နေရာများကို သွားရောက်ခဲ့ပြီး အပြန်မှာတော့ နာဂရာမြစ်ကမ်းဘေး၊ ကနေဒါနိုင်ငံနှင့် ဆက်သွယ်ထားတဲ့ ငြိမ်းချမ်းရေးတံတားကြီးအောက် ရေထဲမှာပြုလုပ်ထားတဲ့ တစ်မိုင်လောက်ရှည်သော ကွန်ကရစ်လမ်းလေးမှာ စင်္ကြံလျှောက်ဖြစ်ပါတယ်။

နေ့ဆွမ်းကို နှစ်ဘက်မိဘများဖြစ်ကြသော ဦးဝင်းရှိန်+ဒေါ်တင်စိုး၊ ဦးအောင်မြတ်ကျော်+ဒေါ်ခင်ဌေးကြည်တို့ကို အမှူးထားပြီး ဦးတေဇာစိုး +ဒေါ်ခင်သူဇာကျော် (သမီးလေး) ချယ်ရီခင်ရှိန်စိုး မိသားစု (လူးဝစ်ဗီလ်မြို့၊ ကင်တကီပြည်နယ်)က လှူဒါန်းကြပါတယ်။ ညနေ (၃)နာရီအချိန်တွင် ခမ်းနားစွာ ပြင်ဆင်ထားသော ကျောင်းမှခ် ဦးမှစပြီး ဆရာတော် ဦးတေဇဝန္တ၊ ဦးနန္ဒဝံသ၊ ဦးစန္ဒောဘာသတို့ ဦးဆောင်ကာ မြန်မာ့ရိုးရာဓလေ့ထုံးစံအတိုင်း ရှင်လောင်းများကိုတန်းစီပြီး သွန်(ပ်) သန်လမ်း၊ တမင်တန်လမ်း၊ ဟမင်တန်လမ်း၊ တိုနာဝန်ဒလမ်းတို့အထိ လှည့်လည်ခဲ့ကြတယ်။ အပြန်မှာ မောင်ရှင် လောင်း၊ ရဟန်းလောင်းများကိုစုပေါင်းပြီး သံဃာတော်များက ဆံချပေးတော်မူကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ညနေ(၆)နာရီအချိန်မှာ ဆရာတော် ဒေါက်တာဓမ္မပိယကို ဥပဇ္ဈာယ်ပြုပြီး ဆရာတော် ဦးအာသဘောစာရ၊ ဆရာတော် ဦးတေဇဝန္တ၊ ဦးယောသိတာဘိဝံသ၊ ဦးစန္ဒောဘာသတို့ရဲ့ ချီးမြှောက်မှုဖြင့် ဆရာကြီး ဦးသိန်းလွင်အား နာဂရာမြစ်ကို ရေသိမ်ပြုလုပ်ကာ ရဟန်းခံပေးကြပါတယ်။

၂၀၀၇ ခုနှစ်၊ ဇူလိုင်(၈)ရက်၊ တနင်္ဂနွေနေ့

စုပေါင်းရှင်ပြု ရဟန်းခံပွဲကြီး

နံနက် (၅)နာရီအချိန်တွင် ပထမဆုံး ကျောင်း အပေါ်ထပ်မှာ သီတင်းသုံးတော်မူသော ဗုဒ္ဓရုပ်ပွားတော်မြတ်ကို သံဃာတော်များက ဗုဒ္ဓာဘိသေက အနေကဇာတင်တော်မူကြပြီး အောက်ထပ်မှ တည်ထားတဲ့ ဉာဏ်တော်အမြင့် (၄)ပေရှိတဲ့ သစ်သားနဲ့ပြုလုပ်ထားကာ ရွှေအတိ ပြည့်နေသော ရွှေတိဂုံစေတီတော်ပုံတူဖြစ်သော စေတီတော်မြတ်ကို ဆက်လက် အနေကဇာ တင်တော်မူကြပါတယ်။

(၆)နာရီအချိန်မှာ ယူတီကာမြို့ ကိုသန်းဋ္ဌေး+ မဖွားသိန်းတို့က အရုဏ်ဆွမ်းဆက်ကပ်ကြပြီး (၉)နာရီအချိန်တွင် ရှင်လောင်းအပါး(၂၀)နှင့် ဒုလ္လဘရဟန်းခံကြမယ့် ပုဂ္ဂိုလ် (၁၄)ယောက်တို့ကို ဒေါက်တာဓမ္မပိယက ရှင်သာမဏေ ပြုပေးတော်မူတာပါ။ ဆက်လက်ပြီး သာသနာ့ဝိလာ သိန္နိခဏ္ဍာ သိမ်တော်ကြီးတွင် ရဟန်းလောင်း (၁၄)ပါးကို ညောင်ကန်အေးဆရာတော်ကို ဥပဇ္ဈာယ်ပြုလျက် သံဃာတော်(၂၈)ပါးတို့က



ရဟန်းခံပေးကြတာပါ။ ပြီးတော့ သံဃာတော် စုစုပေါင်း (၆၂)ပါးကို ကြွရောက်လာကြတဲ့ ပရိသတ်များက သိမ်ဆင်းလောင်းလှူကြပါ တယ်။

ထို့နောက်မှာ ပြုလုပ်ကြတဲ့ ကုသိုလ်ကောင်းမှုအစုစုကို စုပေါင်း တရားနာ၊ ရေစက်ချမင်္ဂလာ အခမ်းအနား ပြုလုပ်ကြရာ သံဃာတော်များနှင့် ပရိသတ်အပေါင်းတို့က နမောတဿ သုံးကြိမ်ရွတ်ဆိုပြီး အခမ်းအနားကို ဖွင့်လှစ်ကာ သုခီတာရုံကျောင်း ဂျပန်ဆရာတော်က ငါးပါးသီလ ချီးမြှင့်ပါတယ်။ သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်ကို ချီးမြှောက်ကြကာ ညောင်ကန်အေးဆရာတော် ရေးသားပူဇော်တဲ့ သိမ်အောင်မင်္ဂလာ အောင်သြဘာရတုပိုဒ်စုံကို မန္တလေးဂုဏ်ရည် ဆရာတော်က ရွတ်ဖတ်ပူဇော်ပြီး မေတ္တာနန္ဒမမ္မရိပ်သာ ဦးစန္ဒောဘာသက ကျေးဇူးတင်ဝမ်းမြောက်စကား လျှောက်ထားပါတယ်။

ဆက်လက်ပြီး ရတနာဉာဏ်ရောင်ဆရာတော်က စုပေါင်း ညီညာ အောင်ကြောင်းဖြာ ရတုပိုဒ်စုံကို ရွတ်ဖတ် ပူဇော်ကာ အလှူရှင်များကိုယ်စား အော်ဘနီမြို့ ဒေါက်တာယဉ်ထွေး+ မသင်းသင်းဦး(သမီး) မကြည်သဲဖြူတို့က သံဃာတော်တွေကို နဝကမ္မလှူဒါန်းကြပါတယ်။ ထို့နောက်တွင် ဘုန်းကြီး ရွှေမင်းဝံ ဆရာတော်က အနုမောဒနာ တရားတော်ကို ဟောကြားပြီး ညောင်ကန်အေးဆရာတော်က ရေစက်သွန်းချအမျှပေးဝေကာ ပရိသတ်အားလုံးက ဗုဒ္ဓသာသနံစိရံတိဋ္ဌတု (၃)ကြိမ် ရွတ်ဆိုလျက် အောင်ပွဲအခမ်းအနားကို ပြီးဆုံးကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com




(၁၁)နာရီအချိန်တွင် ကိုမောင်မောင်စိုး+မခိုင်တို့က နေ့ဆွမ်း ဆက်ကပ်ကြပါတယ်။ ပွဲတော်ရက်များအတွင်း ညနေပိုင်းမှာ သံဃာတော်များ အတွက် ဖျော်ရည်ဆက်ကပ် သူများမှာ ကင်တကီပြည်နယ်၊ လူးဝစ်ဗီး(လ်)မြို့ နှစ်ဘက်မိဘများကို အမှူးထားပြီး ကိုဝင်းဇော်+မခင်ငွေးကြည် (သမီး) ဝင်းသော်တာ မိသားစုပါ၊ ဒီပွဲတော်ကို ရပ်ဝေးရပ်နီးမှ ကြွရောက်လာကြတဲ့ သံဃာတော်များ၊ လေယာဉ်၊ ကားခရီး စရိတ်များကို ဒေါက်တာ ယဉ်ထွေး+မသင်းသင်းဦး (သမီး) မကြည်ဖြူသဲတို့က လှူဒါန်းတယ်လို့သိရပါတယ်။ ညနေ (၇)နာရီအချိန်တွင် တရားစခန်းဖွင့်ပွဲအဖြစ် ညောင်ကန်အေး ဆရာတော်က တရားဟောပြီး တရားစခန်းပွဲတစ်ခုလုံးကို ဒေါက်တာဓမ္မပိယက တာဝန်ယူပါတယ်။

**၂၀၀၇ ခုနှစ်၊ ဇူလိုင်(၉)ရက်၊ တနင်္လာနေ့**

**သံသရာတစ်ကွေ့မှာ**

ယနေ့ နယူးယောက်ပြည်နယ်၊ ဘတ်ဖဲလိုးမြို့၊ မေတ္တာနန္ဒ ဓမ္မရိပ်သာကျောင်းတော်ကြီး၌ သိမ်သမုတ်ပွဲ မင်္ဂလာ၊ ရဟန်းခံ၊ ရှင်ပြု မင်္ဂလာပွဲသို့ ကြွရောက်လာကြသော အနယ်နယ် အရပ်ရပ်မှ သံဃာတော် အပါး(၂၀)ကျော် တို့သည် လေယာဉ်နဲ့ ပြန်ကြွမည့် သံဃာတော်များက လေယာဉ်နဲ့ပြန်ကြွပြီး၊ မော်တော်ကားဖြင့် ပြန်ကြွမည့် သံဃာတော်များကလည်း မော်တော်ကားများနဲ့ ပြန်ကြွလေပြီ၊ သံသရာတစ်ကွေ့မှာ ခဏတာ တွေ့ဆုံကြရပြီး၊



မြန်မာနိုင်ငံမှ ဓမ္မဒူတခရီးကြွရောက်လာသော ဆရာတော်များအား နယူးယောက်မြို့ လောကချမ်းသာဘုရားကျောင်း၌ ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် နှုတ်ဆက်ကန်တော့ပွဲ

www.burmeseclassic.com




နယူးယောက်မြို့ လောကချမ်းသာဆုတောင်းပြည့်ဘုရားကျောင်း၌ ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ နှုတ်ဆက်ကန်တော့ပွဲတွင် တက်ရောက်လာသော ပရိသတ်များ





နယူးယောက်မြို့ လောကချမ်းသာဘုရားကျောင်း တရားပွဲအပြီး ပရိသတ်အချို့

www.burmeseclassic.com

www.burmeseclassic.com



နယူးယောက်မြို့ လောကချမ်းသာဘုရားကျောင်း တရားနာ ပရိသတ်



ကုလသမဂ္ဂ အဆောက်အဦရှေ့တွင် အမှတ်တရ

www.burmeseclassic.com




ကုလသမဂ္ဂအဆောက်အဦရှေ့တွင်



ကုလသမဂ္ဂအဆောက်အဦရှေ့တွင်

www.burmeseclassic.com
www.burmeseclassic.com




ကုလသမဂ္ဂ အစည်းအဝေးခန်းမဆောင်





ကုလသမဂ္ဂ အစည်းအဝေးခန်းမဆောင်ထဲတွင် အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com





ကုလသမဂ္ဂ အဆောက်အဦးအတွင်း




ကုလသမဂ္ဂအဆောက်အဦးအတွင်း

www.burmeseclassic.com

www.burmeseclassic.com



ကုလသမဂ္ဂ အဆောက်အဦးအတွင်း



နယူးယောက်မြို့ မိမိတို့နေအိမ်ကို ယာယီစံကျောင်းအဖြစ် လှူဒါန်းခဲ့သော ဦးနီ+ဒေါ်ကျင်လှ၊ သား-မောင်စိန်ဝင်း (ဇနီး) မမေဦး၊ မြေး-မောင်ကောင်းမြတ်ဝင်း(ခ)အင်ဒရူး၊ မောင်လပြည့်ဝင်း(ခ)ရိုင်ယန်၊ သမီး-မချို၊ မထွေးတို့နှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com




နယူးယောက်မြို့ ယာယီစံကျောင်းအဖြစ် သီတင်းသုံးခဲ့သော
မောင်စိန်ဝင်း (ဇနီး)မမေဦးတို့၏ တိုက်အိမ်




နယူးယောက်မြို့ ဂျွန်အက်ဖ်ကနေဒီ အပြည်ပြည်ဆိုင်ရာ လေဆိပ်အပြန်ခရီး၌ အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com




နယူးယောက်မြို့ ဂျေအက်ဖ်ကနေဒီ လေဆိပ်သို့ လိုက်ပါပို့ဆောင်သူများ



တခဏခြင်းဘဲ ခွဲခွာကြရလေသည်ဟု သံဝေဂဖြစ်မိသည်။ အရုဏ်ဆွမ်းကို ကုသိုလ်ရှင်များက ပလာတာဆွမ်း၊ အချိုပွဲ၊ သစ်သီးဆွမ်းတို့ဖြင့် ကျောင်းရှိ သံဃာများ၊ အာဂန္တုသံဃာများ၊ ဒုလ္လဘ ရဟန်းတော်များနှင့် ရှင်သာမဏေများကို ဆက်ကပ်လှူဒါန်းကြသည်။

အရုဏ်ဆွမ်းစားပြီး၊ ဦးဓမ္မပီယ၊ ဦးစက္ကိန္ဒ၊ ဦးကောဝိဒ၊ ဦးအာသဘာစရတို့နှင့်အတူ ပင်လယ်ကမ်းခြေသို့ သွားရောက်ကြပြီး လေကောင်းလေသန့် ရှုရင်းလမ်း လျှောက်ခဲ့ကြတယ်။

ကျောင်းကိုပြန်ရောက်တော့ ရေချိုးပြီး၊ ကုသိုလ်ရှင်များဖြစ်တဲ့ ချီကာဂိုမြို့က ကိုထင်ကျော်ထက်+မချယ်ရီတို့ ဆက်ကပ်လှူဒါန်းတဲ့ မြန်မာ အစားအသောက်ဆွမ်းကို သံဃာတော်များနှင့်အတူ ဘုဉ်းပေးကြတယ်။

နေ့ဆွမ်းဘုဉ်းပေးပြီး နေ့လည် (၁၂) နာရီခန့်မှာ မေတ္တာနန္ဒဓမ္မရိပ်သာကျောင်းမှ ဘတ်ဖဲလိုးလေဆိပ်သို့ မော်တော်ကားဖြင့် ထွက်ခွာခဲ့ကြပါတယ်။ ဦးစန္ဒောဘာသ၊ ကိုသောင်းဝင်း၊ ကိုကျော်လင်ဦး တို့က လိုက်ပို့ပေးကြတယ်။ ဘုန်းကြီးရယ်၊ ဦးအာသဘာစာရရယ်၊ ဒေါက်တာ ဦးကောဝိဒတို့ (၃) ပါးဟာဘတ်ဖဲလိုးလေဆိပ်မှ နေ့လည် (၁၂)နာရီ (၅၀) မိနစ်အချိန်မှာ ဂျက်ဘလူးအဲယားလိုင်း၊ လေကြောင်းခရီးစဉ် ဖလိုက်(၆၇)ဖြင့် နယူးယောက်သို့ လေယာဉ်ဖြင့် ထွက်ခွာခဲ့ကြတယ်။ နယူးယောက်မြို့ ဂျေအက်ဖ်ကနေဒီလေဆိပ်သို့ နေ့လည် (၂) နာရီ (၅)မိနစ် အချိန်မှာ ရောက်ရှိပါတယ်။ ဒီလေဆိပ် အမည်ကို အမေရိကန်သမိုင်းမှာ ထင်ရှားကျော်ကြားလှတဲ့

www.burmeseclassic.com

www.burmeseclassic.com



သမ္မတတစ်ဦးဖြစ်သူ ဂျေအက်ဖ်ကနေဒီကို ဂုဏ်ပြုသောအားဖြင့် သူ့ရဲ့အမည်ပေးထားတဲ့ လေဆိပ်ဖြစ်ပါတယ်။ ဒီလေဆိပ်မှတဖန် ဖလိုက်နံပါတ် (၁၃၀၇)လေယာဉ်ဖြင့် နေ့လည် (၃)နာရီ (၂၅)မိနစ်အချိန်မှာ ဆက်လက်ထွက်ခွာခဲ့ရာ ဝါရှင်တန်ဒီစီ၊ ဒါးလက်စ်လေဆိပ်သို့ ညနေ (၄း၅၀)နာရီမှာ ရောက်ရှိတယ်။ လေဆိပ်မှာ မင်္ဂလာရာမ ဝိဟာရကျောင်းမှ အဖွဲ့ဒု-ဥက္ကဋ္ဌ ဦးတင်မောင်သော်မှ လာရောက်ကြိုဆိုပြီး၊ ၎င်းအိမ်သို့ ပင့်ဆောင်ပြီး အအေးကပ် ကြတယ်။ ဒီနောက် မင်္ဂလာရာမ ဝိဟာရကျောင်းသို့ မော်တော်ကားဖြင့် ပို့ဆောင် ပေးပါတယ်။

ကျောင်းရောက်ပြီး၊ ခေတ္တအနားယူရင်း ဦးသောင်းကြည် ဆက်ကပ်သော ရေနွေးပူပူနဲ့ ထန်းလျက်တို့ကို ဘုဉ်းပေးပြီး၊ ဒါယကာလေး အမည်မသိမောင်နှင်သော မော်တော်ကားဖြင့် ဦးဓမ္မသာမိနှင့်အတူ လိုက်ပို့ပေးကြတယ်။ ဦးကစ္စာယန သီတင်းသုံးတော်မူသော မေရီလင်း ပြည်နယ် ဗော်တီမိုးမြို့ အရှင်ကေလာသဝိဟာရ ကျောင်း သို့ ည(၁၀) နာရီ(၁၅)မိနစ်အချိန်မှာ ရောက်ရှိကြတယ်။

ဆရာတော်ဦးကစ္စာယနနဲ့ တွေ့ဆုံခိုက် သူငယ်ချင်းနှစ်ပါး ညသန်းခေါင် (၁၂)နာရီအထိ သာသနာရေးကိစ္စများ၊ သာသနာ တော် ထွန်းကားပြန့်ပွားရေးဆောင်ရွက်မှုတို့ကို ဆွေးနွေးခဲ့ကြ ပြီး၊ ညသန်းခေါင်ကျော်မှ အနားယူခဲ့ကြတယ်၊



၂၀၀၇ ခုနှစ်၊ ဇူလိုင်(၁၀)ရက်၊ အင်္ဂါနေ့

**သမာဓိထူထောင်ရန်အလွန်ကောင်း**

နံနက် (၅)နာရီမှာ အိပ်ရာထ၊ ဘုရားဝတ်ပြု၊ မေတ္တာပွား တရားရှုမှတ်ပြီးနောက် နံနက် (၆)နာရီမှာ ကုသိုလ်ရှင်များ ဆက်ကပ်သော ပလာတာနှင့်ကြက်သားဟင်း၊ အချိုပွဲ နှင့်သစ်သီးများဖြင့် စုံလင်လှတဲ့ အရုဏ်ဆွမ်းကို ဦးကစ္စာယန၊ ဦးကောဝိဒ၊ ဦးဝိစိတ္တ (ဗီယက်နမ်)တို့နှင့်အတူ ဘုဉ်းပေးကြ တယ်။

အရုဏ်ဘုဉ်းပေးပြီး ဦးကစ္စာယန၊ ဦးကောဝိဒတို့နဲ့အတူ (၅)ဧက အကျယ်အဝန်းရှိတဲ့ ကျောင်းဝန်းကြီးကို လှည့်လည်ကြည့်ရှုကြတယ်။ အလွန် တိတ်ဆိတ်ပြီး သမာဓိထူထောင်ရန် အလွန်သင့်လျော်တဲ့နေရာဖြစ်တာ တွေ့ရတယ်။ အနိမ့်ပိုင်းမှာ ယောဂီဆောင်များကိုလည်း တွေ့ရတယ်။ သဘာဝအလျောက် ကျက်စားသွားလာ နေကြတဲ့ သမင်လေးများ၊ ယုန်လေးများကိုလည်း တွေ့မြင်နေရတယ်လေ။ ဒါဟာ တောရဲ့ သင်္ကေတပဲ။

နေ့ဆွမ်းကို ဒေါက်တာမျိုးမင်း+မပွင့်သီကြီတို့ ဇနီးမောင်နှံ နှင့် မိသားစုတို့က ဆက်ကပ်ကြတယ်။ ဆွမ်းဘောဇဉ် အချိုပွဲ၊ သစ်သီးဆွမ်းများစုံလင်ပါတယ်။ ရန်ကုန်က မပွင့်သီကြီတို့ နေထိုင်ရာ ရွှေပုဇွန်ခြံကြီးထဲကအိမ်မှာ ဘုဉ်းပေးရသလိုဘဲ အထူးစုံစုံလင်လင် ဆက်ကပ်ကြတယ်။

ဆွမ်းဘုန်းမပေးမီ ဆွမ်းအနုမောဒနာတရား ဟောကြားပြီး၊ ရေစက်ချပေးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



နေ့လည် (၁၂)နာရီမှာ ခေတ္တအနားယူပြီးနောက် နေ့လည်(၂)နာရီမှာ ဓမ္မာရုံတွင်သွား၍ (၃)နာရီအထိ တစ်နာရီထိုင် ဣရိယာပုဒ်ဖြင့် တရား ရှုမှတ်အားထုတ်ပြီးနောက် ကျန်းမာရေးအရ ဘုန်းကြီးရှိစဉ်မှာ တရား အားထုတ်ရန် ကျောင်းသို့ရောက်ရှိနေသော ဒေါက်တာမျိုးမင်းအား ဣရိယာပုဒ်လေးပါး ရှုမှတ်ပုံများကို အခြေခံကစပြီး သင်ပြပေးပါတယ်။ မိမိနှင့် အသင့်လျော်ဆုံးသော ဣရိယာပုဒ်ဖြင့်သာစ၍ သမာဓိဖြစ်အောင် ကြိုးစားသင့်ကြောင်း အားပေးတိုက်တွန်းပေးပါတယ်။ သိလို၍ မေးမြန်းလာသမျှ မေးမြန်းချက်များကိုလည်း သဘောပေါက်သည်အထိ ဖြေကြားပေးပါတယ်။

ည (၆)နာရီအချိန်မှာ ကျောင်းရှိ သံဃာတော်အားလုံးနှင့်အတူ ဘုရားဝတ်တက်ပြီးတရား ရှုမှတ်အားထုတ်ကြပါတယ်။ ဒေါက်တာမျိုးမင်းလည်း သံဃာတော်များနှင့်အတူ တရားအားထုတ်ပြီးမှ၊ အိမ်ကကား လာကြိုမှပဲ ပြန်ပါတယ်။

ည (၇)နာရီမှာ ဦးကစ္စာယနနှင့်အတူ ကျောင်းဝန်းအတွင်း စင်္ကြံလျှောက်ပြီး နိုင်ငံခြားသာသနာပြုလုပ်ငန်းနှင့် စပ်လျဉ်းပြီး ဆွေးနွေး အမြင်ချင်းဖလှယ်ကြပါတယ်။

ည (၁၀)နာရီ (၃၀)မိနစ်မှာ အနားယူခဲ့ကြပါတယ်။



၂၀၀၇ ခုနှစ်၊ ဇူလိုင်(၁၁)ရက်၊ ဗုဒ္ဓဟူးနေ့

မေတ္တာဓာတ်ပြင်း

နံနက်အိပ်ရာထပြီးချိန် ပြုနေကြဝတ်ဖြစ်တဲ့ ဘုရားဝတ်တက်၊ မေတ္တာပွား၊ တရားရှုမှတ်ပြီးနောက် အရုဏ်ဆွမ်းကို ကုသိုလ်ရှင်များနှင့်အတူ ကပ္ပိယ မောင်ညီညီတို့ ဆက်ကပ်လှူဒါန်းတဲ့ မုန့်ဟင်းခါးဆွမ်း၊ အချိုပွဲ၊ သစ်သီးဆွမ်းတို့ကို ဘုဉ်းပေးကြပါတယ်။

အရုဏ်ဆွမ်းဘုဉ်းပေးပြီး ကျောင်းဝန်းအတွင်း ဒေါက်တာကောဝိဒနှင့်အတူ လမ်းလျှောက်ကြပြီး ပြည်ပအတွေ့အကြုံများ ဆွေးနွေးဖြစ်ကြတယ်။ ဒီနောက် ခေတ္တအနားယူပြီး၊ နေ့ဆွမ်းဘုဉ်းပေးတယ်။ နေ့ဆွမ်းကို ဦးတင်မောင်၊ ဒေါ်မြမြဝင်း(ဦးလှကြိုင် သမီး) သောဘနာရာမ ရွှေမင်းဝံ သာသနာ့ရိပ်သာ (ပဲခူး) ကျောင်းဒါယကာ၊ ဒါယိကာမများက တရုတ်စားသောက်ဆိုင်သို့ပင့်ဆောင်ပြီး၊ ဆွမ်းဆက်ကပ် လှူဒါန်းကြပါတယ်။ ဆွမ်းဟင်းလျာတွေကလည်း စုံလင်လှပါပေတယ်။ အချိုသစ်သီးဆွမ်းပွဲများလည်း ပြည့်စုံလှတဲ့အပြင် မန္တလေးထိုးမုန့်တောင်ပါလိုက်သေးတယ်။

ခေတ္တအနားယူပြီးနောက် နေ့လည် (၂)နာရီမှာ တရားရှုမှတ်ပြီး၊ (၃)နာရီမှာ ဒေါက်တာမျိုးမင်းအား တရားစစ်ဆေးပြုပြင်ညွှန်ကြားပေးပြီး၊ ဂိလာနဘောဇဉ်သုတ်ကို မေတ္တာဓာတ်အပြည့်ဖြင့် ရွတ်ဆိုပေးပါတယ်။ ဒေါက်တာမျိုးမင်းမှ လျှောက်ထားမေးမြန်းချက်များကိုလည်း သဘောရှင်းအောင် ဖြေပေးရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီနောက် ဆရာတော်ဦးကစ္စယနနှင့် မှတ်တမ်းတင် ဓါတ်ပုံများ ရိုက်ကြတယ်။

ည(၆)နာရီမှာ ကျောင်းရှိသံဃာတော်များနှင့်အတူ ဘုရားဝတ်တက်၊ တရားရှုမှတ်၊ မေတ္တာပို့အမျှဝေပြီး ည(၁၀း၃၀) နာရီမှာ အနားယူတယ်။

**၂၀၀၇ ခုနှစ်၊ ဇူလိုင်(၁၂)ရက်၊ ကြာသပတေးနေ့**

**ပြန်ပြောင်းသတိရ**

နံနက်အိပ်ရာထပြီး နေ့စဉ်ပြုနေကြဝတ်ကိုပြုတယ်။

အရုဏ်ဆွမ်းကိုကုသိုလ်ရှင်များနှင့် ကပ္ပိယမောင်ညီညီတို့ ဆက်ကပ် လှူဒါန်းသော နန်းကြီးသုတ်ဆွမ်း အချိုပွဲ၊ သစ်သီး ဆွမ်းတို့ဖြင့် ဘုဉ်းပေးကြတယ်။

ဒီနောက် ဆရာတော်ဦးကစ္စာယနနှင့်ကျောင်းဝန်း အတွင်း လမ်းလျှောက်ရင်း မဟာစည်ရိပ်သာကြီးတွင် အတူ နေခဲ့စဉ်က ရှေးဟောင်း နှောင်းဖြစ်များကိုပြန်ပြောင်း သတိရ ဆွေးနွေးဖြစ်ကြသည်။

နေ့ဆွမ်းကို ဒေါက်တာမျိုးမင်း+မပွင့်သဇင် မိသားစုမှ ဆက်ကပ်ကြတယ် ဆွမ်းဟင်းများနှင့် အချိုပွဲ သစ်သီး ဆွမ်း စုံလင်စွာဖြင့် စားပွဲအပြည့် ဆက်ကပ်လှူဒါန်း ကြပါတယ်။



ဆွမ်းဘုဉ်းပေးပြီး ဒေါ်မြမြဝင်း လာကြိုသောကားနှင့် ဒေါက်တာချစ်ခင်ဝေ၏ဇနီး ဒေါက်တာဘက်တီဝေ ၏ သွားဆေးခန်းသို့ ဦးဝိစိတ္တ (ဗီယက်နမ်)တို့နှင့်အတူ သွား ရောက်ပြီး သွားများကိုပြန်လည် စစ်ဆေးခံပါတယ်။ ပေါက်နေ သောသွားများကိုလည်း ပြန်လည်ဖာပေးပါတယ်။ သွားများ လည်း အထူးကောင်းမွန်သွားပါတယ်။

ဒေါက်တာဘက်တီဝေ၏သွားဆေးခန်းမှာ သွားများ ပြုပြင် စစ်ဆေးဖာထေးပြီးနောက် ဒေါ်မြမြဝင်းမှ ဘုန်းကြီးနှင့် ဦးဝိစိတ္တ ဗီယက်နမ်တို့ကို မင်္ဂလာရာမ ဝိဟာရ ကျောင်းကို ပို့ပေးပါတယ်။

ကျောင်းရောက်တော့ ခေတ္တနားပြီး ဆရာတော် ဦးအာသဘာစရ၊ ဦးဓမ္မသာမိတို့နှင့်အတူ ဒါယိကာကြီး ဦးအေးသန်းမှ လှူသုံးကုန်ပစ္စည်း မျိုးစုံရောင်းသော ဆိုင်ကြီး များသို့ လိုက်ပို့ပေးပါတယ်။ အလွန်အရသာရှိလှသော သစ်သီးဖျော်ရည်များကိုလည်း ဆက်ကပ် လှူဒါန်းပါတယ်။ ဦးအေးသန်းဟာ အသက်(၇၀)ကျော်လို့မထင်ရလောက်အောင် ကျန်းမာရေး အထူးကောင်းမွန်ပြီး၊ သွက်သွက်လက်လက်ရှိတာ တွေ့ရတယ်။

မနက်ဖြန်-နယူးယောက်မြို့သို့ ခရီးဆက် ရတော့မည် ဖြစ်လို့ မြန်မာနိုင်ငံ ရွှေမင်းဝံသာသနာ့ရိပ်သာများကို ဘုန်းကြီး ကိုယ်စား စောင့်ရှောက်ပေးနေကြတဲ့ ဝန်ဆောင်ပုဂ္ဂိုလ်များအတွက် အသုံးတည့် မည့်ပစ္စည်းများ၊ အသံဖမ်းစက် စသည်တို့ကို ဝယ်ယူစေခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မောင်ကိုကြီးနှင့် မတင်ဝတ်ရည်တို့ကလည်း လာရောက်ကန်တော့ပြီး၊ သောဘနာရာမ ရွှေမင်းဝံသာသနာ့ရိပ်သာ(ပဲခူး)ရှိ လိုပြည့်အေးချမ်းသာ ဆုတောင်းပြည့် စေတီတော်မြတ်ကြီး လျှပ်စစ်မီးပူဇော်ရန် ဝတ္ထုများလှူဒါန်းပြီး၊ ဦးဩဘာသ အတွက်လည်း ပစ္စည်းများ လှူဒါန်းလိုက်တယ်။ မောင်ထွန်းထွန်းတို့ မိသားစုကလည်း မြန်မာပြည်နေ မိသားစုအတွက် ဆေးပစ္စည်းများကို လာရောက်ပြီး လှူကြုံပါးကြပါတယ်။

ဘုန်းကြီးအားလိုလေသေးမရှိအောင် ကူညီပြုစုစောင့်ရှောက်ပေးနေကြတဲ့ မင်္ဂလာရာမ ဝိဟာရကျောင်းတိုက် ဆရာတော်ဦးအာသဘာစာရ၊ ဦးဓမ္မသာမိနှင့် ဦးသောင်းကြည်တို့အား နှုတ်ဆက်ကျေးဇူးတင် စကားများပြောပြီး၊ မောင်ကိုကြီး+မတင်ဝတ်ရည်၊ ဦးအေးသန်း တို့ဇနီးမောင်နှံ၊ မောင်ထွန်းထွန်းတို့ မိသားစု၊ မအေးအေးအေးမာတို့ ကားဖြင့် ဘောလ်တီမိုးမြို့ အရှင်ကေလာသဝိဟာရကျောင်းသို့ လိုက်ပါပို့ဆောင်ပေးကြပါတယ်။ အရှင်ကေလာသဝိဟာရကျောင်းသို့ ည (၉)နာရီ (၄၅)မိနစ်အချိန်မှာ ရောက်ကြတယ်။

ကျောင်းမှာကျောင်း ဒါယကာဦးတင်မောင်ခင်၊ ကျောင်းဒါယကာမ ဒေါ်မြမြဝင်းတို့ရောက်ရှိနေကြပြီး၊ ဘုန်းကြီးရဲ့ ပဲခူးရှိတောရိပ်သာ၌ စိုက်ပျိုးရန် သစ်ပင်မျိုးစေ့များ ပေးလှူဒါန်းကြတယ်။

ဒေါက်တာမျိုးမင်း+မပွင့်သိင်္ဂီမိသားစုက လှူဒါန်းသော ပီစီကွန်ပျူတာတစ်စုံနှင့် မိတ္တူကူးစက်တို့ကိုလည်း ကျောင်း၌



ရောက်ရှိနေတာတွေ့ရတယ်။

ယနေ့ည (၁၁)နာရီခွဲမှာ အနားယူတယ်။

**၂၀၀၇ ခုနှစ်၊ ဇူလိုင်(၁၃)ရက်၊ သောကြာနေ့**

**မှတ်တမ်းဓာတ်ပုံလဲရိုက်ကြ**

နံနက်အိပ်ရာထပြီး နေ့စဉ်ပြုနေကြဝတ်ဖြစ်တဲ့ ဘုရားဝတ်တက်ပြီး မေတ္တာပွား၊ တရားရှုမှတ်တယ်။ အရုဏ်ဆွမ်းကို အလှူရှင်များကိုယ်တိုင် ကပ္ပိယမောင်ညီညီနှင့်အတူ လာရောက်ဆက်ကပ်လှူဒါန်းကြတယ်။

မေရီလင်းပြည်နယ်၊ ဘော်တီမိုးမြို့မှ နယူးယောက်မြို့သို့ ခရီးဆက်ရတော့မည်ဖြစ်၍ သိမ်းဆည်းစရာ၊ ထည့်စရာပစ္စည်းများကို သိမ်းဆည်း၍ ခရီးဆောင် သေတ္တာထဲထည့်ပြီးနောက် ဆရာတော်ဦးကစ္စာယန၊ ဒေါက်တာ ဦးကောဝိဒတို့နှင့် ကာလီဖိုးနီးယားပြည်နယ်မှာ ကြုံတွေ့ခဲ့ရတဲ့ အတွေ့အကြုံများနဲ့ဆက်စပ်တဲ့ စကားများပြောဖြစ်ကြပါတယ်။ ဆရာတော် ဦးကစ္စာယနမှ တောရိပ်သာမှာ အရှင်ဘုရားအတွက် အသုံးတည့်ပါလိမ့်မယ်ဆိုပြီး ဓာတ်ခဲသုံးခဲထည့် စတီး လက်နှိပ်ဓာတ်မီးကို လက်ဆောင်အဖြစ်ပေးပါတယ်၊ တောရိပ်သာအတွက် အလွန်ကိုအသုံးဝင်တာမို့ အထူးကျေးဇူးတင်ပါတယ်။

နေ့ဆွမ်းကို အလှူရှင်များကိုယ်တိုင်ချက်ပြုတ်ပြီး သာဟတ္ထိကမြောက် ဆက်ကပ်လှူဒါန်းကြတယ်။ ဆွမ်းသော

www.burmeseclassic.com

www.burmeseclassic.com



ဇဉ်နှင့် ချိုချဉ်ရသာစုံ သစ်သီးများဖြင့် စုံလင်လှပါတယ်။

ဒေါက်တာမျိုးမင်း၊ မပွင့်သီဂီတို့မိသားစုများလည်း လာရောက်ပြီး ကွန်ပျူတာ၊ပရင်တာပစ္စည်း အပြည့်အစုံ လှူဒါန်းကြတယ်။ ရန်ကုန်ရွှေမင်း ဝံသာသနာ့ရိပ်သာမှာ ဆောက်လုပ်တော့မည့် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ခြောက်ထပ်သိမ်ကျောင်းတော်ကြီးဆောက်လုပ်ရန်အတွက် ဒေါ်လာ (၅၀၀၀) နှင့် ညီမျှတဲ့မြန်မာကျပ် ဝတ္ထုငွေများကို မြန်မာနိုင်ငံ မှလွှဲပြီး လှူဒါန်းကြပါတယ်။ သဒ္ဓါတရား အထူးအားကောင်းတဲ့ ဇနီးမောင်နှံ ဖြစ်ကြပါတယ်။

ဆရာတော် ဦးကစ္စာယန၊ ဒေါက်တာဦးကောဝိဒ၊ ဒေါက်တာမျိုးမင်း+မပွင့်သီဂီနှင့် သားငယ်လေးတို့နှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံများရိုက်ကြပြီး (၁၁)နာရီ (၂၀)မိနစ်အချိန်မှာ ဦးတင်မောင်ခင်+ ဒေါ်မြမြဝင်းတို့ လှူဒါန်းတဲ့ မော်တော်ကားနှင့် ဦးဝိစိတ္တမောင်းနှင်ပြီး ကပ္ပိယ မောင်ညီညီနှင့်အတူ ဘုန်းကြီးတို့ နယူးယောက်မြို့သို့ ခရီးထွက်ခွာလာခဲ့ကြပါတယ်။

ညနေ(၅)နာရီ (၁၀)မိနစ်အချိန်မှာ နယူးယောက်မြို့-----ရှိ ဦးနီ၊ ဒေါ်ကျင်လှ၊ သားကိုစိန်ဝင်းနှင့် ဇနီးမမေဦး မိသားစု၊ (ညီမ) မချိုမထွေးတို့ နေထိုင်ရာအိမ်သို့ ရောက်ရှိကြတယ်။ သူတို့အိမ်က အထပ်(၃)ထပ်ရှိတယ်။ ဘုန်းကြီးကို သီးသန့်အထပ်မှာ ကျောင်းအဖြစ်သီတင်းသုံးရန် လျှောက်ထားလှူဒါန်းကြတယ်။



မတွေ့တာကြာ စကားမပြောရတာကြာပြီဖြစ်လို့ မိသားစုများနှင့် အကြောင်းမျိုးစုံ စကားပြောကြတာ ည(၁၁)နာရီထိုးသွားတော့မှဘဲ ရပ်နားပြီး အနားယူကြတယ်။

၂၀၀၇ ခုနှစ်၊ ဇူလိုင်(၁၄)ရက်၊ စနေနေ့

နံနက်(၅)နာရီခွဲမှာ အိပ်ရာထ၊ ဘုရားဝတ်တက် တရားရှုမှတ်၊ မေတ္တာပွားပြီး၊ နံနက်(၆)နာရီခွဲမှ ဒါယိကာမကြီး ဒေါ်ကျင်လှနှင့် မမေဦး၊ မချိုတို့မိသားစုဆက်ကပ်တဲ့မုန့်ဟင်းခါး၊ ကော်ရည်ခေါက်ဆွဲစတဲ့ ဘောဇဉ်၊ ချိုချဉ်သစ်သီးဆွမ်းများ ဘုဉ်းပေးပြီးနောက် ကျောင်းကို သယ်ယူသွားရမည့် ပစ္စည်းများ ရွေးချယ်ပြီး ခရီးဆောင် သေတ္တာထဲထည့်ရ၊ လူကြုံပါး လိုက်သော ပစ္စည်းများ အမှာအယွင်း လွဲချော်မှုများ မရှိစေရန် စီစစ်ရနှင့် နံနက်ပိုင်း အချိန်ဟာ ဘယ်လိုကုန်သွားမှန်းမသိဘဲ အချိန်ကုန်သွားတယ်။

နေ့ဆွမ်းကိုလည်း ဦးနီ+ဒေါ်ကျင်လှမိသားစုများ ဆက်ကပ်တဲ့ဆွမ်းကို လောကချမ်းသာဘုရားကျောင်း ဆရာတော် ဦးဣန္ဒက၊ ဘုန်းကြီးနှင့် အတူကြွလာခဲ့တဲ့၊ မဟာစည်ရိပ်သာကြီးနာယက မြစ်သား ဆရာတော် ဦးဝါသဝ အစရှိသော သံဃာငါးပါးနှင့်အတူ ဘုဉ်းပေးကြပါတယ်။ ဆွမ်းဟင်းများ၊ အချိုပွဲ၊ သစ်သီးဆွမ်းများ စုံလင်စွာ ဆက်ကပ် လှူဒါန်းကြတယ်။ ဘုန်းကြီးက ရေစက်ချ အနုမောဒနာတရား ဟောကြားပေးပါတယ်။ ဆွမ်းစား ပြီးဆရာတော်များနှင့်အတူ လောကချမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



ဘုရားကျောင်းသို့ လိုက်ခဲ့ပါတယ်။

ညနေ(၅)နာရီ (၁၅)မိနစ်မှာ လောကချမ်းသာ ဘုရားကျောင်း မဟာစည်ဓမ္မသဘင်မှာ မေတ္တာသုတ် ပဋ္ဌမပိုင်း ဖြစ်တဲ့ မေတ္တာတရားကို ဟောကြား ပေးပါတယ်။ တရားနာ ပရိသတ် (၄၀)ကျော်(၅၀)ခန့်ရှိတယ်။

တရားပွဲလာတရားနာပရိသတ်တို့အား မောင်စိန်ဝင်း+ မမေဦး (သား)ကောင်းမြတ်ဝင်း၊လပြည့်ဝင်း မိသားစုများက ကော်ရည်ခေါက်ဆွဲဖြင့် ကျွေးမွေးဧည့်ခံကြတယ်။

**နယူးယောက်မြို့ရဲ့ အုံမခန်းဆရာ**

တရားပွဲအပြီး၊ မောင်စိန်ဝင်း+မမေဦး(သား) ကောင်းမြတ်ဝင်း၊ လပြည့်ဝင်းနှင့် မချို တို့က နယူးယောက်မြို့မှာ အမြင့်ဆုံးဖြစ်ခဲ့ပြီး လေယာဉ်ပျံ (၂)စီးနှင့်ဝင်တိုက်ပြီး ဖျက်စီးခဲ့တဲ့ ကမ္ဘာ့ကုန်သွယ်မှုစင်တာ တာဝါနှစ်မှာ (World Trade Center Twin Tower) နေရာနှင့် မြို့ရဲ့အလှအပများ ကြည့်ရှုရာ ဆိပ်ကမ်းသာသို့ ပို့ပေးကြတယ်။

ဆိပ်ကမ်းရေပြင်ပေါ်မှာ တည်ဆောက်ထားတဲ့ ရှော့ပင်း စင်တာခေါ် လူသုံးကုန်ပစ္စည်းမျိုးစုံရောင်းတဲ့ ဆိုင်ကြီးထဲ ဝင်ကြည့်ကြတယ်။ ဆိုင်ကြီးရဲ့ တစ်နေရာမှာ စက်နှင့် အလိုအလျောက်နှိပ်ပေးတဲ့ အနှိပ်စက်ကုလားထိုင်ပေါ်ထိုင်ပြီး၊ တစ်ခေါ်လာထည့်လိုက်ရင်ဘဲ အနှိပ်စက်ဟာ သန်မာတဲ့လူတစ်ယောက်



နှိပ်သကဲ့သို့ နှိပ်နယ်ပေးတယ်။အနှိပ်ခံကောင်းကောင်းနဲ့ (၅)ဒေါ်လာဘိုးအနှိပ်ခံခဲ့ပြီး ကမ်းခြေပက်လက် ထိုင်ခုံပေါ်မှာ သက်တောင့်သက်သာထိုင်ပြီး နယူးယောက်မြို့ရဲ့ သာယာ လှပတဲ့ ညရှုခင်းများကို ကြည့်ရှုခဲ့ပါတယ်။

နယူးယောက်မြို့ကြီးရဲ့ အုံမခန်း မိုးမျှော်အဆောက်အဦ ပေါင်းများစွာဟာ လျှပ်စစ်မီးများနေ့ဘက်အလား ဝင်းထိန်လှပ စွာနှင့် မှောင်လာတဲ့ညချမ်းရှုခင်းနောက်ခံပေါ်မှာ မားမား မတ်မတ် ထယ်ဝါခန့်ငြားစွာ ဝင့်ကြွားနေဘိအလား ခံစားမိ ပါတယ်။

ည(၁၀)နာရီခါမှာ လောကချမ်းသာဘုရားကျောင်းသို့ ပြန်ရောက်ကြပြီး ဘုရားကျောင်းဆရာတော် ဦးဣန္ဒကနှင့် အတူ ကျောင်းအပေါ်ထပ်မှာ စကြ်န်လျှောက်ရင်း အမေရိကန်နိုင်ငံ သာသနာရေးရာများကို အပြန်အလှန် ဆွေးနွေးခဲ့ကြပြီး ည(၁၁) နာရီခွဲမှာ အနားယူကြတယ်။

**၂၀၀၇ခုနှစ်၊ဇူလိုင်(၁၅)ရက်၊တနင်္ဂနွေနေ့**

**ကျေးဇူးတင်မဆုံး**

နံနက်အိပ်ရာထ နေ့စဉ်ပြုနေကျဝတ်များပြုပြီးနောက် အရုဏ်ဆွမ်းကို အလှူရှင်------မိသားစုများက ဆက်ကပ် လှူဒါန်းကြတဲ့ နန်းကြီး သုတ်ဆွမ်း၊ အချိုပွဲ၊ သစ်သီးဆွမ်းများကို သံဃာတော်များနှင့်အတူ ဘုဉ်းပေးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



နေ့ဆွမ်းကိုလည်း အလှူရှင် ------မိသားစုများ လှူဒါန်းတဲ့ ဆွမ်းခဲ ဘွယ်ဘောဇဉ်ချိုချဉ် သစ်သီးဆွမ်း များကို သံဃာတော်များနှင့်အတူ ဘုဉ်းပေးကြတယ်။

နေ့လည်(၁)နာရီအချိန်မှာတော့ လောကချမ်းသာ ဘုရား ကျောင်းရဲ့ ဝါဆိုသင်္ကန်းကပ်လှူဒါန်းပွဲနှင့် မြန်မာနိုင်ငံက ကြွလာကြတဲ့ ဆရာတော်များအား နှုတ်ဆက်ကန်တော့ ပွဲကျင်းပကြတယ်။

ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းတဲ့ပွဲအပြီးမှာ မဟာစည် ယောဂီဟောင်းများဖြစ်ကြတဲ့ မမြသက်ညို၊ မောင်ကျော်သက်တို့ ညီအစ်ကို မောင်နှမများမှ အသက် (၈၇)နှစ်ရှိပြီဖြစ်တဲ့ မိခင်ကြီး နှင့်အတူလာရောက်ကန်တော့ကြတယ်။ အရှင်ကေလာသ ဝိဟာရကျောင်း၊ သိမ်ကျောင်းတော်နှင့်၊ အရှင်ကုသလ (ခေတ္တ အင်္ဂလန်)မှဒုံ မဟာစည်ရိပ်သာအတွက် အလှူတော်ငွေများနဲ့ ဘုန်းကြီးအားလှူဒါန်းသော အသံဖမ်းစက်နှင့် ဝတ္ထုငွေ ကုသိုလ် အစုစုတို့အတွက် ရေစက်ချ အနုမောဒနာ တရားဟောပေးခဲ့ တယ်။ အသံဖမ်းစက်ထဲမှာ မဟာစည်ဆရာတော် ဘုရား ကြီး ရဲ့ တရားတော်များကို ထည့်ထားပေးတဲ့အတွက် မောင်ကျော် သက်တို့မိသားစုများကို အထူးပဲ ကျေးဇူးတင်မဆုံးဖြစ်ရပါတယ်။

ယနေ့ ဘယ်ကိုမှ မကြွတော့ဘဲ ကွန်ပျူတာစက်များနှင့် ပစ္စည်းများကို မောင်စိန်ဝင်း၊ မမေဦးတို့ဇနီးမောင်နှံနှင့် မချို၊ မထွေးတို့ညီအစ်မများက စက္ကူဂျပ်ပုံးတွင်းသို့ နေသားတကျ ဖြစ် စေရန် ထည့်သွင်းထုတ်ပိုးချိန်တွယ်ပေးကြတယ်။



၂၀၀၇ ခုနှစ်၊ ဇူလိုင်(၁၆)ရက်၊ တနင်္လာနေ့၊

ဦးသန့်နှင့်အတူ

ယနေ့အရုဏ်ဆွမ်းကို ဒေါ်ကျင်လှ (သား) မောင်စိန်ဝင်း၊ (ဇနီး)မမေဦးနှင့် မောင်နှမများဆက်ကပ်သော မုန့်ဟင်းခါးဆွမ်း၊ အချိုပွဲ၊ သစ်သီးဆွမ်းတို့ကို ဘုန်းပေးပါတယ်။

ဒေါ်ကျင်လှ၊ (သမီး)မချို၊ (မြေး)မောင်ကောင်းမြတ် ဝင်းတို့နှင့်အတူ၊ နယူးယောက် မြေအောက်ရထားစီးပြီး ဘုရ ကလင်းရှိ လောကချမ်းသာ ဘုရားကျောင်းသို့လာကြတယ်။ သံဃာတော်များ ကပ်လှူဖို့ ဆွမ်းဟင်းများနှင့် အချိုပွဲများကိုလည်း ချိုင့်ကြီးချိုင့်ငယ်များနှင့်ထည့်ပြီး သားအမိနှစ်ယောက် သယ်ယူ လာကြတယ်။ အလှူရှင်များ စုပေါင်းလှူဒါန်းကြတဲ့ နေ့ ဆွမ်းကို ကျောင်းသံဃာတော်များနှင့်အတူ ဘုဉ်းပေးပြီး ခေတ္တအနားယူ ပါတယ်။

နေ့လည်(၂)နာရီမှမောင်စိန်ဝင်း+မမေဦးတို့ရဲ့သား မောင်ကောင်းမြတ်ဝင်း၊ မောင်လပြည့်ဝင်း အဒေါ်ဖြစ်သူ မချို တို့နှင့်အတူ မမေဦး အလုပ်လုပ်ရာ နယူးယောက်မြို့ ကုလ သမဂ္ဂရုံးအဆောက်အဦးရှိရာသို့ မောင်စိန်ဝင်းကားနှင့် လာကြ တယ်။ ရုံးရှေ့မှာ မမေဦးကကြိုပြီး သူမရုံးခန်းရှိရာ ၃၉ထပ ရှိ ရုံးခန်းသို့ခေါ်သွားပြီး၊ လုပ်ဖော်ကိုင်ဖက် ရုံးဝန်ထမ်းများ၊ ရုံး အကြီးအကဲများနှင့် မိတ်ဆက်ပေးတယ်။ ဝန်ထမ်းတွေက နိုင်ငံ စုံက လူမျိုးပေါင်းစုံပါဘဲ၊ အားလုံးကဖော်ဖော်ရွေရွေ ပြုံးပြုံး ရွှင်ရွှင်နှင့် နှုတ်ဆက်ကြတယ်။ မမေဦးရဲ့ အစီအစဉ်နှင့် ကုလ

www.burmeseclassic.com

www.burmeseclassic.com



သမဂ္ဂ အဆောက်အဦကြီးအတွင်း လမ်းပြက လိုက်လံပြသခဲ့တယ်။ အစည်းအဝေးခန်းမကြီးတွေကလည်း အလွန်လှပခန့်ညားလှပေတယ်။ နိုင်ငံတကာက မိမိတို့ နိုင်ငံရဲ့ ယဉ်ကျေးမှုအနုပညာဖော်ပြတဲ့ ကုလသမဂ္ဂကို လက်ဆောင်ပေးထားတဲ့ အနုပညာလက်ရာများကို တွေ့ရတယ်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးလုပ်ခဲ့ကြတဲ့ပုဂ္ဂိုလ်ကြီးများရဲ့ ဓာတ်ပုံတွေကိုလည်း တစ်နေရာမှာ ပြသထားတယ်။

ကုလသမဂ္ဂအဆောက်အဦအတွင်းမှာရော အပြင်ဘက်မှာပါ မှတ်တမ်းတင်ဓာတ်ပုံများကို မောင်စိန်ဝင်း နှင့် မချိုတို့က ရိုက်ပေးကြတယ်။ ကုလသမဂ္ဂ အထွေထွေအတွင်း ရေးမှူးချုပ် ဦးသန့်ဓါတ်ပုံနှင့် အမှတ်တရ ရိုက်ခဲ့တယ်။

အဲဒီကတစ်ဆင့် နယူးယောက်မြို့ရဲ့ ညရှုခင်းကြည့်ဖို့ (၂)ထပ် သင်္ဘောစီးရမည့်နေရာသို့လာခဲ့ကြတယ်။ ည(၇) နာရီ တိတိမှာ (၂)ထပ် သင်္ဘောစတင်ပြီး ထွက်ခွါတယ်။ သင်္ဘောပေါ်မှ အမေရိကန်နိုင်ငံရဲ့ မီးရှူးတိုင်ကြီး ကိုင်ထားတဲ့ လီဗာတီ ရုပ်ထုကြီးကို ခန်းနားထည်ဝါဝင့်ကြွားစွာ တွေ့ရတယ်။ ဒီကြေးသွန်းရုပ်ကြီး နဖူးစီးပေါ်ထိ တက်လို့ရတယ်။ အဲဒီကြေးသွန်း ရုပ်ထုကြီးပေါ်တော့ မရောက်ခဲ့ဘူး။ နယူးယောက် မြို့ကြီး မီးထိန်ထိန်လင်းနေတဲ့ မိုးပျံတိုက်ကြီးတွေရဲ့ လှပတဲ့ရှုခင်း နောက်ခံနှင့် မှတ်တမ်းတင်ဓါတ်ပုံရိုက်ကြတယ်။ မချိုကလည်း ဗီဒီယို ရိုက်ပြီး မှတ်တမ်းတင်ပေးတယ်။ သင်္ဘော (၂)နာရီစီးပြီး နောက် ည(၉)နာရီမှာ ဆိပ်ကမ်းပြန်ရောက်တယ်။



ယနေ့ည ကိုစိန်ဝင်းတို့အိမ်မှာပဲ ကျောင်းအဖြစ် သီတင်းသုံး အနားယူတယ်။ အိမ်မှာ ကျောင်းအဖြစ် သီတင်းသုံး နေထိုင်ရတာ ချမ်းချမ်းသာသာရှိပါသည်။ ဘုန်းကြီးကျောင်း အမှတ် သီတင်းသုံးဖို့ တစ်ထပ်လုံးကို လှူဒါန်းထားကြတော့ သီတင်းသုံးနေထိုင်ရတာ အလွန် အဆင်ပြေလှပါတယ်။

၂၀၀၇ ခုနှစ်၊ ဇူလိုင်(၁၇)ရက်၊ အင်္ဂါနေ့

ချမ်းသာစွာပြန်နိုင်ပြီ

ယနေ့အိပ်ယာထနောက်ကျသည်။ အနည်းငယ် ပင်ပန်းသွားလို့ ထင်ပါရဲ့၊ ဘုန်းကြီးမျက်နှာသစ် ကိုယ်လက်သန့်စင်ပြီးတဲ့အချိန်မှာတော့ မမေဦး ရုံးသွားရန် အဆင်သင့် ဖြစ်နေတာကိုတွေ့ရတယ်။ ဘုန်းကြီး အရုဏ်ဘုဉ်းပေးရန် အရုဏ်ဆွမ်းလည်း အဆင်သင့်ပြင်ဆင်ထားပြီးဖြစ်တာ တွေ့ရတယ်။ မမေဦးကို ဘုန်းကြီးကို မစောင့်ဘဲ ရုံးသွားရန် ပြောပြီးနောက်၊ ဘုရားဝတ်ပြု တရားနှလုံးသွင်းမေတ္တာပွားပြီး ဒေါ်ကျင်လှ (သမီး) မချို ဆက်ကပ်တဲ့ အရုဏ်ကြာဇံ ချက်ဆွမ်း၊ အချိုပွဲ၊ သစ်သီးဆွမ်းတို့ကို မေတ္တာပွား ဘုဉ်းပေးပြီး မောင်စိန်ဝင်း နှင့် အတူ ကျောင်းသို့ပြန်လာခဲ့တယ်။

နေ့ဆွမ်းကို အလှူရှင်အိမ်သို့ကြွရောက်ဘုဉ်းပေးကြရပြီး၊ ကျောင်းကို နေ့လည် (၁)နာရီမှာ ပြန်ရောက်ကြတယ်။

ယနေ့တရားဟောရမည်ဖြစ်၍ ဘယ်မှမသွားတော့ဘဲ ကျောင်းမှာပဲအနားယူနေလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ည(၇)နာရီခွဲမှာ တရားနာ ပရိသတ်(၅၀)ကျော်တို့အား မေတ္တာသုတ္တန် ဒုတိယပိုင်းဖြစ်တဲ့ မေတ္တာပွားပုံ ဂါထာများကို နားလည်သဘောပေါက်အောင် တစ်ဂါထာခြင်း ရှင်းလင်းပြီး ဆက်လက်ဟောကြားပေးပါတယ်။

တရားနာပရိသတ်များကို မောင်စိန်ဝင်း+မမေဦး မိသားစုတို့က ညှပ်ခေါက်ဆွဲကြော်တို့ဖြင့် ဧည့်ခံကျွေးမွေးကြတယ်။

တရားပွဲအပြီးမှာ မြန်မာနိုင်ငံ ရွှေမင်းဝံသာသနာ့ရိပ်သာ ပုညသိ အမျိုးသမီးဝေယျာဝစ္စအဖွဲ့ဝင် မခင်ခင်ကျော်ရဲ့ အစ်ကိုကြီး ဒေါက်တာမြစံနှင့် ဇနီး မီးမီးမြစံတို့ လာရောက်ဖူးမြော်ကန်တော့ကြတယ်။ ဘုန်းကြီးတို့ (၄)ပါးစလုံး မြန်မာနိုင်ငံ အပြန်ခရီးမှာ ချမ်းချမ်းသာသာ ပြန်ကြွနိုင်ရန် ဘုန်းကြီးတို့မှာ ရှိတဲ့ ရိုးရိုးတန်းလေယာဉ် လက်မှတ်များကို အထူးတန်း လေယာဉ် လက်မှတ်နှင့် ဝယ်ယူလဲလှယ်လှူဒါန်းကြသဖြင့် ဝမ်းမြောက်စွာ သာဓု အနုမောဒနာခေါ်ဆိုရပေတယ်။ ဒေါက်တာမြစံနှင့် မြန်မာနိုင်ငံမှာရှိတဲ့ မိဘ၊မောင်နှမများရဲ့ အကြောင်းအရာများကို အနည်းငယ်ပြောဖြစ်ကြပါတယ်။

၂၀၀၇ခုနှစ်၊ဇူလိုင်(၁၈)ရက်၊ဗုဒ္ဓဟူးနေ့၌

**အင်ပါယာစတိတ်ပေါ်က**

နံနက်(၅)နာရီမှာ အိပ်ရာထ၊ ဘုရားဝတ်တက်၊ တရားရှုမှတ်၊ မေတ္တာပွားပြီး၊ အရုဏ်ဆွမ်းကို ဒေါ်ကျင်လှ၊ မမေဦး၊



မချိုတို့ဆက်ကပ်တဲ့ ညှပ်ခေါက်ဆွဲဆွမ်း၊ အချိုပွဲ၊ သစ်သီးဆွမ်းတို့ဖြင့် ဘုဉ်းပေးပြီး၊ ကိုစိန်ဝင်း နှင့်အတူ လောက ချမ်းသာ ဘုရားကျောင်းတော်သို့ သွားကြတယ်။ ဘရုပ်ကရင်းမှာရှိတဲ့ လောကချမ်းသာဘုရားကျောင်းသို့ နံနက်(၈)နာရီခွဲခန့် ရောက်ရှိကြတယ်။ မဇ္ဈိမဂုဏ်ရည်ဆရာတော်က မနေ့ည (၁၁)နာရီခန့်က ရောက်ရှိလာကြောင်း သိရတယ်။

မင်္ဂလာရာမဝိဟာရမှာ တရားဟောခဲ့သည်များကို မေးမြန်းဆွေးနွေး ဖြစ်ကြတယ်။

နေ့ဆွမ်းကို ကိုဝင်းမင်းသန့်၊ ဒေါက်တာတင်မာထွန်းတို့ရဲ့ တိုက်သစ်တက်မင်္ဂလာဆွမ်းဆက်ကပ်ပွဲသို့၊ မြစ်သားဆရာတော် ညောင်ကန်အေးဆရာတော်၊ လောကချမ်းသာ ဘုရာကျောင်း ဆရာတော်၊ ဘုန်းကြီးရယ်၊ မဇ္ဈိမဂုဏ်ရည်ဆရာတော်နှင့် ကျောင်းသံဃာ (၅)ပါး၊ စုစုပေါင်းသံဃာ (၁၀)ပါးတို့အား ပင့်ဖိတ်ပြီး၊ ဆွမ်း၊ ဆွမ်းဟင်းမျိုးစုံ၊ အချိုပွဲ၊ သစ်သီးဆွမ်းတို့ကို သဒ္ဒါတရားထက်သန်စွာ ဆက်ကပ်ကြတယ်။ ဤတိုက်သစ်မှာပဲ မြန်မာနိုင်ငံမှ ကြွရောက်တော်မူလာကြတဲ့ ဆရာတော် ကြီးများ၏ တရားစခန်းပွဲ၊ တရားပွဲများ ကျင်းပပြုလုပ်ကြတယ်။ အိမ်မှာ သုံးထပ်အဆောက်အဦဖြစ်ပါတယ်။ မဇ္ဈိမဂုဏ်ရည် ဆရာတော်မှ ရေစက်ချ အနုမောဒနာတရား ဟောကြားပါတယ်။

ဆွမ်းစားပြီး အပြန်မှာတော့ ကိုစိန်ဝင်း၊ မချိုတို့ လိုက်ပို့၍ နယူးယောက်မြို့ရှုခင်းများကို အင်ပါယာစတိတ် အဆောက်အဦကြီးရဲ့ (၈၆)ထပ်ပေါ်တက်ပြီး အဲဒီကနေ မြို့အလှကို ကြည့်ရှုကြတယ်။ အဲဒီအင်ပါယာစတိတ် အဆောက်

www.burmeseclassic.com

www.burmeseclassic.com



အဦဟာ အထပ်ပေါင်း (၁၀၂)ထပ်ရှိပြီး၊ လက်ဆောင်ပစ္စည်းများ ရောင်းတဲ့ဆိုင်များလည်း များစွာတွေ့ရတယ်။ နယူးယောက်မြို့ကြီးရဲ့ ရှုခင်းကို အပေါ်ကနေပြီး ပတ်လည်ကြည့်ရှုရပါတယ်။ ညမှ လာကြည့်ရ ရင်၊ ပို၍ သာယာလှပမည်ဟု မျှော်မှန်းရတယ်။ ဓာတ်ပုံမှတ်တမ်း များလည်း ရိုက်ခဲ့တယ်။

ဒါ့အပြင် နယူးယောက်မြို့ရဲ့ အကြီးမားဆုံး မေစီဆိုတဲ့ ရှော့ပင်းမောလ် စတိုးဆိုင်ကြီးကို သွားရောက်ကြပြီး ရွှေမင်းဝံ သာသနာ့ရိပ်သာမှာ ဆွမ်းဝေယျာဝစ္စ ဆောင်ရွက်ကြသော လုပ်အားဒါနရှင်တို့ ချီးမြှောက်ရန် နာရီနဲ့ အခြားလိုအပ်တဲ့ ပစ္စည်းများကို ဝယ်စေတယ်။ ဆိုင်ကလည်းကြီးသလို ဈေးကလည်းကြီးပါပေ့။

ဘုန်းကြီးတို့ အဲဒီဈေးဆိုင်အနီးရှိနေစဉ်ပဲ နယူးယောက်မြို့ကြီးရဲ့ မြေအောက်ရေနွေးငွေ့ပိုက်လိုင်းကြီး ပေါက်ပြီး ရေနွေးငွေ့တွေ ဒလဟော အမြောက်အမြား ပန်းထွက်လာတာ ဧရာမ မီးခိုးလုံးကြီးလိုဖြစ်ပြီး လူအများ အလွန်တရာ အထိတ်တလန့်ဖြစ်ခဲ့ကြတယ်။ ဘုန်းကြီးတို့လည်း မြန်မြန်ပဲ ပြန်လာခဲ့ကြတယ်။

ယနေ့ည လောကချမ်းသာဘုရားကျောင်းမှာ မဇ္ဈိမဂုဏ်ရည်ဆရာတော် တရားဟောတယ်။



၂၀၀၇ ခုနှစ်၊ ဇူလိုင်(၁၉)ရက်၊ ကြာသပတေးနေ့

နံနက်အိပ်ရာထပြီး နေ့စဉ်ပြုနေကြဝတ်ဖြစ်တဲ့၊ ဘုရားဝတ်တက်၊ တရားရှုမှတ်၊ မေတ္တာပွားပါတယ်။

အရုဏ်ဆွမ်းကို ဒေါ်ကျင်လှ၊ မမေဦး၊ မချိုတို့မှ အသားဆန်ပြုတ်၊ ဘူးသီးကြော်၊ ပဲကြော်၊ အချိုပွဲ၊ သစ်သီး ဆွမ်းတို့ဖြင့် ဆက်ကပ်ကြတယ်။

အရုဏ်ဆွမ်း ဘုဉ်းပေးပြီး မောင်စိန်ဝင်းနဲ့အတူ လောကချမ်းသာ ဘုရားကျောင်းသို့ လာခဲ့ကြတယ်။ မောင်စိန်ဝင်းက ဘုန်းကြီးကို ပို့ခဲ့ပြီး၊ အလုပ်ကိစ္စဆောင်ရွက်ရန် ပြန်သွားတယ်။

နံနက် (၁၀)နာရီမှာ မဇ္ဈိမဂုဏ်ရည် ဆရာတော်အား ကိုဝင်းမင်းသန်း၊ ဒေါက်တာတင်မာထွန်းမိသားစုတို့မှ မြစ်သား ဆရာတော်အား ဥပဇ္ဈာယ်ပြု၍ ပုန္နောပသမ္ပဒါကံ ဆောင်ပေးတော်မူကြတယ်။ မဟာစည်ပြည်ပသာသနာတော်အတွက် အထောက်အပံ့ဖြစ်ပါစေလို့ ဆန္ဒပြုပါတယ်။

ယနေ့ ဘယ်မှမသွားဘဲ ကျောင်းမှာပဲ အနားယူတယ်။

ည (၇)နာရီခွဲမှာ မဇ္ဈိဂုဏ်ရည်ဆရာတော် တရားဟောပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၂၀၀၇ ခုနှစ်၊ ဇူလိုင်(၂၀)ရက်၊ သောကြာနေ့

သံအမတ်ကြီးနေအိမ်

နံနက် အိပ်ရာထပြီး၊ ပြုနေကျဝတ်များ ပြုတယ်။ အရုဏ် ဆွမ်းကို ဒေါ်ကျင်လှ မမေဦး၊ မချိုတို့က ခေါက်ဆွဲဆွမ်း၊ အချိုပွဲ၊ သစ်သီးဆွမ်းများနှင့် ဆက်ကပ်ကြတယ်။

နေ့ဆွမ်းကို ကုလသမဂ္ဂဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်တင့်ဆွေ နှင့်ဇနီး မိသားစုနှင့် မြန်မာနိုင်ငံ နယူးယောက်ရှိ သံရုံးဝန်ထမ်းများ စုပေါင်း၍၊ သံအမတ်ကြီးနေအိမ်၌ မြန်မာနိုင်ငံမှ ကြွရောက်လာခဲ့ကြသည့်မြစ်သားဆရာတော်၊ ညောင်ကန်အေးဆရာတော်၊ ရွှေမင်းဝံ ဆရာတော်နှင့် မဇ္ဈိမဂုဏ်ရည် ဆရာတော်လေးပါးရယ် ။လောကချမ်းသာဘုရားကျောင်း ဆရာတော်နှင့် ဌာနေသံဃာတော် စုစုပေါင်း သံဃာ (၈)ပါးတို့အား ဆွမ်းခဲဘွယ်၊ ဘောဇဉ်၊ ချိုချဉ်၊ သစ်သီး ဆွမ်းတို့ကို စားပွဲကြီးအပြည့် ဆက်ကပ်လှူဒါန်းကြတယ်။ ညောင်ကန်အေး ဆရာတော်က အနုမောဒနာတရားချီးမြှင့်ပြီး ရေစက်ချပေးတော်မူပါတယ်။

နေ့ဆွမ်းဘုဉ်းပေးပြီး ကုလသမဂ္ဂအဆောက်အဦကြီးသို့ ကြည့်ရှု လေ့လာရန်၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာသံအမတ်ကြီး ကိုယ်တိုင် လိုက်ပို့ ပြသတယ်။ ညောင်ကန်အေးဆရာတော်ရယ်၊ မဇ္ဈိမဂုဏ်ရည် ဆရာတော်နဲ့ မြန်မာနိုင်ငံက ကပ္ပိယအဖြစ် လိုက်ပါလာတဲ့ ဒေါက်တာလှမြင့်အောင်တို့ လိုက်သွားကြတယ်။ မြစ်သားဆရာတော်နဲ့ ဘုန်းကြီးတို့ကတော့ လေ့လာခဲ့ပြီး



ဖြစ်တာကတစ်ကြောင်း၊ ဆောင်ရွက်စရာများ ရှိနေတာက တစ်ကြောင်းကြောင့် မလိုက်တော့ဘဲ ကျောင်းသို့ ပြန်လာကြတယ်။ မောင်စိန်ဝင်းမှ မျက်မှန်၊ ဘောလ်ပင်စသည်များကို ကပ်လှူပါတယ်။

ည (၇)နာရီခွဲမှာ ဓမ္မဒါန ကုသိုလ်ရှင်များ ဖြစ်ကြတဲ့ ကိုဝင်းမင်းသန့်၊ ဒေါက်တာတင်မာထွန်းတို့ မိသားစုရဲ့ နေအိမ်တရားခန်းမမှာ ကျင်းပသော တရားပွဲသို့ ကြွ၍ လောကနီတိကျမ်းမှာလာတဲ့၊ သစ်ပင်အရိပ်၊ ဆွေမျိုးမိဘ အရိပ်၊ဆရာ့အရိပ်၊ မင်းအရိပ်နှင့် တရားအရိပ်ဆိုတဲ့ အရိပ် (၅)မျိုးတို့တွင် တရားအရိပ်သည်သာ၊ ခုဘဝမှာလဲ ချမ်းသာ၊ နောင်သံသရာမှာလဲ အပါယ်ဘေးနှင့် ခန္ဓာဆင်းရဲ ဘေးကလွတ်မြောက်ပြီး အအေးမြဆုံး အချမ်းသာဆုံးဖြစ်တဲ့အတွက် တရားရိပ်မှာခိုနားကြဘို့ အရိပ်ချမ်းသာတရားတော်ကို ဟောကြားခဲ့ပါတယ်။ နောက်ရက်များမှာလည်း မြစ်သားဆရာတော်၊ ညောင်ကန်အေး ဆရာတော်နှင့်မဇ္ဈိမဂုဏ်ရည်ဆရာတော်တို့.လည်း တရား ဟောကြားချီးမြှင့်ကြဦးမှာ ဖြစ်ပါတယ်။ တရားနဲ့ မွေ့လျော်နေ ကြတဲ့ မိသားစုများပါ အထူးသဖြင့် အဲဒီနေ့မှာ ဆေးရုံမှာ နှလုံးခွဲစိတ်ကုသမှုခံယူနေတဲ့ ဒေါက်တာတင်မာထွန်း ရဲ့ ဖခင်ကြီးကို အထူးမေတ္တာပို့သပေးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၂၀၀၇ ခုနှစ်၊ ဇူလိုင်(၂၁)ရက်၊ စနေနေ့

**မှတ်တမ်းပြုပါသည်**

နံနက်အိပ်ရာထပြီး၊ ကိုယ်လက်သန့်စင်ပြီးနောက် နေ့စဉ် ပြုနေကြဝတ်များကို ပြုပါတယ်။

အရုဏ်ဆွမ်းကို ကြာဇံချက်၊ ဆံပြုတ်၊ အချိုပွဲ၊ သစ်သီး ဆွမ်းတို့ဖြင့် ဆက်ကပ်တယ်။

နေ့ဆွမ်းကို မောင်စိန်ဝင်း၊ မမေဦး မိသားစုတို့က ဟိုတယ်တစ်ခုသို့ ပင့်ဆောင်၍ အထူးကောင်းမွန်ပြီး တန်ဘိုးကြီးမားတဲ့ ပင်လယ်ဂဏန်း၊ ပင်လယ်ခရုစသည့် ပင်လယ်စာ စားသောက်ဖွယ်ရာများစွာဖြင့် ဆက်ကပ် လှူဒါန်းကြတယ်။ မိသားစုအားလုံးလဲ မိမိတို့နှစ်သက်ရာ ပင်လယ် အစားအစာများကို မှာယူပြီး မြိန်ယှက်စွာ ပျော်ပျော်ရွှင်ရွှင် စားသုံး နေကြတယ်။ ဒီလိုဘဲ မကြာမကြာ အပြင်ထွက်ပြီး မိသားစု စားကြတယ်လို့ ဆိုပါတယ်။ ဒါလည်း အပန်းဖြေမှုတစ်မျိုးပါပဲလေ။

ဆွမ်းဘုဉ်းပေးပြီးနောက် ကျောင်းသို့သွားပြီး လောကချမ်းသာ ဘုရားကျောင်း ဆရာတော်အား ကန်တော့ နှုတ်ဆက်ပြီး ဝတ္တရား ကျေပွန်ကြပါသော ကျောင်းနေ ဦးဝိမလ၊ ဦးဝဏ္ဏိတ၊ ဦးခေမိဿရတို့အားလည်း အထူးကျေးဇူးတင်ပါသည်လို့ ပြောကြားနှုတ်ဆက်ခဲ့ပါသည်။ ကိုကျော်သက်၊ ဒေါ်မြသက်ညိုတို့ မောင်နှမများကလဲ ခေတ်ပေါ်အသံဖမ်းစက်များနဲ့ မဟာစည်ဆရာတော် ဟောကြားတော်မူခဲ့သော မြန်မာနိုင်ငံမှာ အသံကြည်ကြည်လင်လင်နဲ့ မရနိုင်တဲ့ တရားတော်စီဒီများကို လာရောက်လှူဒါန်း နှုတ်ဆက်ကန်တော့ ကြပါတယ်။



ယနေ့ မောင်စိန်ဝင်းတို့အိမ်မှာ ပစ္စည်းများကို အပြီးသတ် မောင်စိန်ဝင်း၊ မထွေး၊ မချိုတို့က ထုတ်ပိုး ချိန်တွယ် စစ်ဆေး ကြတယ်။ အမှတ်တရ ဓာတ်ပုံများလည်း ရိုက်ကြတယ်။ ဒေါ်ကျင်လှ၊ သား မောင်စိန်ဝင်း နဲ့ မိသားစုအားလုံး အလွန်မှပင် သဒ္ဓါတရားများနဲ့ ပြည့်စုံကြပြီး၊ တာဝန်ကျေကြတယ်။ ဘုန်းကြီး ဘဝမှာ အမြဲအမှတ်တရဖြစ်စေသည့် မမေ့နိုင်သော နေ့ရက်များဖြစ်တယ်ဆိုတာကို မှတ်တမ်းပြုပါတယ်။

၂၀၀၇ ခုနှစ်၊ ဇူလိုင်(၂၂)ရက်၊ တနင်္ဂနွေနေ့

**အမိမြန်မာနိုင်ငံသို့ အပြန်ခရီး**

ယနေ့နံနက် အိပ်ရာထပြီးနောက် ပြုနေကျ ဝတ်များ ပြုတယ်။

ဒေါ်ကျင်လှ၊ မမေဦး၊ မချိုတို့ ဆက်ကပ်သော ခေါက်ဆွဲ ဆွမ်း၊ အချိုပွဲ၊ သစ်သီး၊ အရုဏ်ဆွမ်းများကို ဘုဉ်းပေပြီး နယူး ယောက်မြို့၌ (၉)ရက်တိုင်တိုင် မိမိတို့နေအိမ် အပေါ်ထပ် တစ်ထပ်လုံးကို ယာယီကျောင်းအဖြစ် ဘုန်းကြီးအား သီတင်းသုံးရန် လှူဒါန်းထားပြီး၊ အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ညနေ အအေးတို့နဲ့ လိုလေသေးမရှိ မမောနိုင် မပန်းနိုင် စေတနာ သဒ္ဓါတရားထက်သန်စွာနဲ့ ကိုယ်တိုင် စီစဉ်ချက်ပြုတ်

www.burmeseclassic.com



ဆက်ကပ်ကြနဲ့ မိသားစု တစ်စုလုံး ပျော်တပြုံးပြုံးနဲ့ ဟာကွက်မရှိ ဘုန်းကြီးကို ပြုစုကြတယ်။ မိသားစုတစ်စုလုံးဟာ သူ့အလုပ်နဲ့ သူကိုယ်စီ မအားမလပ် သည့်ကြားမှာပင် လစ်ဟာမှုစိုးစဉ်မျှ မရှိဘဲ ဘုန်းကြီးကို ပြုစုကြတယ်။ နံနက်ရောက်ပြီဆိုရင်ဘဲ ရုံးသွားသူက ရုံးသွား၊ အခြား အလုပ်သွားသူတွေကလည်း သွားကြ၊ သားလေးနှစ်ယောက်ကလဲ ကျောင်းသွား၊ အဘိုးနဲ့ အဘွားကလည်း ပို့ကြကြိုကြနဲ့ တာဝန်ကိုယ်စီနဲ့ မောင်စိန်ဝင်းကလည်း နံနက်အိပ်ရာထ မျက်နှာသစ်ပြီးတာနဲ့ ဖုန်းတစ်လုံးကိုင်ပြီး သူ့ စက်ရုံကထုတ်တဲ့ ပစ္စည်းများ ဘယ်နေရာ ဘယ်လောက်ပို့ရမယ်ဆိုတာ ဆက်သွယ်ပြီး လုပ်ငန်းစတော့ တာပါပဲ။ မိမိ ဖောက်သည်၊ ကုန်သည်များရဲ့ မှာကြားချက်ကို ဖုန်းနဲ့နားထောင်မှတ်သားပြီး၊ မိမိစက်ရုံမှ တာဝန်ရှိသူများ အလုပ်သမားများထံ ညွှန်ကြားစရာရှိသည်များကို ဖုန်းနဲ့ ညွှန်ကြားပြီး၊ ကားတစ်စီးနဲ့ စက်ရုံသွား၊ စက်ရုံရောက်တော့ အလုပ်သမား များက ပါကင်ဘူးများဖြင့် အအေးစက်ပါသော အလုံပိတ်ကား ကြီးပေါ်သို့ ပစ္စည်းများ စနစ်တကျအစီအရီ ကြိုပြီး တင်ထားကြတယ်။ တင်ဆောင်ထားပြီးဖြစ်တဲ့ ကားကြီးပေါ် ပြောင်းတက်ပြီး၊ ကိုယ်တိုင်ပင် ကုန်ပစ္စည်းများကို မှာယူထားသော ဖောက်သည်များထံ လိုက်ပို့တယ်။ တစ်ခါတစ်ရံ နေ့လည် (၁၂)နာရီခန့် စက်ရုံပြန်ရောက်ပြီး၊ တစ်ခါတစ်ရံဆိုရင် နေ့လည် (၁)နာရီခွဲ (၂)နာရီခန့်မှ စက်ရုံပြန်ရောက်တယ်။ မောင်စိန်ဝင်း ဟာ နံနက်စာကို ကားပေါ်မှာဘဲ ကြုံသလိုစားပြီး အလုပ် အလွန် ကြိုးစားလုပ်နေတဲ့ လုပ်ငန်းရှင်လေးဖြစ်တယ်။



မောင်စိန်ဝင်း၊ မမေဦးတို့ စက်ရုံဟာ လူမျိုးဘာသာ မရွေး နှစ်သက်စွာ စားသောက်ကြတဲ့ ပဲပင်ပေါက် အသေးစား လေးတွေ ထုတ်လုပ်တဲ့ စက်ရုံဖြစ်တယ်။ စက်ရုံအဆောက်အဦ ကြီးက (၄)ထပ် အဆောက်အဦကြီး ဖြစ်တယ်။ ဒီလောက်အလုပ် များတဲ့ကြားထဲက နယူးယောက်မြို့ကြီးရဲ့ ထင်ရှားတဲ့ သမိုင်းဝင် နေရာများ သူတို့ အခေါ် ရှော့ပင်းမောလ်လို့ခေါ်တဲ့၊ ပစ္စည်းစုံ ရနိုင်တဲ့ စတိုးဆိုင်ကြီးများကိုလဲ မမေဦး၊ မချို၊ မထွေးတို့နဲ့အတူ မမောနိုင် မပန်းနိုင် ကိုယ်တိုင် ကားမောင်းပြီး လိုက်ပို့ ပေးကြ တယ်။ သားကြီး အင်းဒရူးနဲ့ သားငယ် ဘရိုင်ရန်တို့လည်း ကျောင်းကြီးပိတ်ထားခိုက်မို့ ဘုန်းကြီးနဲ့ ဘယ်နေရာသွားသွား လိုက်ပါပြီး ဘုန်းကြီးမသိတာတွေကို သူတို့ လေးတွေက စကား လေး မပီတပီနဲ့ ရှင်းပြတယ်။ ဘုန်းကြီး တရားဟောရာမှာလဲ ဘုန်းကြီးနဲ့အတူ လိုက်ပါပြီး နားမလည်ပေမယ့် တရားကို ရိုရို သေသေ နာကြားကြတယ်။ ဒါဟာ ဘိုးဘွား မိဘများရဲ့ အနီးကပ်အဆုံးအမကို အပြည့်အဝရရှိနေကြတဲ့ သိပ်ကို ချစ်စရာကောင်းတဲ့ သားလေးနှစ်ယောက် ဖြစ်ပါတယ်။ အင်းဒရူး ---- နှစ်၊ ဘရိုင်ရန်က ---- နှစ်ရှိပြီ။

ယနေ့မနက်တော့ အရုဏ်ဆွမ်းဘုဉ်းပေးပြီး၊ (၉)ရက်တာ မိမိတို့၏ အိမ်ကို ယာယီကျောင်းအဖြစ် လှူဒါန်းတဲ့ ကုသိုလ်၊ နေ့စဉ် အရုဏ်ဆွမ်း၊ နေ့ဆွမ်းတို့ကို မမောမပန်းနိုင် ကိုယ်တိုင် ချက်ပြုတ် ဆက်ကပ်လှူဒါန်း ကြတဲ့ ကုသိုလ်၊ တရား ဟောသွားတိုင်း ရောက်သင့်ရာနေရာများသို့ သွားတိုင်း လိုက်ပါ ပြီး ပို့ဆောင်ပေးတဲ့ ယာနဒါန ယာဉ်အလှူကုသိုလ်၊ ဘုန်းကြီးမှာ

www.burmeseclassic.com

www.burmeseclassic.com



လိုအပ်တဲ့ပစ္စည်း အသုံးအဆောင်များကို ဝယ်ယူလှူဒါန်းတဲ့ ဒါနကုသိုလ် အထူးအားဖြင့် ဘုန်းကြီးဆောင်ရွက်နေတဲ့ သာသနာပြုလုပ်ငန်းဖြစ်တဲ့ ပဲခူးမှာ တည်ရှိတဲ့ သောဘာနာရာမ ရွှေမင်းဝံသာသနာ့ရိပ်သာ၊ ဓမ္မရက္ခိတ ကုန်းတော်ပေါ်ဝယ် တည်ထားတဲ့ လိုပြည့်အေးချမ်းသာ ဆုတောင်း ပြည့်စေတီတော် ရင်ပြင်အောက်ထပ်ရှိ တရားရှုမှတ်ခန်းများ၏ အဝင်မုခ်ဦးများ တည်ဆောက်ရန်အတွက် ဒေါ်လာ ၅၀၀၀နှင့်ညီမျှတဲ့ ဝဏ္ဏကျပ်ငွေကို မြန်မာနိုင်ငံမှာ လွှဲပြီးလှူဒါန်းတဲ့ ဒါနကုသိုလ်များနောက်ပြီး တပည့်မလေး မချိုကလည်း၊ ဘုန်းကြီးရဲ့ ဓမ္မဒူတခရီးစဉ်တစ်ခုလုံး မှတ်တမ်းတင်နိုင်ရန်အတွက် ဗီဒီယိုကင်မရာနဲ့ ဒီဂျစ်တယ်ကင်မရာနှင့် အမေရိကမှာ နေ့စဉ်အသုံးပြုနိုင်ရန် ဆဲလ်ဖုန်းတို့ကို လှူဒါန်းတဲ့ကုသိုလ်၊ ဘုန်းကြီး အသုံးပြုရန် လိုအပ်တဲ့ပစ္စည်း များကိုလည်း လိုလေသေးမရှိ ဝယ်ယူ လှူဒါန်းတဲ့ကုသိုလ်၊ အထူးအားဖြင့် ဘုန်းကြီးရဲ့ လူမှုရေးလုပ်ငန်းဖြစ်တဲ့ ကျောင်းသားများ ပညာသင်ထောက်ပံ့ရန် "ဦးဘဒ္ဒန္တသောဘနပညာသင်ဆုအတွက် ထောက်ပံ့ရေး ပဒေသာပင်အတွက် ဒေါ်လာ (၁၀၀၀)နှင့် ညီမျှတဲ့ ဝဏ္ဏငွေကို မချိုရဲ့ (၄၀)နှစ်ပြည့် မွေးနေ့ မင်္ဂလာအလှူအဖြစ် မြန်မာနိုင်ငံမှ လွှဲပြီး လှူဒါန်းတဲ့ ကုသိုလ်၊ တပည့်မလေး မထွေးမှလဲ ဘုန်းကြီးအသုံးပြုဖို့ အသေးစားစက်ပစ္စည်းများကို သူမရဲ့ မုန့်ဖိုးထဲက လှူဒါန်းတဲ့ ကုသိုလ်၊ အဲဒီ လှူဒါန်းမှုအစုစုတွေကို ရေစက်ချပေးပါတယ်။ ခါတိုင်းဆိုရင် ဒီအချိန်မှာ အိပ်ရာက မထကြသေးတဲ့ အင်းဒရူးနဲ့ ဘရိုင်ရန်တို့လည်း ဒီနေ့တော့ စောစောထပြီး ပါဝင် ကုသိုလ်ယူကြတယ်။ ရေစက်ချပြီးတာနဲ့ ဂျေအက်ဖ်ကနေဒီ အပြည်ပြည်



ဆိုင်ရာ လေဆိပ်သို့ မောင်စိန်ဝင်းကားနဲ့ ဒေါ်ကျင်လှ၊ မချို၊ မထွေး၊ အင်းဒရူးတို့နဲ့အတူ နံနက် (၈)နာရီမှ ထွက်ခဲ့ကြတယ်။ မမေဦးကတော့ ယနေ့ည မစ္ဆိမဂုဏ်ရည် ဆရာတော် တရားပွဲမှာ ပရိသတ်များကို ကျွေးမွေးလှူဒါန်းရန် ဒံပေါက်ထမင်း ချက်ပြုတ်ရန် သားငယ် ဘရိုင်ရန်နဲ့အတူ နေရစ်ခဲ့ကြတယ်။

ခရီးသွားဘုန်းကြီးတို့ သံဃာတော် (၃)ပါး ဆွမ်း အခက်အခဲမရှိစေရန်၊ ညက အပင်ပန်းခံချက်ပြုတ်ထားတဲ့ ဒံပေါက်ဆွမ်း၊ သစ်သီး အချိုရည်တို့ကိုလည်း တစ်ခါသုံးဘူးများဖြင့်ထည့်ပြီး လေယာဉ်ကွင်းမှာ ဘုဉ်းပေးရန် ကာလဒါနအဖြစ် ဆက်ကပ်လှူဒါန်းလိုက်ပါတယ်။ နံနက် (၈)နာရီ (၄၅)မိနစ်ခန့်မှာ ဂျေအက်ဖ်ကနေဒီ အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းသို့ ရောက်တယ်။

မြစ်သားဆရာတော်၊ ညောင်ကန်အေးဆရာတော်၊ မစ္ဆိမဂုဏ်ရည် ဆရာတော်နဲ့ ကပ္ပိယ ဒေါက်တာလှမြင့်အောင်တို့ အဖွဲ့ကတော့ ဘုန်းကြီးရှေ့ကပဲ စောရောက်နှင့်နေကြပါတယ်။ လောကချမ်းသာဘုရား ကျောင်း ဆရာတော် ဦးဣန္ဒကနဲ့ ဦးဝိမလ၊ ဦးဝဏ္ဏိတ၊ ဦးခေမိဿရ၊ ဒုလ္လဘ ရဟန်းတစ်ပါးနဲ့ ဒေါက်တာ တင်မာထွန်း၊ ဒေါက်တာ စန်းစန်းငွေး၊ ဒေါ်ရီ၊ မမီးမီးနှင့် မြန်မာအမေရိကန် ဗုဒ္ဓဘာသာအသင်း (BABA) မှ ဒါယကာများ လိုက်ပါ ပို့ဆောင်ကြပါတယ်။ မြန်မာသံရုံးမှ တာဝန်ရှိသူများလည်း လာရောက်ပြီး၊ ပစ္စည်းများ သယ်ယူရာမှာ အခက်အခဲ မရှိစေရန်၊ ကူညီ ဆောင်ရွက်ပေးကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါပို့ဆောင်ကြသော ဒကာ၊ ဒကာမများမှာ လေဆိပ် စားသောက်ခန်းတစ်ခန်းသို့ ပင့်ဆောင်ပြီး ဒံပေါက် ဆွမ်း၊ ဆွမ်းပေါင်း၊ သစ်သီးဆွမ်း၊ အချိုရည်စတဲ့ ခဲဘွယ်ဘောဇဉ်များကို ဆက်ကပ်ကြတယ်။

အားလုံးဘုဉ်းပေးအပြီးမှာတော့လိုက်ပါပို့ဆောင်ကြတဲ့ သံဃာများ၊ ဒကာ၊ ဒကာမများနဲ့အတူ အမှတ်တရ ဓာတ်ပုံများ ရိုက်ကြတယ်။

မှတ်တမ်းဓာတ်ပုံများရိုက်အပြီးမှာ အားလုံး နှုတ်ဆက်ကြပြီး၊ လေယာဉ်ခရီးသည်များသာ ဝင်ရမယ့် အဆောက်အဦအတွင်းသို့ ပတ်စ်ပို့၊ လေယာဉ်လက်မှတ်၊ မိမိနှင့်အတူ ယူဆောင်မည့်ပစ္စည်းများကို အထပ်ထပ် အစစ်ဆေး ခံပြီး မိမိတို့ လိုက်ပါစီးနင်းရမည့်၊ လေယာဉ်ခရီးစဉ်အမှတ် စောင့်ဆိုင်းနေရာသို့ မြစ်သားဆရာတော်။ ညောင်ကန်အေး ဆရာတော်၊ ဒေါက်တာလှမြင့်အောင်တို့နဲ့အတူ နံနက် (၁၀) နာရီ (၄၅)မိနစ် အချိန်မှာ ရောက်ရှိကြတယ်။

နယူးယောက်စံတော်ချိန် နေ့လည် (၁၂)နာရီတိတိ အချိန်မှာပဲ ထိုင်းလေကြောင်းခရီးစဉ် တီဂျီ (၇၉၁)၊ လေယာဉ်ကြီးပေါ် တက်ရတယ်။ လေယာဉ်ကြီးဟာ ခရီးသည် ပေါင်း (၃၀၀)ကျော်(၄၀၀)ဆန့်တဲ့ လေယာဉ်ကြီးဖြစ်ပြီး၊ ခုံအမှတ် အီး (၂၄)မှာ ဘုန်းကြီးထိုင်ပြီး အမေရိကန်နိုင်ငံ ပြည်နယ်အနှံ့ (၂)လတာ ဓမ္မဒူတခရီးပြီးဆုံး အောင်မြင်ပြီမို့ မြန်မာနိုင်ငံသို့ အောင်မြင်စွာ ပြန်လာခဲ့ကြပြီပေါ့၊ နှုတ်ဆက်ခဲ့ပါတယ် အမေရိကန်။



၂၀၀၇ ခုနှစ်၊ ဇူလိုင်(၂၃)ရက်၊ တနင်္လာနေ့

ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၊ သုဝဏ္ဏလေဆိပ်သစ်ကြီးသို့ ထိုင်းစံတော်ချိန် ညနေ (၅)နာရီမှာ လေယာဉ် ဆိုက်ရောက်ပါတယ်။ လေဆိပ်အတွင်း ခေတ္တနားပြီးနောက် ပတ်စ်ပို့၊ လေယာဉ်လက်မှတ်၊ လက်ဆွဲအိတ်များ စစ်ဆေးခံပြီးနောက် ည (၆)နာရီ (၁၀)မိနစ်အချိန်မှာ ထိုင်းလေကြောင်း ခရီးစဉ် တီဂျီ (၃၀၅) လေယာဉ်ကြီးဖြင့် ထိုင်ခုံအမှတ် အက်ဖ်(၄၆)ဖြင့် မြန်မာနိုင်ငံသို့ ဆက်လက်ကြွခဲ့ပါတယ်။

မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်ကြီးသို့ မြန်မာစံတော်ချိန် ည (၆)နာရီ (၅၅)မိနစ် အချိန်မှာ ရောက်ရှိကြပါတယ်။

မွေးမိခင်ရဲ့ ရင်ခွင်တွင် ခိုဝင်ရသလို အေးချမ်းလှပါဘိတော့တယ်။

ဦးဩဘာသ ဦးဆောင်ပြီး ရိပ်သာဂေါပကအဖွဲ့မှ ဥက္ကဋ္ဌ ဦးကျော်မြင့်၊ တွဲဘက်အတွင်းရေးမှူးများဖြစ်ကြသော ဦးတင်မောင်ထွန်း၊ ဦးမြင့်ဦး၊ စာရင်းစစ် ဦးတင်ထွန်း၊ ပုညသီအမျိုးသမီး ဝေယျာဝစ္စအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်တင့်၊ ဒုဥက္ကဋ္ဌ ဒေါ်တင်တင်ဝေ၊ အတွင်းရေးမှူး ဒေါ်သန်းသန်းဆင့်၊ ဘဏ္ဍာရေးမှူး ဒေါ်ခင်စိန်အမှူးရှိသော ပုညသီအမျိုးသမီး ဝေယျာဝစ္စအဖွဲ့ဝင်များ၊ ယောဂီများက လေဆိပ်မှာ ကြိုဆိုကြပြီး ရိပ်သာသို့ ပင့်ဆောင်လာခဲ့ ကြတယ်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ရိပ်သာရောက်ပြီး စံကျောင်းမှာ ခေတ္တအနားယူပြီးနောက် ဂေါပကအဖွဲ့မှဦးဆောင်၍ မဟာဓမ္မဗိမာန်တော် အပေါ်ထပ် တရားခန်းမသို့ ပင့်ဆောင်ခဲ့ကြတယ်။

ဓမ္မဗိမာန်အပေါ်ထပ် တရားခန်းမတွင် ရိပ်သာမှသံဃာတော်များနှင့် တရားအားထုတ်ဆဲ သံဃာတော် များ၊ အမျိုးသားယောဂီများ၊ သီလရှင် ယောဂီများ၊ အမျိုးသမီး ယောဂီများ၊ ရိပ်သာဝေယျာဝစ္စအဖွဲ့များ အစုံအညီ ရောက်ရှိနေကြပြီး ကြိုဆိုပူဇော်ကန်တော့ကြပါသည်။

ဘုန်းကြီးမှ ပြည်ပသာသနာပြု အတွေ့အကြုံများကို အနည်းငယ် ဟောပြောပြီး၊ နှုတ်ဆက်ပူဇော် ကန်တော့ခြင်း အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းကြပါတယ်။

**ရွှေမင်းဝံသာသနာ မြန်မကြာ ကမ္ဘာပြန့်စေသော်ဝ်။**

**ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု**

**ဘဒ္ဒန္တသောဘန**


**ရွှေမင်းဝံဆရာတော်**



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com